ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်

# တရားစီရင်ထုံးများ

၂၀၀၆ ခုနှစ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်၏ ခွင့်ပြုချက်အရ ပုံနှိပ်ထုတ်ဝေသည်

# ပုံနှိပ်မှတ်တမ်း

ပထမအကြိမ်

၂၀၀၇ - ခုနှစ်၊ ဇွန်လ

အုပ်ရေ - ၈၀၀၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်၏ ခွင့်ပြုချက်အရ ပုံနှိပ်ထုတ်ဝေသည်

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
## တရားရုံးချုပ်၊ တရားသူကြီးချုပ်
## ဒုတိယတရားသူကြီးချုပ်များနှင့်တရားသူကြီးများ

၁။ ဦးအောင်တိုး **B.A.;B.L.** တရားသူကြီးချုပ်

### တရားရုံးချုပ် (ရန်ကုန်)

၂။ ဦးသိန်းစိုး **B.Sc.;R.L.; (Advocate)** ဒုတိယတရားသူကြီးချုပ်

၃။ ဦးခင်မောင်အေး **B.Sc.;B.L.; (Advocate)** တရားသူကြီး
(၁၆. ၆. ၂၀၀၆ ရက်နေ့အထိ)

၄။ ဦးခင်မြင့် **Master Mariner (F.G);H.G.P.; R.L. LL.B.;(Advocate)** တရားသူကြီး

၅။ ဒေါက်တာတင်အောင်အေး **B.Sc.; B.L.;LL.M.; LL.D.** တရားသူကြီး

၆။ ဦးမြင့်သိန်း **B.Sc.; B.L.; (Advocate)** တရားသူကြီး

၇။ ဦးချစ်လွင် **B.Sc.; B.L.; (Advocate)** တရားသူကြီး

၈။ ဦးတင်အေး **B.A.; H.G.P.; R.L.** တရားသူကြီး

၉။ ဦးဟန်ရှိန် **B.A.(Law); LL.B.;(Advocate)** တရားသူကြီး
(၁၆. ၆. ၂၀၀၆ ရက်နေ့မှစ၍)

### တရားရုံးချုပ် (မန္တလေး)

၁၀။ ဦးခင်မောင်လတ် **B.A.; B.L.;(Advocate)** ဒုတိယတရားသူကြီးချုပ်

၁၁။ ဦးစန်းတင့်ရီ **B.A.(Law); LL.B.; (Advocate)** တရားသူကြီး

၁၂။ ဦးမြင့်အောင် **B.A.(Law); LL.B.; (Advocate)** တရားသူကြီး

၁၃။ ဦးစိန်လှိုင် **B.A.(Law); LL.B.; LL.M.; (Advocate)** တရားသူကြီး

၁၄။ ဦးသက်ထွန်း **B.A.; B.L.; (Advocate)** တရားသူကြီး

၁၅။ ဦးကျော်ဝင်း **B.A.;(Hons.); H.G.P.; R.L.** တရားသူကြီး

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# မြန်မာနိုင်ငံတရားစီရင်ထုံးပြုစုရေးအဖွဲ့

| | | | |
|---|---|---|---|
| ၁။ | ဦးသိန်းစိုး<br>ဒုတိယတရားသူကြီးချုပ် | **B.Sc.; R.L.; (Advocate)** | ဥက္ကဌ |
| ၂။ | ဦးခင်မောင်အေး<br>တရားသူကြီး<br>(၁၆. ၆. ၂၀၀၆ ရက်နေ့အထိ) | **B.Sc.; B.L.;(Advocate)** | အဖွဲ့ဝင် |
| ၃။ | ဒေါက်တာတင်အောင်အေး<br>တရားသူကြီး | **B.Sc.; B.L.; LL.M; LL.D.** | အဖွဲ့ဝင် |
| ၄။ | ဦးစိန်လှိုင်<br>(၁၀. ၁၀. ၂၀၀၆ ရက်နေ့မှစ၍) | **B.A.(Law); LL.B.; LL.M.;(Advocate)** | အဖွဲ့ဝင် |
| ၅။ | ဒေါက်တာထွန်းရှင်<br>ဒုတိယရှေ့နေချုပ် | **B.A .(Law); LL.B.;<br>M.A Business Law (Lond);<br>LL.D.Intl.Law (Ghent, Belgium);<br>F.R.G.S (Lond); A.M.R.Ae.S (Lond);<br>Dip Intl.Law (Lond)** | အဖွဲ့ဝင် |
| ၆။ | ဦးမြင့်နိုင်<br>ဒုတိယရှေ့နေချုပ် | **B.A . (Law); LL.B.; (Advocate)** | အဖွဲ့ဝင် |
| ၇။ | ဦးလှမြင့်ဝင်း<br>တရားရုံးချုပ်ရှေ့နေ | **B.A ; B.L.; (Advocate)** | အဖွဲ့ဝင် |
| ၈။ | ဦးတင်မြင့်<br>ညွှန်ကြားရေးမှူးချုပ်၊ ရှေ့နေချုပ်ရုံး | **B.A . (Law); LL.B.** | အဖွဲ့ဝင် |
| ၉။ | ဦးဗိုလ်ကြည်<br>ညွှန်ကြားရေးမှူးချုပ်၊ တရားရုံးချုပ်(မန္တလေး) | **B.A .;R.L.** | အဖွဲ့ဝင် |
| ၁၀။ | ဦးစိုးညွန့်<br>ညွှန်ကြားရေးမှူးချုပ်၊ တရားရုံးချုပ်(နေပြည်တော်) | **B.A .;R.L.** | အဖွဲ့ဝင် |
| ၁၁။ | ဦးမြသိန်း<br>ညွှန်ကြားရေးမှူး၊ ပြစ်မှုတရားစီရင်ရေးဌာန၊ တရားရုံးချုပ် (ရန်ကုန်) | **B.A (Law); LL.B.;LL.M.** | အဖွဲ့ဝင် |

၁၂။ ဦးထွန်းကြည် **B.A.; H.G.P.;R.L.** အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ တရားမတရားစီရင်ရေးဌာန၊
တရားရုံးချုပ်(ရန်ကုန်)

၁၃။ ဦးအုန်းကျော် **B.A.; H.G.P** အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ စီမံနှင့်ဝန်ထမ်းရေးရာဌာန၊
တရားရုံးချုပ်၊ နေပြည်တော်

၁၄။ ဦးဇော်ဝင်း **B.A.(Law); LL.B.** အတွင်းရေးမှူး
ညွှန်ကြားရေးမှူး၊ ဥပဒေနှင့်လုပ်ထုံးလုပ်နည်းဌာန၊
တရားရုံးချုပ်၊ နေပြည်တော်
(၂၀. ၃. ၂၀၀၆ ရက်နေ့အထိ)

၁၅။ ဦးမြသိမ်း **B.A.** အတွင်းရေးမှူး
ညွှန်ကြားရေးမှူး၊ ဥပဒေနှင့်လုပ်ထုံးလုပ်နည်းဌာန၊
တရားရုံးချုပ်၊ နေပြည်တော်
(၂၀. ၃. ၂၀၀၆ ရက်နေ့မှစ၍)

“တရားစီရင်ရာတွင် အမှန်ကို
ဆုံးဖြတ်ရုံမျှသာမကဘဲ ထိုသို့ အမှန်တရားကို
စီရင်ကြောင်း အများမြင်စေရာသည်”

(ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် မောင်ရွှေ(ခ)မောင်ရွှေပါ - ၂)[၁]

---

၁။ ၁၉၆၆ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံး (တရားရုံးချုပ်) စာ - ၆၁၆။

# မာတိကာ

## စီရင်ထုံးပြုသော ပြစ်မှုများ


| | | | စာမျက်နှာ |
|---|---|---|---|
| ညွှန်းချက် | | | က-ဌ |
| ဦးတင်ငွေ | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၁ |
| ဒေါ်မြမြဂင်း (ခ) ဒေါ်သန်းဝင်း | | ပြည်ထောင်စုမြန်မာနိုင်ငံတော် | |
| တင်ဝင်း(ခ) ဆီးချင်ရေ | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၁၄ |
| မျိုးထွန်း | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၂၄ |
| ဦးမြင့်အောင် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၃၆ |
| မောင်ဝင်းစိုး | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၄၃ |
| သန်းလွင် ပါ ၂ | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၂ | ၅၄ |
| ဒေါ်သိန်းခင် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၄ | ၆၂ |
| ဦးညဏ်လင်းအောင် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၂ | ၇၅ |

# မာတိကာ

## စီရင်ထုံးပြုသော တရားမမှုများ


| | | | စာမျက်နှာ |
|---|---|---|---|
| ညွှန်းချက် | | | ကက-ကဏ |
| ဦးကျော်ကျော်ဝေ ပါ ၂ | နှင့် | ဦးသန်းထွန်းစိုး(မန်နေဂျာ) မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ ရန်ကုန်မြို့ | ၁ |
| ဒေါ်ကြည်ကြည် | နှင့် | ဦးစိုးညွန့်(ခ)ဦးစိန်ညွန့် ပါ ၂ | ၇ |
| ဒေါ်ခင်ဆန်း | နှင့် | ဦးမျိုးကြွယ် ပါ ၁၄ | ၁၅ |
| ဒေါ်မြသန်း(၎င်း၏အထွေထွေ ကိုယ်စားလှယ်စာရသူဦးပေါ်မြင့်) | နှင့် | ဦးမောင်မောင် ပါ ၃ | ၂၈ |
| ဦးမြသန်း | နှင့် | ဦးခင်မောင်စိုး | ၃၉ |
| ဦးမောင်မောင်စိုး | နှင့် | ဦးထွန်းတင် | ၄၇ |
| ဦးရဲလင်း | နှင့် | ဦးစိုးတင့် (၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်ဝင်းရီ) | ၅၃ |
| ဦးလှထွန်း ပါ ၄ | နှင့် | ဒေါ်မေဇင်ထွန်း | ၆၆ |
| မဝင်းဝင်းမာ ပါ ၃ | နှင့် | မစုစုခိုင် ပါ ၆ | ၇၇ |
| ဒေါ်သန်းတင် ပါ ၄ | နှင့် | ဦးသန်းဖေ ပါ ၁၉ | ၈၇ |
| ဒေါ်ဥမ္မာ | နှင့် | ဦးတင့်လွင် ပါ ၅ | ၉၅ |

# ၂၀၀၆ ခုနှစ်

# ဖြစ်မှုဆိုင်ရာအမှုများ

## ပြစ်မှုဆိုင်ရာအမှုများ　　　　　　　　　　　　　　　　　　စာမျက်နှာ

ဥပဒေများ
- ပြစ်မှုဆိုင်ရာဥပဒေ
- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ
- သက်သေခံဥပဒေ
- ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ

**မုဒိမ်းမှုကျူးလွန်ရန် အားထုတ်သူအား ထောင်ဒဏ်(၁၀)နှစ် ချမှတ်ခြင်းသည် ဥပဒေနှင့်ညီ၊ မညီ။**

**ဆုံးဖြတ်ချက်။** ။ မုဒိမ်းမှုကျူးလွန်ရန်အားထုတ်မှုတွင် ကျခံရန် ပြစ်ဒဏ်ကို သီးခြားပြဋ္ဌာန်းမထားပေ။ ထို့ကြောင့်ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၅၁၁ ပါ ပြဋ္ဌာန်းချက်အရပင် ပြစ်ဒဏ်ချမှတ်ရမည်ဖြစ်သည်။ မုဒိမ်းမှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်များမှာ တစ်သက်တစ်ကျွန်းဒဏ်(သို့မဟုတ်)(၁၀)နှစ်ထိ ထောင်ဒဏ်တို့ဖြစ်သည်။ တစ်သက်တစ်ကျွန်းဒဏ်၏ ထက်ဝက်ထက်မပိုသော ပြစ်ဒဏ် သို့မဟုတ် ထောင်ဒဏ်(၁၀)နှစ်၏ ထက်ဝက်ထက် မပိုသော ပြစ်ဒဏ်များကို ချမှတ်ခွင့်ရှိသည်။

ဦးမြင့်အောင်　　　　နှင့်　　　　ပြည်ထောင်စုမြန်မာနိုင်ငံတော်　　　　၃၆

**တစ်ဆင့်ခံအိမ်ငှားများဖြစ်စေကာမူ အချင်းဖြစ်လူနေ တိုက်ခန်း ကိုလက်ရှိဖြစ်သဖြင့် အိမ်ကျော်နင်းမှုကို ကျူးလွန်သည်ဟု မဆိုနိုင်ခြင်း။** စာမျက်နှာ

**ဆုံးဖြတ်ချက်။** ။အချင်းဖြစ်လူနေတိုက်ခန်းကို ဝင်ရောက်ရာ၌ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၁ အရ ပစ္စည်းလက်ရှိဖြစ်သူအား ခြောက်လှန့်ရန်၊ စော်ကားရန်၊ သို့မဟုတ် စိတ်ပြင်းပြင်းစေရန် အကြံဖြင့် ဝင်ရောက်လျှင်၊ သို့မဟုတ် ထိုပစ္စည်းပေါ်သို့ တရားသဖြင့် ဝင်ရောက်ပြီးနောက် ပစ္စည်းလက်ရှိဖြစ်သူကို ခြောက်လှန့်ရန်၊ စော်ကားရန်၊ သို့မဟုတ် စိတ်ပြင်းပြင်းစေရန်အကြံဖြင့် ဆက်လက်နေထိုင်ခြင်းဖြစ်လျှင် ရာဇဝတ်မကင်းသော ကျော်နင်းမှုဖြစ်သည်။ ရာဇဝတ်မကင်းသော ကျော်နင်းမှုကို ကျူးလွန်မှသာ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၄၂ တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသော အိမ်ကျော်နင်းမှုကို ကျူးလွန်ရာရောက်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ဒေါ်မြင့်မြင့်သန်းသည် အချင်းဖြစ် တိုက်ခန်းကို ပိုင်ဆိုင် သည့်တိုင်အောင် မည်သည့်အခါကမှ လက်ရှိမဖြစ်ခဲ့ချေ။ ယင်းတိုက်ခန်းကို လက်ရှိဖြစ်သူများမှာ တစ်ဆင့်ခံ အိမ်ငှား သန်းလွင်နှင့် ၎င်း၏ ဇနီးမပြုံး(ခ)မပေါက်တို့သာဖြစ်သည်။ ၎င်းတို့သည် တစ်ဆင့်ခံ အိမ်ငှားများဖြစ်စေကာမူ အချင်းဖြစ်လူနေတိုက်ခန်းကို လက်ရှိဖြစ်သဖြင့် ဒေါ်မြင့်မြင့်သန်းက စွဲဆိုသည့် အိမ်ကျော်နင်းမှုကို ကျူးလွန်သည်ဟု မဆိုနိုင်ပေ။

သန်းလွင် ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၂ ၅၄

**အစိုးရသက်သေ (ဖော်ကောင်)၏ ထွက်ဆိုချက်ဖြစ်မြောက်ရန် လိုအပ်သည့်အချက်မပြည့်စုံသော ထွက်ဆိုချက်နှင့် သက်သေခံဥပဒေပုဒ်မ ၂၄ ပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းသော ထွက်ဆိုချက်များဖြင့် တရားခံကို ပြစ်မှု ထင်ရှားစီရင်ရန် သင့်၊ မသင့်။** စာမျက်နှာ

**ဆုံးဖြတ်ချက်။** ။ ပထမသတင်းပေးတိုင်ချက်ပါအချက်၊ ခင်အောင်၏ ထောက်လှမ်းရေးစစ်ကြောချက်၊ ဖြောင့်ချက်တို့ကွဲလွဲခြင်း မရှိ ညီညွတ်ကြောင်း တွေ့ရသည်။ သို့ရာတွင် အဆိုပါ စစ်ကြောချက်နှင့် ဖြောင့်ချက်တို့တွင် ပြစ်မှုကျူးလွန်ရာ၌ ခင်အောင်ကိုယ်တိုင်မည်သို့ ပါဝင်ကြောင်း၊ အခြားပူးတွဲတရားခံများက မည်သို့ကျူးလွန်ကြောင်း၊ ဖမ်းဆီးရမိသော ကျွန်းသစ်ခွဲသားများ သယ်ယူကြရာ၌ မည်သို့ မည်ပုံ ခင်အောင်က လမ်းရှင်းလိုက်ပို့ကြောင်း ထွက်ဆိုထားမှုကို မတွေ့ရချေ။ သို့ဖြစ်ရာ ခင်အောင်သည် ပြစ်မှုကျူးလွန်သူများအနက်မှ ကျူးလွန်သူ သို့မဟုတ် အားပေးကူညီသူတစ်ဦးဖြစ်ကြောင်းနှင့် ၎င်းတို့မည်သို့ မည်ပုံကျူးလွန်ပါဝင်ပတ်သက်ခဲ့ပုံ အလုံးစုံကို၊ မချွင်းမချန် ရုံးရှေ့၌ ဥပဒေနှင့်အညီ ထွက်ဆိုနိုင်ရန် အကြောင်းရှိသူ မဟုတ်သည်မှာလည်း ထင်ရှားပေါ်လွင်နေပါလျက် ၎င်းအား ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ ၃၃၇ အရ အစိုးရသက်သေအဖြစ် ဆောင်ရွက်ခွင့်ပြုခဲ့ခြင်းမှာ ဥပဒေပြဋ္ဌာန်းချက်၏ ရည်ရွယ်ရင်းနှင့် ကိုက်ညီမှုမရှိချေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်တို့၏ ရှေ့တွင် အစစ်ခံချက်မှာ သက်သေခံအက် ဥပဒေပုဒ်မ ၂၄ အရ သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကတိပြုခြင်းတို့ မထင်ရှားလျှင် ယင်းစစ်ကြောချက်များကို လက်မခံနိုင်စရာအကြောင်းမရှိ သက်သေခံ ဝင်ကြောင်း **ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဦးရဲနောင်ပါ-၂ အမှု**[၅] တွင်

လက်ခံထားသည်မှာ မှန်သော်လည်း ယင်းထွက်ချက်အပေါ် အခြေခံ၍ တရားခံအား ပြစ်မှုထင်ရှားစီရင်ရန် မဟုတ်ချေ။ တရားခံအား ပြစ်မှုထင်ရှားစီရင်နိုင်ရန် ထောက်လှမ်းရေး ရှေ့အစစ်ခံချက်ကိုဖြစ်စေ၊ ရဲရှေ့အစစ်ခံခဲ့သည့်အစစ်ခံချက်ကိုဖြစ်စေ၊ အဆုံးစွန်ဆိုရလျှင် တရားသူကြီးရှေ့ပေးသည့် ဖြောင့်ချက်ကိုပင်ဖြစ်စေ၊ ယင်းတို့တွင် ပါဝင်သည့် ပြစ်မှုကျူးလွန်ကြောင်း ထွက်ဆိုချက်များကို ပတ်ဝန်းကျင် သက်သေခံချက်များက ထောက်ခံသည့်အချက်ရှိပါမှ အပြစ်ပေးနိုင်မည်ဖြစ်သည်။ **မောင်ပန်းဇုံ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမှု**[၇]၊ **မောင်ပါထူး ပါ-၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမှု**[၆] တို့ကို ရည်ညွှန်းသည်။

ဦးတင်ဌေ / ဒေါ်မြမြဝင်း(ခ)ဒေါ်သန်းဝင်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် / ပြည်ထောင်စုမြန်မာနိုင်ငံတော် ၁

**သီးခြားစီကျူးလွန်ခဲ့သော ပြစ်မှုများအတွက် တရားခံအပေါ် သီးခြားအမှုများ ခွဲပြီး တရားစွဲဆို အပြစ်ပေးနိုင်သော်လည်း ဖြစ်စဉ်တစ်ရပ်တည်းတွင် ဆောင်ရွက်ခဲ့သော အပြုအမူများကို ခွဲခြားပြီး သီးခြားအမှုများ စွဲဆိုခြင်းမှာ မှန်ကန်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။**

**ဆုံးဖြတ်ချက်။** ။ ၁၅-၁-၂၀၀၄ ရက်နေ့က ပေါ်ပေါက်ခဲ့သော ပထမဖြစ်စဉ်အတွက် တရားစွဲဆိုသော ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၁၆/၂၀၀၄ တွင် တရားခံများအား ထောက်လှမ်းရေးတပ်ဖွဲ့က စစ်ကြောထားခဲ့သည့် မှတ်တမ်းများကို သက်သေခံအဖြစ်တင်သွင်း ထားသည်။ ထိုမှတ်တမ်း များတွင် အဓိကတရားခံမျိုးထွန်း(ခ)မျိုးထူး

ဘိန်းဖြူများဝယ်ယူရရှိခဲ့ပုံ၊ ပြန်လည်ရောင်းချခဲ့ပုံနှင့် သိုဝှက်ထားရှိပုံ စာမျက်နှာများကို ထွက်ဆိုထားခဲ့သည်။ ဝယ်ယူရရှိသော ဘိန်းဖြူများကို ဗူးငယ်များဖြင့်ထည့်သွင်းပြီး နည်းပညာတက္ကသိုလ်ဘောလုံးကွင်း အနီး လူသူအရောက်အပေါက် နည်းသော ချုံအတွင်း သိုဝှက် ထားခဲ့ကြောင်း ထွက်ဆိုထားသည်။ မျိုးထွန်း(ခ)မျိုးထူး၏ အစစ်ခံ ထွက်ဆိုချက်များသည် ပစ္စည်းရှာဖွေတွေ့ရှိမှု ဖြစ်စဉ်များနှင့် ကိုက်ညီနေကြောင်းတွေ့ရသည်။ ထို့ကြောင့် ၁၅-၁-၂၀၀၄ ရက်နေ့က ပေါ်ပေါက်ခဲ့သော ပထမဖြစ်စဉ်အတွက် ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၁၆/၂၀၀၄ တွင် မျိုးထွန်း(ခ)မျိုးထူးအား ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းမှာ သက်သေခံ ချက်များလုံလောက်ကြောင်း၊ ဥပဒေနှင့်ညီညွတ်ကြောင်း သုံးသပ်ရရှိသည်။

မျိုးထွန်း(ခ)မျိုးထူးအား ၁၅-၁-၂၀၀၄ ရက်နေ့တွင် ဖမ်းဆီးပြီး စစ်ကြောရေးအဖွဲ့များက စစ်ဆေးကြရာတွင် မျိုးထွန်း(ခ)မျိုးထူးက ပြစ်မှု နှင့်သက်ဆိုင်သည့်အချက်များကို ထွက်ဆိုခဲ့ရာ ၎င်း၏ ထွက်ချက်များကိုပြစ်မှုကြီးအမှတ် ၁၆/၂၀၀၄ တွင် သက်သေခံ အမှတ်(ပ) အဖြစ် တင်သွင်းထားသည်။ အဆိုပါ ပြစ်မှုကြီး အမှတ် ၁၆/၂၀၀၄ ၏ အစစ်ခံချက်များကို အကြောင်းပြုပြီး ၁၇-၁-၂၀၀၄ ရက်နေ့တွင် ရဲတပ်ဖွဲ့က သက်သေခံပစ္စည်းများ ထပ်မံရှာဖွေကြရာ ၁၅-၁-၂၀၀၄ ရက်နေ့က သက်သေခံပစ္စည်းတွေ့ရှိသော နေရာ တစ်ဝိုက်မှပင် သက်သေခံ ဘိန်းဖြူများနှင့် အခြားပစ္စည်းများကို တွေ့ရှိခဲ့သည်။ ထို့ကြောင့် မျိုးထွန်း(ခ)မျိုးထူးအားပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၅/၂၀၀၄ ဖြင့် သီးခြားတစ်မှုတရားစွဲဆိုခြင်းဖြစ်သည်။ သီးခြားတစ်မှုဖြင့် စွဲဆို သော်လည်း အဆိုပါအမှုအတွက် စစ်ကြောရေးအဖွဲ့က သီးခြား စစ်ကြောထားသော မှတ်တမ်းမတွေ့ရပေ။ တရားခံ မျိုးထွန်း (ခ)မျိုးထူးက ရဲအရာရှိထံအစစ်ခံရာတွင် ဖော်ထုတ်ရရှိသော ကွင်းဆက်များကို အခြေခံပြီး မျိုးထွန်း(ခ)မျိုးထူးအပေါ် ပြစ်မှု

ထင်ရှားစီရင်ထားခြင်းဖြစ်သည်။ အခြားခိုင်မာသော သီးခြား စာမျက်နှာ
သက်သေခံချက်မတွေ့ရပေ။

ပြစ်မှုဆိုင်ရာအမှုကြီး အမှတ်၁၅/၂၀၀၄ တွင် ၁၇-၁-၂၀၀၄ ရက်နေ့က ရှာဖွေတွေ့ရှိသော သက်သေခံပစ္စည်းအတွက် တရားစွဲဆို အပြစ်ပေးထားသော်လည်း အဆိုပါသက်သေခံပစ္စည်းများသည် ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၆/၂၀၀၄ ဖြစ်စဉ်နှင့်ဆက်စပ်မှု မရှိသော သီးခြား ဖြစ်စဉ်ဖြစ်ကြောင်း၊ တရားခံမျိုးထွန်း(ခ)မျိုးထူးက သီးခြားကျူးလွန်ခဲ့သော အပြုအမူဖြစ်ကြောင်း၊ တရားလိုဖက်က သက်သေထင်ရှား မပြနိုင်ခဲ့ပေ။ တရားခံမျိုးထွန်းက ဘိန်းဖြူများကို အခြားသူများထံမှ အကြိမ်ကြိမ်ဝယ်ယူခဲ့ကြောင်း၊ အကြိမ်ကြိမ်ပြန်လည် ရောင်းချခဲ့ကြောင်း ထွက်ဆိုသော်လည်း ယခုပြစ်မှုကြီးအမှတ် ၁၅/၂၀၀၄ ပါ သက်သေခံ ပစ္စည်းများမှာ မည်သူ့ထံကမည်သည့်နေ့က ဝယ်ယူရရှိသည်ဆိုသော အချက်၊ ပြစ်မှုကြီးအမှတ် ၁၆/၂၀၀၄ ပါ ဖြစ်စဉ်နှင့် သီးခြားစီဖြစ်ပေါ်ခဲ့သည်ဆိုသော အချက်ကိုတရားလိုဖက်က သက်သေမပြနိုင်ခဲ့ပေ။ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၅/၂၀၀၄ အတွက် သီးခြားအရေးယူအပြစ်ပေးနိုင်ရန် သီးခြားသက်သေခံချက် မတွေ့ရဟု ဆိုရမည်။ သီးခြားစီကျူးလွန်ခဲ့သောပြစ်မှုများအတွက် တရားခံအပေါ် သီးခြားအမှုများခွဲပြီး တရားစွဲဆိုအပြစ်ပေးနိုင်သော်လည်း ဖြစ်စဉ်တစ်ရပ်တည်းတွင် ဆောင်ရွက်ခဲ့သော အပြုအမူများကို ခွဲခြားပြီး သီးခြားအမှုများ စွဲဆိုခြင်းမှာ မှန်ကန်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

စာမျက်နှာ

**"ပစ္စည်းလက်လွတ်ခဲ့ရသည်ဟု ဆိုရန်အကြောင်းခြင်းရာ အချက်အလက်များအရသုံးသပ်ရခြင်း၊ လက်လွတ်ခြင်း မှာ နေအိမ်သာဖြစ်ပြီး တစ်ခြားတစ်နေရာရှိ ဈေးဆိုင် ခန်းပါဝင်ခြင်းမရှိ၍ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၂၂(၁)အရ အယူခံတရားလို ဒေါ်သိန်းခင်သည် ဈေးဆိုင်ခန်းကို မရထိုက်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ ဒေါ်သိန်းခင်သည် ၎င်း၏နေအိမ်တွင်ရှိနေစဉ် အနိုင်အထက်ပြုမှု ခြောက်လှန့်မှုခံရသဖြင့် အိမ်မှထွက်ပြေးရသည်ဖြစ်ရာ တစ်ခြားတစ်နေရာရှိ ဈေးဆိုင်ပါလက်လွတ်ဖြစ်သွားသည်ဟု သုံးသပ်လျှင် ဥပဒေပြဋ္ဌာန်းချက်ကို မလိုအပ်ဘဲချဲ့ထွင်ရာရောက်ပေလိမ့်မည်။ အကယ်၍ ဒေါ်သိန်းခင်တွင် ယခုဆိုင်ခန်းအပြင် အခြားသော အဆောက်အဦများရှိနေပြီး မသွားရဲဟုဆိုကာ တောင်းခံပါက အဆိုပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းအားလုံးကို ပြန်ပေးရန်ဖြစ်နိုင်မည်မဟုတ်ပေ။ ပြန်ပေးလျှင်လည်းအချင်းဖြစ်နေရာရှိ ပစ္စည်းကိုသာမက အခြားသောပစ္စည်းများကိုလည်းပြစ်မှုကြောင်းအရ တောင်းဆိုနိုင်သည်ဟူသော မလိုလားအပ်သည့် ထုံးသာဓကဖြစ်သွားပေလိမ့်မည်။ သို့ဖြစ်၍နေအိမ်ကိုသာ ဒေါ်သိန်းခင်အားပြန်ပေးစေရန်ချမှတ်သည့် အမိန့်သည်မှန်ကန်သည်။

ဒေါ်သိန်းခင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၄ ၆၂

စာမျက်နှာ

ပြစ်မှုဆိုင်ရာအမှုများကို တိုင်ကြားတရားစွဲဆိုရာတွင် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ ၁၉၅ မှ ၁၉၉ ပါပြစ်မှုများ၊ ပုဒ်မ ၄၈၀၊ ပုဒ်မ ၄၈၅၊ ပုဒ်မ ၁၃၂ တို့တွင် ဖော်ပြထားသည့် ကိစ္စရပ်များမှအပ အခြားပြစ်မှုဆိုင်ရာ အမှုများကို မည်သူက တရားစွဲဆိုရမည်ဟု ပြဋ္ဌာန်းထားမှု မရှိခြင်း။

**ဆုံးဖြတ်ချက်။** ။ ဤအမှုတွင် ဦးဉာဏ်လင်းအောင်က ပြည့်စုံဝင်းနိုင် ကုမ္ပဏီ၏ ကိုယ်စားလှယ်စာကို ရရှိကြောင်းတင်ပြထားသော်လည်း အမှုကို တရားစွဲဆိုရာတွင် ဦးဉာဏ်လင်းအောင်ကိုယ်တိုင် လက်မှတ်ထိုးပြီး ရဲစခန်းထံ တိုင်ချက်ရေးဖွင့်ခဲ့ခြင်းဖြစ်သည်။ ပြစ်မှုဆိုင်ရာ အမှုများကို အမှုအကြောင်း သိရှိသူမည်သူမဆို တိုင်ကြားစွဲဆိုခွင့်ရှိသည်။ ပြစ်မှုများတွင် တရားလိုအဖြစ် နိုင်ငံတော်က ရပ်တည်ပေးလျက်ရှိသည်။ မည်သူမဆို အမှုအကြောင်း သိရှိပါက သက်သေခံခွင့်ရှိသည်။ ယခုပြစ်မှုမျိုးကို မည်သူကသာ တရားလိုပြုလုပ်စွဲဆိုရမည်ဟု ဥပဒေတစ်ရပ်ရပ်က ကန့်သတ်ထားကြောင်း မတွေ့ရပေ။ အမှုတွင် အချင်းဖြစ် ဥပစာတွင် ဝင်ထွက်ခွင့်မရသော ပုဂ္ဂိုလ်များ၊ အခန်းဝယ်ယူထားသော ပုဂ္ဂိုလ်များ၊ ရောင်းချသည့် ပုဂ္ဂိုလ်များက သက်သေခံအဖြစ် အစစ်ခံ ထွက်ဆိုထားကြောင်း တွေ့ရှိရသည်။ တရားလို ဦးဉာဏ်လင်းအောင် က ပြည့်စုံဝင်းနိုင်ကုမ္ပဏီထံမှ ကိုယ်စားလှယ်လွှဲစာရရှိ၍ အမှုတွင် သက်သေခံတင်ပြထားခြင်းကြောင့် ဤအမှုကို ကိုယ်စားလှယ်စာ ရယူကာ တရားစွဲဆိုသည်ဟု ကောက်ယူရန်မသင့်ပေ။ ယခုအမှုမှာ ဦးဉာဏ်လင်းအောင်က ရဲစခန်းကို တိုင်ကြားသဖြင့် ရဲစခန်းက ပထမ သတင်းပေးတိုင်ချက်ရေးဖွင့်ပြီး အမှုကို တည်ဆောက်တရားစွဲဆို ခဲ့ခြင်းဖြစ်သည်။ ယခုဖော်ပြပါ

ပြစ်မှုများမှာလည်း ရဲအရာရှိက ဝရမ်းမပါဘဲ ဖမ်းဆီးအရေးယူခွင့် ရှိသောအမှုများဖြစ်သည်။ ရဲအရာရှိ ကအမှုကို စုံစမ်းထောက်လှမ်း ရာ၌ လုံလောက်သော သက်သေခံချက် ရရှိလျှင် အမှုကို စစ်ဆေးစီရင် ပိုင်ခွင့်ရှိသော တရားသူကြီးထံသို့ ရဲအရာရှိက တင်ပို့ရန် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၇၀ တွင် ပြဋ္ဌာန်းထားသည်။ ထိုကဲ့သို့ တရားစွဲဆို တင်ပို့လာသောအမှုကို စစ်ဆေးစီရင်ပိုင်ခွင့်ရှိသော တရားသူကြီးက ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၉၀ အရ အမှုကို စစ်ဆေးစီရင်ခွင့်ရှိ သည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ မှ ၁၉၉ ပါပြစ်မှုများ၊ ပုဒ်မ ၄၈၀၊ ပုဒ်မ ၄၈၅၊ ပုဒ်မ ၁၃၂ တို့တွင် ဖော်ပြထားသည့် ကိစ္စရပ် များမှအပ အခြား ပြစ်မှုဆိုင်ရာအမှုများကို မည်သူက တရားစွဲဆိုရ မည်ဟု ပြဋ္ဌာန်းထားခြင်း မရှိပေ။ ပြစ်မှုဆိုင်ရာ အမှုအားလုံးအတွက် တရားလိုမှာ နိုင်ငံတော် သာဖြစ်သည်။ ဤအမှုတွင် ပထမသတင်းပေး တိုင်တန်းသည့် ဦးဉာဏ်လင်းအောင်က ပြည့်စုံဝင်းနိုင်ကုမ္ပဏီ၏ ကိုယ်စားလှယ်စာကို တင်ပြထားသော အကြောင်းကြောင့် အမှုကို လက်ခံဆောင်ရွက်ခွင့်အား ပိတ်ပင်ရာ မရောက်ပေ။ စာမျက်နှာ

**ထပ်မံဆုံးဖြတ်ချက်။** ။ ထို့ကြောင့် ဤအယူခံမှုကို ခွင့်ပြုသည်။ ပထမသတင်းပေးတိုင်ချက်ကို ဦးဉာဏ်လင်းအောင်မှ လက်မှတ်ရေး ထိုး တိုင်ကြားခဲ့ခြင်းဖြစ်၍ တရားရုံးချုပ်က ကုမ္ပဏီဥက္ကဋ္ဌဦးဝင်းနိုင်ဇော် ၏ ကိုယ်စားလှယ်လွှဲစာဖြင့် တရားစွဲဆိုခြင်းဖြစ်သည်ဟု ကောက်ယူ၍ တရားခံအား စွဲချက်မတင်မီ လွှတ်ခဲ့ခြင်းသည် ဥပဒေအရ မှန်ကန်မှုရှိ မရှိ ပြဿနာနှင့် စပ်လျဉ်း၍ ဦးဉာဏ်လင်းအောင်သည် ကုမ္ပဏီဥက္ကဋ္ဌ ဦးဝင်းနိုင်ဇော်၏ ကိုယ်စားလှယ်အဖြစ် တရားစွဲဆိုခြင်း မဟုတ်ကြောင်း ဦးဝင်းနိုင်ဇော်၏ ကိုယ်စားလှယ်အဖြစ် တရားစွဲဆိုခြင်း ဖြစ်သည်ဟု

ကောက်ယူပြီး တရားခံအား စွဲချက်မတင်မီ လွှတ်ခဲ့ခြင်းသည် ဥပဒေ စာမျက်နှာ
အရ မှန်ကန်မှု မရှိကြောင်း ဖြေကြားသည်။

ဦးညဏ်လင်းအောင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၂ ၇၅

**ကျန်းမာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၅ ဇယား(၄) အမှတ်စဉ်(၆၂)တွင် ဖော်ပြထားသော ကက်တမင်း(Ketamine)ဆေးဝါးနှင့် ယှဉ်တွဲပြီး အလေးချိန်ပမာဏ ဖော်ပြထားခြင်းမရှိသဖြင့် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(က) အရ ပြစ်မှုထင်ရှားစီရင်ခြင်းသည် မှန်ကန်မှုရှိ၊ မရှိ။**

**ဆုံးဖြတ်ချက်။** ။ ကျန်းမာရေးဝန်ကြီးဌာနက ကက်တမင်း (Ketamine)အား စိတ်ကိုပြောင်းလဲစေသောဆေးဝါး အဖြစ် အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၀၅ ဖြင့် သတ်မှတ်ခြင်းဖြစ်၍ အထက်ပါဥပဒေပုဒ်မ ၂၆ နှင့် အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၀၁ တို့တွင် အကျုံးဝင်ခြင်း မရှိပေ။ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၅ တွင်လည်း လိုအပ်သောအရေအတွက်ပမာဏကိုမူ သတ်မှတ်ထားခြင်းမရှိသေးချေ။ သို့ရာတွင် ယင်းသို့သတ်မှတ်ခြင်းမပြုရုံမျှဖြင့် တရားခံတစ်ဦးအား ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(က) အရ ပြစ်မှုထင်ရှားစီရင်ခြင်းမပြုနိုင်ဟု တားမြစ်ပိတ်ပင်သော ဥပဒေမရှိချေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ ယခုအမှုတွင် တင်ဝင်း(ခ)ဆီးချင်ရေ၏ စာမျက်နှာ လက်ဝယ်မှ တွေ့ရှိသော ကက်တမင်း(Ketamine)ပါသည့် အဖြူရောင် အမှုန့်များသည် အလေးချိန် ၁ ကီလိုဂရမ်ရှိသဖြင့် ထိုမူ့ပမာဏ များပြားမှုကို ထောက်ရှုလျှင် ၎င်းသည်ရောင်းချရန် အလို့ငှာ သက်ဝယ်ထားသည်ဟု သက်သေခံဥပဒေပုဒ်မ ၁၁၄ တွင် ခွင့်ပြုထားသည့် အတိုင်း မှတ်ယူနိုင်သည်။

တင်ဝင်း(ခ) ဆီးချင်ရေ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၄

**ဖင်ဆီဒိုင်းဆေးရည်အညွှန်း တစ်ယူနစ်တွင် ကိုဒင်းအလေးချိန် မည်မျှပါဝင်ကြောင်း မထင်ရှားသည့်အပြင် သက်သေခံ ဖင်ဆီဒိုင်းဆေးရည်တွင် ကိုဒင်း ၀. ၂ ရာခိုင်နှုန်းသာ စမ်းသပ်တွေ့ရှိရသည်ဟု ဖော်ပြထားခြင်းတို့ကြောင့် အမှုမှ ဖင်ဆီဒိုင်းဆေးရည်အား မူးယစ်ဆေးဝါးအဖြစ် သတ်မှတ်နိုင်ခြင်းရှိ၊ မရှိ။**

**ဆုံးဖြတ်ချက်။** ။ အမှုတွင် သက်သေခံဖင်ဆီဒိုင်းဆေးရည် ၂၁ ပုလင်း သိမ်းဆည်းရရှိသည်မှာ အငြင်းမပွားပေ။ အဆိုပါဆေးရည်များကို စမ်းသပ်စစ်ဆေးရာ ကိုဒင်း ၀. ၂% ပါဝင်ကြောင်းစမ်းသပ် တွေ့ရှိသည်ဟု သက်သေခံ (စ) ဓာတုဗေဒဌာနရုံး၏ ပြန်ကြားစာတွင် ဖော်ပြထားသည်။ သိမ်းဆည်းရမိသောဖင်ဆီဒိုင်းဆေးရည်များသည် မူးယစ်ဆေးဝါးဟုတ်မဟုတ် စိစစ်ရန်လိုမည်ဖြစ်သည်။

ဓာတုဗေဒဝန်ရုံးက ဖင်ဆီဒိုင်းဆေးရည်များတွင် ကိုဒင်း ၀. ၂% သာ စမ်းသပ်တွေ့ရှိသည်ဟု ဖော်ပြထားရာဖင်ဆီဒိုင်းဆေးရည်တွင်ပါဝင်သည့် ကိုဒင်း၏ပြင်းအားပါဝင်ဖွဲ့စည်းမှုမှာ ၀. ၂% သာ ရှိကြောင်း တွေ့ရသည်။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာန၏

အမိန့်ကြော်ငြာစာ အမှတ် ၃/၂၀၀၂၊ အပိုဒ်၄(က) တွင် ဖော်ပြထားသည့် ကိုဒင်းပြင်းအားပါဝင်ဖွဲ့စည်းမှု ၂.၅% ထက်မပိုကြောင်း၊ လျော့နည်းနေကြောင်း တွေ့ရသည်။ ဓာတုဗေဒဝန်ရုံး၏ ပြန်ကြားစာတွင် ဖင်ဆီဒိုင်းဆေးရည်အညွှန်း တစ်ယူနစ်၌ ကိုဒင်းအလေးချိန်မည်မျှ ပါဝင်သည်ဟု ဖော်ပြထားခြင်းမရှိပေ။ သို့သော်လည်း ပြင်းအားဖွဲ့စည်းမှုမှာ ၀.၂%ထက်မကျော်လွန်ကြောင်း ထင်ရှားနေသည်။ သို့ဖြစ်ရာ သိမ်းဆည်းရမိသော ဖင်ဆီဒိုင်းဆေးရည်များကို မူးယစ်ဆေးဝါးဖြစ်သည်ဟု မှတ်ယူခြင်းမပြုနိုင်။

မောင်ဝင်းစိုး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၄၃

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

+ ၂၀၀၆
မေလ
၃ ရက်

## တရားရုံးချုပ်တရားသူကြီး ဦးတင်အေး ရှေ့တွင်

ဦးတင်ငွေ
ဒေါ်မြမြဝင်း(ခ)ဒေါ်သန်းဝင်း
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော် *
ပြည်ထောင်စုမြန်မာနိုင်ငံတော် *

**အင်္ဂါးရသက်သေ (ဖေါ်ကောင်)၏ ထွက်ဆိုချက်ဖြစ်မြောက်ရန် လိုအပ်သည့်အချက်မပြည့်စုံသော ထွက်ဆိုချက်နှင့် သက်သေခံဥပဒေပုဒ်မ ၂၄ ပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းသော ထွက်ဆိုချက်များဖြင့် တရားခံကို ပြစ်မှုထင်ရှားစီရင်ရန် သင့်၊ မသင့်။**

**ဆုံးဖြတ်ချက်။** ။ ပထမသတင်းပေးတိုင်ချက်ပါအချက်၊ ခင်အောင်၏ ထောက်လှမ်းရေးစစ်ကြောချက်၊ ဖြောင့်ချက်တို့ကွဲလွဲခြင်း မရှိညီညွတ်ကြောင်း တွေ့ရသည်။ သို့ရာတွင် အဆိုပါ စစ်ကြောချက်နှင့် ဖြောင့်ချက်တို့တွင် ပြစ်မှုကျူးလွန်ရာ၌ ခင်အောင်ကိုယ်တိုင်မည်သို့ပါဝင်ကြောင်း၊ အခြားပူးတွဲတရားခံများက မည်သို့ကျူးလွန်ကြောင်း

* ၂၀၀၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၇၅၁(ခ)
* ၂၀၀၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၇၅၂(ခ)
+ ၂၀၀၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၆၆ နှင့် ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၅၈ တွင် ချမှတ်သော ၂၂-၁၁-၂၀၀၅ ရက်စွဲပါ ပဲခူးတိုင်း တရားရုံး၏ အမိန့်များကို ပြင်ဆင်မှု

ဖမ်းဆီးရမိသော ကျွန်းသစ်ခွဲသားများ သယ်ယူကြရာ၌ မည်သို့မည်ပုံခင်အောင်က လမ်းရှင်းလိုက်ပို့ကြောင်း ထွက်ဆိုထားမှုကို မတွေ့ရချေ။ သို့ဖြစ်ရာ ခင်အောင်သည် ပြစ်မှုကျူးလွန်သူများအနက်မှ ကျူးလွန်သူ သို့မဟုတ် အားပေးကူညီသူတစ်ဦးဖြစ်ကြောင်းနှင့် ၎င်းတို့မည်သို့မည်ပုံကျူးလွန်ပါဝင်ပတ်သက်ခဲ့ပုံ အလုံးစုံကို မချွင်းမချန် ရုံးရှေ့၌ ဥပဒေနှင့်အညီ ထွက်ဆိုနိုင်ရန် အကြောင်းရှိသူ မဟုတ်သည်မှာလည်း ထင်ရှားပေါ်လွင်နေပါလျက် ၎င်းအား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၃၇ အရ အစိုးရသက်သေအဖြစ်ဆောင်ရွက်ခွင့်ပြုခဲ့ခြင်းမှာ ဥပဒေပြဋ္ဌာန်းချက်၏ ရည်ရွယ်ရင်းနှင့် ကိုက်ညီမှုမရှိချေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်တို့၏ ရှေ့တွင် အစစ်ခံချက်မှာ သက်သေခံအက် ဥပဒေပုဒ်မ ၂၄ အရ သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကတိပြုခြင်းတို့ မထင်ရှားလျှင် ယင်းစစ်ကြောချက်များကို လက်မခံနိုင်စရာအကြောင်းမရှိ သက်သေခံ ဝင်ကြောင်း **ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဦးရဲနောင်ပါ-၂ အမှု**[၄] တွင် လက်ခံထားသည်မှာ မှန်သော်လည်း ယင်းထွက်ချက်အပေါ် အခြေခံ၍ တရားခံအား ပြစ်မှုထင်ရှားစီရင်ရန် မဟုတ်ချေ။ တရားခံအား ပြစ်မှုထင်ရှားစီရင်နိုင်ရန် ထောက်လှမ်းရေး ရှေ့အစစ်ခံချက်ကိုဖြစ်စေ၊ ရဲရှေ့အစစ်ခံခဲ့သည့်အစစ်ခံချက်ကိုဖြစ်စေ၊ အဆုံးစွန်ဆိုရလျှင် တရားသူကြီးရှေ့ပေးသည့် ဖြောင့်ချက်ကိုပင်ဖြစ်စေ၊ ယင်းတို့တွင် ပါဝင်သည့် ပြစ်မှုကျူးလွန်ကြောင်း ထွက်ဆိုချက်များကို ပတ်ဝန်းကျင် သက်သေခံချက်များက ထောက်ခံသည့်အချက်ရှိပါမှ အပြစ်ပေးနိုင်မည်ဖြစ်သည်။ **မောင်ပန်းဇုံ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမှု**[၅]၊

---

(၄) ၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၆၃
(၅) ၁၉၆၀ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၁၅

ဓမ္မတေ/ပါထူး ပါ-၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမှု[၆] တို့ကို ရည်ညွှန်းသည်။

| | |
|---|---|
| ၂၀၀၆ | |
| ဦးတင်ငွေ | |
| ဒေါ်မြမြဝင်း (ခ) ဒေါ်သန်းဝင်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် | |
| ပြည်ထောင်စု မြန်မာနိုင်ငံတော် | |

အယူခံတရားလိုအတွက် - ဦးစိုးမြင့်အောင်
(တရားရုံးချုပ်ရှေ့နေ)
ဦးကျော်မင်း
(တရားရုံးချုပ်ရှေ့နေ)

အယူခံတရားပြိုင်အတွက် - ဒေါ်ဖြူမာဝေ
(လက်ထောက်ညွှန်ကြားရေးမှူး၊
ရှေ့နေချုပ်ရုံး)

ပဲခူးခရိုင်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၄၇/၂၀၀၅ တွင် တရားခံဒေါ်မြမြဝင်း (ခ) ဒေါ်သန်းဝင်းအား ၁၉၆၃ ခုနှစ်၊ အများနှင့် သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃အရ အလုပ်နှင့်ထောင်ဒဏ်(၁၀)နှစ် ကျခံစေရန်နှင့် သက်သေခံ မော်တော်ယာဉ်နှစ်စီးအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် အမိန့်ချမှတ်သည်။ တရားခံဒေါ်မြမြဝင်းက ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၅၈/၂၀၀၅ အရလည်းကောင်း၊ တိုယိုတာကိုရိုလာဆလွန်းယာဉ် အမှတ် အ/၃၁၈၃ နှင့် ပတ်သက်သည့်အမိန့်ကို ယာဉ်ပိုင်ရှင် ဦးတင်ငွေက ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၆၆/၂၀၀၅ အရလည်းကောင်း၊ ပဲခူးတိုင်းတရားရုံးသို့ အသီးသီးလျှောက်ထားရာ မအောင်မြင်သဖြင့် ဦးတင်ငွေက ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၇၅၁(ခ)/၂၀၀၅ အရလည်းကောင်း၊ တရားခံဒေါ်မြမြဝင်းက ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၇၅၉(ခ)/၂၀၀၅ အရလည်းကောင်း တရားရုံးချုပ်သို့ အသီးသီးလျှောက်ထားကြသည်။ ပြင်ဆင်မှုနှစ်မှုစလုံးသည် ပဲခူးခရိုင် တရားရုံး၏ ပြစ်မှုကြီးအမှတ် ၄၇/၂၀၀၅ အမှုတစ်မှုတည်းမှ

(၆) ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၆၇၈

ပေါ်ပေါက်လာသော အမှုများဖြစ်သဖြင့် ဤစီရင်ချက်သည် ပြင်ဆင်မှုနှစ်မှုစလုံးနှင့် သက်ဆိုင်စေရမည်။

အမှုမှာ ၁၅-၉-၂၀၀၄ ရက်နေ့ ၀၂း၃၀ နာရီအချိန် သတင်းအရ အမှတ်(၃) ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် သစ်တောစစ်ဆေးရေးဂိတ်မှ ဝန်ထမ်းများက ရန်ကုန်-မန္တလေး ကားလမ်းတစ်လျှောက်လှည့်လည်စစ်ဆေးရာ ပဲခူးမြို့အလွန် တပ်ကလေး ငါးပိပွဲရုံရှေ့တွင် တီအီးယာဉ်တစ်စီးနှင့် ဆလွန်းကား တစ်စီးကိုတွေ့၍ စစ်ဆေးမည်ပြုစဉ် ဆလွန်းကားမှာ ရန်ကုန်ဘက်သို့ မောင်းထွက်သွားသဖြင့် စစ်ဆေးရေးဂိတ်သို့ ကြိုတင်အကြောင်းကြား ဖမ်းဆီးခဲ့ရာ ယင်းဆလွန်းကားအမှတ် အ/၃၁၈၃ ယာဉ်မောင်း ခင်အောင်နှင့် ယာဉ်ပေါ်ပါသူ ဒေါ်မြမြဝင်း(ခ) ဒေါ်သန်းဝင်းကို တွေ့ရှိရသည်။ တီအီးယာဉ်ကို စစ်ဆေးရာ ယာဉ်နံပါတ်ပြား ဈ/၄၅၁၇ တပ်ထားသော်လည်း ယာဉ်အမှတ်အမှန်မှာ ဆ/၆၃၀၈ ဖြစ်ပြီး ယာဉ်တွင် ယာဉ်မောင်းယာဉ်နောက်လိုက်တို့ မရှိတော့ဘဲ သော့နှင့် ဝါယာကြိုးများ ဖြုတ်ထားကြောင်း တွေ့ရသည့်အပြင် ယာဉ်ပေါ်တွင် ပုလင်းခွံအိတ်များနှင့် ဖုံးအုပ်ထားသော ကျွန်းသစ်ခွဲသား ၁၈၁ ချောင်း (၃. ၇၀၆၂)တန် တွေ့ရှိရသဖြင့် တရားမဝင် သစ်ပိုင်ဆိုင်သယ်ဆောင်သူမမြမြဝင်း၊ ခင်အောင်၊ သစ်ပိုင်ရှင် ဇော်ထွန်းအောင်၊ ငစိုး၊ လှတင့်နှင့် တင်သိန်းတို့အား အရေးယူပေးရန် တောအုပ်ကြီးဦးမြင့်ဌေးက ပဲခူးအမှတ်(၁) ရဲစခန်းသို့ တိုင်တန်းခဲ့သော အမှုဖြစ်သည်။

လျှောက်ထားသူ ဦးတင်ငွေ၏ ရှေ့နေက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရသည့် ယာဉ်အမှတ် အ/၃၁၈၃ သည် ဦးအိုက်ဆန်အမည်ပေါက်ပြီး ဦးတင်ငွေက ၁-၉-၉၉ ရက်နေ့တွင် အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သော ယာဉ်ဖြစ်ကြောင်း၊ ယာဉ်မောင်းကိုခင်အောင်က မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်လမ်းဆုံတွင် ဂိတ်ထိုး၍ ကိုယ်ပိုင်အငှားယာဉ်အဖြစ် ပြေးဆွဲနေကြောင်း၊ မူလရုံး

အမှုတွင် ကိုခင်အောင်ကို အစိုးရသက်သေအဖြစ်အသုံးပြု၍ ပြစ်မှုမှ လွတ်ငြိမ်းခွင့်ပေးခဲ့ပြီးဖြစ်သည့်အပြင် ယင်းယာဉ်ပေါ်တွင် တရားမဝင် ကျွန်းသစ်တင်ဆောင်ခြင်း၊ ကျွန်းသစ်နှင့် ပတ်သက်သော အထောက် အထား တစ်စုံတစ်ရာယာဉ်ပေါ်တွင် တွေ့ရှိရခြင်းလည်း မရှိကြောင်း၊ ပဲခူးမြို့တွင် ပျက်နေသော ယာဉ်ကို သွားရောက်ကြည့်ရှုရန်အတွက်ဟု ပြောဆိုငှားရမ်းခဲ့၍ လူစီးအငှားယာဉ်အဖြစ် လိုက်ပါခဲ့ခြင်းသာ ဖြစ်သည်ဟု ပေါ်ပေါက်ကြောင်း၊ ပြစ်မှုနှင့် သက်ဆိုင်သည်ဟု ပေါ်ပေါက်ခြင်း မရှိကြောင်း၊ သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှားကြောင်း မတွေ့ရှိရပါက ယေဘုယျအားဖြင့် ယင်းပစ္စည်း ကို သိမ်းဆည်းခြင်းခံရသူသို့ ပြန်ပေးရန် ညွှန်ကြားနိုင်သည်ဟု **ဦးမြမောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမှု**[၁]တွင် လမ်းညွှန်ထားကြောင်း၊ အ/၃၁၈၃ ယာဉ်သည် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသော ပစ္စည်းဖြစ်သည်ဟု ပေါ်ပေါက်ခြင်း မရှိသဖြင့် မူလ ခရိုင်တရားရုံးက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန်ချမှတ်သည့် အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သော ပဲခူးတိုင်းတရားရုံး၏ အမိန့် များကို ပယ်ဖျက်၍ လျှောက်ထားသူသို့ ပြန်လည်ပေးအပ်သင့်ပါ ကြောင်း လျှောက်လဲတင်ပြသည်။

ဒေါ်မြမြဝင်း၏ ရှေ့နေက အမှုတွင်တရားလို သက်သေ အသီးသီး၏ ထွက်ဆိုချက်အရ ကျွန်းသစ်ခွဲသား ၁၈၁ ချောင်း (၃. ၇၀၆၂)တန် တင်ဆောင်လာသောယာဉ်မှာ ဆ/၆၃၀၈ ဖြစ်ပြီး သစ်ပိုင်ရှင်မှာ ဇော်ထွန်းအောင်၊ ငစိုး၊ လှတင့်နှင့် ယင်းတီအီးယာဉ် မောင်းတင်သိန်းတို့သာဖြစ်ကြောင်း ထွက်ဆိုနိုင်ကြပါလျက် ယင်း တရားခံများကို ရှာဖွေဖမ်းဆီးတရားစွဲ ဆိုနိုင်ခြင်းမရှိဘဲ မိခင် ဆေးကုသမှုအတွက် ငွေလို၍ လမ်းကြုံလိုက်ပါလာသူ ဒေါ်မြမြဝင်း (ခ) ဒေါ်သန်းဝင်းကို ဤမျှကြီးမားသော ဥပဒေပုဒ်မဖြင့် ထောင်ဒဏ်

(၁) ၁၉၇၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ - ၅၅

၂၀၀၆
ဦးတင်ငွေ
ဒေါ်မြမြဝင်း (ခ) ဒေါ်သန်းဝင်း
နှင့်
ပြည်ထောင်စု မြန်မာနိုင်ငံတော်
ပြည်ထောင်စု မြန်မာနိုင်ငံတော်

(၁၀)နှစ်ချမှတ်အပြစ်ပေးခြင်းမှာ မျှတမှန်ကန်မှု မရှိကြောင်း၊ လုံလောက်သော သက်သေခံချက် တင်ပြစေရန်မှာ တရားလိုဘက်တွင် တာဝန်ရှိကြောင်းနှင့် အပြစ်မဲ့ကြောင်း သက်သေထူရန် တာဝန်ကို တရားခံဘက်သို့ ချအပ်ခြင်း မပြုရဟု **ဒေါ်စီစီနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အမှု** [၂] တွင် လမ်းညွှန်ထားကြောင်း၊ လျှောက်ထားသူအား ယခင်ထောက်လှမ်းရေး အဖွဲ့၏ စစ်ဆေးချက်ကို အခြေပြုသည့်အကြောင်းကြားစာအရ အပြစ်ပေးထားခြင်းသာ ဖြစ်ကြောင်း၊ ယင်းထောက်လှမ်းရေး အစီရင်ခံစာအပေါ် မည်သည့် သက်သေ၊ မည်သည့်စာမှတ်စာတမ်း အထောက်အထားကမျှ ထောက်ခံမှုစိုးစဉ်းမျှမရှိပါဘဲလျက် ပြစ်ဒဏ် ချမှတ်ခြင်းမှာ မှန်ကန်မှုရှိ မရှိ စိစစ်သင့်ပါကြောင်း၊ အစိုးရသက်သေဖြစ်သည့် ဒေါ်သန်းဝင်း လိုက်ပါစီးနင်းခဲ့သည့် ယာဉ်၏ယာဉ်မောင်း ဦးခင်အောင် ကိုယ်တိုင်ကပင် ယခုကိစ္စတွင် ဒေါ်သန်းဝင်း ပါဝင်ဆောင်ရွက်ခြင်း ရှိမရှိ မသိကြောင်း ထွက်ဆိုထားရာ ဒေါ်သန်းဝင်း အပေါ်ထင်ကြေးဖြင့် အပြစ်ပေးရာရောက်သည်မှာ ထင်ရှားသဖြင့် မူလခရိုင် တရားရုံးနှင့် ပဲခူးတိုင်း တရားရုံးတို့က လျှောက်ထားသူအပေါ် အများနှင့် သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ ပြစ်မှု ထင်ရှားစီရင်၍ ပြစ်ဒဏ်ချမှတ်ထားခြင်းတို့ကို ပယ်ဖျက်ပြီး အမှုမှ အပြီးအပြတ် လွှတ်ပေးပါရန် လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သည့်ရှေ့နေချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးက အမှုတွင်အချင်းဖြစ်ကား အ/၃၁၈၃ ယာဉ်သည် တရားမဝင်ကျွန်းသစ်များသယ်ဆောင်လာသည့်ကား မဟုတ်သော်လည်း ကျွန်းသစ်များ သယ်ဆောင်လာခဲ့သည့် တီအီးကား ဖြတ်သန်းရာတွင် အဆင်ပြေစေရန်အတွက် ဒေါ်မြမြဝင်းနှင့်အခြားထွက်ပြေး တရားခံ

(၂) ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ - ၈၇၆

ပြည်ထောင်စု
မြန်မာနိုင်ငံတော်

ဇော်ထွန်းအောင် ငစိုးတို့မှ အ/၃၁၈၃ ယာဉ်ဖြင့် သွားလာခဲ့သည်ဟု ပေါ်ပေါက်ကြောင်း၊ သတင်းအရလည်း သစ်တင်သည့်ကားကြီးနှင့် အတူ ကားငယ်တစ်စီးပါသည်ဟု ပေါ်ပေါက်ပြီး အချင်းဖြစ်ကားကို သစ်တင်သည့်ကားနှင့် မလှမ်းမကမ်းတွင် တွေ့ရှိကြောင်း၊ ဖမ်းဆီးသည့် အဖွဲ့ကို တွေ့ရှိသည်နှင့် ရန်ကုန်ဘက်သို့ မောင်းပြေး သဖြင့် သစ်တော စစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးခဲ့ရသည်ဟု ပေါ်ပေါက်ကြောင်း၊ တီအီးကားဖြင့် တရားမဝင်သစ်သယ် ဆောင်ရာတွင် လမ်းရှင်းယာဉ်အဖြစ် အသုံးပြုခဲ့သည်ဟု ပေါ်ပေါက်ကြောင်း၊ **ဦးကျော်ကျော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမှု**[၃] ပါ လမ်းညွှန်ချက်အရ ပြစ်မှုနှင့် စပ်လျဉ်း၍ ယာဉ်ပိုင်ရှင်က မသိကြောင်း အကြောင်းပြရုံမျှဖြင့် လွယ်လင့်တကူ လက်ခံမှုမပြု သင့်ကြောင်း၊ ဆလွန်းကားအမှတ် အ/၃၁၈၃ အား ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းရန် ချမှတ်သည့်ခရိုင်တရားရုံးနှင့် တိုင်းတရားရုံး၏ အမိန့်မှာ မှားယွင်းခြင်း မရှိကြောင်း လျှောက်လဲတင်ပြသည်။

ဆက်လက်၍ ဒေါ်မြမြဝင်း၏ ထောက်လှမ်းရေး စစ်ကြောချက်၊ အစိုးရသက်သေခင်အောင်၏ ထောက်လှမ်းရေးထံ အစစ်ခံချက်၊ ဖြောင့်ချက်နှင့် ရုံးရှေ့ ထွက်ဆိုချက်များအရ ဒေါ်မြမြဝင်းသည် တရား ခံပြေးဇော်ထွန်းအောင်၊ ငစိုး၊ လှတင့်တို့နှင့်အတူ အ/၃၁၈၃ ယာဉ် ဖြင့် လိုက်ပါလာပြီး ၎င်းတို့နှင့်အတူ ကားပေါ်မှဆင်း၍ ဂိတ်မှ တာဝန် ရှိသူများနှင့် မိတ်ဆက်ပေးခြင်း၊ ဆက်သွယ်ပေးခြင်းတို့ ပြုသည်ဟု ပေါ်ပေါက်ကြောင်း၊ တောင်ငူသို့ ပြန်ရန်လမ်းကြုံလိုက်လာ သည်ဟု ၎င်းက ထုချေသော်လည်း ၎င်းစီးလာသော ကားမှာ ရန်ကုန် ဘက်သို့ အလာ သစ်တောစစ်ဆေးရေးဂိတ်တွင် အဖမ်းခံရခြင်းဖြစ်၍ ၎င်း၏ ထုချေချက်မှာ ယုံကြည်လက်ခံရန် မသင့်ကြောင်း၊ တရားမဝင် ကျွန်းသစ်များ စစ်ဆေးရေးဂိတ်တွင် အဆင်ပြေစွာ ဖြတ်သန်းနိုင်ရေး

(၃) ၂၀၀၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ - ၄၀

၂၀၁၆
ဦးတင်ငွေ
ဒေါ်မြမြဝင်း (ခ) ဒေါ်သန်းဝင်း
နှင့်
ပြည်ထောင်စု မြန်မာနိုင်ငံတော်
ပြည်ထောင်စု မြန်မာနိုင်ငံတော်

အတွက် လမ်းရှင်းဆောင်ရွက်ပေးခဲ့ကြောင်းပေါ်ပေါက်သဖြင့် ခရိုင်တရားရုံးက ၎င်းအားပြစ်မှုထင်ရှားစီရင်သည့် အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သည့် ပဲခူးတိုင်း တရားရုံး၏ အမိန့်များမှာ မှားယွင်းမှုမရှိကြောင်း၊ ပြင်ဆင်မှုနှစ်မှုစလုံးကို ပလပ်သင့်ကြောင့် လျှောက်လဲတင်ပြသည်။

ပဲခူးခရိုင်တရားရုံး၏ မူလမှုတွင် သက်သေခံဆလွန်းကား အမှတ် အ/၃၁၈၃ ယာဉ်၏ယာဉ်မောင်းခင်အောင်ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၃၃၇ အရ ဖော်ကောင်(အစိုးရသက်သေ)ပြုလုပ်ထားသည်ကို တွေ့ရသည်။

ပြစ်မှုဆိုင်ရာအမှုများ၌ ဖော်ကောင်၏ ထွက်ချက်သာလျှင် ရရှိပြီး တရားခံတစ်ဦးထက် ပိုမို ပါဝင်သည့်အမှုများတွင် အခြားသက်သေခံချက်မရရှိနိုင်သည့်အခါ တရားခံတစ်ဦးဖြစ်သည့် ဖော်ကောင်၏ ထွက်ဆိုချက်အရ အခြားတရားခံများ ပြစ်မှုထင်ရှား ရရှိနိုင်သည့်အခါမျိုးတွင်သာ ဖော်ကောင်ပြုလုပ်လေ့ရှိသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၃၇ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

"၃၃၇။(၁) ××× ××× ××× ××× ××× ××× ××× ခရိုင်ရာဇဝတ်တရားသူကြီး၊ နယ်ပိုင်ရာဇဝတ်တရားသူကြီး သို့မဟုတ် ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီးတစ်ဦးဦးသည် ပြစ်မှုကို စုံစမ်းထောက်လှမ်းခြင်း၊ သို့မဟုတ် စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် စစ်ဆေးစီရင်ခြင်းတို့၏ မည်သည့် အဆင့်၌မဆို ပြစ်မှုတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပါဝင်ပတ်သက်ခဲ့သည်ဟု ယူဆရသူ သို့မဟုတ် ကြံရာပါဟု ယူဆရသူ တစ်ဦးတစ်ယောက်ထံမှ သက်သေခံချက်ရရှိနိုင်ရန် အလို့ငှာ အဆိုပါပြစ်မှုနှင့်တကွ ယင်းပြစ်မှုကျူးလွန်ရာ၌

အရင်းခံကျူးလွန်သူအဖြစ်ဖြင့်သော်လည်းကောင်း၊ အားပေးကူညီသူအဖြစ်ဖြင့်သော်လည်းကောင်း ပါဝင်ပတ်သက်သူတို့နှင့် စပ်လျဉ်း၍ ထိုသူသိသမျှ အကြောင်းခြင်းရာ အလုံးစုံကို မချွင်းမချန်အမှန်အတိုင်း ဖော်ထုတ်ပြောဆိုစေရမည်ဟူသော စည်းကမ်းချက်ဖြင့် ထိုသူကို ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့် ပေးနိုင်သည်။

× × × × × × × × × × × × × × × × × × × × ×

(၂) ဤပုဒ်မအရ ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းကိုလက်ခံရသူတိုင်းအား ယင်းပြစ်မှုကို အရေးယူသည့် ရာဇဝတ်တရားသူကြီး၏ တရားရုံးတွင် နောက်ထပ်စစ်ဆေးစီရင်မှု ရှိခဲ့လျှင် ယင်းစစ်ဆေးစီရင်မှုတွင် သက်သေတစ်ဦးအဖြစ် စစ်ဆေးရမည်။ ”

ပဏာမသတင်းပေးတိုင်တန်းချက်ပါအချက်၊ ခင်အောင်၏ ထောက်လှမ်းရေးစစ်ကြောချက်၊ ဖြောင့်ချက်တို့ကွဲလွဲခြင်းမရှိညီညွတ်ကြောင်းတွေ့ရသည်။ သို့ရာတွင် အဆိုပါစစ်ကြောချက်နှင့် ဖြောင့်ချက်တို့တွင် ပြစ်မှုကျူးလွန်ရာ၌ ခင်အောင်ကိုယ်တိုင်မည်သို့ ပါဝင်ကြောင်း အခြားပူးတွဲတရားခံများက မည်သို့ကျူးလွန်ကြောင်း၊ ဖမ်းဆီးရမိသောကျွန်းသစ်ခွဲသားများ သယ်ယူကြရာ၌ မည်သို့မည်ပုံ ခင်အောင်ကလမ်းရှင်းလိုက်ပို့ကြောင်း ထွက်ဆိုထားမှုကို မတွေ့ရချေ။ သို့ဖြစ်ရာ ခင်အောင်သည် ပြစ်မှုကျူးလွန်သူများအနက်မှ ကျူးလွန်သူ သို့မဟုတ် အားပေးကူညီသူတစ်ဦးဖြစ်ကြောင်းနှင့် ၎င်းတို့ မည်သို့ မည်ပုံကျူးလွန် ပါဝင်ပတ်သက်ခဲ့ပုံ အလုံးစုံကို မချွင်းမချန် ရုံးရှေ့၌ ဥပဒေနှင့်အညီ ထွက်ဆိုနိုင်ရန်အကြောင်းရှိသူမဟုတ်သည်မှာလည်း ထင်ရှားပေါ်လွင်နေပါလျက် ၎င်းအားပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၃၇ အရ အစိုးရသက်သေအဖြစ်ဆောင်ရွက်ခွင့်ပြုခဲ့ခြင်းမှာ ဥပဒေ ပြဋ္ဌာန်းချက်၏ ရည်ရွယ်ရင်းနှင့် ကိုက်ညီမှုမရှိချေ။

တရားခံပြေးဖြစ်သော ဇော်ထွန်းအောင်၊ ငစိုး၊ လှတင့်၊ တင်သိန်းတို့နှင့် ပတ်သက်၍ ဒေါ်မြမြဝင်းအား စွဲဆိုသော ပြစ်မှုကြီးတွင် တရားခံပြေးအဖြစ် ဖော်ပြထားခြင်း မရှိချေ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ဆောင်ရွက်သူ တရားခံများကို ပြစ်မှုကြီးတွင် တရားခံအဖြစ်ဖော်ပြပါရှိရန်လိုအပ်သည်။ ယင်းသို့ ပါရှိနေမှသာ တရားခံများကို ပြန်လည်ဖမ်းဆီးရမိချိန်၌ ယင်းပြစ်မှုကြီးတွင် တရားခံများအဖြစ် တင်ပို့စွဲဆိုစစ်ဆေးနိုင်ပေလိမ့်မည်ကို သတိပြုရန် လိုအပ်သည်။ သို့ဖြစ်၍ ပြစ်မှုကြီးနှင့် ပြစ်မှုဆိုင်ရာ အထွေထွေမှုတို့ကို အမြဲတမ်းတွဲထားရမည်ကို သတိပြုရန်လိုအပ်ကြောင်း မှတ်ချက်ပြုလိုက်သည်။

အမှုတွင် အငြင်းမပွားသည့်အချက်မှာ ၈၂/၄၅၁၇ ယာဉ်နံပါတ်ပြားတပ်ဆင်ထားသည့် တီအီးယာဉ်ပေါ်တွင် ကျွန်းသစ်ခွဲသားများ တင်ဆောင်လာသည်ဆိုသော အချက်ပင်ဖြစ်သည်။ ကား၏ ယာဉ်အမှတ်အမှန်မှာ ဆ/၆၃၀၈ ဖြစ်ပြီး ယင်းကားပေါ်တွင် ပုလင်းခွံအိတ်များနှင့် ဖုံးအုပ်၍ တရားမဝင်ကျွန်းသစ်ခွဲသား ၁၈၁ ချောင်း(၃. ၇၀၆၂)တန် တင်ဆောင်ထားကြောင်း သက်သေထွက်ဆိုချက်များ၊ သက်သေခံ (ဆ)မှ (ဆ-၃)ထိ ခါတ်ပုံမှတ်တမ်းများ အရအငြင်းမပွားပေါ်ပေါက်သည်။ သက်သေခံကားနှင့် ကျွန်းသစ်ခွဲသားများကို လက်ပူးလက်ကြပ်သိမ်းဆည်းရမိပါလျက်၊ ထို့ပြင်စုံစမ်းထောက်လှမ်းချက်များအရ ယာဉ်မောင်းသူမည်သူဖြစ်ပြီး သစ်ကုန်သည်မည်သူဖြစ်သည်ဟု ပေါ်ပေါက်ပါလျက် တစ်စုံတစ်ယောက်ကိုမျှ ဖမ်းဆီးရမိခြင်းမရှိချေ။ ဖမ်းဆီးတင်ပို့နိုင်ခြင်းလည်း မရှိချေ။

ဖမ်းဆီးရမိချိန်က သစ်များတင်ထားသောကားတွင် ဝါယာကြိုးများ ဖြုတ်ထားခြင်း၊ သော့ဖျက်ထားခြင်းပြုလုပ်ထားကြောင်း တာဝန်ရှိသူများ၏ ရုံးရှေ့တွင် ထွက်ဆိုချက်မှာ ကျူးလွန်သူ တရားခံများကို အမည်နာမနှင့် ဖော်ထုတ်နိုင်ပါလျက်ဖမ်းဆီး တင်ပို့နိုင်

ခြင်းမရှိမှုအား အထောက်အကူပြုအကွယ်အကာရယူနိုင်စေရန် ရည်ရွယ်မှုရှိ မရှိ ကိုပင် စဉ်းစားဖွယ်ရာဖြစ်ပေသည်။

ဒေါ်မြမြဝင်းက သက်သေခံ (ဏ-၁)ဖြင့် ထောက်လှမ်းရေးထံ စစ်ကြောချက်ပေးထားသည်။ ယင်းစစ်ကြောချက်တွင် တရားခံပြေး ဇော်ထွန်းအောင်၏ အကူအညီတောင်းခံမှုအရ ၎င်းတို့၏ သစ်ကား ဖြတ်သန်းရန်အတွက် ၎င်းတို့နှင့် ပတ်သက်သော တာဝန်ရှိသူများနှင့် မိတ်ဆက်ပြောဆိုပေးရန် အကူအညီတောင်းခံသဖြင့် လိုက်လာမိတ်ဆက်ပေးခဲ့ကြောင်း ပါရှိသည်။

ထောက်လှမ်းရေးတပ်ဖွဲ့ဝင်တို့၏ ရှေ့တွင် အစစ်ခံချက်မှာ သက်သေခံအက်ဥပဒေပုဒ်မ ၂၄ အရ သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကတိပြုခြင်းတို့မထင်ရှားလျှင် ယင်းစစ်ကြောချက်များကို လက်မခံနိုင်စရာအကြောင်းမရှိ သက်သေခံဝင်ကြောင်း **ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဦးရဲနောင်ပါ-၂ အမှု**[၄] တွင် လက်ခံထားသည်မှာမှန်သော်လည်း ယင်းထွက်ချက်အပေါ် အခြေခံ၍ တရားခံအား ပြစ်မှုထင်ရှားစီရင်ရန်မဟုတ်ချေ။ တရားခံအား ပြစ်မှုထင်ရှား စီရင်နိုင်ရန် ထောက်လှမ်းရေး ရှေ့အစစ်ခံချက်ကို ဖြစ်စေ၊ ရဲရှေ့အစစ်ခံခဲ့သည့်အစစ်ခံချက်ကိုဖြစ်စေ၊ အဆုံးစွန်ဆိုရလျှင် တရားသူကြီးရှေ့ပေးသည့်ဖြောင့်ချက်ကိုပင်ဖြစ်စေ ယင်းတို့တွင် ပါဝင်သည့် ပြစ်မှုကျူးလွန်ကြောင်း ထွက်ဆိုချက်များကို ပတ်ဝန်းကျင်သက်သေခံချက်များက ထောက်ခံသည့်အချက်ရှိပါမှ အပြစ်ပေးနိုင်မည်ဖြစ်သည်။ **မောင်ပန်းဇုံနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အမှု**[၅]၊ **မောင်ပါထူး ပါ-၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အမှု**[၆] တို့ကို ရည်ညွှန်းသည်။

---

(၄) ၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၆၃

(၅) ၁၉၆၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ - ၁၅

(၆) ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၆၇၈

ယခုအမှုတွင် ထောက်လှမ်းရေး စစ်ကြောချက်အပေါ် ထောက်ခံသည့် သက်သေခံချက်လုံးဝ မရှိချေ။ ခင်အောင်၏ထွက်ဆိုချက်၊ ဖြောင့်ချက်စသည်တို့တွင်လည်း ၎င်းကိုယ်တိုင်ပင် ပြစ်မှုကျူးလွန်ကြောင်းမပါရှိချေ။ ခင်အောင်၏ ထွက်ဆိုချက်တွင် ဒေါ်မြမြဝင်း အမှုနှင့်ပတ်သက်ကြောင်း မသိဟုသာပါရှိသည်။ ဒေါ်မြမြဝင်းနှင့် ပတ်သက်၍ ထွက်ဆိုချက်မရှိချေ။ ဒေါ်မြမြဝင်းက မကျန်းမာသူ မိခင် ဆေးကုသမှုအတွက် ငွေလိုသဖြင့် အုတ်တွင်းသို့ ငွေပြန်ယူရန် တရားခံပြေး ဇော်ထွန်းအောင်တို့ ငှားထားသော ခင်အောင်မောင်း နှင်သည့် ကားဖြင့် အကြုံလိုက်ပါလာခြင်းသာဖြစ်ကြောင်းထုချေ ထားသည်။ ၎င်းအား ဥပဒေအရာရှိက ပြန်လှန်မေးရာ၌ ထောက်လှမ်း ရေးထံ အစစ်ခံစဉ်က "အချင်းဖြစ်ရက်က မိခင်ဆေးကုသရန် လာခြင်းဖြစ်ကြောင်း အစစ်ခံပါသည်။ စစ်ဆေးချက်တွင် လက်မှတ်ရေးထိုးပေး ရတာမှန်ပါသည်။ ကျမအနေဖြင့် အစစ်ခံချက်များကို ဖတ်ကြည့်လိုကြောင်း တင်ပြသည့်အခါ စစ်ဆေးသူများက ဖတ်ခွင့်မရှိကြောင်းနှင့် ထမီကိုပင်ပြင်ဝတ်ခွင့် မပေးဘဲ ဆောင့်ဆွဲကာ လက်မှတ်ထိုးမှာသာ ထိုးဟုဆို၍ ရေးထိုးပေးရပါသည်။ ၎င်းတို့က အတင်းထိုးခိုင်း၍ ထိုးပေးခြင်းသာ ဖြစ်ပါသည်" ဟု ဖြေကြားထားသည်ဖြစ်ရာ ၎င်း၏ ထောက်လှမ်းရေးစစ်ကြောချက်မှာ သက်သေခံဥပဒေပုဒ်မ ၂၄ နှင့် ငြိစွန်းနေပေသည်။

ခင်အောင်မောင်းနှင်လာသော သက်သေခံကား အ/၃၁၈၃ မှာ ၎င်း၏ ယောက္ခမ လျှောက်ထားသူဦးတင်ငွေပိုင်ကားဖြစ်ပြီး၊ ပုလဲလမ်းဆုံတွင် ဂိတ်ထိုး၍ ကိုယ်ပိုင်တက္ကစီအဖြစ်အငှားလိုက်သော ကားဖြစ်ကြောင်း ပေါ်ပေါက်သည်။ သူငယ်ချင်း ဇော်လတ်(ခ) ချက်ကြီးမှတဆင့် တရားခံပြေးဇော်ထွန်းအောင်တို့က ကားပျက်သည့် နေရာသွားရန်ဟု ပြောဆိုငှားရမ်းလိုက်ပါခဲ့ခြင်းသာ ဖြစ်ကြောင်းလည်း ပေါ်ပေါက်သည်။ မောင်းလာသော ယင်းကားမှာ ပြစ်မှုကျူးလွန်ခြင်း

နှင့် သက်ဆိုင်ပတ်သက်ကြောင်း သက်သေခံချက်မရှိသဖြင့် မူလခရိုင်တရားရုံးက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းမှာ မှန်ကန်ခြင်း မရှိချေ။

အမှုတွင် နိုင်ငံတော်အတွက် ပြစ်မှုကျူးလွန်သူများကို တရားရုံးက ပြစ်မှုထင်ရှားစီရင်နိုင်ရန် သက်သေခံတင်ပြနိုင်ခြင်းအလျဉ်းမရှိချေ။ ယင်းအခြေအနေတွင် မူလ ခရိုင်တရားရုံးက ဒေါ်မြမြဝင်း(ခ) ဒေါ်သန်းဝင်းအပေါ် ပြစ်မှုထင်ရှားစီရင်ခြင်းကို လက်ခံနိုင် ဖွယ် အကြောင်း မရှိချေ။

သို့အတွက် ဒေါ်မြမြဝင်း(ခ) ဒေါ်သန်းဝင်း တင်သွင်းသည့် ပြင်ဆင် မှုနှင့် ဦးတင်ငွေ တင်သွင်းသည့်ပြင်ဆင်မှုများကို ခွင့်ပြုသည်။ ဒေါ်မြမြဝင်း (ခ) ဒေါ်သန်းဝင်းအပေါ် ပဲခူးခရိုင်တရားရုံးက ၁၉၆၃ ခုနှစ်၊ အများနှင့် သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ ပြစ်မှုထင်ရှားစီရင်သည့် အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသည့် ပဲခူးတိုင်းတရားရုံး၏ အမိန့်များကို ပယ်ဖျက်၍ ဒေါ်မြမြဝင်း(ခ) ဒေါ်သန်းဝင်း အား အမှုမှ အပြီးအပြတ် လွတ်ရန် အမိန့်ချမှတ်သည်။

သက်သေခံ တိုယိုတာကိုရိုလာ ဆလွန်းယာဉ်အမှတ် အ/၃၁၈၃ ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် ချမှတ်သည့် ပဲခူးခရိုင် တရားရုံး၏ အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသည့် ပဲခူးတိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်၍ ယင်းကားအား လျှောက်ထားသူ ဦးတင်ငွေ သို့ ပြန်လည်ပေးအပ်စေရန် အမိန့်ချမှတ်သည်။

အမှုကို အမှုမှန်ဟု သတ်မှတ်သည်။ ကျန်သက်သေခံပစ္စည်းများနှင့် ပတ်သက်၍ ချမှတ်သည့် မူလခရိုင်တရားရုံး၏ အမိန့်ကို အတည်ပြုသည်။

\+ ၂၀၀၆
နိုဝင်ဘာလ
၂၁ ရက်

# ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

## တရားရုံးချုပ် တရားသူကြီးဦးစိန်လှိုင်ရှေ့တွင်

## တင်ဝင်း(ခ)ဆီးချင်ရေ
## နှင့်
## ပြည်ထောင်စုမြန်မာနိုင်ငံတော် *

ကျန်းမာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၅ ဇယား(၄) အမှတ်စဉ်(၆၂)တွင် ဖော်ပြထားသော ကက်တမင်း(**Ketamine**)ဆေးဝါးနှင့် ယှဉ်တွဲပြီး အလေးချိန်ပမာဏ ဖော်ပြထားခြင်းမရှိသဖြင့် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(က)အရ ပြစ်မှုထင်ရှားစီရင်ခြင်းသည် မှန်ကန်မှုရှိမရှိ။

**ဆုံးဖြတ်ချက်။** ။ ကျန်းမာရေးဝန်ကြီးဌာနက ကက်တမင်း(Ketamine)အား စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအဖြစ် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၅ ဖြင့် သတ်မှတ်ခြင်းဖြစ်၍ အထက်ပါဥပဒေပုဒ်မ ၂၆ နှင့် အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၀၁ တို့တွင် အကျုံးဝင်ခြင်း မရှိပေ။ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၅ တွင်လည်း လိုအပ်သောအရေအတွက်ပမာဏကိုမူ သတ်မှတ်ထားခြင်းမရှိသေးချေ။ သို့ရာတွင် ယင်းသို့သတ်မှတ်ခြင်းမပြုရုံမျှဖြင့်

* ၂၀၀၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၅၄၉(ခ)။

\+ ၂၀၀၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၅၄ တွင် ချမှတ်သော ၁၈-၈-၂၀၀၆ ရက်စွဲပါ ရှမ်းပြည်နယ်(မြောက်ပိုင်း) တရားရုံး၏ အမိန့်ကို လျှောက်ထားမှု

၂၀၀၆
တင်ဝင်း(ခ)
ဆီးချင်ရေ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

တရားခံတစ်ဦးအား ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(က)အရ ပြစ်မှုထင်ရှားစီရင်ခြင်းမပြုနိုင်ဟု တားမြစ်ပိတ်ပင်သော ဥပဒေမရှိချေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ ယခုအမှုတွင် တင်ဝင်း(ခ)ဆီးချင်ရေ၏ လက်ဝယ်မှ တွေ့ရှိသော ကက်တမင်း(Ketamine)ပါသည့် အဖြူရောင်အမှုန့်များသည် အလေးချိန် ၁ ကီလိုဂရမ်ရှိသဖြင့် ထိုမျှပမာဏ များပြားမှုကို ထောက်ရှုလျှင် ၎င်းသည်ရောင်းချရန် အလို့ငှာ လက်ဝယ်ထားသည်ဟု သက်သေခံဥပဒေပုဒ်မ ၁၁၄ တွင် ခွင့်ပြုထားသည့်အတိုင်း မှတ်ယူနိုင်သည်။

လျှောက်ထားသူအတွက် - ဦးဘရန်ဒီး
(တရားရုံးချုပ်ရှေ့နေ)

လျှောက်ထားခံရသူအတွက် - ဒေါ်ခင်အေးမာ
(လက်ထောက်ညွှန်ကြားရေးမှူး၊
ရှေ့နေချုပ်ရုံးခွဲ၊ မန္တလေးမြို့)

မူဆယ်ခရိုင်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၂၆/၂၀၀၆ တွင် တရားခံတင်ဝင်း(ခ)ဆီးချင်ရေအပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(က)အရ အလုပ်နှင့်ထောင်ဒဏ်(၁၈)နှစ် ကျခံစေရန် အမိန့်ချမှတ်သည်။ ယင်းအမိန့်ကို တင်ဝင်း(ခ)ဆီးချင်ရေက မကျေနပ်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း)တရားရုံးသို့ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၅၄/၂၀၀၆ တင်သွင်းရာ ပလပ်ခံရသဖြင့် တရားရုံးချုပ်(မန္တလေးရုံးထိုင်)သို့ ဤပြင်ဆင်မှုတင်သွင်းခြင်းဖြစ်သည်။

အမှုမှာ ၉-၁-၂၀၀၆ ရက်နေ့ ၁၇း၀၀ နာရီတွင် မူဆယ်(မူးယစ်)အထူးအဖွဲ့မှ ရဲအုပ်ရဲမင်းဦးနှင့်အဖွဲ့သည် သက်သေများနှင့်

၂၀၀၆
တင်ဝင်း(ခ)
ဆီးချင်ရေ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

အတူ မူဆယ်မြို့ ကောင်းမူးလွယ်ရပ်ကွက် ဖူလီလိုက်တည်းခိုခန်းအနီး ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ထောင်ချောက်ဆင် ဖမ်းဆီးရာ ရွှေနန်းတော်ဂိတ်ပေါက်ဘက်မှ မူဆယ်မြို့ထဲသို့ လမ်းလျှောက်လာသူ တင်ဝင်း(ခ)ဆီးချင်ရေကို ပိုင်းဝန်းဖမ်းဆီးရာ ၎င်း၏ယာဘက်လက်ထဲတွင် ကိုင်ထားသည့် အမဲရောင်ကျွတ်ကျွတ် အိတ်ထဲမှ "မြင့်မြင့်ခင်" အမည်ပါ မန္တလေးထိုးမုန့်ဘူးခွံ ၂ ဘူးအတွင်းမှ ပလပ်စတစ်အကြည်ဖြင့် ထုတ်လျက်ကိုကင်း(Cocaine)ဟု ယူဆရသော အဖြူမှုန့်စုစုပေါင်း အလေးချိန်(၁)ကီလိုဂရမ်အား တွေ့ရှိသိမ်းဆည်း ရမိသဖြင့် ဥပဒေအရ အရေးယူပေးရန် တိုင်ကြားသောအမှုဖြစ်သည်။

လျှောက်ထားသူ၏ရှေ့နေက တင်ဝင်း(ခ)ဆီးချင်ရေကို စတင်ရှာဖွေဖမ်းဆီးစဉ်က ရှာဖွေသက်သေ နှစ်ဦး၏ ရှေ့မှောက်တွင် ရှာဖွေသိမ်းဆည်းခြင်းမဟုတ်ကြောင်း၊ ရှာဖွေပုံစံတွင် သက်သေနှစ်ဦး လက်မှတ်ရေးထိုးပေးစဉ်က ပေးအပ်သူနေရာတွင် စာများရေးသား ထားခြင်းမရှိသေး၍ မည်သူလက်မှတ်ထိုးသည်ကို မသိကြောင်း ပေါ်ပေါက်နေလျက် တင်ဝင်း(ခ)ဆီးချင်ရေအပေါ်ပြစ်မှုထင်ရှားစီရင်ထားခြင်းမှာ မှားယွင်းနေကြောင်း၊ သက်သေခံကက်တမင်း (Ketamine)သည် ကျန်းမာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအရ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးဖြစ်ကြောင်း အငြင်းမပွားကြောင်း၊ သို့ရာတွင် ယင်းအမိန့်ကြော်ငြာစာတွင် ကက်တမင်း (Ketamine) ဆေးဝါးနှင့် ယှဉ်တွဲပြီး အလေးချိန်၊ ပမာဏတို့ကို ဖော်ပြထားခြင်း မရှိကြောင်း၊ မည်သည့်အလေးချိန်၊ ပမာဏနှင့် အထက်ကိုရောင်းချရန်အလို့ငှာ လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ တစ်ဆင့်ပေးပို့ခြင်း၊ လွှဲပြောင်းပေးခြင်းဟု မှတ်ယူနိုင်ရန် သတ်မှတ်ကြေညာထားခြင်းမရှိကြောင်း ပေါ်ပေါက်ကြောင်း၊ သက်သေခံပစ္စည်းအဖြူမှုန့်တွင် ကက်တမင်း(Ketamine) မည်မျှပါဝင်သည်ကို ဓာတုဗေဒဝန်၏ ပြန်ကြားစာတွင် အတိအကျ ပြန်ကြား

၂၀၀၆
တင်ဝင်း(ခ)
ဆီးချင်ရေ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

ထားခြင်းမရှိကြောင်း၊ သို့ဖြစ်၍ တင်ဝင်း(ခ)ဆီးချင်ရေသည် သက်သေခံကက်တမင်း(Ketamine)ကို ရောင်းချရန်အလို့ငှာ လက်ဝယ်ထားကြောင်း နှစ်ဘက်သက်သေခံချက်များတွင် ပေါ်ပေါက်ခြင်းမရှိကြောင်း၊ သက်သေခံပစ္စည်းအဖြူမှုန့်များကို ပလပ်စတစ်အကြည်ဖြင့် ထုတ်လျက် "မြင့်မြင့်ခင်"အမည်ပါ မန္တလေးထိုးမုန့် ဘူးခွံ ၂ စားတွင် ထည့်ကာ အမဲရောင်ကျွတ်ကျွတ်အိတ်ထဲတွင် ထည့်ထားခြင်းကြောင့် သာမန်ကြည့်ပါက အထဲတွင် ကတ်မင်း (Ketamine) များပါဝင်သည်ကို မသိနိုင်ကြောင်း၊ အဆိုပါအိတ်သည် တရားခံပြေးအားလု၏ ပစ္စည်းဖြစ်ကြောင်း ပေါ်ပေါက်နေလျက် ယင်းအချက်ကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ တင်ဝင်း(ခ)ဆီးချင်ရေအပေါ် မူလခရိုင်တရားရုံးက ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(က) အရ ပြစ်မှုထင်ရှားစီရင်ခြင်းသည် ဥပဒေနှင့် ညီညွတ်ခြင်းမရှိဘဲ မှားယွင်းနေကြောင်း၊ သို့ဖြစ်၍ ဤပြင်ဆင်မှုကို ခွင့်ပြုပြီး တင်ဝင်း(ခ) ဆီးချင်ရေအပေါ် ပြစ်မှု ထင်ရှားစီရင်သည့် မူလခရိုင်တရားရုံးအမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသော ရှမ်းပြည်နယ်(မြောက်ပိုင်း) တရားရုံးအမိန့်တို့ကို ပယ်ဖျက်၍ အမှုမှအပြီးအပြတ်လွှတ်ပေးရန် သို့မဟုတ် သင့်တော်သည့် အမိန့်တစ်ရပ် ပြင်ဆင်ချမှတ်ပေးရန် စီရင်ထုံးအကိုးအကားများနှင့် လျှောက်လဲသည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သောရှေ့နေချုပ်ရုံးခွဲ လက်ထောက်ညွှန်ကြားရေးမှူးက တင်ဝင်း(ခ)ဆီးချင်ရေ ကိုင်ဆောင်လာသော အမဲရောင်ကျွတ်ကျွတ်အိတ်ထဲရှိ "မြင့်မြင့်ခင်"အမည်ပါ ထိုးမုန့်ဘူးခွံ ၂ ဘူးအတွင်းမှ အဖြူမှုန့်တစ်ထုပ်လျှင် ၅၀၀ ဂရမ်ပါ နှစ်ထုပ် စုစုပေါင်းအလေးချိန် ၁ ကီလိုဂရမ် တွေ့ရှိသိမ်းဆည်းရမိကြောင်း အငြင်းမပွားကြောင်း၊ ယင်းအဖြူမှုန့်များတွင် ကက်တမင်း (Ketamine)ပါဝင်ကြောင်း စမ်းသပ်တွေ့ရှိကြောင်း ပေါ်ပေါက်

၂၀၀၆
တင်ဝင်း(ခ)
ဆီးချင်ရေ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

ကြောင်း၊ တင်ဝင်း(ခ)ဆီးချင်ရေက သက်သေခံပစ္စည်းအထုပ်ကို ၎င်း၏ လက်ဝယ်မှ တွေ့ရှိကြောင်း မငြင်းကြောင်း၊ အဆိုပါပစ္စည်းမှာ ကားအတူစီးလာသူအားလု ကျန်ခဲ့သောပစ္စည်းဖြစ်ကြောင်း၊ ပြန်ပေးရန်ယူဆောင်လာစဉ် ဖမ်းဆီးခံရကြောင်းထုချေထားကြောင်း၊ ၎င်း၏ ထုချေချက်သည် နှုတ်ဖြင့်အလွယ်တကူ ထုချေငြင်းဆိုချက် ဖြစ်၍ ယုံကြည်လက်ခံရန် မသင့်ကြောင်း၊ အလေးချိန် ၁ ကီလိုဂရမ်ရှိ သက်သေခံပစ္စည်းအထုပ်ကို ၎င်း၏လက်ဝယ်မှ တွေ့ရှိသည်မှာ အထင်အရှားဖြစ်၍ ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိကြောင်း ပေါ်ပေါက်ကြောင်း၊ သို့ဖြစ်၍ ၎င်းအပေါ် မူးယစ်ဆေးဝါး နှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(က)အရ ပြစ်မှုထင်ရှားစီရင်သည့် မူလခရိုင်တရားရုံးအမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသော ရှမ်းပြည်နယ်(မြောက်ပိုင်း)တရားရုံးအမိန့်တို့သည် ဥပဒေအရ မှားယွင်းမှုမရှိသဖြင့် ဤပြင်ဆင်မှုကို ပလပ်သင့်ကြောင်း လျှောက်လဲသည်။

အမှုတွဲ ပေါ်ပေါက်ချက်အရ အချင်းဖြစ်သည့် ၉-၁-၂၀၀၆ ရက်နေ့ညနေ ၁၇း၀၀ နာရီတွင် မူဆယ်မူးယစ်(အထူး)အဖွဲ့ မန်ဟီးရိုးလှုပ်ရှား မူးယစ်မှုရဲအုပ်ရဲမင်းဦး(လိုပြ-၄)၊ ဒုရဲအုပ်အောင်မင်းဦး (လိုပြ-၅)၊ ဒုရဲအုပ်ဝင်းနိုင်(လိုပြ-၆)တို့ပါဝင်သောအဖွဲ့သည် မူဆယ်မြို့ ကောင်းမူးလွယ်ရပ်ကွက် ဖူလီလိုက်တည်းခိုခန်းအနီး ပြည်ထောင်စု လမ်းမကြီးပေါ်တွင် ထောင်ချောက်ဆင်ဖမ်းဆီးရာ ရွှေနန်းတော်ဂိတ် ပေါက်ဘက်မှ မူဆယ်မြို့ထဲသို့ လမ်းလျှောက်လာသူတင်ဝင်း(ခ) ဆီးချင်ရေကို ဝိုင်းဝန်းဖမ်းဆီးရာ ၎င်း၏ယာဘက်လက်ထဲတွင် ကိုင်ဆောင်ထားသော အမဲရောင် ကျွတ်ကျွတ်အိတ်ထဲမှ "မြင့်မြင့်ခင်" အမည်ပါ မန္တလေးထိုးမုန့်ဘူးခွံ ၂ ဘူးအတွင်း၌ ပလပ်စတစ် အကြည်ဖြင့်ထုပ်လျက် ကိုကင်း(Cocaine)ဟု ယူဆရသော အဖြူမှုန့်ထုပ် ၁ ထုပ်လျှင် အလေးချိန် ၅၀၀ ဂရမ်ပါ ၂ ထုပ်၊ စုစုပေါင်း အလေးချိန်

၁ ကီလိုဂရမ်အား ရှာဖွေတွေ့ရှိကြောင်း အငြင်းမပွားပေ။ အဆိုပါ သက်သေခံ ပစ္စည်းများကိုရှာဖွေပုံစံ(သက်သေခံ-က)ဖြင့် သိမ်းဆည်းရာတွင် ပေးအပ်သူအဖြစ်တင်ဝင်း(ခ)ဆီးချင်ရေက လက်မှတ်ရေးထိုး ပေးအပ်ထားသည်။

အဆိုပါ သက်သေခံပစ္စည်းအဖြူမှုန့်များတွင် ကျန်းမာရေး ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၅ ဇယား(၄) အမှတ်စဉ်(၆၂)တွင် ဖော်ပြထားသော ကက်တမင်း(Ketamine) ပါဝင်ကြောင်း စမ်းသပ်တွေ့ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဓာတုဗေဒ စစ်ဆေးရေးဌာနခွဲ မန္တလေးမြို့မှ သက်သေခံ(ဆ)၊ (ဇ)တို့ဖြင့် ပြန်ကြား ထားသည်။

တင်ဝင်း(ခ)ဆီးချင်ရေ(ခံပြ-၁)က ၎င်းသည် မန္တလေးမြို့မှ မူဆယ်မြို့သို့ စက်ပစ္စည်းဝယ်ရန် လာရာ ဗင်ကားပေါ်တွင် ယခင်က သိကျွမ်းသူအားလုနှင့်တွေ့ကြောင်း၊ မခင်ဝင်းဆိုသူလည်း ပါလာ ကြောင်း ၎င်းကဖူလီလိုက်တည်းခိုခန်းတွင် တည်းမည်ဟု ပြောရာ အားလုက ကောင်းမူးတံ့တွင် ဆင်းနေခဲ့ကြောင်း၊ တည်းခိုခန်းရောက် ၍ ကားပေါ်မှ ဆင်းသည့်အခါ အားလုထိုင်သည့်နေရာ၌ အထုပ် ၁ ထုပ်ကျန်နေသည်ကို တွေ့၍ လည်းကောင်း၊ အားလုကိုင်လာသည်ကို သိရသဖြင့် လည်းကောင်း၊ ၎င်းထံသို့အားလုလာမည်ဟု ပြောထား၍ လည်းကောင်း၊ အားလုထံပြန်ပေးရန် အဆိုပါအထုပ်ကို ယူလာခဲ့ ကြောင်း၊ ထိုသို့ယူလာစဉ် ဖူလီလိုက် တည်းခိုခန်းရှေ့၌ ဖမ်းဆီးခံ ရကြောင်း၊ အားလု၏ပစ္စည်းဖြစ်ကြောင်းနှင့် အထဲ၌ မည်သည့် ပစ္စည်းပါမှန်း မသိကြောင်း ရှင်းပြခဲ့ကြောင်း၊ ၎င်းအားတစ်ရက် နှင့်တစ်ည အစာငတ်ထား၍ စစ်ဆေးသဖြင့် ရှာဖွေပုံစံပေါ်၌ ပေးအပ် သူအဖြစ် လက်မှတ်ရေးထိုးပေးခဲ့ကြောင်း၊ ၎င်း၏ပစ္စည်းမဟုတ်၍ အပြစ်မရှိကြောင်း ထုချေထားသည်။ ၎င်း၏ထုချေချက်ကို မခင်ဝင်း (ခံပြ-၅)က ထောက်ခံထွက်ဆိုထားသည်။

၂၀၀၆
တင်ဝင်း(ခ)
ဆီးချင်ရေ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

အချင်းဖြစ်သည့်နေ့ ညနေက ကက်တမင်း(Ketamine) ပါဝင်သည့် အဖြူရောင်အမှုန့်များပါသည့် အမဲရောင်ကျွတ်ကျွတ်အိတ်ကို လက်ဝယ်တွေ့ရှိမှုနှင့် ပတ်သက်၍တင်ဝင်း(ခ)ဆီးချင်ရေက မငြင်းပေ။ ရှာဖွေသက်သေများက တရားခံကို ဖမ်းဆီးပြီးမှ ၄င်းတို့ ရောက်ရှိလာကြောင်း၊ ရှာဖွေပုံစံတွင် သက်သေအဖြစ် လက်မှတ်ရေး ထိုးကြကြောင်းထွက်ဆိုကြသော်လည်း သက်သေခံပစ္စည်းပါလာ သော အထုပ်မှာ တင်ဝင်း(ခ)ဆီးချင်ရေ၏ လက်ဝယ်မှ တွေ့ရှိ၍ သိမ်းဆည်းခဲ့သည်မှာ ထင်ရှားသည်။ အဆိုပါ သက်သေခံပစ္စည်းမှာ ၄င်းပစ္စည်းမဟုတ်ဘဲ အားလုမေ့ကျန်နေသော ပစ္စည်းဖြစ်ကြောင်းသာ ငြင်းဆိုထားသည်။ အချင်းဖြစ်နေ့က ၄င်းလိုက်ပါလာသည့် ဗင်ကား ပေါ်တွင် အားလုဆိုသူလိုက်ပါလာသည်ဆိုစေဦး။ ၄င်းနှင့်အားလုတို့ မှာ မန္တလေးမြို့တွင် နေထိုင်ကြပြီးယခင်ကပင် ရင်းနှီးသိကျွမ်းသူများ ဖြစ်ကြသည်။ အချင်းဖြစ်နေ့က ကားပေါ်တွင် အားလု၏ လက်ထဲ၌ ကိုင်ထားသည်ဆိုသော အချင်းဖြစ် ကျွတ်ကျွတ်အိတ်ကို ကားပေါ်မှ အဆင်းတွင် ထိုင်ခုံပေါ်၌ ကျန်ရစ်ခဲ့ပါက ၄င်းနှင့်အားလုမှာ ဗင်ကား နောက်ခန်းတွင် အတူယှဉ်လျက်ထိုင်ကြသည်ဟုဆို၍ ကောင်းမူးလုံ တွင် အားလုဆင်းချိန်၌ ထိုပစ္စည်းကျန်နေသည်ကို အတူယှဉ်ထိုင်သူ တင်ဝင်း(ခ)ဆီးချင်ရေ မသိနိုင်စရာအကြောင်းမရှိပေ။ ကားမထွက်မီ အားလုကို လှမ်းခေါ်၍ပေးနိုင်သည်။ ၄င်းရှိနေသည့် တည်းခိုခန်းသို့ အားလုလာမည်ဆိုသဖြင့် ၄င်းတို့နှစ်ဦးအဆက်အသွယ်ရှိကြောင်း ဖော်ပြနေသည်။ ကားနောက်ခန်းတွင်မခင်ဝင်းဆိုသူ ခရီးသည်ပါလာ ကြောင်း ထောက်ခံသက်သေအဖြစ် တင်ပြထားသည်။ သို့ရာတွင် ထိုသို့ပါလာကြောင်း တရားလိုပြသက်သေများကို စစ်မေးစဉ်က ပြန်လှန်မေးမြန်းထားခြင်းမရှိပေ။ ၄င်းအား အစာငတ်ထားပြီး စစ်ဆေး ကာ ရှာဖွေပုံစံတွင်လက်မှတ်ရေးထိုးစေသည်ဆိုသော ထုချေချက် ကိုလည်း တရားလိုပြသက်သေများကို စစ်မေးစဉ်က ပြန်လှန်မေးမြန်း

ထားခြင်းမရှိပေ။ သို့ဖြစ်၍ ၎င်း၏ ထုချေချက်များကို အလွယ်တကူ ယုံကြည် လက်ခံရန်မသင့်ပေ။

အားလုဆိုသူကို လားရှိုးခရိုင်တရားရုံးပြစ်မှုဆိုင်ရာ အထွေထွေမှုအမှတ် ၁၀/၂၀၀၆ တွင် တရားခံပြေးမှုဖြင့် တရားစွဲဆိုတင်ပို့ထားသည်။ သို့ဖြစ်၍ အချင်းဖြစ် သက်သေခံပစ္စည်းများပါရှိသည့် အမဲရောင်ကျွတ်ကျွတ်အိတ်သည် ၎င်းနှင့်အားလုတို့ နှစ်ဦးအတူ ပတ်သက်မှုရှိကြောင်း မြင်သာသည်။

တင်ဝင်း(ခ)ဆီးချင်ရေသည် ကက်တမင်း(Ketamine) ပါဝင်သည့် သက်သေခံအဖြူမှုန့် ၁ ကီလို ၈ရမ်ပါ အမဲရောင် ကျွတ်ကျွတ်အိတ်ကို ၎င်း၏ လက်ဝယ်ကိုင်လာစဉ် ဖမ်းဆီးရမိခြင်း ဖြစ်သည်။

မူးယစ်ဆေးဝါးသို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးကိုလက်ဝယ်ထားသည့်ကိစ္စ၌ဖြစ်စေ၊ သယ်ယူပို့ဆောင်သည့်ကိစ္စ၌ ဖြစ်စေ မည်သည့်အခါ ရောင်းချရန် အလို့ငှာ လက်ဝယ်ထားသည် သို့မဟုတ် ရောင်းချရန်အလို့ငှာ သယ်ယူသည်ဟု မှတ်ယူနိုင်ကြောင်း ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေပုဒ်မ ၂၆ နှင့် ကျန်းမာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာ စာအမှတ် ၃/၂၀၀၁ တို့တွင် ပြဋ္ဌာန်းထားသည်။

ကျန်းမာရေးဝန်ကြီးဌာနက ကက်တမင်း(Ketamine) အားစိတ်ကိုပြောင်းလဲစေသော ဆေးဝါးအဖြစ် အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၀၅ ဖြင့် သတ်မှတ်ထားခြင်းဖြစ်၍ အထက်ပါဥပဒေပုဒ်မ ၂၆ နှင့် အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၀၁ တို့တွင် အကျုံးဝင်ခြင်း မရှိပေ။

အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၅ တွင်လည်း လိုအပ်သော အရေအတွက်ပမာဏကိုမူ သတ်မှတ်ထားခြင်း မရှိသေးချေ။ သို့ရာတွင် ယင်းသို့ သတ်မှတ်ခြင်း မပြုရုံမျှဖြင့် တရားခံတစ်ဦးအား

၂၀၀၆
တင်ဝင်း(ခ)
ဆီးချင်ရေ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(က)အရ ပြစ်မှုထင်ရှား စီရင်ခြင်းမပြုနိုင်ဟု တားမြစ်ပိတ်ပင်သော ဥပဒေမရှိချေ။ ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်များမှာ သက်သေခံချက်နှင့် သက်ဆိုင်သည့် အထူး ဥပဒေသများသာဖြစ်ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများနှင့် စပ်လျဉ်းသည့် မှုခင်းများတွင် သက်သေခံဥပဒေပုဒ်မ ၁၁၄ အရ မှတ်ယူခွင့်ကို ဖျက်သိမ်းရန် ရည်ရွယ်ထားခြင်း မဟုတ်ချေ။ သက်သေခံဥပဒေပုဒ်မ ၁၁၄ မှာ အခြေအနေအရပ်ရပ်ကို လွှမ်းခြုံသော ယေဘုယျပြဋ္ဌာန်းချက်ဖြစ်ပြီး ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၂၆ မှာမူ ထိုပုဒ်မတွင် ဖော်ပြထားသည့် သီးခြားအခြေအနေများနှင့်သာ သက်ဆိုင်သည်။

သို့ဖြစ်၍ သက်သေခံဥပဒေပုဒ်မ ၁၁၄ က အထက်ပါ ဥပဒေပုဒ်မ ၂၆ ထက်ပို၍ ကျယ်ပြန့်သော သဘောဆောင်သည်။ ပုဒ်မ ၂၆ တွင် အကျုံးမဝင်သော မှုခင်းများ၌ သက်သေခံဥပဒေပုဒ်မ ၁၁၄ တွင် ခွင့်ပြုထားချက်နှင့်အညီ မှတ်ယူမှုပြုနိုင်သည်။

ထို့အတူ သက်သေခံဥပဒေပုဒ်မ ၁၀၆ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် -

> "အကြောင်းခြင်းရာတစ်ခုခုသည်တစ်ဦးတစ်ယောက်သောသူကသာ သိရှိနိုင်သည့်ထူးခြားသော အကြောင်းခြင်းရာဖြစ်နေသည့်အခါ ထိုအကြောင်းခြင်းရာကို သက်သေထင်ရှားတင်ပြရန် တာဝန်သည်ထိုသူအပေါ် ကျရောက်သည်။"

ယခုအမှုတွင် တင်ဝင်း(ခ) ဆီးချင်ရေ၏ လက်ဝယ်မှ တွေ့ရှိသော ကက်တမင်း(Ketamine) ပါသည့် အဖြူရောင်အမှုန့်များသည် အလေးချိန် ၁ ကီလိုဂရမ်ရှိသဖြင့် ထိုမှုပမာဏများပြားမှုကို

ထောက်ရှုလျှင် ၎င်းသည် ရောင်းချရန်အလို့ငှာ လက်ဝယ်ထားသည်ဟု သက်သေခံဥပဒေပုဒ်မ ၁၁၄ တွင် ခွင့်ပြုထားသည့်အတိုင်း မှတ်ယူနိုင်သည်။ ၎င်း၏လက်ဝယ်တွင် တွေ့ရှိသည့် အဆိုပါအမှုန့်များပါသည့် အမဲရောင်ကျွတ်ကျွတ်အိတ်သည် အားလုဆိုသူ၏ ပစ္စည်းဖြစ်ကြောင်း နှင့် အဆိုပါ အမှုန့်များပါရှိသည်ကို မသိပါဟုတင်ပြလိုလျှင် ယင်းအချက်ကို တင်ဝင်း(ခ)ဆီးချင်ရေကသာ သိရှိနိုင်သည်ဖြစ်၍ ထိုအချက်ကို ထင်ရှားအောင် သက်သေပြရန်တာဝန်မှာ သက်သေခံ ဥပဒေပုဒ်မ ၁၀၆ အရ ၎င်းအပေါ်၌ ကျရောက်သည်။ သို့ရာတွင် ထိုအချက်ကို တင်ဝင်း(ခ)ဆီးချင်ရေကခိုင်လုံသည့်အထောက် အထားတင်ပြနိုင်ခြင်း မရှိချေ။ **'မောင်အုန်းတင်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်' အမှု**[၁]ကိုကြည့်ပါ။

၂၀၀၆
တင်ဝင်း(ခ)
ဆီးချင်ရေ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

အထက်ပါအကြောင်းတို့ကြောင့် တင်ဝင်း(ခ)ဆီးချင်ရေသည် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးဖြစ်သည့် ကက်တမင်း (Ketamine) ပါရှိသည့် အဖြူရောင်အမှုန့်များကို ရောင်းချရန် အလို့ငှာ လက်ဝယ်ထားရှိကြောင်း ထင်ရှားသည်။ သို့ဖြစ်၍ တင်ဝင်း(ခ) ဆီးချင်ရေအပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(က)အရ ပြစ်မှုထင်ရှားစီရင်သည့် မူလခရိုင်တရားရုံး အမိန့်နှင့် ယင်းအမိန့်ကိုအတည်ပြုသော ရှမ်းပြည်နယ်(မြောက်ပိုင်း) တရားရုံးအမိန့်တို့သည် မှားယွင်းသည်ဟု မဆိုနိုင်ချေ။ ပြစ်ဒဏ်မှာလည်း ကြီးလေးသည်ဟု မဆိုသာ၍ လျှော့ပေါ့ပြင်ဆင်ပေးရန် အကြောင်းမပေါ်ပေါက်ပေ။

ထို့ကြောင့် ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။

---

(၁) ၁၉၉၀ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ - ၉၄

+ ၂၀၀၆
ဖေဖော်ဝါရီလ
၂၄ ရက်

## ပြစ်မှုဆိုင်ရာအထူးအယူခံမှု

တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊
တရားသူကြီးများဖြစ်ကြသော ဒေါက်တာတင်အောင်အေးနှင့်
ဦးချစ်လွင်တို့၏ရှေ့တွင်

မျိုးထွန်း
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော် *

သီးခြားစီကျူးလွန်ခဲ့သော ပြစ်မှုများအတွက် တရားခံအပေါ် သီးခြားအမှုများခွဲပြီး တရားစွဲဆိုအပြစ်ပေးနိုင်သော်လည်း ဖြစ်စဉ်တစ်ရပ်တည်းတွင် ဆောင်ရွက်ခဲ့သော အပြုအမူများကို ခွဲခြားပြီးသီးခြားအမှုများစွဲဆိုခြင်းမှာ မှန်ကန်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

**ဆုံးဖြတ်ချက်။** ။ ၁၅-၁-၂၀၀၄ ရက်နေ့က ပေါ်ပေါက်ခဲ့သော ပထမဖြစ်စဉ်အတွက် တရားစွဲဆိုသော ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၁၆/၂၀၀၄ တွင် တရားခံများအား ထောက်လှမ်းရေးတပ်ဖွဲ့က စစ်ကြောထားခဲ့သည့် မှတ်တမ်းများကို သက်သေခံအဖြစ်တင်သွင်းထားသည်။ ထိုမှတ်တမ်း များတွင် အဓိကတရားခံမျိုးထွန်း(ခ)မျိုးထူး ဘိန်းဖြူများဝယ်ယူရရှိခဲ့ပုံ၊ ပြန်လည်ရောင်းချခဲ့ပုံနှင့် သိုဝှက်ထားရှိပုံများကို ထွက်ဆိုထားခဲ့သည်။ ဝယ်ယူရရှိသော ဘိန်းဖြူများကို

---

* ၂၀၀၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၁၂
\+ ၂၀၀၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၃၈(ခ)၊ ၄၃၉(ခ) တွင် ချမှတ်သော ၁-၉-၂၀၀၅ ရက်စွဲပါ တရားရုံးချုပ်၏ အမိန့်ကို အထူးအယူခံမှု။

ဘူးငယ်များဖြင့်ထည့်သွင်းပြီး နည်းပညာတက္ကသိုလ်ဘောလုံးကွင်းအနီး လူသူအရောက်အပေါက်နည်းသော ချုံအတွင်း သို့ဝှက်ထားခဲ့ကြောင်း ထွက်ဆိုထားသည်။ မျိုးထွန်း(ခ)မျိုးထူး၏ အစစ်ခံထွက်ဆိုချက်များသည် ပစ္စည်းရှာဖွေတွေ့ရှိမှု ဖြစ်စဉ်များနှင့် ကိုက်ညီနေကြောင်းတွေ့ရသည်။ ထို့ကြောင့် ၁၅-၁-၂၀၀၄ ရက်နေ့က ပေါ်ပေါက်ခဲ့သော ပထမဖြစ်စဉ်အတွက် ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၁၆/၂၀၀၄ တွင် မျိုးထွန်း(ခ)မျိုးထူးအားပြစ်မှု ထင်ရှားစီရင်ခဲ့ခြင်းမှာ သက်သေခံချက်များလုံလောက်ကြောင်း၊ ဥပဒေနှင့်ညီညွတ်ကြောင်း သုံးသပ်ရရှိသည်။

မျိုးထွန်း(ခ)မျိုးထူးအား ၁၅-၁-၂၀၀၄ ရက်နေ့တွင် ဖမ်းဆီးပြီး စစ်ကြောရေးအဖွဲ့များက စစ်ဆေးကြရာတွင် မျိုးထွန်း(ခ)မျိုးထူးက ပြစ်မှု နှင့်သက်ဆိုင်သည့်အချက်များကို ထွက်ဆိုခဲ့ရာ ၎င်း၏ထွက်ချက်များကို ပြစ်မှုကြီးအမှတ် ၁၆/၂၀၀၄ တွင် သက်သေခံအမှတ်(ပ)အဖြစ် တင်သွင်းထားသည်။ အဆိုပါ ပြစ်မှုကြီး အမှတ် ၁၆/၂၀၀၄ ၏ အစစ်ခံချက်များကို အကြောင်းပြုပြီး ၁၇-၁-၂၀၀၄ ရက်နေ့တွင် ရဲတပ်ဖွဲ့က သက်သေခံပစ္စည်းများထပ်မံရှာဖွေကြရာ ၁၅-၁-၂၀၀၄ ရက်နေ့က သက်သေခံပစ္စည်းတွေ့ရှိသော နေရာတစ်ဝိုက်မှပင် သက်သေခံ ဘိန်းဖြူများနှင့် အခြားပစ္စည်းများကို တွေ့ရှိခဲ့သည်။ ထို့ကြောင့် မျိုးထွန်း(ခ)မျိုးထူးအားပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၅/၂၀၀၄ ဖြင့် သီးခြားတစ်မှုတရားစွဲဆိုခြင်းဖြစ်သည်။ သီးခြားတစ်မှု ဖြင့် စွဲဆိုသော်လည်း အဆိုပါအမှုအတွက် စစ်ကြောရေးအဖွဲ့က သီးခြား စစ်ကြောထားသော မှတ်တမ်းမတွေ့ရပေ။ တရားခံမျိုးထွန်း (ခ)မျိုးထူး က ရဲအရာရှိထံအစစ်ခံရာတွင် ဖော်ထုတ်ရရှိသော ကွင်းဆက်များကို အခြေခံပြီး မျိုးထွန်း(ခ)မျိုးထူး အပေါ် ပြစ်မှုထင်ရှား စီရင်ထားခြင်းဖြစ်သည်။ အခြားခိုင်မာသော သီးခြားသက်သေခံချက် မတွေ့ရပေ။

၂၀၀၆
မျိုးထွန်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၁၅/ ၂၀၀၄ တွင် ၁၇-၁-၂၀၀၄ ရက်နေ့က ရှာဖွေတွေ့ရှိသော သက်သေခံပစ္စည်းအတွက်တရားစွဲဆို အပြစ်ပေးထားသော်လည်း အဆိုပါသက်သေခံပစ္စည်းများသည် ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၆/ ၂၀၀၄ ဖြစ်စဉ်နှင့်ဆက်စပ်မှုမရှိသော သီးခြား ဖြစ်စဉ်ဖြစ်ကြောင်း၊ တရားခံမျိုးထွန်း(ခ)မျိုးထူးက သီးခြား ကျူးလွန်ခဲ့သော အပြုအမူဖြစ်ကြောင်း၊ တရားလိုဖက်ကသက်သေ ထင်ရှားမပြနိုင်ခဲ့ပေ။ တရားခံမျိုးထွန်းက ဘိန်းဖြူများကို အခြားသူ များထံမှ အကြိမ်ကြိမ်ဝယ်ယူခဲ့ကြောင်း၊ အကြိမ်ကြိမ်ပြန်လည် ရောင်းချခဲ့ကြောင်း ထွက်ဆိုသော်လည်း ယခုပြစ်မှုကြီးအမှတ် ၁၅/ ၂၀၀၄ ပါ သက်သေခံပစ္စည်းများမှာ မည်သူ့ထံကမည်သည့်နေ့ က ဝယ်ယူရရှိ သည်ဆိုသော အချက်၊ ပြစ်မှုကြီးအမှတ် ၁၆/ ၂၀၀၄ ပါ ဖြစ်စဉ်နှင့် သီးခြားစီဖြစ်ပေါ်ခဲ့သည်ဆိုသော အချက်ကိုတရားလို ဖက်က သက်သေမပြနိုင်ခဲ့ပေ။ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၅/ ၂၀၀၄ အတွက် သီးခြားအရေးယူအပြစ်ပေးနိုင်ရန် သီးခြား သက်သေခံချက် မတွေ့ရဟုဆိုရမည်။ သီးခြားစီကျူးလွန်ခဲ့သော ပြစ်မှုများအတွက် တရားခံအပေါ် သီးခြားအမှုများခွဲပြီး တရားစွဲ အပြစ်ပေးနိုင်သော်လည်း ဖြစ်စဉ်တစ်ရပ်တည်းတွင် ဆောင်ရွက်ခဲ့ သော အပြုအမူများကို ခွဲခြားပြီး သီးခြားအမှုများ စွဲဆိုခြင်းမှာ မှန်ကန် သည်ဟု ဆိုနိုင်မည် မဟုတ်ပေ။

အယူခံတရားလိုအတွက် - ဒေါ်လှဲ့လှဲ့ဝင်း
(တရားရုံးချုပ်ရှေ့နေ)

အယူခံတရားခံအတွက် - ဒေါ်ကျင်စန်း
(ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၁၅/ ၂၀၀၄ တွင် တရားခံမျိုးထွန်း(ခ)မျိုးထူးအပေါ် ၁၉၉၃ခုနှစ်၊ မူးယစ် ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ

၁၉(က)အရ ပြစ်မှုထင်ရှား၍ အလုပ်နှင့်ထောင်ဒဏ်(၂၀)နှစ်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို လျှောက်ထားသူ မျိုးထွန်းက မကျေနပ်သဖြင့် ရန်ကုန်တိုင်းတရားရုံးသို့ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၅၇/၂၀၀၅ ဖြင့် ဝင်ရောက်ခဲ့ရာ အကျဉ်းနည်းပလပ်ခံခဲ့ရသည်။ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို မကျေနပ်သဖြင့် တရားရုံးချုပ်သို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၃၈(ခ)/၂၀၀၅ ဖြင့် ဝင်ရောက်ခဲ့ရာ အကျဉ်းနည်းပလပ်ခံခဲ့ရသည်။ ထို့ကြောင့် မျိုးထွန်းက တရားရုံးချုပ်၏ အမိန့်ကို မကျေနပ်သဖြင့် အထူးအယူခံ ဝင်ခွင့်ရရှိရန် လျှောက်ထားရာ အထူးအယူခံဝင်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ ထို့အတူ ရန်ကုန်အနောက်ပိုင်း ခရိုင်တရားရုံး၊ ပြစ်မှုကြီး အမှတ် ၁၆/၂၀၀၄ တွင် တရားခံမျိုးထွန်း(ခ)မျိုးထူးအား ၁၉၉၃ ခုနှစ်-မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(က) အရ ပြစ်မှုထင်ရှားစီရင်ပြီးအလုပ်နှင့်ထောင်ဒဏ်(၂၀)နှစ်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို လျှောက်ထားသူမျိုးထွန်းက မကျေနပ်သဖြင့် ရန်ကုန်တိုင်း တရားရုံးသို့ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၅၈/၂၀၀၅ ဖြင့် အယူခံ ဝင်ရောက်ခဲ့ရာ အကျဉ်းနည်း ပလပ်ခံခဲ့ရသည်။ ရန်ကုန်တိုင်း တရားရုံး၏အမိန့်ကို မကျေနပ်သဖြင့် တရားရုံးချုပ်သို့ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၃၉(ခ)/၂၀၀၅ ဖြင့်ဝင်ရောက်ခဲ့ရာတွင်လည်း အကျဉ်းနည်းပလပ်ခံခဲ့ရသည်။ ထို့ကြောင့် လျှောက်ထားသူ မျိုးထွန်း (ခ)မျိုးထူးက တရားရုံးချုပ်၏ အမိန့်ကို မကျေနပ်သဖြင့် အထူးအယူခံ ဝင်ခွင့်ရရှိရန် လျှောက်ထားရာ အထူးအယူခံဝင်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ အထက်ဖော်ပြပါ အထူးအယူခံ ဝင်ခွင့်လျှောက်ထား မှုနှစ်မှုစလုံးကို ခွင့်ပြုခဲ့ရာတွင် အယူခံဝင်ခွင့်ပြုခဲ့သည့် ပြဿနာမှာ အောက်ဖော်ပြပါ ပြဿနာတစ်ခုတည်းကိုသာ အမှုနှစ်မှုအတွက် ခွင့်ပြုခဲ့ခြင်းဖြစ်သည် -

"ရုံးစစ်မေးစစ်ဆေးမှုအောက်တွင် အချုပ်တရားခံ၏ ထုတ်ဖော်ပြောကြားချက်အရ အလားတူသက်သေခံပစ္စည်းများကို

တစ်ဆက် တစ်စပ်တည်းသိမ်းဆည်းရမိသော အခြေအနေတွင် ဥပဒေတစ်ရပ်တည်းဖြင့် အမှုနှစ်မှုခွဲပြီး စွဲဆိုကာပြစ်ဒဏ်(၂)ရပ်ကို သီးခြားစီကျခံစေန် ချမှတ်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်ခြင်းရှိမရှိ"

အမှုဖြစ်စဉ်မှာ ၁၅-၁-၂၀၀၄ နေ့ ၁၂း၀၀နာရီ အချိန်ခန့်တွင် မရမ်းကုန်းမြို့နယ်၊ ၃ရပ်ကွက်၊ ကုလားသင်္ချိုင်းအနီး ရဲတပ်ဖွဲ့ဝင်များသည် သတင်းအရစောင့်ဆိုင်းနေစဉ် နည်းပညာတက္ကသိုလ်ကျောင်းဝင်းအုတ်တံတိုင်းကိုကျော်တက်ပြီး ဆင်းလာသူမျိုးထွန်း(ခ)မျိုးထူးကို ဖမ်းဆီးရမိခဲ့သည်။ ၎င်းအား စစ်ဆေးဖော်ထုတ်ရာတွင် နည်းပညာကျောင်း ဘောလုံးကွင်းအရှေ့ဘက်ချုံဖုတ်ထဲမှ ပလပ်စတစ်ကျွတ်ကျွတ်အိတ်(ပန်းရောင်)ဖြင့် ထည့်ထားသော ဂျီဟ်တုဝမ်းနူတ်ဆေးဘူးငယ် ၄ဘူးတွင် ထည့်ထားသည့် ဘိန်းဖြူ ၄. ၅၈ ဂရမ်၊ ဘောလုံးကွင်းအရှေ့ဘက် ရေမြောင်း၏အင်္ဂတေအဖုံးအတွင်းမှ အနက်ရောင်ကျွတ်ကျွတ်အိတ်ဖြင့် ထည့်ထားသော ဆပ်ပြာခွက် ၉ ခွက်အတွင်း ပလပ်စတစ်အိတ်ငယ်များဖြင့်ထည့်ထားသော ဘိန်းဖြူ ၁၄၃. ၂၇ ဂရမ်၊ မျိုးထွန်းထံမှ မူးယစ်ဆေးဝါးရောင်းရငွေဟု ယူဆရသော ငွေစက္ကူရောရာကျပ် ၁၂၅၉၀ိ/၊ ဓားမြှောင်တစ်ချောင်း၊ လေးခွတစ်လက်နှင့်သံစို့ခေါင်းဖြတ် ၄ လုံး၊ မျိုးထွန်းဝတ်ဆင်ထားသော ၁ ကျပ်သား ခန့်ရွှေဆွဲကြိုး ၁ ကုံး နှင့် ၃ ပဲသားခန့်ရှိ ကျောက်အစိမ်းရောင်ပါ ရွှေလက်စွပ် ၁ ကွင်းတို့ကိုသိမ်းဆည်းပြီး မျိုးထွန်း(ခ) မျိုးထူးနှင့်အပေါင်းအပါ ၉ ဦးအပေါ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၀(က) အရ ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၆/၂၀၀၄ တွင် တရားစွဲဆိုပြီး အပြစ်ပေးခဲ့သည်။

ထို့ပြင် တရားခံမျိုးထွန်း(ခ)မျိုးထူးအား ၁၅-၁-၂၀၀၄ ရက်နေ့ သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိပြီးနောက် ရဲတပ်ဖွဲ့က

ဆက်လက်စစ်ဆေးရာတွင် ကွင်းဆက်ဖြစ်စဉ်များ ကျန်ရှိနေကြောင်း ပေါ်ပေါက်ခဲ့သည်။ ထို့ကြောင့် ၁၇-၁-၂၀၀၄ ရက်နေ့တွင် အမှုမှ တရားခံ မျိုးထွန်း(ခ)မျိုးထူးအားထပ်မံစစ်ဆေးဖော်ထုတ်ချက်အရ အင်းစိန်မြို့ နယ်၊ ရန်ကုန်နည်းပညာတက္ကသိုလ် ဘောလုံးကွင်းဘေး၊ မျိုးထွန်း(ခ) မျိုးထူးညွှန်ပြပေးသော ချုံအတွင်းမှ ရွှေသမင် ပ်လပ်စတစ်ဘူး သေး ၅ ဘူးအတွင်းထည့်လျက် ဘိန်းဖြူမှုန့်အလေးချိန် ၅. ၀၁၂၉ ဂရမ် ခန့်နှင့်မူးယစ်ဆေးဝါးရောင်းချရာတွင်သုံးသော ဘိန်းဖြူမှုန့်များကပ်နေ သည့်ဆပ်ပြာဘူးခွံအနီရောင် ၁ လုံး၊ ဘိန်းဖြူမှုန့် များကပ်နေသော အစိမ်းနုရောင်ဆပ်ပြာဘူးခွံ ၁ လုံး၊ ဘိန်းဖြူမှုန့်များ ကပ်နေသော ပန်းနုရောင်ဆပ်ပြာဘူးခွံ ၁ လုံး၊ ဘိန်းဖြူမှုန့်များကပ်နေ သော ပန်းနုရောင်အဖုံးဖြင့် ပလပ်စတစ်ဘူးခွံ ၁ လုံး၊ ဘိန်းဖြူမှုန့်များ ကပ်နေသော အစိမ်းနုရောင် အဖုံးဖြင့် ပလပ်စတစ်ဘူးခွံ ၁ ခု၊ ဘိန်းဖြူ မှုန့်များ ကပ်နေသည့် ဘိန်းဖြူချိန်တွယ်ရာတွင် အသုံးပြုသည့် ဘားပလက် ဆေးပြားဘူးခွံ ၁ ဘူးနှင့် ဆက်စပ် ပိုက်လုပ်ထားသော ဘောပင် အဖုံး ၁ ခု၊ အသုံးပြုထားသော ဖယောင်းတိုင်အတို ၂ တိုင်၊ ဘိန်းဖြူမှုန့်များကပ်နေသည့် ရေဘူး ၁ဘူး၊ ဘိန်းဖြူမှုန့်များ ထည့်ရာတွင် သုံးသောပလပ်စတစ်ဘူးခွံ ၃၅ ခု၊ ပလပ်စတစ်အိတ်သေး ၃၄ ခု၊ အနက်ရောင်ကျွတ်ကျွတ်အိတ် ၁ လုံး၊ ရွှေသမင်သူငယ်နာ ပေါင်းချုပ် စာတမ်းပါစက္ကူအိတ်ခွံ ၄၄၃ ခု၊ မြွေရေခွံ၃အိတ်တို့ကို မျိုးထွန်း(ခ) မျိုးထူးမှ သက်သေများရှေ့ပေးအပ်သဖြင့် ရှာဖွေပုံစံဖြင့် သိမ်းဆည်းပြီး မျိုးထွန်း(ခ) မျိုးထူးနှင့်အပေါင်းပါ ၂ ဦးအပေါ် မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ၁၉(က)/ ၂၀(က)အရ ရန်ကုန်အနောက်ပိုင်း ခရိုင်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၅/ ၂၀၀၄ ဖြင့် တရားစွဲဆိုပြီး မျိုးထွန်း (ခ)မျိုးထူး တစ်ဦးတည်းကို အပြစ်ပေးခဲ့သည်။ အမှုနှစ်မှု စလုံးတွင် တရားခံ မျိုးထွန်း(ခ)မျိုးထူးမှာ သီးခြားစီအပြစ်ပေးခံခဲ့ရသူဖြစ်သည်။

ဤအမှုတွင် အယူခံတရားလို မျိုးထွန်း(ခ)မျိုးထူး၏ရှေ့နေက လာရောက်လျှောက်ထားမှု မရှိခဲ့ပေ။ နိုင်ငံတော်အတွက်လိုက်ပါ ဆောင်ရွက်သော ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးကလျှောက်လဲရာ တွင် ပြစ်မှုကြီးအမှတ် ၁၆/၂၀၀၄ တွင် သက်သေခံပစ္စည်းများကို တရားခံ၏ ညွှန်ပြချက်အရတွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း၊ သိမ်းဆည်းရမိ သော သက်သေခံပစ္စည်းများမှာ ဓာတုဗေဒပြန်စာအရ ဟယ်ရိုးအင်း ကလိုရိုက်ဖြစ်သည်ဟု ပေါ်ပေါက်ကြောင်း၊ ထောက်လှမ်းရေး တပ်ဖွဲ့ ထံထွက်ဆိုခဲ့သော မျိုးထွန်း၏အစစ်ခံချက်အရလည်း မျိုးထွန်း သည် အပြစ်ရှိသည်ဟု ပေါ်လွင်ကြောင်း၊ ထို့ကြောင့် ပြစ်မှုကြီး အမှတ် ၁၆/၂၀၀၄ တွင် မျိုးထွန်းအား ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(က) အရ အလုပ်နှင့်ထောင်ဒဏ်(၂၀)နှစ်ချမှတ်ခဲ့ခြင်းမှာ မှားယွင်းမှု မရှိကြောင်း၊ ၁၇-၁-၂၀၀၄ ရက်နေ့က ဘိန်းဖြူများရှာဖွေသိမ်းဆည်းရမိ မှုအတွက် ပြစ်မှုကြီးအမှတ် ၁၅/၂၀၀၄ ဖြင့် စွဲဆိုသည့်အမှု၌ သက်သေခံ (က)ရှာဖွေပုံစံပါ ရွှေသမင်သူငယ်နာပေါင်းချုပ် စာတမ်းပါစက္ကူအိတ်ခွံ ၄၄၃ အိတ်နှင့် မြွေရေခွံအိတ် ၃ အိတ်တို့ကိုလည်းကောင်း သက်သေခံ(ခ)ရှာဖွေပုံစံပါအမှတ်စဉ်(၁)မှ(၁၃)ထိ ဘိန်းဖြူများ အပါအဝင်သက်သေခံပစ္စည်းများကိုလည်းကောင်း၊ မျိုးထွန်းက အပ်ပေးခဲ့သည်မှာ ပေါ်လွင်ကြောင်း၊ ဓာတုဗေဒပြန်စာအရလည်း သက်သေခံအဖြူမှုန့်များသည် ဘိန်းဖြူမှုန့်များဖြစ်သည်မှာ ပေါ်လွင် ကြောင်း၊ မျိုးထွန်းသည်ဘိန်းဖြူများကို ရောင်းချရန်အလို့ငှာ လက်ဝယ် ထားသည်ဟု ပေါ်ပေါက်ပါသဖြင့် ၁၉၉၃ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(က) အရ အလုပ်နှင့်ထောင်ဒဏ်(၂၀)နှစ်ကျခံစေရန် ချမှတ်သော အမိန့်မှာ လည်း မှားယွင်းမှုမရှိကြောင်းတို့ကို လျှောက်လဲသည်။ ဆက်လက် လျှောက်လဲရာတွင် ၁၅-၁-၂၀၀၄ ရက်နေ့ သက်သေခံပစ္စည်း တွေ့ရှိ

သိမ်းဆည်းမှုတွင် ပြစ်မှုကြီးအမှတ် ၁၆/၂၀၀၄ ဖြင့် တစ်မှု၊ ၁၇-၁-၂၀၀၄ ရက်နေ့ သက်သေခံပစ္စည်း တွေ့ရှိမှုအတွက် ပြစ်မှုကြီးအမှတ် ၁၅/၂၀၀၄ ဖြင့် တစ်မှု သီးခြားစွဲဆို၍ပြစ်ဒဏ်သီးခြားပေးခဲ့ရာတွင် သက်သေခံဘိန်းဖြူ များတွေ့ရှိရသည့်နေရာများမှာ တစ်မှုနှင့်တစ်မှု နေရာချင်းမတူညီကြောင်း၊ သီးခြားနေရာနှစ်ခုမှ ဘိန်းဖြူများ တွေ့ရှိသည့်အတွက် အမှုနှစ်မှုကို ခွဲခြား၍တရားစွဲဆိုခြင်းမှာ ကျင့်ထုံး ဥပဒေနှင့် ညီညွတ်ကြောင်း၊ ပြစ်မှုနှစ်မှုမှ ပြစ်ဒဏ်များကို သီးခြားစီ ကျခံစေအမိန့်ချမှတ်ထားခြင်းမှာလည်း ဥပဒေနှင့်ညီညွတ်ကြောင်း၊ အထူးအယူခံမှုနှစ်မှုစလုံးကို ပလပ်သင့်ကြောင်းလျှောက်လဲသည်။

ယခုအထူးအယူခံနှစ်မှုတွင် ထုတ်နုတ်ထားသည့် ပြဿနာမှာ တစ်ခုတည်းသော ပြဿနာရပ်ဖြစ်သဖြင့်အထူးအယူခံမှုနှစ်မှုကို တစ်ပေါင်းတည်းသုံးသပ်ဆုံးဖြတ်သွားရမည်ဖြစ်သည်။ အမှုများတွင် အဓိကစိစစ်ရမည့်အချက်များမှာ အယူခံတရားလိုမျိုးထွန်း(ခ)မျိုးထူး အား အမှုနှစ်မှုခွဲခြားတရားစွဲဆိုခဲ့ခြင်းသည် ဥပဒေနှင့်ညီမညီဆိုသည့် အချက်နှင့်ပြစ်ဒဏ်နှစ်ရပ်သီးခြားစီကျခံစေခြင်းသည် ဥပဒေအရ မှန်ကန်မျှတမှုရှိမရှိဆိုသော အချက်များပင်ဖြစ်သည်။ ရန်ကုန် အနောက်ပိုင်းခရိုင်တရားရုံးပြစ်မှုကြီးအမှတ် ၁၆/၂၀၀၄ ပါ သက်သေခံချက်များအရ မျိုးထွန်း(ခ)မျိုးထူးကို ဖမ်းဆီးရမိခဲ့သော နေ့မှာ ၁၅-၁-၂၀၀၄ ရက်နေ့ဖြစ်သည်။ သက်သေခံမူးယစ်ဆေးဝါးများ နှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ ထိုအမှုမှသက်သေခံပစ္စည်းများ ကို ဘောလုံးကွင်းအနီးချုံထဲမှ တွေ့ရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါ အမှုတွင် တရားခံမျိုးထွန်း(ခ)မျိုးထူး၊ မောင်ရွှေနီ၊ မချိုမာလာ၊ ဒေါ်ခင်ကြိုင်၊ မောင်ဝင်းဇော်၊ မောင်မျိုးဝင်းနိုင်၊ မောင်သန်းဝင်းအောင်၊ မောင်မောင်ဝင်း၊ မောင်မျိုးအောင်နှင့်မမြမြအေး တို့ကို တရားစွဲအပြစ် ပေးခဲ့ခြင်းဖြစ် သည်။

ရဲတပ်ဖွဲ့က မျိုးထွန်း(ခ)မျိုးထူးကို ၁၅-၁-၂၀၀၄ ရက်နေ့က

ဖမ်းဆီးပြီး ဆက်လက်စစ်ဆေးရာတွင် သက်သေခံပစ္စည်းများ ကျန်ရှိနေကြောင်း ပေါ်ပေါက်ခဲ့သည်။ ထို့ကြောင့် ၁၇-၁-၂၀၀၄ ရက်နေ့တွင် တရားခံ မျိုးထွန်း(ခ)မျိုးထူးညွှန်ပြသော ချုံအတွင်းမှ သက်သေခံပစ္စည်းများကို ထပ်မံရှာဖွေသိမ်းဆည်းရမိခဲ့သည်။ သက်သေခံပစ္စည်းထပ်မံတွေ့ရှိသောနေရာလည်း ယခင်ပထမတစ်ကြိမ်က သက်သေခံပစ္စည်းတွေ့ရှိသောချုံနှင့်ပေ ၂၀ အကွာချုံပုတ်နေရာမှဖြစ်သည်။ အဆိုပါ ၁၇-၁-၂၀၀၄ ရက်နေ့ဖြစ်စဉ်အတွက် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၅/၂၀၀၄ တွင် တရားခံ မျိုးထွန်း(ခ) မျိုးထူး၊ နောင်နောင်နှင့်မျိုးမင်းအောင်တို့ ၃ ဦးကို တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်းတွေ့ရှိရသည်။ ထိုအမှုတွင် တရားခံ မျိုးထွန်း(ခ) မျိုးထူးတစ်ဦး ကိုသာ ပြစ်မှုထင်ရှားစီရင်နိုင်ခဲ့သည်။ အခြားသူများနှင့်ပူးပေါင်းပြီး ပြစ်မှုကျူးလွန်ခဲ့သည်ဟု ကောက်ယူနိုင်သော သက်သေခံချက်မတွေ့ခဲ့ရပေ။ အမှုနှစ်ခုတွင် သိမ်းဆည်းရမိသော သက်သေခံပစ္စည်းများမှာ အမျိုးတူပစ္စည်းများဖြစ်ကြောင်း၊ ဘောလုံးကွင်းအနီးရှိချုံအနီးတစ်ဝိုက် မှ နှစ်ကြိမ်ခွဲ၍ ရှာဖွေတွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း၊ တရားခံမျိုးထွန်း(ခ) မျိုးထူး၏ အစစ်ခံဖော်ထုတ်ချက်အရရှာဖွေတွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း သက်သေခံချက်များအရပေါ်ပေါက်သည်။ ၁၅-၁-၂၀၀၄ ရက်နေ့က ပေါ်ပေါက်ခဲ့သည့် ရှေးဦးဖြစ်စဉ်အတွက် တရားခံမျိုးထွန်း(ခ)မျိုးထူး အပါအဝင်တရားခံ ၉ ဦးမှာ ၁၉၉၃ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရပြစ်မှုထင်ရှားစီရင် ခံခဲ့ရသည်။ တရားခံမျိုးထွန်း(ခ)မျိုးထူးသည် အဆိုပါဥပဒေပုဒ်မ ၁၉(က)အရ ထောင်ဒဏ်(၂၀)နှစ်၊ ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။ ထပ်မံပေါ်ပေါက်ခဲ့သော ၁၇-၁-၂၀၀၄ ရက်နေ့က အမှုဖြစ်စဉ်တွင် မူလတရားခံမျိုးထွန်းတစ်ဦးသာ ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရသည်။

၁၅-၁-၂၀၀၄ ရက်နေ့က ပေါ်ပေါက်ခဲ့သော ပထမဖြစ်စဉ်

အတွက် တရားစွဲဆိုသော ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၆/၂၀၀၄ တွင် တရားခံများအားထောက်လှမ်းရေး တပ်ဖွဲ့ကစစ်ကြောထားခဲ့သည့် မှတ်တမ်းများကို သက်သေခံအဖြစ် တင်သွင်းထားသည်။ ထိုမှတ်တမ်းများတွင် အဓိကတရားခံ မျိုးထွန်း(ခ)မျိုးထူးက ဘိန်းဖြူများဝယ်ယူရရှိခဲ့ပုံ၊ ပြန်လည်ရောင်းချခဲ့ပုံနှင့်သိုဝှက်ထားရှိပုံများကို ထွက်ဆိုထားခဲ့သည်။ ဝယ်ယူရရှိသောဘိန်းဖြူများကို ဘူးငယ်များဖြင့် ထည့်သွင်းပြီး နည်းပညာတက္ကသိုလ်ဘောလုံးကွင်းအနီး လူသူအရောက်အပေါက်နည်းသော ချုံအတွင်းသိုဝှက်ထားခဲ့ကြောင်း ထွက်ဆိုထားသည်။ မျိုးထွန်း(ခ)မျိုးထူး၏ အစစ်ခံထွက်ဆိုချက်များသည် ပစ္စည်းရှာဖွေတွေ့ရှိမှုဖြစ်စဉ်များနှင့်ကိုက်ညီနေကြောင်းတွေ့ရသည်၊ ထို့ကြောင့် ၁၅-၁-၂၀၀၄ ရက်နေ့က ပေါ်ပေါက်ခဲ့သောပထမဖြစ်စဉ်အတွက် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၆/၂၀၀၄ တွင် မျိုးထွန်း(ခ)မျိုးထူးအားပြစ်မှု ထင်ရှားစီရင်ခဲ့ခြင်းမှာ သက်သေခံချက်များလုံလောက်ကြောင်း၊ ဥပဒေနှင့်ညီညွတ်ကြောင်းသုံးသပ်ရရှိသည်။

မျိုးထွန်း(ခ)မျိုးထူးအား ၁၅-၁-၂၀၀၄ ရက်နေ့တွင် ဖမ်းဆီးပြီး စစ်ကြောရေးအဖွဲ့များက စစ်ဆေးကြရာတွင် မျိုးထွန်း(ခ)မျိုးထူးက ပြစ်မှုနှင့်သက်ဆိုင်သည့်အချက်များကို ထွက်ဆိုခဲ့ရာ ၎င်း၏ထွက်ချက်များကို ပြစ်မှုကြီးအမှတ် ၁၆/၂၀၀၄ တွင် သက်သေခံအမှတ်(ပ) အဖြစ် တင်သွင်းထားသည်။ အဆိုပါ ပြစ်မှုကြီးအမှတ် ၁၆/၂၀၀၄ ၏ အစစ်ခံချက်များကို အကြောင်းပြုပြီး ၁၇-၁-၂၀၀၄ ရက်နေ့တွင် ရဲတပ်ဖွဲ့က သက်သေခံပစ္စည်းများ ထပ်မံရှာဖွေကြရာ ၁၅-၁-၂၀၀၄ ရက်နေ့က သက်သေခံပစ္စည်းများကိုတွေ့ရှိသော နေရာတစ်ဝိုက်မှပင် သက်သေခံ ဘိန်းဖြူများနှင့် အခြားပစ္စည်းများကို တွေ့ရှိခဲ့သည်။ ထို့ကြောင့် မျိုးထွန်း(ခ)မျိုးထူးအား ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၁၅/၂၀၀၄ ဖြင့် သီးခြားတစ်မှု တရားစွဲဆိုခြင်းဖြစ်သည်။ သီးခြားတစ်မှုဖြင့်စွဲဆို သော်လည်း အဆိုပါအမှုအတွက် စစ်ကြောရေး

အဖွဲ့က သီးခြား စစ်ကြောထားသော မှတ်တမ်းမတွေ့ရပေ။ တရားခံ မျိုးထွန်း(ခ) မျိုးထူးက ရဲအရာရှိထံအစစ်ခံရာတွင် ဖော်ထုတ်ရရှိသော ကွင်းဆက်များကို အခြေခံပြီး မျိုးထွန်း(ခ)မျိုးထူး အပေါ်ပြစ်မှုထင်ရှား စီရင် ထားခြင်းဖြစ်သည်။ အခြားခိုင်မာသော သီးခြားသက်သေခံချက် မတွေ့ရပေ။

ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၅/၂၀၀၄ တွင် ၁၇-၁-၂၀၀၄ ရက်နေ့က ရှာဖွေတွေ့ရှိသော သက်သေခံပစ္စည်းအတွက် တရားစွဲဆို အပြစ် ပေးထားသော်လည်း အဆိုပါသက်သေခံပစ္စည်းများသည် ပြစ်မှု ဆိုင်ရာအမှုကြီးအမှတ် ၁၆/၂၀၀၄ ဖြစ်စဉ်နှင့်ဆက်စပ်မှု မရှိသော သီးခြား ဖြစ်စဉ်ဖြစ်ကြောင်း၊ တရားခံမျိုးထွန်း(ခ)မျိုးထူးက သီးခြား ကျူးလွန်ခဲ့သော အပြုအမူဖြစ်ကြောင်း၊ တရားလိုဘက်က သက်သေ ထင်ရှားမပြ နိုင်ခဲ့ပေ။ တရားခံမျိုးထွန်းက ဘိန်းဖြူများကို အခြားသူများထံမှ အကြိမ်ကြိမ်ဝယ်ယူခဲ့ကြောင်း၊ အကြိမ်ကြိမ် ပြန်လည် ရောင်းချခဲ့ကြောင်း ထွက်ဆိုသော်လည်း ယခုပြစ်မှုကြီး အမှတ် ၁၅/၂၀၀၄ ပါ သက်သေခံ ပစ္စည်းများမှာ မည်သူ့ထံက မည်သည့်နေ့က ဝယ်ယူရရှိ သည်ဆိုသော အချက်၊ ပြစ်မှုကြီးအမှတ် ၁၆/၂၀၀၄ ပါ ဖြစ်စဉ်နှင့် သီးခြားစီ ဖြစ်ပေါ်ခဲ့သည်ဆိုသော အချက်ကို တရားလိုဘက်က သက်သေမပြနိုင်ခဲ့ပေ။ ပြစ်မှု ဆိုင်ရာအမှုကြီး အမှတ် ၁၅/၂၀၀၄ အတွက် သီးခြားအရေးယူအပြစ်ပေး နိုင်ရန် သီးခြားသက်သေခံချက် မတွေ့ရ ဟုဆိုရမည်။ သီးခြားစီကျူးလွန် ခဲ့သော ပြစ်မှုများအတွက် တရားခံအပေါ် သီးခြားအမှုများခွဲပြီး တရား စွဲဆိုအပြစ်ပေးနိုင်သော်လည်း ဖြစ်စဉ်တစ်ရပ်တည်းတွင် ဆောင်ရွက်ခဲ့ သော အပြုအမူများကို ခွဲခြားပြီး သီးခြားအမှုများ စွဲဆိုခြင်းမှာ မှန်ကန် သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၁၅/၂၀၀၄ မှ သက်သေခံ ပစ္စည်းများသည် ပြစ်မှုကြီးအမှတ် ၁၆/၂၀၀၄ ကို စစ်ဆေးဖော်ထုတ်

ရာမှ တွေ့ရှိ ရသော သက်သေခံပစ္စည်းများသာဖြစ်သည်။ ထို့ကြောင့် ပြစ်မှု ကြီးမှုအမှတ် ၁၆/ ၂၀၀၄ တွင်သာ သက်သေခံပစ္စည်းများကို တစ်ပေါင်းတည်း တင်သွင်းအရေးယူသင့်သည်ဟု သုံးသပ်ရရှိသည်။ အဆိုပါ ၁၇-၁-၂၀၀၄ ရက်နေ့က တွေ့ရှိရသော သက်သေခံပစ္စည်းများနှင့်စပ်လျဉ်း၍ တရားခံကသီးခြားပြစ်မှု ကျူးလွန်ခဲ့ပါသည်ဟု ကောက်ယူနိုင်သော သက်သေခံချက်မရှိဘဲ တရားခံမျိုးထွန်း(ခ)မျိုးထူး အပေါ် အပြစ်ပေးခဲ့ခြင်းမှာ မှန်ကန်သည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် ရဲစုံစမ်းစစ်ဆေးမှုအောက်တွင် ရှိသောအချုပ်တရားခံ၏ထုတ်ဖော်ပြောကြားချက်အရ အလားတူသက်သေခံပစ္စည်းများကို တစ်ဆက်တစ်စပ်တည်းသိမ်းဆည်းရမိသည့် အခြေအနေတွင် ဥပဒေတစ်ရပ်တည်းဖြင့်အမှုနှစ်မှုခွဲပြီးစွဲဆိုက ပြစ်ဒဏ်နှစ်ရပ်ကို သီးခြားစီကျခံစေရန်ချမှတ်ခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်းမရှိကြောင်း ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၁/ ၂၀၀၆ အတွက်ဖြေကြားသည်။ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၆/ ၂၀၀၄ နှင့် စပ်လျဉ်းသည့် လက်ရှိတည်ဆဲအမိန့်များအပေါ် ဝင်ရောက်စွက်ဖက်ရန်အကြောင်းမရှိသဖြင့် အဆိုပါအမှုနှင့်စပ်လျဉ်းသည့် အမိန့်များကို အတည်ပြုသည်။ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၁၅/ ၂၀၀၄ တွင် တရားခံမျိုးထွန်း(ခ)မျိုးထူးအား ၁၉၉၃ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(က) အရ ပြစ်မှုထင်ရှားစီရင်သည့်အမိန့်နှင့်ထောင်ဒဏ် (၂၀)နှစ်ချမှတ်ခဲ့သည့် အမိန့်များကိုလည်းကောင်း၊ ထိုအမိန့်များကို အတည်ပြုခဲ့သည့် တိုင်းတရားရုံးနှင့်တရားရုံးချုပ်တို့၏ အမိန့်များကိုလည်းကောင်း ပယ်ဖျက်သည်။ ထိုအမှုနှင့်စပ်လျဉ်းသမျှအယူခံတရားလို မျိုးထွန်း(ခ) မျိုးထူးအား အမှုမှအပြီးအပြတ်လွှတ်ကြောင်းအမိန့်ချသည်။

\+ ၂၀၀၆
နိုဝင်ဘာလ
၂၀ ရက်

## ပြစ်မှုဆိုင်ရာအထူးအယူခံမှု

တရားရုံးချုပ်ဒုတိယတရားသူကြီးချုပ်ဦးသိန်းစိုး၊
တရားသူကြီးများဖြစ်ကြသောဦးခင်မြင့် နှင့်
ဦးဟန်ရှိန် တို့ရှေ့တွင်

ဦးမြင့်အောင်
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော် *

**မုဒိမ်းမှုကျူးလွန်ရန် အားထုတ်သူအား ထောင်ဒဏ်(၁၀)နှစ် ချမှတ်ခြင်းသည် ဥပဒေနှင့်ညီ မညီ**

**ဆုံးဖြတ်ချက်။** ။ မုဒိမ်းမှုကျူးလွန်ရန်အားထုတ်မှုတွင် ကျခံရန် ပြစ်ဒဏ်ကို သီးခြားပြဋ္ဌာန်းမထားပေ။ ထို့ကြောင့်ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၅၁၁ ပါ ပြဋ္ဌာန်းချက်အရပင် ပြစ်ဒဏ်ချမှတ်ရမည်ဖြစ်သည်။ မုဒိမ်းမှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်များမှာ တစ်သက် တစ်ကျွန်းဒဏ် သို့မဟုတ် (၁၀)နှစ်ထိ ထောင်ဒဏ်တို့ဖြစ်သည်။ တစ်သက်တစ်ကျွန်းဒဏ်၏ ထက်ဝက်ထက်မပိုသော ပြစ်ဒဏ် သို့မဟုတ် ထောင်ဒဏ်(၁၀)နှစ်၏ ထက်ဝက်ထက် မပိုသော ပြစ်ဒဏ်များကို ချမှတ်ခွင့်ရှိသည်။

---

* ၂၀၀၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၂၁

\+ ၂၀၀၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၇၀၀(ခ)တွင် ချမှတ်သော ၂၂-၁၂-၂၀၀၅ ရက်စွဲပါ တရားရုံးချုပ်၏ အမိန့်ကိုအထူး အယူခံမှု။

အယူခံတရားလိုအတွက် - ဦးငွေသိန်း
(တရားရုံးချုပ်ရှေ့နေ)
အယူခံတရားပြိုင်အတွက် - ဒေါ်ကျင်စန်း
(ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး)

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၆၀/၂၀၀၅ တွင် တရားလိုမသီတာအေးက တရားခံ ဦးမြင့်အောင်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆ အရ စွဲဆိုရာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆/၅၁၁ အရ အလုပ်နှင့် ထောင်ဒဏ်(၁၀)နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းကဲ့သို့ ချမှတ်ခဲ့သော အမိန့်ကို တရားခံက မကျေနပ်သဖြင့် ရန်ကုန်တိုင်းတရားရုံးသို့ အယူခံမှု အမှတ် ၁၅၅/၂၀၀၅ ဖြင့် အယူခံဝင်ရောက်ခဲ့ရာ အကျဉ်းနည်းဖြင့် ပလပ်ခြင်းခံရသည်။ ယင်းကဲ့သို့ ပလပ်ခဲ့သော အမိန့်ကို တရားခံက တရားရုံးချုပ်သို့ ပြင်ဆင်မှု လျှောက်ထားခဲ့ရာ အောင်မြင်ခြင်း မရှိခဲ့ပေ။ ထို့ကြောင့် အထူးအယူခံဝင်ခွင့်ပြုရန်မူလရုံး တရားခံဦးမြင့်အောင်က အထွေထွေလျှောက်လွှာကို လျှောက်ထားလာခဲ့သည်။ အောက်ဖော်ပြပါ ပြဿနာအား အထူးအယူခံခုံရုံးဖြင့် ကြားနာရန်ခွင့်ပြုခဲ့ခြင်းဖြစ်သည်-

> "လှည်းကူးမြို့နယ် အလံတပိုကျေးရွာနေ(အဘ)ဦးကျော်မြိုင်၏ သားမြင့်အောင်သည် ပုဒ်မ ၃၇၆/၅၁၁ အရ အပြစ်ရှိကြောင်းတွေ့ရှိသဖြင့် အလုပ်နှင့် ထောင်ဒဏ်(၁၀)နှစ် ကျခံစေရန် အမိန့် ချမှတ်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်မှန်ကန်ခြင်း ရှိ မရှိ"

အမှုမှာ ၁၂-၅-၂၀၀၅ ရက်နေ့ နေ့လယ်ပိုင်းတွင် အလံတပိုကျေးရွာနေဦးမြင့်အောင်က အိမ်ခြေရင်းရှိ ဦးတင်ထွန်း၏ နေအိမ်တွင် သွားရောက်ဆော့ကစားနေသော အသက်၁၂ နှစ်အရွယ်ရှိ မဝင်းသန္တာမြင့်ကို ဦးမြင့်အောင်ကလှမ်းခေါ်၍ ၎င်း၏ နေအိမ်မီးဖိုခန်းအတွင်းတွင် ဦးမြင့်အောင်က သားမယားအဖြစ် ပြုကျင့်ခဲ့ကြောင်း

သိရသဖြင့် တရားခံမြင့်အောင်အပေါ် ဥပဒေအရ အရေးယူပေးရန် လှည်းကူးမြို့နယ်၊ အလံတပိုကျေးရွာနေ မသီတာအေးက တိုင်တန်းခဲ့သောအမှုဖြစ်သည်။

အယူခံတရားလို ဦးမြင့်အောင်၏ရှေ့နေက လျှောက်လဲရာတွင် မြောက်ပိုင်းခရိုင် တရားရုံးသည် "ပုဒ်မ ၅၁၁ တွင် အားထုတ်မှုအတွက် ပြစ်ဒဏ်ချမှတ်ရန် ပြစ်မှုဆိုင်ရာ ဥပဒေ၌ အတိအလင်း ပြဋ္ဌာန်းထားခြင်း မရှိလျှင် ထိုသူကို သက်ဆိုင်ရာ ပြစ်မှုအတွက် ပြဋ္ဌာန်းထားသော အများဆုံးကာလ အပိုင်းအခြား၏ ထက်ဝက်အထိ တစ်ကျွန်းပို့ဒဏ်ဖြစ်စေ၊ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ထိုပြစ်မှုအတွက် ပြဋ္ဌာန်းထားသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရ မည် "ဟု သုံးသပ်ပြီး ထောင်ဒဏ်အမျိုးအစားကို ရွေးချယ်၍ ထောင်ဒဏ်(၁၀)နှစ်ချမှတ်ခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းကြောင်း၊ ယခုချမှတ်ထားသော ထောင်ဒဏ်(၁၀)နှစ်ကို ကျွန်းပို့ဒဏ်အဖြစ် အယူခံတရားရုံးက ပြောင်းလဲချမှတ်မည်ဆိုပါကလည်း အယူခံတရားလို (မူလရုံး တရားခံ)တွင် နစ်နာမှုရှိနိုင်ကြောင်း အယူခံတရားလိုအပေါ် ဥပဒေနှင့် ညီညွတ်သည့် ထောင်ဒဏ်အမျိုးအစားကိုသာ ရွေးချယ်သတ်မှတ်သင့်ကြောင်း လျှောက်လဲသည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးက လျှောက်လဲရာတွင် မဝင်းသန္တာမြင့်၏ မိန်းမကိုယ်တွင် ရောင်ရမ်းဒဏ်ရာရရှိကြောင်း တွေ့ရှိရာမှ အမှုစတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း၊ မဝင်းသန္တာမြင့်ကို စစ်ဆေးခဲ့သည့် ဒေါ်သန်းငွေ(လိုပြ-၄)၊ ဒေါ်သိန်းမြင့်(လိုပြ-၅)၊ မစန်းကြူ(လိုပြ-၆)၊ ဒေါ်ထွေးတင်(လိုပြ-၇)တို့၏ ထွက်ချက်အရ မဝင်းသန္တာမြင့်၏ မိန်းမကိုယ်ရောင်ရမ်းနေသည့် အချက်ပေါ်ပေါက်သည့်အပြင် ဦးမြင့်အောင်က ပြုကျင့်သည်ဟု မဝင်းသန္တာမြင့်က တစ်လျှောက်လုံး ပြောပြခဲ့သည့် အချက်လည်း ပေါ်ပေါက်ကြောင်း၊ တရားခံဘက်က

တရားခံနေအိမ်မှာ ခွေးကိုက်တတ်၍ မဝင်းသန္တာမြင့်မှာ လာရောက်ခြင်း မရှိဟု တရားခံက ထုချေတင်ပြထားသော်လည်း အခင်းဖြစ်ခာတ်ပုံ သက်သေခံ(ဇ)အရ အခင်းဖြစ်နေရာအနီးတွင် ကျောက်ပြင်ရှိနေ ကြောင်းတွေ့ရှိရ၍ မဝင်းသန္တာမြင့်၏ ထွက်ချက်နှင့် ကိုက်ညီနေကြောင်း၊ အမှန်တကယ် ပြစ်မှုကျူးလွန်ခဲ့သည်ဟု သတ်မှတ်နိုင်ကြောင်း၊ တရားရုံးအဆင့်ဆင့်က တရားခံအပေါ် ပြစ်မှုထင်ရှားစီရင်ခြင်းမှာ မှားယွင်းမှုမရှိကြောင်း၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၁၁ အရ တစ်ကျွန်းပို့ဒဏ်ဖြစ်စေ၊ ထောင်ဒဏ်ဖြစ်စေ၊ ထိုက်သော ပြစ်မှုများကို ကျူးလွန်ရန် အားထုတ်ခြင်းအတွက် ပြစ်ဒဏ်မှာ သက်ဆိုင်ရာ ပြစ်မှုအတွက် ပြဋ္ဌာန်းသော အများဆုံးကာလ အပိုင်းအခြား၏ ထက်ဝက်ထိတစ်ကျွန်း ပို့ဒဏ်ဖြစ်စေ၊ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ထိုပြစ်မှုအတွက် ပြဋ္ဌာန်းသည့် ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်မည်ဖြစ်ကြောင်း၊ တစ်သက်တစ်ကျွန်း ဒဏ်ကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၇ ပြဋ္ဌာန်းချက်အရ နှစ်ပေါင်း နှစ်ဆယ်တစ်ကျွန်းပို့ဒဏ်နှင့်အညီ ထား၍ ရေတွက်ရမည်ဖြစ်ကြောင်း၊ တစ်သက်တစ်ကျွန်းဒဏ်နှင့် စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၉ ကို ယှဉ်တွဲသုံးသပ်သင့်ကြောင်း၊ ယင်း ပုဒ်မ ၅၉ တွင် ပြစ်မှုကျူးလွန်သူတစ်ဦးအား ထောင်ဒဏ် ၇နှစ် (ခုနစ်နှစ်)ဖြစ်စေ၊ ၇ နှစ် (ခုနစ်နှစ်)ထက်ပို၍ ဖြစ်စေ ချမှတ်လိုက်သည့်အခါ တရားရုံးသည် ထောင်ဒဏ်ချမှတ်မည့်အစား (၇)နှစ်(ခုနစ်နှစ်)ထက် မလျော့သော၊ ထိုပြင်ဤရာဇသတ်ကြီးအရ ထိုက်သင့်သည့် ထောင်ဒဏ်ကာလ အပိုင်းအခြားထက်မပိုသော ကာလအထိ တစ်ကျွန်းပို့ဒဏ်ချမှတ် ပိုင်ခွင့် ရှိစေရမည်ဟု ပြဋ္ဌာန်းထားကြောင်း၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆/၅၁၁ အရ ပြစ်မှုကျူးလွန်သူကို အများဆုံးကာလအပိုင်း အခြားဖြစ်သော တစ်သက်တစ်ကျွန်းပို့ဒဏ်၏ ထက်ဝက်ထိဖြစ်သော ဆယ်နှစ်ထိတစ်ကျွန်းပို့ဒဏ်ကို ချမှတ်ခွင့်ရှိမည်ဖြစ်ကြောင်း၊ ပြစ်မှု ဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆/၅၁၁

အရ တစ်သက်တစ်ကျွန်းဒဏ်၏ ထက်ဝက်ဖြစ်သော ထောင်ဒဏ် (၁၀)နှစ် ချမှတ်ခဲ့ခြင်းမှာ အထက်ပါ ပုဒ်မ ၅၇၊ ၅၉ နှင့် ၅၁၁ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ချမှတ်ခဲ့ခြင်းကြောင့် ဥပဒေ နှင့် ညီညွတ်မှု မရှိဟု မဆိုနိုင်ကြောင်း အယူခံတရားလို၏ အယူခံလွှာကို ပလပ်သင့်ကြောင်း လျှောက်လဲသည်။

အမှုတွင်အဓိကစိစစ်ရမည့် အချက်မှာ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၇၆/၅၁၁ ပါ ပြစ်မှုအား ထောင်ဒဏ်(၁၀)နှစ်ချမှတ်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်မှုရှိ မရှိဆိုသည့်အချက်ပင်ဖြစ်သည်။ မူလရုံး အမှုတွင် စစ်ဆေးတွေ့ရှိချက်အရ (မူလရုံးတရားခံ) ဦးမြင့်အောင်သည် မဝင်းသန္တာမြင့်(လိုပြ-၂)အား တရားခံ၏ အိမ်နောက်ဖေးရှိ ကျောက်ပြင်ဘေးတွင် မုဒိမ်းမှုကျူးလွန်ရန် အားထုတ်ခဲ့ကြောင်းကို မဝင်းသန္တာမြင့်ကိုယ်တိုင်က ထွက်ဆိုထားသည်။ ၎င်း၏မိန်းမ ကိုယ်သည် ရောင်ရမ်းနေသည့် အချက်ကို ၂ ရက်ခန့်အကြာတွင် မိခင်ဖြစ်သူ မသီတာအေး(လိုပြ-၁)က သိရှိခဲ့သည်။ မဝင်းသန္တာမြင့် ၏ မိန်းမကိုယ်သည် ရောင်ရမ်းနေကြောင်းကို ဒေါ်သိန်းမြင့်(လိုပြ-၅)၊ ဒေါ်ထွေးတင်(လိုပြ-၇)၊ ဒေါ်သန်းငွေ(လိုပြ-၃)တို့ကလည်း တသီတသွတ်တည်း ထွက်ဆိုထားကြသည်။ မဝင်းသန္တာမြင့်၏ ဘောင်းဘီတွင် သုတ်ရည်သုတ်ပိုးတွေ့ရှိရပြီး တရားခံမြင့်အောင်၏ ပုဆိုးနှင့် စွပ်ကျယ်တို့တွင်လည်း သုတ်ရည်နှင့် သုတ်ပိုး တွေ့ရှိရကြောင်း၊ သက်သေခံ(ဈ)နှင့် (ည) အမှတ်အသားပါဓာတုဗေဒဝန်ရုံး ၏ ပြန်ကြားစာများတွင် ဖော်ပြထားသည်။ မူလရုံးတရားခံ ဦးမြင့်အောင်သည် မုဒိမ်းမှု ကျူးလွန်ရန် အားထုတ်သည့်ပြစ်မှုကို ကျူးလွန်ခဲ့ကြောင်း၊ မူလတရားရုံး၊ အယူခံတရားရုံး၊ ပြင်ဆင်မှု တရားရုံးတို့က တသီတသွတ်တည်း အတည်ပြုထားသည်။ သက်သေ ခံချက်များအရလည်း ဦးမြင့်အောင်သည် မုဒိမ်းမှု ကျူးလွန်ရန် အားထုတ်ခဲ့ကြောင်း သုံးသပ်ရရှိသည်။

တရားခံဦးမြင့်အောင်အပေါ် ချမှတ်ထားသည့် ပြစ်ဒဏ်မှာ ထောင်ဒဏ်(၁၀)နှစ်ဖြစ်သည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၁၁ ၌ "မည်သူမဆို ဤရာဇသတ်ကြီးအရ တစ်ကျွန်းပို့ဒဏ်ဖြစ်စေ၊ ထောင်ဒဏ်ဖြစ်စေ ထိုက်သောပြစ်မှုကို ကျူးလွန်ရန်သော်လည်းကောင်း၊ ထိုသို့သော ပြစ်မှုကိုကျူးလွန်ရန်သော်လည်းကောင်း အားထုတ်၍ထိုသို့အားထုတ်ရာတွင် ပြစ်မှုကျူးလွန်ခြင်းကို ရှေးရှုသော ပြုလုပ်မှုတစ်ခုခုကိုပြုရာ၌ အဆိုပါအားထုတ်မှုအတွက် ပြစ်ဒဏ်ချမှတ်ရန် ဤပြစ်မှုဆိုင်ရာ ဥပဒေ၌ အတိအလင်းပြဋ္ဌာန်းထားခြင်း မရှိလျှင် ထိုသူကိုသက်ဆိုင်ရာ ပြစ်မှုအတွက် ပြဋ္ဌာန်းသော အများဆုံးကာလအပိုင်းအခြား၏ ထက်ဝက်အထိ တစ်ကျွန်းပို့ဒဏ်ဖြစ်စေ၊ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ထိုပြစ်မှုအတွက် ပြဋ္ဌာန်းသည့် ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်"ဟု ပြဋ္ဌာန်းထားသည်။ ထို့ပြင်ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆ ၌ "မုဒိမ်းမှုကျူးလွန်သူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်အပြင်ငွေဒဏ်လည်း ချမှတ်နိုင်သည်"ဟု ပြဋ္ဌာန်းထားသည်။

မုဒိမ်းမှုကျူးလွန်ရန် အားထုတ်မှုတွင် ကျခံရန် ပြစ်ဒဏ်ကို သီးခြား ပြဋ္ဌာန်းမထားပေ။ ထို့ကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၁၁ ပါပြဋ္ဌာန်းချက်အရပင် ပြစ်ဒဏ်ချမှတ်ရမည်ဖြစ်သည်။ မုဒိမ်းမှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်များမှာ တစ်သက်တစ်ကျွန်းဒဏ် သို့မဟုတ် (၁၀)နှစ်ထိ ထောင်ဒဏ်တို့ဖြစ်သည်။ တစ်သက်တစ်ကျွန်းဒဏ်၏ ထက်ဝက်ထက်မပိုသော ပြစ်ဒဏ်သို့မဟုတ် ထောင်ဒဏ်(၁၀)နှစ်၏ ထက်ဝက်ထက်မပိုသော ပြစ်ဒဏ်များကို ချမှတ်ခွင့်ရှိသည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၉ မှာ ထောင်ဒဏ်(၇)နှစ်နှင့် အထက်ပြစ်ဒဏ်ချမှတ်သည့်အမှုတွင် ထောင်ဒဏ်အမျိုးအစားကို တစ်ကျွန်းပို့ဒဏ် အမျိုးအစားအဖြစ်ပြောင်းလဲချမှတ်ခွင့်ကို ခွင့်ပြု

ထားခြင်းဖြစ်သည်။ ယခုချမှတ်ထားသော ပြစ်ဒဏ်မှာ မူလ တရားရုံးက ထောင်ဒဏ်အမျိုးအစားကို ရွေးချယ်ထားသဖြင့် အမြင့်ဆုံး ထောင်ဒဏ်(၁၀)နှစ်၏ ထက်ဝက်ဖြစ်သော ထောင်ဒဏ်(၅)နှစ်ထက် ကျော်လွန်ချမှတ်ခွင့်မရှိဟု ယူဆသည်။ မုဒိမ်းမှု ကျူးလွန်ရန် အားထုတ်မှုအတွက် ထောင်ဒဏ်(၅)နှစ် ချမှတ်ပါက အဆိုပါ ပြစ်ဒဏ်သည် ပြစ်မှုနှင့်လိုက်လျောမှုရှိသည်ဟုလည်း သုံးသပ်ရ ရှိသည်။

ထို့ကြောင့် လှည်းကူးမြို့နယ် အလံတပိုကျေးရွာနေ (အဘ) ဦးကျော်မြိုင်၏ သားမြင့်အောင်သည် ပုဒ်မ ၃၇၆/၅၁၁ အရ အပြစ်ရှိကြောင်း တွေ့ရှိသဖြင့် အလုပ်နှင့် ထောင်ဒဏ်(၁၀)နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်မှန်ကန်ခြင်းမရှိဟု ဖြေကြားသည်။ အယူခံမှုကို ခွင့်ပြုသည်။ ဦးမြင့်အောင်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆/၅၁၁ အရ ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုပြီး တရားရုံးအဆင့် ဆင့်က ချမှတ်ခဲ့သော ထောင်ဒဏ်(၁၀)နှစ် အမိန့်ကို ပယ်ဖျက်သည်။ ထိုထောင်ဒဏ်အစား ထောင်ဒဏ်(၅)နှစ် ကျခံစေရန် ပြင်ဆင် အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာအထူးအယူခံမှု

+ ၂၀၀၆
ဖေဖော်ဝါရီလ
၁၀ ရက်

တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊
တရားရုံးချုပ်တရားသူကြီးများဖြစ်ကြသော
ဦးခင်မောင်အေးနှင့် ဦးတင်အေးတို့၏ ရှေ့တွင်

**မောင်ဝင်းစိုး**
**နှင့်**
**ပြည်ထောင်စုမြန်မာနိုင်ငံတော်** *

**ဖင်ဆီဒိုင်းဆေးရည်အညွှန်း တစ်ယူနစ်တွင် ကိုဒင်းအလေးချိန် မည်မျှပါဝင်ကြောင်း မထင်ရှားသည့်အပြင် သက်သေခံ ဖင်ဆီဒိုင်းဆေးရည်ကွင် ကိုဒင်း ၀. ၂ ရာခိုင်နှုန်းသာ စမ်းသပ်တွေ့ရှိရသည်ဟု ဖော်ပြထားခြင်းတို့ကြောင့် အမှုမှ ဖင်ဆီဒိုင်းဆေးရည်အား မူးယစ်ဆေးဝါးအဖြစ် သတ်မှတ်နိုင်ခြင်းရှိ၊ မရှိ။**

**ဆုံးဖြတ်ချက်။** ။ အမှုတွင် သက်သေခံဖင်ဆီဒိုင်းဆေးရည် ၂၁ ပုလင်း သိမ်းဆည်းရရှိသည်မှာ အငြင်းမပွားပေ။ အဆိုပါဆေးရည်များကို စမ်းသပ်စစ်ဆေးရာ ကိုဒင်း ၀. ၂% ပါဝင်ကြောင်းစမ်းသပ် တွေ့ရှိသည်ဟု သက်သေခံ (စ) ဓာတုဗေဒဝန်ရုံး၏ ပြန်ကြားစာတွင် ဖော်ပြထားသည်။ သိမ်းဆည်းရမိသောဖင်ဆီဒိုင်းဆေးရည်များသည် မူးယစ်ဆေးဝါးဟုတ်မဟုတ်စိစစ်ရန်လိုမည်ဖြစ်သည်။

---

* ၂၀၀၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၁၈

\+ ၂၀၀၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃၈(ခ) တွင် ချမှတ်သော ၂၃-၂-၂၀၀၅ ရက်စွဲပါ တရားရုံးချုပ်၏ အမိန့်ကို အထူးအယူခံမှု။

ဓာတုဗေဒဝန်ရုံးက ဖင်ဆီဒိုင်းဆေးရည်များတွင် ကိုဒင်း ၀. ၂% သာ စမ်းသပ်တွေ့ရှိသည်ဟု ဖော်ပြထားရာဖင်ဆီဒိုင်းဆေးရည်တွင်ပါဝင်သည့် ကိုဒင်း၏ပြင်းအားပါဝင်ဖွဲ့စည်းမှုမှာ ၀. ၂% သာရှိကြောင်း တွေ့ရသည်။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာန၏အမိန့်ကြော်ငြာစာ အမှတ် ၃/၂၀၀၂၊ အပိုဒ် ၄(က) တွင် ဖော်ပြထားသည့် ကိုဒင်းပြင်းအားပါဝင်ဖွဲ့စည်းမှု ၂. ၅% ထက်မပိုကြောင်း၊ လျော့နည်းနေကြောင်း တွေ့ရသည်။ ဓာတုဗေဒဝန်ရုံး၏ပြန်ကြားစာတွင်ဖင်ဆီဒိုင်းဆေးရည်အညွှန်း တစ်ယူနစ်၌ ကိုဒင်းအလေးချိန်မည်မျှ ပါဝင်သည်ဟု ဖော်ပြထားခြင်းမရှိပေ။ သို့သော်လည်း ပြင်းအားဖွဲ့စည်းမှုမှာ ၀. ၂% ထက်မကျော်လွန်ကြောင်း ထင်ရှားနေသည်။ သို့ဖြစ်ရာ သိမ်းဆည်းရမိသော ဖင်ဆီဒိုင်းဆေးရည်များကို မူးယစ်ဆေးဝါးဖြစ်သည်ဟု မှတ်ယူခြင်းမပြုနိုင်။

အယူခံတရားလိုအတွက် - ဦးအောင်လှသန်း
(တရားရုံးချုပ်ရှေ့နေ)

အယူခံတရားခံအတွက် - ဒေါ်ကျင်စန်း
(ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး)

ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၃၉/၂၀၀၃ တွင် မောင်ဝင်းစိုးအား ၁၉၉၃ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(က)/၂၁ အရ အလုပ်နှင့်ထောင်ဒဏ်(၁၀)နှစ်ကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ထိုအမိန့်ကို ရခိုင်ပြည်နယ်တရားရုံးသို့အယူခံဝင်ရောက်သောအခါ မောင်ဝင်းစိုးအားပုဒ်မ ၁၉(က)/၂၁ အရ အလုပ်နှင့်ထောင်ဒဏ်(၁၀) နှစ်အစား ပုဒ်မ၁၆(ဂ)/၂၁ အရ ထောင်ဒဏ်(၅)နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကို မောင်ဝင်းစိုးက ကျေနပ်မှုမရှိသဖြင့် တရားရုံးချုပ်သို့ ပြင်ဆင်မှုတင်သွင်းရာအကျဉ်းနည်းပလပ်ခြင်းခံရသောကြောင့် ထပ်မံ၍အထူးအယူခံခုံရုံးဖြင့် ပြန်လည်ကြားနာပေးရန်

အထွေထွေလျှောက်လွှာကို တင်သွင်းလာခဲ့သည်။ အောက်ဖော်ပြပါ ပြဿနာအားအထူးအယူခံခုံရုံးဖြင့် အဆုံးအဖြတ်ပြုရန်ခွင့်ပြုခဲ့ခြင်း ဖြစ်သည် -

"အမှုတွဲပေါ်ပေါက်ချက်အရ လျှောက်ထားသူ ဝင်းစိုးအား ၁၉၉၃ခုနှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၆(ဂ)/၂၁ အရ ပြစ်မှု ထင်ရှားစီရင်ထားခြင်းမှာ ဥပဒေအရမှန်ကန်မှုရှိ မရှိ"

အမှုမှာ ၄-၂-၂၀၀၃ ရက်နေ့တွင် ကျောက်တော်ရဲစခန်းမှ ဒုရဲအုပ် ကျော်လှသည် နယ်မြေခံထောက်လှမ်းရေးတပ်ဖွဲ့၊ သတင်း တပ်ဖွဲ့၊ သတင်းပေးများနှင့်အတူ စကင်းကျေးရွာ၊ မာနာဆေး အိမ်သို့ ဝင်ရောက်ရှာဖွေရာ ၁၀၀ မီလီမီတာဝင် ဖင်ဆီဒိုင်းဆေးရည် ၂၁ လုံး သိမ်းဆည်းရမိသည်ဟု ဖော်ပြပြီး ဒုရဲအုပ်ကျော်လှက တရားလိုပြုလုပ် ၍တိုင်တန်းခဲ့ရာ အဆိုပါအမှုကို ၃-၃-၂၀၀၃ ရက် နေ့တွင် စွဲချက်အမှတ် ၁၇/၂၀၀၃ ဖြင့် တရားစွဲတင်ပို့ခဲ့သည်။ ထိုသို့စွဲတင်ပြီး အမှုစစ်ဆေးနေစဉ် သက်သေခံပစ္စည်းများကို စကင်း ကျေးရွာမှ သိမ်းဆည်းရမိခြင်း မဟုတ်ကြောင်း၊ တရားခံအစစ်အမှန်ကို ချန်ထားကြောင်း၊ စစ်ဆေးတွေ့ရှိချက်များ ထပ်မံပေါ်ထွက်သည့် အတွက် စစ်တွေခရိုင် ရဲတပ်ဖွဲ့မှူးရုံး စုံစမ်းစစ်ဆေးရေးအဖွဲ့က အမှုမှန်ပေါ်ပေါက်ရေးအတွက် ကွင်းဆင်းစစ်ဆေးခဲ့သည်။ ပေါ်ပေါက် ချက်အရ လက်ရှိအရေးယူထား မှုမှာ ပြည့်စုံမှုမရှိကြောင်း သိရှိခဲ့ ရသည်။ သက်သေခံပစ္စည်းဖင်ဆီဒိုင်း ဆေးရည်၂၁ ပုလင်းကို ကျောက်တော်မြို့သစ်ရပ်ကွက်ရှိထောက် လှမ်းရေး(၁၀)တပ်ဖွဲ့မှ ဒုအရာခံဗိုလ်မျိုးခင်၏ နေအိမ်သို့အောင်စိုးနှင့် သန်းရီတို့မှ ပေးအပ်ခဲ့ ကြောင်း၊ အတာ၊ ဝင်းစိုး၊ အဒူနုတို့နှင့်မာနာဆေးတို့သည်လည်း အမှု နှင့်ဆက်စပ်ကြောင်းသိရှိရသဖြင့် စစ်တွေခရိုင် တရားရုံးတွင် စွဲဆို ထားသော ပထမအမှုကို ရုပ်သိမ်းခဲ့သည်။ တရားခံများဖြစ်သော

မာနာဆေး အပါအဝင် သန်းရီ၊ အောင်စိုး၊ အဒူနူတို့နှင့် ဆက်စပ်သူများကို အမှုသစ်ဖြင့်တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

အယူခံတရားလို မောင်ဝင်းစိုး၏ရှေ့နေက လျှောက်လဲရာတွင်အမှုကိစ္စအတွက် ရှေးဦးစွာတရားခံ မာနာဆေးအပေါ် ၄-၂-၂၀၀၃ ရက်စွဲဖြင့် တိုင်ချက်ဖွင့်ပြီး နောက်အဆိုပါအမှုအတွက်ပင် ၂-၇-၂၀၀၃ ရက်စွဲဖြင့် ဒုတိယအကြိမ်တိုင်ချက်ကို တရားခံမာနာဆေး၊ ဝင်းစိုး၊ အဒူနူ၊ အောင်စိုး၊ အတာ၊ သန်းရီ မောင်မောင်(ခ)စိန်မောင် တို့အပေါ် ထပ်မံတိုင်ကြားခဲ့သည်ကို တွေ့ရှိရကြောင်း၊ ပထမစွဲဆိုသည့် အမှုတွင်သက်သေခံဆေးရည်ပုလင်းများကို တရားခံမာနာဆေး နေအိမ်မှ တွေ့ရှိသည်ဟု တိုင်ကြားထွက်ဆိုထားကြသော်လည်း ဒုတိယတိုင်ကြားသည့် အမှုတွင်ဆေးရည်ပုလင်းများကို တရားခံ အောင်စိုးနှင့် သန်းရီ တို့က လာရောက်ပေးအပ်သည်ဟု ဖော်ပြထွက်ဆို ထားကြောင်း၊ ထို့ကြောင့်အမှုတည်ဆောက်ပုံနှင့် တရားလိုပြ သက်သေများထွက်ဆိုကြပုံသည် ညီညွတ်မှု၊ တိကျမှုမရှိသည်မှာ ထင်ရှားကြောင်း၊ သက်သေခံဆေးရည် ပုလင်းများရှာဖွေတွေ့ရှိမှုနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို ထောက်လှမ်းရေး(၁၀)မှ ဒုအရာခံဗိုလ် မျိုးခင် သင်ကြားပေးသည့် အတိုင်းသက်သေများက အမျိုးမျိုးထွက်ဆိုပေးခဲ့ရသည့်အချက်များလည်း တွေ့ရှိရကြောင်း၊ ဤအမှုတွင် အယူခံတရားလို ဝင်းစိုးထံမှ သက်သေခံပစ္စည်း တစ်စုံတစ်ရာ သိမ်းဆည်းရမိမှုမရှိကြောင်း၊ သက်သေခံဆေးရည်များကို ဝင်းစိုးက အတာထံတွင်လွှဲ အပ်ပေးခဲ့သည်ဆိုသော အချက်မှာလည်း ရဲအရာရှိထံ ထွက်ဆိုချက်သာဖြစ်ကြောင်း၊ သက်သေခံ ဆေးရည်ပုလင်းများကို အတာ၏ နေအိမ်မှ တွေ့ရှိရသည်ဟု ကောက်ယူနိုင်ရန် ခိုင်မာသော သက်သေခံချက်မရှိကြောင်း၊ အယူခံ တရားလို ဝင်းစိုးအားအမှုမှ လွှတ်ပေးမည်ဟု ထောက်လှမ်းရေး တပ်ဖွဲ့က ပြောဆိုသဖြင့် ဝင်းစိုးက ဖြောင့်ချက်ပေးခဲ့ရခြင်းဖြစ်ကြောင်း၊ ရဲအချုပ်နှင့်ထောက်လှမ်းရေး

အချုပ်တွင်ကြာမြင့်စွာချုပ်နှောင်ခံရပြီး နောက်မှ ထွက်ဆိုခဲ့သော ဖြောင့်ချက်ဖြစ်ကြောင်း၊ အဆိုပါဖြောင့်ချက် ကိုလည်းပြန်လည်ရုပ်သိမ်းခဲ့ပြီးဖြစ်ကြောင်း၊ အယူခံတရားလို ဝင်းစိုး အပေါ် အပြစ်ပေးနိုင်ရန် ခိုင်မာသည့် သက်သေခံချက်မရှိသဖြင့် ၁၉၉၃ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေပုဒ်မ ၁၆(ဂ)/ ၂၁ အရ ပြစ်မှုထင်ရှားစီရင်ထားသည့် အမိန့်မှာ မှန်ကန်မှုမရှိဟု ဖြေကြားသင့်ကြောင်း၊ အယူခံမှုကို ခွင့်ပြုပြီး အယူခံတရားလို ဝင်းစိုးအားအမှုမှ လွှတ်သင့်ကြောင်းလျှောက်လဲသည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးက လျှောက်လဲရာတွင် ယခုအမှုတွင် ဥပဒေနှင့်အညီ ရယူထားသော ဖြောင့်ချက်သက်သေခံ(ည)အရ ဝင်းစိုးသည် တရားခံမာနာဆေးထံမှ ဖင်ဆီဒိုင်းပုလင်းအလုံး ၃၀ ကို သူငယ်ချင်း ၃ ဦး ဖြစ်သည့် အတာ၊ ဝင်းစိုး၊ သန်းကြီးတို့နှင့်အတူ ဝယ်ယူ၍ ၃ လုံး ကိုသောက်ခဲ့ပြီး ကျန် ၂၇ လုံးကို အတာ၏နေအိမ်တွင် ထားခဲ့ကြောင်း တရားခံဝင်းစိုးကိုယ်တိုင်ပြောပြချက်အရ သွားရောက်ရှာဖွေခဲ့ရာ အတာ၏နေအိမ်ဖိနပ်ဆိုးများ ထည့်ထားသော သေတ္တာအတွင်းမှ ဝင်းစိုးပြောသည့်အတိုင်းဖင်ဆီဒိုင်း ပုလင်းများအားရှာဖွေတွေ့ရှိခဲ့သည်ဟု ဖြောင့်ဆိုဝန်ခံထားသည်မှာ ထင်ရှားကြောင်း၊ မာနာဆေး(၁) တရားခံ၏ဖြောင့်ချက်(သက်သေခံ-ဠ)အရလည်း ချောင်းဆိုးပျောက်ဆေးများကို မောင်ဝင်းစိုးထံရောင်းပေးခဲ့သည့်အချက်မှာ ထင်ရှားကြောင်း၊ မောင်ဝင်းစိုး၏ထွက်ဆိုချက်အရ ဖင်ဆီဒိုင်းဆေးရည်ပုလင်းများကို အတာ၏နေအိမ်မှ ရှာဖွေတွေ့ရှိခဲ့ရသည်မှာလည်း ထင်ရှားကြောင်း၊ ရှာဖွေပုံနည်းလမ်းမကျသော်လည်း ဥပဒေနှင့်မညီသည့် ပစ္စည်းကိုဝယ်ယူသောက်သုံးလက်ဝယ်ထားကြသည့် ဖြစ်ရပ်တွင် ဝင်းစိုးသည်ပါဝင်နေသည့် အချက်ပေါ်ပေါက်ကြောင်း၊ မာနာဆေး၏ ဖော်ထုတ်ချက်အရ ဝင်းစိုးကို ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း၊

ဝင်းစိုးက အတာထံတွင်ရှိသည်ဟုပြော၍ အတာအိမ်သို့သွားရောက်ရှာဖွေရာ အိမ်တွင် အတာမရှိကြောင်း၊ ထို့နောက်ရှာဖွေပုံစံ (သက်သေခံ-က)တွင် ဖင်ဆီဒိုင်း ၁၇ လုံးကို အတာအိမ်မှ တွေ့သည်ဟုဆိုပြီး အောင်စိုးကအပ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ပူးတွဲတရားခံတို့၏ဖြောင့်ချက်အရလည်း အယူခံတရားလိုဝင်းစိုးပြစ်မှုကျူးလွန်သည်ဟုကောက်ယူနိုင်သောအချက်များပေါ်လွင်နေကြောင်း၊ သက်သေထွက်ချက်များမှာ ကွဲလွဲမှုရှိသော်လည်း မာနာဆေးထံမှ ဖင်ဆီဒိုင်းအလုံး ၃၀ ဝယ်ပြီး ဝင်းစိုး၊ အတာနှင့်သန်းကြီးတို့သည် တစ်ယောက်တစ်လုံးသောက်သုံးခဲ့ပြီး ကျန် ၂၇ လုံးကို အတာအိမ်တွင် သိမ်းထားခဲ့သည့်အချက်၊ အတာအိမ်မှ ဖင်ဆီဒိုင်းပုလင်းများ ပြန်လည်ရှာဖွေသိမ်းဆည်းရမိခဲ့သည့်အချက်များမှာ ပေါ်လွင်ကြောင်း ဝင်းစိုးအပေါ်မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၆(ဂ)/၂၁ အရ ပြစ်မှုထင်ရှားစီရင်ပြီး ပြစ်ဒဏ်များကိုလည်း လျှော့ပေါ့ပေးခဲ့ပြီးဖြစ်ကြောင်း၊ အယူခံမှုကိုပလပ် သင့်ကြောင်းလျှောက်လဲသည်။

ဖင်ဆီဒိုင်းဆေးရည် ၂၁ လုံးအတွက် ပထမဦးစွာ စစ်တွေခရိုင်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၆/၂၀၀၃ တွင် တရားခံမာနာဆေးတစ်ဦးတည်း အပေါ်တရားစွဲဆိုခဲ့ရာ အမှုကိုမှားယွင်းစွဲဆိုကြောင်း တရားခံက ဘိုင်ကြားသဖြင့် တာဝန်ရှိသူများက အမှုကိစ္စပြန်လည်စစ်ဆေးခဲ့ရသည်။ ထို့နောက်အဆိုပါပြစ်မှုကြီးအမှတ် ၆/၂၀၀၃ ကို ရုပ်သိမ်းပြီးစစ်တွေခရိုင်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၃၉/၂၀၀၃ ဖြင့် ယခုမူလအမှုကို ပြန်လည်စွဲဆိုခြင်းဖြစ်သည်။ နောက်ထပ်စွဲဆိုသည့်အမှုတွင်တရားခံ မာနာဆေး၊ ဝင်းစိုး၊ သန်းရို၊ မောင်မောင်(ခ)စိန်မောင်တို့ပါဝင်ကြောင်း တွေ့ရှိရသည်။ တရားခံမာနာဆေးကို ၁၉၉၃ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂၀(က) အရလည်းကောင်း၊ တရားခံဝင်းစိုးကို ပုဒ်မ

၁၉(က)/ ၂၁ အရ လည်းကောင်း၊ မူလတရားရုံးက ပြစ်မှုထင်ရှား စီရင်ခဲ့သည်။ သို့သော် ပြည်နယ်တရားရုံးသို့ အယူခံသောအခါ တရားခံဝင်းစိုးအားပုဒ်မ ၁၉(က)/ ၂၁ ပါ ပြစ်မှုအစားပုဒ်မ ၁၆(ဂ)/ ၂၁ အရ ပြောင်းလဲပြီး ပြစ်မှု ထင်ရှားစီရင်ခဲ့သည်။ တရားခံဝင်းစိုး၏ ဖြောင့်ချက်အရ ၎င်းသည် ဖင်ဆီဒိုင်းဆေးရည်အလုံး ၃၀ ကို မာနာဆေးထံမှ မောင်ဝင်းစိုးတို့ ၃ ဦးက ဝယ်ယူပြီး ၃ လုံးကို သောက်သုံး၍ ကျန် ၂၇ လုံးကို အတာ၏နေအိမ်၌ ထားသိုခဲ့ကြောင်း ပေါ်ပေါက်သည်ဟု ပြည်နယ် တရားရုံးက သုံးသပ်ထားသည်။

အမှုမှ ဖင်ဆီဒိုင်းဆေးရည် ၁၇ လုံးကို အောင်စိုးထံမှ သက်သေခံ(က)ရှာဖွေပုံစံဖြင့် ၆-၇-၂၀၀၃ ရက်နေ့ကလည်းကောင်း၊ ဖင်ဆီဒိုင်းဆေးရည် ၄ လုံးကို မောင်သန်းရီထံမှ သက်သေခံ(ခ)ရှာဖွေ ပုံစံဖြင့် ၆-၇-၂၀၀၃ ရက်နေ့ကလည်းကောင်း သိမ်းဆည်းခဲ့ကြောင်း တွေ့ရှိရသည်။ အဆိုပါဆေးရည်ပုလင်းများမှာ မာနာဆေးနှင့်အဒူနု တို့ထံမှ ဝယ်ယူခဲ့ကြောင်းလည်း ရှာဖွေပုံစံတွင် ဖော်ပြထားသည်။ အဆိုပါဆေးရည်ပုလင်းများကို မာနာဆေးထံမှ သိမ်းဆည်းရမိခဲ့သည် ဆိုသော ၄-၂-၂၀၀၃ ရက်စွဲပါ ရှာဖွေပုံစံကိုလည်း ပထမစွဲဆိုသည့် ပြစ်မှုကြီးတွင် သက်သေခံ(က)အဖြစ် တင်သွင်းခဲ့ကြောင်း တွေ့ရှိရ သည်။ ထို့ကြောင့် ဤအမှုကို စတင်တည်ဆောက်ရာတွင် သက်သေခံပစ္စည်း ရှာဖွေတွေ့ရှိမှုနှင့်စပ်လျဉ်း၍ ကွဲလွဲချက်များရှိခဲ့ သောအချက်မှာ အထင်အရှားပေါ်လွင်နေသည်။ ပထမတစ်မှုတွင် သက်သေခံဆေးရည်ပုလင်းများကို မာနာဆေးထံမှ တွေ့ရှိသည်ဟု တိုင်ကြားတရားစွဲဆိုခြင်းဖြစ်သည်။ ယခုအမှုတွင် ဆေးရည်ပုလင်းများ ကို အတာ၏ အစ်ကိုအောင်စိုးနှင့်သန်းရီတို့က ပေးအပ်သည်ဟု တိုင်ကြားတရားစွဲဆိုခြင်းဖြစ်သည်။ ထို့ကြောင့် အမှုကိစ္စမှာ တိကျမှု မရှိကြောင်း၊ အယူခံတရားလို၏ရှေ့နေက လျှောက်လဲခဲ့ခြင်းဖြစ်သည်။ အမှုတွင် သက်သေခံဆေးရည်ပုလင်းများတွေ့ရှိသိမ်းဆည်းမှု ကွာခြား

ချက်နှင့်တရားခံအဖြစ် ထည့်သွင်းစွဲဆိုမှု ကွာခြားချက်တို့ရှိကြောင်း တွေ့ရှိရသည်။

အမှုတွင် အယူခံတရားလိုထံမှ သက်သေခံပစ္စည်း တစ်စုံတစ်ရာ သိမ်းဆည်းရမိခဲ့ကြောင်း မတွေ့ရပေ။ အယူခံတရားလိုက ဖင်ဆီဒိုင်းဆေးရည်များကိုအတာ၏ နေအိမ်တွင် သိုဝှက်ထားခဲ့သည်ဟူသော ထွက်ချက်မှာလည်း ရဲအရာရှိထံထွက်ဆိုချက်သာဖြစ်သည်။ ထို့ပြင် အတာ၏နေအိမ်မှ ဖင်ဆီဒိုင်းဆေးရည်များ တွေ့ရှိခဲ့ရသည်ဆိုသော အချက်မှာလည်း အောင်စိုး(လိုပြ-၁)၏ ထွက်ဆိုချက်အရသာ ပေါ်ပေါက်ခြင်းဖြစ်သည်။ အောင်စိုး(လိုပြ-၁)ကိုယ်တိုင်လည်း ဤအမှုတွင်တရားခံအဖြစ်ထောက်လှမ်းရေးတပ်ဖွဲ့မှဖမ်းဆီးစစ်ဆေးခံခဲ့ရသူဖြစ်သည်။ အောင်စိုးကိုယ်တိုင်ကလည်း တရားခံအဖြစ်ဖြောင့်ချက်ပေးခဲ့ရသူဖြစ်သည်။ သို့သော်လည်း တရားစွဲဆိုသည့်အခါ အောင်စိုးအားတရားခံအဖြစ်ထည့်သွင်းခြင်းမရှိဘဲ တရားလိုပြသက်သေအဖြစ်သာ ထည့်သွင်းထားကြောင်းတွေ့ရသည်။ အတာ၏ပစ္စည်းများထုတ်ပေးပါ အတာကိုခေါ်ပေးပါဟု ထောက်လှမ်းရေးတပ်မှ ဒုအရာခံဗိုလ်မျိုးခင်၏ ပြောဆိုမှုအရ အတာ၏အစ်ကို အောင်စိုးကဆေးရည်ပုလင်းများကိုယူဆောင်လာပြီး အပ်ပေးခဲ့ခြင်းဖြစ်သည်။ သက်သေခံဆေးရည်ပုလင်းများကို အောင်စိုးကအပ်ပေးသည်ဆိုသော်လည်း ရှာဖွေသိမ်းဆည်းရာတွင် သက်သေများဖြင့် နည်းလမ်းတကျရှာဖွေခဲ့ကြောင်းမတွေ့ရပေ။ အောင်စိုးကို အစိုးရသက်သေဟု မှုလမှုတွင် ဖော်ပြထားကြောင်းတွေ့ရှိရသည်။ သို့သော် အဆိုပါပုဂ္ဂိုလ်အောင်စိုးအား အစိုးရသက်သေအဖြစ် အသိအမှတ်ပြုရန် နည်းလမ်းတကျလျှောက်ထားခြင်း၊ စစ်ဆေးသတ်မှတ်ခြင်းပြုခဲ့ကြောင်းမတွေ့ရပေ။ ထို့ပြင် ဆေးရည်ပုလင်းများသိမ်းဆည်းထားခဲ့သည်ဆိုသော အတာမှာလည်း အမှုတွင် တရားခံပြေးအဖြစ်ရှိနေသူဖြစ်သည်။ အတာနှင့်မောင်ဝင်းစိုးတို့ အမှုကိစ္စအတွက် ဆက်စပ်ပတ်သက်မှုရှိ

သည်ဟု ကောက်ယူနိုင်သော သက်သေခံချက်အားနည်းသည်။

အမှုတွင် သက်သေခံဖင်ဆီဒိုင်းဆေးရည် ၂၁ ပုလင်း သိမ်းဆည်းရရှိသည်မှာ အငြင်းမပွားပေ။ အဆိုပါ ဆေးရည်များကို စမ်းသပ်စစ်ဆေးရာ ကိုဒင်း ၀. ၂% ပါဝင်ကြောင်း စမ်းသပ်တွေ့ရှိသည်ဟု သက်သေခံ (စ) ဓာတုဗေဒဝန်ရုံး၏ ပြန်ကြားစာတွင် ဖော်ပြထားသည်။ သိမ်းဆည်းရမိသော ဖင်ဆီဒိုင်းဆေးရည်များသည် မူးယစ်ဆေးဝါးဟုတ်မဟုတ် စိစစ်ရန်လိုမည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ၂၉-၇-၂၀၀၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၀၂၊ အပိုဒ် ၄(က)တွင် အောက်ပါအတိုင်း ဖော်ပြထားသည်-

၄။ အပိုဒ် ၁ နှင့် ၂ တို့အရ သတ်မှတ်သည့် မူးယစ်ဆေးဝါးများတွင် ၁၉၆၁ ခုနှစ်၊ တစ်ခုတည်းသော မူးယစ်ဆေးဝါးများ ကွန်ဗင်းရှင်းဇယား(၃)ပါ ခြွင်းချက်ပြုထားသော အောက်ပါဆေးဝါးများ ပါဝင်သည်ဟု မှတ်ယူခြင်း မပြုရ-

(က) ဆေးပြားတစ်ပြား၊ ဆေးတောင့်တစ်တောင့်၊ သောက်ဆေးရည်၊ လက်ဖက်ရည်ဇွန်းတစ်ဇွန်း၊ ထိုးဆေးရည် ၁ ကုဗစင်တီမီတာ (Cubic Centimetre) သို့မဟုတ် ၁ မီလီမီတာ (Mililitre) စသည့် မူရင်းဆေးတစ်ယူနစ်၏ဆေးချိန်တွင် ၁၀၀ မီလီဂရမ်ထက် မပိုသည့်ပြင် မူရင်းဆေးဝါးစုစည်း ပါဝင်မှုမှာ ၂. ၅% ထက် မပိုသော အောက်ပါ ဆေးဝါးတစ်မျိုးမျိုးနှင့် အခြားအရာဝတ္ထုတစ်မျိုး ဖြစ်စေ၊ တစ်မျိုးထက်ပို၍ ဖြစ်စေ ပေါင်းစပ်ပြင်ဆင် ဖော်စပ်ထားသောဆေးဝါးများ-

(၁) အက်စီတိုင်းဒိုင်ဟိုက်ဒရိုကိုဒင်း (ACETYL DI HYDROCODEINE)

(၂) ကိုဒင်း(CODEINE)
(၃) ဒိုင်ဟိုက်ဒရိုကိုဒင်း(DIHYDRO CODEINE)
(၄) အီသိုင်းလဲမော်ဖင်း(ETHYLMORPHINE)
(၅) နီကိုကိုဒင်း(NICOCODINE)
(၆) နီကိုဒီကိုဒင်း(NICODICODINE)
(၇) နော်ကိုဒင်း(NORCODEINE)
(၈) ဖော်လ်ကိုဒင်း(PHOLCODINE)

ဆေးအညွှန်းတစ်ယူနစ်အတွက် အထက်ဖော်ပြပါဆေးဝါး တစ်မျိုးမျိုးတို့၏ အလေးချိန်သည် ၁၀၀ မီလီဂရမ်ထက်မပိုသည့်အပြင် အခြားပစ္စည်းများနှင့် ရောစပ်လိုက်သည့်အခါတွင်လည်း ဖော်ပြပါ ဆေးဝါးတစ်မျိုးမျိုး ပါဝင်ဖွဲ့စည်းမှု ၂. ၅% ထက်မပိုသော ဆေးဝါး တစ်မျိုးမျိုးကို မူးယစ်ဆေးဝါးအဖြစ် သတ်မှတ်ခြင်းမပြုဟုဆိုလို ပေသည်။

ယခုတွင် ဓာတုဗေဒဝန်ရုံးက သိမ်းဆည်းရမိသော ဖင်ဆီဒိုင်း ဆေးရည်များတွင် ကိုဒင်း ၀. ၂% သာ စမ်းသပ်တွေ့ရှိသည်ဟု ဖော်ပြထားရာ ဖင်ဆီဒိုင်းဆေးရည်တွင် ပါဝင်သည့် ကိုဒင်း၏ပြင်းအား ပါဝင်ဖွဲ့စည်းမှုမှာ ၀. ၂% သာ ရှိကြောင်းတွေ့ရသည်။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၀၂၊ အပိုဒ် ၄(က)တွင် ဖော်ပြထားသည့် ကိုဒင်းပြင်းအားပါဝင်ဖွဲ့စည်းမှု ၂. ၅% ထက်မပိုကြောင်း၊ လျော့နည်းနေကြောင်းတွေ့ရသည်။ ဓာတုဗေဒဝန်ရုံး၏ ပြန်ကြားစာတွင် ဖင်ဆီဒိုင်းဆေးရည်အညွှန်း တစ်ယူနစ်၌ ကိုဒင်းအလေးချိန်မည်မျှ ပါဝင်သည်ဟု ဖော်ပြထားခြင်း မရှိပေ။ သို့သော်လည်း ပြင်းအားပါဝင်ဖွဲ့စည်းမှုမှာ ၀. ၂% ထက် မကျော်လွန်ကြောင်းထင်ရှားနေသည်။ သို့ဖြစ်ရာ သိမ်းဆည်းရမိသော ဖင်ဆီဒိုင်းဆေးရည်များကို မူးယစ်ဆေးဝါးဖြစ်သည်ဟု သတ်မှတ်ခြင်း ပြုနိုင်မည်မဟုတ်ပေ။

၂၀၀၆
မောင်ဝင်းစိုး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

သက်သေခံချက်များကို စုပေါင်းသုံးသပ်ပါက ဝင်းစိုးကထွက်ဆိုခဲ့သော သက်သေခံ(ည)ဖြောင့်ချက်သည် လွတ်လပ်သော ထွက်ဆိုချက်ဖြစ်သည်ဟု ယူဆနိုင်ရန် သက်သေခံချက်မလုံလောက်ခြင်း၊ အမှုကို စတင်တည်ဆောက်စဉ်ကပင် တိကျမှုမရှိခဲ့သည့်အချက်များတွေ့ရှိရခြင်း၊ သက်သေခံဆေးရည်ပုလင်းများနှင့်အယူခံတရားလိုမောင်ဝင်းစိုးဆက်စပ်ပတ်သက်သည်ဟု ကောက်ယူနိုင်သော ခိုင်မာသည့် သက်သေခံချက်မရှိခြင်း၊ သက်သေခံချက်များ ကွင်းဆက်ပြတ်နေခြင်း၊ အမှုတည်ဆောက်မှုတိကျခိုင်မာမှုမရှိခြင်းတို့ကို တွေ့ရှိရသည်။ ထို့ပြင်သက်သေခံဆေးရည်ပုလင်းများသည် မူးယစ်ဆေးဝါးဖြစ်သည်ဟု ကောက်ယူနိုင်သော သက်သေခံချက်မရှိသော အချက်ကိုလည်း တွေ့ရှိရသည်။

ထို့ကြောင့် အယူခံတရားလိုမောင်ဝင်းစိုးအား ၁၉၉၃ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၆(ဂ)/၂၁ အရ ပြစ်မှုထင်ရှား စီရင်ထားခြင်းမှာ ဥပဒေအရ မှန်ကန်သည်ဟု မဆိုနိုင်ကြောင်း ဖြေကြားသည်။ အယူခံမှုကိုခွင့်ပြုသည်။ ဤအမှုတွင် သက်သေခံဖင်ဆီဒိုင်းဆေးရည် ၂၁ ပုလင်းနှင့်ဆက်စပ်ပြီး အပြစ်ပေးခံထားရသော တရားခံမာနာဆေးအတွက်ပါထည့်သွင်းဆုံးဖြတ်ရမည်ဖြစ်သည်။ မောင်ဝင်းစိုးအား ၁၉၉၃ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၆(ဂ)/၂၁ အရ ပြစ်မှုထင်ရှား စီရင်ထားသည့်အမိန့်များကို ပယ်ဖျက်ပြီး မောင်ဝင်းစိုးအား အမှုမှအပြီးအပြတ်လွှတ်ကြောင်း အမိန့်ချမှတ်လိုက်သည်။ မာနာဆေးအပေါ် ဖော်ပြပါ ဥပဒေပုဒ်မ ၂၀(က) အရ ပြစ်မှုထင်ရှားစီရင်ပြီး ပြင်ဆင်ချမှတ်ထားသည့် တရားရုံးအဆင့်ဆင့်၏ အမိန့်များကို ပယ်ဖျက်ပြီး မာနာဆေးအား အမှုမှအပြီးအပြတ်လွှတ်ကြောင်း အမိန့်ချမှတ်လိုက်သည်။

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု +

## တရားရုံးချုပ်၊ တရားသူကြီးဦးကျော်ဝင်း၏ရှေ့တွင်

သန်းလွင် ပါ ၂

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၂ *

**တစ်ဆင့်ခံအိမ်ငှားများဖြစ်စေကာမူ အချင်းဖြစ်လူနေ တိုက်ခန်းကိုလက်ရှိဖြစ်သဖြင့် အိမ်ကျော်နင်းမှုကို ကျူးလွန်သည်ဟု မဆိုနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ အချင်းဖြစ်လူနေတိုက်ခန်းကို ဝင်ရောက်ရာ၌ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၁ အရ ပစ္စည်းလက်ရှိဖြစ်သူအား ခြောက်လှန့်ရန်၊ စော်ကားရန်၊ သို့မဟုတ် စိတ်ငြိုငြင်စေရန် အကြံဖြင့် ဝင်ရောက်လျှင်၊ သို့မဟုတ် ထိုပစ္စည်းပေါ်သို့ တရားသဖြင့် ဝင်ရောက်ပြီးနောက် ပစ္စည်းလက်ရှိဖြစ်သူကို ခြောက်လှန့်ရန်၊ စော်ကားရန်၊ သို့မဟုတ် စိတ်ငြိုငြင်စေရန်အကြံဖြင့် ဆက်လက်နေထိုင်ခြင်းဖြစ်လျှင် ရာဇဝတ်မကင်းသော ကျော်နင်းမှုဖြစ်သည်။ ရာဇဝတ်မကင်းသော ကျော်နင်းမှုကို ကျူးလွန်မှသာ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၄၂တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသော အိမ်ကျော်နင်းမှုကို ကျူးလွန်ရာ ရောက်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ဒေါ်မြင့်မြင့်သန်းသည် အချင်းဖြစ်တိုက်ခန်း

---

* ၂၀၀၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၇၀(ခ)၊ ၂၇၁(ခ)

\+ ၂၀၀၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၆၅၊၆၆ တွင် ချမှတ်သော ၂၂-၃-၂၀၀၆ ရက်စွဲပါ မန္တလေးတိုင်းတရားရုံး၏ အမိန့်ကိုပြင်ဆင်မှု လျှောက်ထားခြင်း

ကို ပိုင်ဆိုင် သည့်တိုင်အောင် မည်သည့်အခါကမှ လက်ရှိမဖြစ်ခဲ့ချေ။ ယင်းတိုက်ခန်းကို လက်ရှိဖြစ်သူများမှာ တစ်ဆင့်ခံ အိမ်ငှားသန်းလွင်နှင့် ၎င်း၏ ဇနီးမပြုံး(ခ)မပေါက်တို့သာဖြစ်သည်။ ၎င်းတို့သည် တစ်ဆင့်ခံ အိမ်ငှားများဖြစ်စေကာမူ အချင်းဖြစ်လူနေတိုက်ခန်းကို လက်ရှိဖြစ်သဖြင့် ဒေါ်မြင့်မြင့်သန်းက စွဲဆိုသည့် အိမ်ကျော်နင်းမှုကို ကျူးလွန်သည်ဟု မဆိုနိုင်ပေ။

၂၀၀၆
သန်းလွင်
ပါ ၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

လျှောက်ထားသူများအတွက် - ဦးမျိုးမြင့်
(တရားရုံးချုပ်ရှေ့နေ)

လျှောက်ထားခံရသူအတွက် - ၁။ ဦးတင်ဟန်
(လက်ထောက်ညွှန်ကြားရေးမှူး၊
ရှေ့နေချုပ်ရုံးခွဲ)
၂။ ဒေါ်ခင်ပြုံး
(တရားရုံးချုပ်ရှေ့နေ)

အောင်မြေသာစံမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၇၅၁/ ၂၀၀၅(ဒေါ်မြင့်မြင့်သန်းနှင့် သန်းလွင်ပါ၂) ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၄၈ အရ စွဲဆိုမှုတွင် တရားခံသန်းလွင်နှင့် မပြုံး (ခ) မပေါက်တို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၈ အရ စွဲချက်တင်သည့် အမိန့်ချမှတ်ခဲ့သည်။ တရားခံများက မန္တလေးခရိုင် တရားရုံးသို့ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၆၀/၂၀၀၅ ကို တင်သွင်းရာ မူလမြို့နယ်တရားရုံးအမိန့်ကို ပယ်ဖျက်ပြီး တရားခံများအား စွဲချက်မတင်ဘဲ ပြန်လွှတ်ရန် အမိန့်ချမှတ်သည်။

ယင်းအမိန့်ကို မကျေနပ်သဖြင့် ဒေါ်မြင့်မြင့်သန်းက ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၆၅/ ၂၀၀၆ ကို လည်းကောင်း၊ မန္တလေးတိုင်းဥပဒေရုံးက ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၆၆/ ၂၀၀၆ ကို လည်းကောင်း မန္တလေးတိုင်းတရားရုံးသို့ တင်သွင်းကြသည်။ ယင်းပြင်ဆင်မှုများကို မန္တလေးတိုင်းတရားရုံးက တစ်ပေါင်းတည်း

၂၀၀၆
သန်းလွင်
ပါ ၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

ကြားနာ၍ မန္တလေးခရိုင်တရားရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး မူလမြို့နယ်တရားရုံး၏ အမိန့်ကို ပြန်လည်အတည်ပြုသည့် အမိန့်ချမှတ်သည်။ ယင်းကဲ့သို့ချမှတ်သည့်အမိန့်ကို တရားခံ သန်းလွင်နှင့် မပြုံး(ခ) မပေါက် တို့က မကျေနပ်သဖြင့် ဤပြစ်မှုဆိုင်ရာ ပြင်ဆင်မှုများကို တင်သွင်းလာခြင်းဖြစ်သည်။

ယင်းအမှုများသည် အောင်မြေသာစံမြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၇၅၁/၂၀၀၅ တစ်မှုတည်းမှ ပေါ်ပေါက်လာသဖြင့် ဤစီရင်ချက်သည် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၇၀(ခ)/၂၀၀၆ နှင့် ၂၇၁(ခ)/၂၀၀၆ နှစ်မှုစလုံးနှင့် သက်ဆိုင်စေရမည်။

အမှုမှာ ဒေါ်မြင့်မြင့်သန်းသည် ၎င်းပိုင်ဆိုင်သော မန္တလေးမြို့ အောင်မြေမန္တလာအားကစားကွင်းလူနေတိုက်ခန်းအမှတ်(၅)ကို မောင်မောင်ဦးနှင့် မလှလှဝင်းတို့အား တစ်နှစ်စာချုပ်ဖြင့် ငှားရမ်းထားရာ စာချုပ်သက်တမ်းပြည့်ပြီးနောက်သန်းလွင်နှင့် မိသားစု နေထိုင်ကြောင်း တွေ့ရသဖြင့် ဒေါ်မြင့်မြင့်သန်းက အမှတ်(၅)ရဲစခန်း၌ တိုင်ကြားသောအမှုဖြစ်သည်။

လျှောက်ထားသူများ၏ ရှေ့နေက ရာဇဝတ်မကင်းသော ကျော်နင်းမှုဖြင့် စွဲဆိုရာတွင် ပိုင်ဆိုင်မှုမှာ အဓိက မဟုတ်ဘဲ ပစ္စည်းလက်ရှိဖြစ်ခြင်းသည်သာ အဓိကဖြစ်ကြောင်း၊ အချင်းဖြစ် လူနေတိုက်ခန်းမှာ ဒေါ်မြင့်မြင့်သန်း၏ လက်ဝယ်ရှိသော ပစ္စည်း မဟုတ်ကြောင်း၊ ဒေါ်မြင့်မြင့်သန်းက ပိုင်ဆိုင်မှုကို အကြောင်းပြု၍ တရားစွဲဆိုခြင်းဖြစ်ကြောင်း၊ ပစ္စည်းလက်ရှိဖြစ်သူ မလှလှဝင်း၏ ခွင့်ပြုချက်အရ ဝင်ရောက်သူသန်းလွင် နှင့် မပြုံး(ခ) မပေါက်တို့သည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၂ အရ ပြစ်မှု မမြောက်ကြောင်း၊ အချက်အလက်မပြည့်စုံဘဲ စွဲချက်တင်ခြင်းမှာ မှားယွင်းကြောင်း လျှောက်လဲတင်ပြသည်။

၂၀၀၆
သန်းလွင်
ပါ ၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

လျှောက်ထားခံရသူ ဒေါ်မြင့်မြင့်သန်း၏ရှေ့နေက ဒေါ်မြင့်မြင့်သန်းသည် အချင်းဖြစ်တိုက်ခန်းကို မောင်မောင်ဦးအား တစ်နှစ်စာချုပ်ဖြင့် ငှားရမ်းခဲ့ကြောင်း၊ ငှားရမ်းစာချုပ်တွင် တစ်ဆင့်ငှားရမ်းခြင်း မပြုရန် စည်းကမ်းသတ်မှတ်ထားကြောင်း၊ ယင်းတိုက်ခန်းကို မလှလှဝင်းက တရားခံများအား ၅ လ နေထိုင်ရန် ဆက်လက်ငှားရမ်းကြောင်း၊ တရားခံများသည် ပိုင်ရှင် ဒေါ်မြင့်မြင့်သန်း ၏ ခွင့်ပြုချက်မရှိဘဲ အချင်းဖြစ်တိုက်ခန်းတွင် ယခုတိုင် နေထိုင်လျက်ရှိကြောင်း၊ မူလက တရားသဖြင့် ဝင်ရောက်ခဲ့သော်လည်း နောက်ပိုင်း၌ ဥပဒေနှင့် ဆန့်ကျင်နေထိုင်ကြောင်း၊ ယင်းသို့ နေထိုင်ခြင်းမှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၁ နှင့် အကျုံးဝင်သဖြင့် တရားခံများအပေါ် စွဲချက်တင်ခြင်းမှာ မှန်ကန်ကြောင်းလျှောက်လဲ တင်ပြသည်။

ရှေ့နေချုပ်ရုံးခွဲ လက်ထောက်ညွှန်ကြားရေးမှူးကလည်း ဒေါ်မြင့်မြင့်သန်းသည် ၎င်း၏တိုက်ခန်းကိုသန်းလွင်တို့အား ငှားရမ်းခဲ့ခြင်း မရှိကြောင်း၊ ယင်းတိုက်ခန်းတွင် ၅ လ နေထိုင်ရန် သန်းလွင်တိုက တစ်ဆင့်ငှားရမ်းခြင်းဖြစ်ကြောင်း၊ သန်းလွင်တို့အား အချင်းဖြစ်တိုက်ခန်းမှ ဖယ်ရှားပေးရန် ဒေါ်မြင့်မြင့်သန်းက ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် တင်ပြကြောင်း၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ ညှိနှိုင်းပေးသော်လည်း သန်းလွင်တို့က အချင်းဖြစ်တိုက်ခန်းမှ ဖယ်ရှားခြင်းမရှိကြောင်း၊ ယင်းသို့ ဆက်လက် နေထိုင်ခြင်းမှာ ပိုင်ရှင် ဒေါ်မြင့်မြင့်သန်း၏ စိတ်ကိုငြိုငြင်စေသဖြင့် တရားခံများအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၈ အရ စွဲချက်တင် ခြင်းမှာ မှန်ကန် ကြောင်းလျှောက်လဲတင်ပြသည်။

မန္တလေးခရိုင်တရားရုံးက အချင်းဖြစ်တိုက်ခန်းကို ဒေါ်မြင့်မြင့်သန်း ပိုင်ဆိုင်သော်လည်း မလှလှဝင်းထံမှ သန်းလွင်နှင့် ၎င်း၏ဇနီးမပြုံး(ခ)မပေါက်တို့က ငှားရမ်းနေထိုင်ကြောင်း၊ ပြစ်မှုမကင်းသော ကျော်နင်းမှုတွင် တရားစွဲဆိုသည့်အချိန်၌ အချင်းဖြစ်

၂၀၀၆
သန်းလွင်
ပါ ၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

ဥပစာအားလက်ရှိဖြစ်သည့်အချက်ကိုသာ အဓိကထား စဉ်းစားရန် ဖြစ်ကြောင်း၊ အမှုမှာ ပိုင်ရေးပိုင်ခွင့်ကို အဓိကထားစွဲဆိုခြင်းဖြစ်သဖြင့် တရားမကြောင်းအရသာစွဲဆိုရန် ဖြစ်ကြောင်းသုံးသပ်ဆုံးဖြတ်ခဲ့သည်။

မန္တလေးတိုင်းတရားရုံးက သန်းလွင်နှင့် မပြုံး(ခ) မပေါက်တို့ သည် အချင်းဖြစ်လူနေတိုက်ခန်း၌ တရားသဖြင့် ဝင်ရောက်နေထိုင်သည် မှာမှန်သော်လည်း ၁၅-၆-၂၀၀၄ ရက်နေ့နောက်ပိုင်းတွင် နေထိုင်ရန် ခွင့်ပြုချက် ကုန်ဆုံးကြောင်း၊ တိုက်ခန်းပိုင်ရှင်က ဖယ်ရှားပေးရန် ပြောဆိုသော်လည်း ဆက်လက်နေထိုင်ခြင်းမှာ ပိုင်ရှင်ဖြစ်သူကို စိတ် ပြိုငြင်စေရန် ကျူးလွန်ခြင်းဖြစ်ကြောင်း သုံးသပ်ဆုံးဖြတ်ခြင်းဖြစ်သည်။

အမှုကိုစိစစ်ကြည့်ရှုရာ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အကွက်အမှတ် (၅၂)နေ ဦးဖိုးပါ(လိုပြ- ၄)နှင့် ၎င်း၏ ဇနီးဒေါ်မြင့်မြင့်သန်း (လိုပြ-၅)တို့သည် အောင်မြေ မန္တလာအားကစားကွင်းရှိလူနေတိုက်ခန်းအမှတ်(၅)အား ၁၉၉၆ ခုနှစ်က ငွေကျပ် ၇၅၀၀၀၀/- ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြောင်း တင်ပြ ကြသည်။ ယင်းတိုက်ခန်းကို သော့ခတ်ပိတ်ထားရာမှ ဦးလှထွန်း(လိုပြ- ၁)နှင့် ဒေါ်စန္ဒာအောင်(လိုပြ-၂)တို့၏ ဆက်သွယ်ပေးမှုအရ ဒေါ်မြင့်မြင့်သန်းက တစ်လလျှင် ငွေကျပ် ၃၀၀၀၀/- ဖြင့် မောင်မောင်ဦးအား ၁၅-၆-၂၀၀၃ ရက်နေ့မှ ၁၅-၆-၂၀၀၄ ရက်နေ့ အထိ တစ်နှစ်နေထိုင်ရန် ငှားရမ်းသည်။ ယင်းကဲ့သို့ ငှားရမ်းခြင်းကို စာချုပ် ဓာတ်ပုံမိတ္တူ(သက်သေခံ-ခ)၏မူရင်းအား ပြုလုပ်ချုပ်ဆို ထားသည်။ မောင်မောင်ဦး၏ ဇနီးမလှလှဝင်းက ငှားရမ်းနေထိုင်သည့် တိုက်ခန်းတွင် နေထိုင်ခွင့် သက်တမ်းမပြည့်မီ ၁၅-၁-၂၀၀၄ ရက်နေ့မှ စ၍ ၁၅-၆-၂၀၀၄ ရက်နေ့အထိ ၅ လနေထိုင်ရန် သန်းလွင်အား တစ်လလျှင် ငွေကျပ် ၃၀၀၀၀/- ဖြင့်ပင် ထပ်ဆင့်ငှားရမ်းသည်။ ယင်းကဲ့သို့ ငှားရမ်းရာတွင် ပြု လုပ်ထားသည့်စာချုပ်၏ ဓာတ်ပုံမိတ္တူကို ရှာဖွေပုံစံ (သက်သေခံ-င)ဖြင့် သိမ်းဆည်း တင်ပြထားသည်။

၂၀၀၆
သန်းလွင်
ပါ ၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

ဒေါ်မြင့်မြင့်သန်းသည် ၎င်းတို့၏ လူနေတိုက်ခန်းအား ငှားရမ်းထားသည့်စာချုပ်သက်တမ်းပြည့်၍ တိုက်ခန်းကို သွားရောက်ကြည့် ရှုသောအခါ သန်းလွင်နှင့် မပြုံး(ခ)မပေါက် တို့ကိုသာတွေ့ရှိသဖြင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးလှထွန်းတင်(လိုပြ-၇)ထံ တိုင်ကြား သည်။ ဦးလှထွန်းတင်က နှစ်ဖက်ခေါ်၍ ညှိနှိုင်းရာ သန်းလွင်တို့မှ နောက်ထပ် ၅ လ ငှားရမ်းပေးစေလိုကြောင်း၊ ဒေါ်မြင့်မြင့်သန်း ကလည်း ၎င်း၏တူမ နေထိုင်ရန်လိုအပ်သဖြင့် ဆက်လက် မငှားရမ်းနိုင်တော့ကြောင်း တင်ပြကြသည်။ ယင်းတိုက်ခန်းအား ဆက်လက်မငှားရမ်းလိုတော့သော်လည်း သန်းလွင်နှင့် မပြုံး(ခ) မပေါက်တို့မှ ထွက်ခွာမပေးသဖြင့် အရေးယူပေးရန် ဒေါ်မြင့်မြင့်သန်းက တိုင်ချက်(သက်သေခံ-က)ကို ဖွင့်လှစ်ခြင်းဖြစ်သည်။

အချင်းဖြစ်လူနေတိုက်ခန်းကို ဒေါ်မြင့်မြင့်သန်းတို့က ဝယ်ယူကြပြီးနောက် သော့ခတ်ပိတ်ထားရာမှ တစ်ဆက်တည်း မောင်မောင်ဦးအား ငှားရမ်းလိုက်ခြင်းဖြစ်သည်။ ယင်းတိုက်ခန်းကို မောင်မောင်ဦး၏ ဇနီးမလှလှဝင်းက ဒေါ်မြင့်မြင့်သန်းထံ အသိမပေးဘဲ သန်းလွင် အားထပ်မံငှားရမ်းသည်။ ငှားရမ်းနေထိုင်ခွင့်ကာလကျော်လွန်သည့် တိုင်အောင် သန်းလွင်နှင့် ၎င်း၏ ဇနီးမပြုံး(ခ)မပေါက်တို့သည် အချင်းဖြစ်တိုက်ခန်းတွင် ဆက်လက်နေထိုင်လျက်ရှိရာ ဒေါ်မြင့်မြင့်သန်း က စုံစမ်းမေးမြန်းမှသာ တစ်ဆင့်ခံအိမ်ငှားများဖြစ်ကြောင်း သိရှိရသည်။ ဒေါ်မြင့်မြင့်သန်းသည် ၎င်းကငှားရမ်းပေးအပ်ထားခြင်း မရှိသော တစ်ဆင့်ခံအိမ်ငှား သန်းလွင်နှင့် ၎င်း၏ ဇနီး မပြုံး(ခ)မပေါက် တို့အား အချင်းဖြစ်တိုက်ခန်းမှ ထွက်ခွာပေးရန် တောင်းဆိုသည်။ သန်းလွင်နှင့် ၎င်း၏ဇနီး မပြုံး(ခ) မပေါက်တို့သည် အချင်းဖြစ်တိုက်ခန်းမှ ဖယ်ရှားမပေး၍ အိမ်ကျော်နင်းမှုဖြင့် အရေး ယူပေးရန် ဒေါ်မြင့်မြင့်သန်းက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၈ အရ တရားစွဲဆိုခြင်းဖြစ်သည်။

၂၀၀၆
သန်းလွင်
ပါ ၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၈ အရ ပြစ်မှုမြောက်ရန်မှာ ပစ္စည်းလက်ရှိဖြစ်သူအား အတင်းအဓမ္မဖယ်ရှားပြီး ကျူးကျော်ခံရ မှသာ ပြစ်မှုမြောက်နိုင်မည်ဖြစ်သည်။ **ဒေါ်အုန်းကြည် ပါ ၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၆ အမှု**(၁)ကို ရည်ညွှန်းသည်။

အချင်းဖြစ် လူနေတိုက်ခန်းကို ဝင်ရောက်ရာ၌ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၄၁ အရ ပစ္စည်းလက်ရှိဖြစ်သူအား ခြောက်လှန့်ရန်၊ စော်ကားရန်သို့ မဟုတ်စိတ်ပြိုငြင်စေရန် အကြံဖြင့် ဝင်ရောက်လျှင် သို့မဟုတ် ထိုပစ္စည်းပေါ်သို့ တရားသဖြင့် ဝင်ရောက်ပြီး နောက်ပစ္စည်းလက်ရှိဖြစ်သူကို ခြောက်လှန့်ရန်၊ စော်ကားရန် သို့မဟုတ်စိတ်ပြိုငြင်စေရန်အကြံဖြင့် ဆက်လက်နေထိုင်ခြင်းဖြစ်လျှင် ရာဇဝတ်မကင်းသော ကျော်နင်းမှုဖြစ်သည်။ ရာဇဝတ်မကင်းသော ကျော်နင်းမှုကို ကျူးလွန်မှသာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၂ တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသော အိမ်ကျော်နင်းမှုကို ကျူးလွန်ရာရောက်သည်။

အမှုတွင်ဒေါ်မြင့်မြင့်သန်းသည် အချင်းဖြစ်တိုက်ခန်းကို ပိုင်ဆိုင်သည့်တိုင်အောင် မည်သည့်အခါကမှ လက်ရှိမဖြစ်ခဲ့ချေ။ ယင်းတိုက်ခန်းကို လက်ရှိဖြစ်သူများမှာ တစ်ဆင့်ခံ အိမ်ငှားသန်းလွင်နှင့် ၎င်း၏ဇနီး မပြုံး(ခ)မပေါက်တို့သာဖြစ်သည်။ ၎င်းတို့သည် တစ်ဆင့်ခံအိမ်ငှားများဖြစ်စေကာမူ အချင်းဖြစ်လူနေတိုက်ခန်းကို လက်ရှိဖြစ်သဖြင့် ဒေါ်မြင့်မြင့်သန်းက စွဲဆိုသည့်အိမ်ကျော်နင်းမှုကို ကျူးလွန်သည်ဟု မဆိုနိုင်ပေ။ ဒေါ်မြင့်မြင့်သန်းသည် တရားမကြောင်းဖြင့်သာ အချင်းဖြစ်လူနေတိုက်ခန်းမှ နှင်ထုတ်လိုမှုစွဲဆိုနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ တရားခံသန်းလွင်နှင့် မပြုံး(ခ)မပေါက် တို့ အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၈ အရ စွဲချက်တင်သည့် အောင်မြေသာစံ မြို့နယ် တရားရုံး၏အမိန့်ကို မန္တလေးခရိုင်တရားရုံးက ပယ်ဖျက်၍

(၁) ၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးစာ ၁၆၁

တရားခံများအား စွဲချက်မတင်ဘဲ အမှုမှ ပြန်လွှတ်စေရန် ပြင်ဆင်ချမှတ်သော အမိန့်မှာ မှားယွင်းခြင်းမရှိပေ။

ထို့ကြောင့် ဤပြစ်မှုဆိုင်ရာ ပြင်ဆင်မှုကို ခွင့်ပြုသည်။ အောင်မြေသာစံမြို့နယ်တရားရုံးက တရားခံသန်းလွင်နှင့် မပြုံး(ခ) မပေါက်တို့ အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၈ အရစွဲချက်တင်သည့်အမိန့်ကို ပြန်လည်အတည်ပြုသော မန္တလေးတိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး မန္တလေးခရိုင်တရားရုံးက တရားခံများအား စွဲချက်မတင်ဘဲ အမှုမှပြန်လွှတ်စေရန် ချမှတ်သည့်အမိန့်ကို ပြန်လည်အတည်ပြုလိုက်သည်။

+ ၂၀၀၆
ဖေဖော်ဝါရီလ
၁၀ရက်

# ပြစ်မှုဆိုင်ရာအထူးအယူခံမှု

တရားရုံးချုပ်၊ဒုတိယတရားသူကြီးချုပ်ဦးခင်မောင်လတ်၊
တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဦးစိန်လှိုင်နှင့်
ဦးကျော်ဝင်းတို့၏ရှေ့တွင်

ဒေါ်သိန်းခင်
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၄ *

ပစ္စည်းလက်လွတ်ခဲ့ရသည်ဟု ဆိုရန်အကြောင်းခြင်းရာ အချက်အလက်များအရသုံးသပ်ရခြင်း၊ လက်လွတ်ခြင်းမှာ နေအိမ်သာဖြစ်ပြီး တစ်ခြားတစ်နေရာရှိ ဈေးဆိုင်ခန်းပါဝင်ခြင်းမရှိ၍ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၂၂(၁) အရ အယူခံတရားလို ဒေါ်သိန်းခင်သည် ဈေးဆိုင်ခန်းကို မရထိုက်ခြင်း။

**ဆုံးဖြတ်ချက်။** ။ ဒေါ်သိန်းခင်သည် ၄င်း၏နေအိမ်တွင်ရှိနေစဉ် အနိုင်အထက်ပြုမူ ခြောက်လှန့်မှုခံရသဖြင့် အိမ်မှထွက်ပြေးရသည်ဖြစ်ရာ တစ်ခြားတစ်နေရာရှိ ဈေးဆိုင်ပါလက်လွတ်ဖြစ်သွားသည်ဟု သုံးသပ်လျှင် ဥပဒေပြဋ္ဌာန်းချက်ကို မလိုအပ်ဘဲချဲ့ထွင်ရာရောက်ပေလိမ့်မည်။ အကယ်၍ ဒေါ်သိန်းခင်တွင် ယခုဆိုင်ခန်းအပြင် အခြားသော အဆောက်အဦများရှိနေပြီး မသွားရဲဟုဆိုကာ တောင်းခံပါက အဆိုပါမရွှေ့မပြောင်းနိုင်သော ပစ္စည်းအားလုံးကို ပြန်ပေးရန်ဖြစ်နိုင်

---

* ၂၀၀၅ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထူးအယူခံမှုအမှတ် ၁၄

+ ၂၀၀၄ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ်၅၉၃(ခ)တွင် ချမှတ်သော ၁၀-၁၁-၂၀၀၄ ရက်စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်)၏ အမိန့်ကို အထူးအယူခံမှု

မည်မဟုတ်ပေ။ ပြန်ပေးလျှင်လည်းအချင်းဖြစ်နေရာရှိ ပစ္စည်းကို သာမက အခြားသောပစ္စည်းများကိုလည်းပြစ်မှုကြောင်းအရ တောင်းဆိုနိုင်သည်ဟူသော မလိုလားအပ်သည့် ထုံးသာဓကဖြစ်သွားပေလိမ့်မည်။ သို့ဖြစ်၍နေအိမ်ကိုသာ ဒေါ်သိန်းခင်အားပြန်ပေးစေရန်ချမှတ်သည့် အမိန့်သည်မှန်ကန်သည်။

၂၀၀၆
ဒေါ်သိန်းခင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၄

အယူခံတရားလိုအတွက် - ဦးဇမာ
(တရားရုံးချုပ်ရှေ့နေ)

အယူခံတရားခံများအတွက် - ၁။ ဦးခင်မောင်ဦး
(ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံးခွဲ မန္တလေးမြို့)
(၂၊ ၃၊ ၄) ဦးမြင့်ဆွေ
(တရားရုံးချုပ်ရှေ့နေ)

ဆားလင်းကြီးမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအထွေထွေမှု အမှတ် ၅/၂၀၀၄ တွင် ဒေါ်သိန်းခင်၏ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၅၂၂(၁) အရ လျှောက်ထားချက်ကို ခွင့်ပြုပြီး ၎င်းလက်လွတ်ဆုံးရှုံးရသည့် နေအိမ်နှင့်ဈေးဆိုင်ကို လျှောက်ထားခံရသူများက ပြန်လည်ပေးအပ်ရန် အမိန့်ချမှတ်သည်။ ယင်းအမိန့်အပေါ်လျှောက်ထားခံရသူ ကိုခင်မောင်သန်း၊ ကိုခင်မောင်ညိုနှင့်မမာမာသန်းတို့က မကွေးနယ်၍မုံရွာခရိုင်တရားရုံးတွင် အမှုအမှတ် ၁၃/၂၀၀၄ ဖြင့် ပြင်ဆင် မှုတင်သွင်းရာ ဈေးဆိုင်ကို ဒေါ်သိန်းခင်အား ပြန်လည်ပေးအပ်ရန် ချမှတ်သည့် မြို့နယ်တရားရုံး၏အမိန့်ကို ပယ်ဖျက်ပြီး ကိုခင်မောင်သန်း တို့က နေအိမ်ကို ဒေါ်သိန်းခင်အား ပြန်လည်ပေးအပ်စေရန် ချမှတ်သည့်အမိန့်ကို ဆက်လက်အတည်ပြုသည်။

ခရိုင်တရားရုံး၏အမိန့်ကို ဒေါ်သိန်းခင်က မကွေးနယ်၍ စစ်ကိုင်းတိုင်းတရားရုံးတွင် အမှုအမှတ် ၁၃၉/၂၀၀၄ ဖြင့် ပြင်ဆင်မှု

တင်သွင်းရာ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏အမိန့်အတိုင်း နေအိမ်နှင့်ဈေးဆိုင်ကို ဒေါ်သိန်းခင်အားပြန်လည်ပေးအပ်ရန် အမိန့်ချမှတ်သည်။ တိုင်းတရားရုံးအမိန့်အပေါ် ကိုခင်မောင်သန်းတို့က မကျေနပ်၍ တရားရုံးချုပ်(မန္တလေးရုံးထိုင်)တွင် အမှုအမှတ် ၅၉၃(ခ)/ ၂၀၀၄ ဖြင့် ပြင်ဆင်မှု တင်သွင်းရာ တရားရုံးချုပ်က ဈေးဆိုင်ခန်းကို ဒေါ်သိန်းခင်အားပြန်ပေးသည့် အမိန့်ကိုပယ်ဖျက်ပြီးခရိုင်တရားရုံး အမိန့်(နေအိမ်ကို ဒေါ်သိန်းခင်အားပြန်လည်ပေးသည့်အမိန့်)ကို အတည်ပြုသည်။

တရားရုံးချုပ်(မန္တလေးရုံးထိုင်)အမိန့်အပေါ် ဒေါ်သိန်းခင်က မကျေနပ်၍တရားရုံးချုပ်တွင် အထူးအယူခံဝင်ခွင့်ရရန်အထွေထွေ လျှောက်လွှာအမှတ် ၄၅/ ၂၀၀၅ ဖြင့် လျှောက်ထားရာ တရားရုံးချုပ် (မန္တလေးရုံးထိုင်)က အောက်ပါ ပြဿနာကိုကြားနာရန်အထူးအယူခံ ဝင်ခွင့်ပြုခဲ့သည်-

"အနိုင်အထက်ပြုခြင်း၊ ခြိမ်းခြောက်ခြင်းတို့ကြောင့် လျှောက်ထားသူ လက်လွှတ်ခဲ့ရသည်မှာ နေအိမ်သာဖြစ်ပြီး ဈေးဆိုင်ပါဝင်ခြင်း မရှိကြောင်း တရားရုံးချုပ်က သုံးသပ်ကာ နေအိမ်ကိုသာ ဒေါ်သိန်းခင်ထံသို့ ပြန်ပေးစေရန် ချမှတ်ခဲ့သည့် အမိန့်သည် အမှုတွဲပေါ် ပေါက်ချက်များအရ မှန်ကန်ခြင်းရှိ မရှိ။"

အမှုမှာ ဆားလင်းကြီးမြို့နယ်၊ ညောင်ပင်ကြီးကျေးရွာရှိ ဒေါ်သိန်းခင်က ရွာရှိနေအိမ်နှင့်ဈေးဆိုင်ကို နှစ်ပေါင်းများစွာလက်ရှိ ထား နေထိုင်လုပ်ကိုင်ခဲ့ကြောင်း၊ ၁၃-၁၁-၂၀၀၃ ရက်နေ့ ည ၈း၀၀ နာရီ အချိန်ခန့်က မိမိနေအိမ်အတွင်းသို့ သားဖြစ်သူ ကိုခင်မောင်သန်း နှင့် ကိုခင်မောင်ညိုတို့က ကျူးကျော်ဝင်ရောက်လာပြီး သမီး မမာမာသန်း နှင့်ပူးပေါင်းကာ မိမိအားရိုက်နှက်ခြင်း၊ ကြိမ်းဝါးခြိမ်း ခြောက်ခြင်း၊ ရာဇဝတ်မကင်းသော အနိုင်အထက်ပြုခြင်းတို့ကြောင့်၊

နေအိမ်နှင့်ဈေး ဆိုင်ကို စွန့်ခွာပြီးထွက်ပြေးခဲ့ရကြောင်း၊ လျှောက်ထားခံရသူများကို မိမိက တရားစွဲဆိုရာ လျှောက်ထားခံရသူများအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၈၊ ၃၅၂၊ ၅၀၆ တို့ အရ ပြစ်ဒဏ်အသီးသီး ချမှတ်ခဲ့ကြောင်း၊ ၎င်းတို့သည် မိမိနေအိမ်နှင့်ဈေးဆိုင်ခန်းကို ပြန်မပေးဘဲ ဆက်လက် ကျူးကျော်နေသဖြင့် မိမိအားပြန်လည် လက်ရောက်ပေးအပ်စေရန် အမိန့်ချမှတ်ပေးစေလိုကြောင်းဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၂၂ အရ မူလမြို့နယ်တရားရုံးတွင် လျှောက်ထားရာမှ ပေါ်ပေါက်လာသောအမှုဖြစ်သည်။

ဆားလင်းကြီးမြို့နယ်တရားရုံးက လျှောက်ထားသူသည် မိခင်ဖြစ်ပြီး လျှောက်ထားခံရသူများမှာ သားသမီးများဖြစ်ကြောင်း၊ သားသမီးများက ပြစ်မှုမကင်းသော အနိုင်အထက်ပြုမှုကြောင့် လက်ရှိနေအိမ်မှလက်လွတ်ထွက်ပြေးရခြင်းဖြစ်ရာ ဆိုင်ခန်းရောင်းချ၍ လုပ်ကိုင်ကျွေးမွေးပါသည်ဆိုသော အတူနေသမီးမမာမာသန်းကပါ အိမ်ပေါ်သို့ခေါ်ယူခြင်းမရှိကြောင်း၊ လျှောက်ထားခံရသူများသည် မိခင်ကြီးအားမတရား လက်လွှတ်ဆုံးရှုံးစေရန် ရည်ရွယ်မှုဖြင့် ယနေ့တိုင်အောင် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများအား လက်ရှိဆန့်ကျင်နေထိုင်လျက်ရှိခြင်းမှာ ပေါ်ပေါက်ကြောင်း၊ နေအိမ်နှင့်ဆိုင်ခန်းကို လျှောက်ထားခံရသူများပိုင်ဆိုင်ကြောင်း လက်ဝယ်ထားကြောင်းလည်း ပေါ်ပေါက်မှုမရှိကြောင်း၊ နေအိမ်နှင့်ဆိုင်ခန်းသို့မသွားရဲ၊ မလာရဲဖြစ်နေသူ မိခင်ကြီးသည် နေအိမ်ပြင်ပတွင် နေထိုင်ရကြောင်း သုံးသပ်၍ နေအိမ်နှင့် ဈေးဆိုင်ကို ဒေါ်သိန်းခင် (မိခင်)အား လျှောက်ထားခံရသူများက ပြန်လည်ပေးအပ်ရန် အမိန့်ချမှတ်သည်။

ခရိုင်တရားရုံးက တရားခံများ၏ အနိုင်အထက်ပြုကျင့်မှုကြောင့် တရားလိုလက်လွတ်ထွက်ပြေးခဲ့ရသည့် ဥပစာမှာ တရားလိုနေထိုင်သည့် နေအိမ်ဖြစ်သည်ဟုပင် ယူဆရမည်ဖြစ်ကြောင်း၊ အချင်းဖြစ်ည ၈း၀၀ နာရီ အချိန်ခန့်တွင် တရားလိုသည် နေအိမ်၌

၂၀၀၆
ဒေါ်သိန်းခင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၄

ရှိနေသည်မှာ ပေါ်ပေါက်နေ၍ တစ်ချိန်တည်းတွင် အခြားတစ်နေရာတွင် ရှိနေသည့် ဈေးဆိုင်၌ရှိနေရန် အကြောင်းမရှိကြောင်း၊ တရားခံများ၏ အနိုင်အထက်ပြုကျင့်ခြင်း ခံရ၍လက်လွှတ်ခဲ့ရကြောင်း ပေါ်လွင်ထင်ရှားခြင်း မရှိသည့် ဈေးဆိုင်ခန်းကို တရားလိုအား ပြန်ပေးခြင်းမှာ ပြစ်မှု ဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၅၂၂ (၁) ပါပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်း မရှိကြောင်းသုံးသပ်၍ ဆိုင်ခန်းပြန်ပေးသည့် မြို့နယ်တရားရုံးအမိန့်ကို ပယ်ဖျက်ပြီး နေအိမ်ပြန်ပေးသည့် အမိန့်ကိုအတည်ပြုသည်။

တိုင်းတရားရုံးက ပြင်ဆင်မှုတွင် ဈေးဆိုင်နှင့်နေအိမ်၏ အကွာအဝေး၊ ဈေးဆိုင်ကို မည်သူလက်ရှိဈေးရောင်းနေကြောင်း၊ ဈေးဆိုင်ကို မည်သူပိုင်ကြောင်း၊ လျှောက်ထားသူ ဒေါ်သိန်းခင်က ဈေးဆိုင်ကို သွားရောက်ရောင်းချခြင်း မပြုသည့် အကြောင်းနှင့် ဈေးဆိုင်တွင် ပြဿနာဖြစ်ခဲ့သလားဟူသော အကြောင်းများကို မြို့နယ်တရားရုံးအား စစ်ဆေးတင်ပြစေသည်။ ထို့နောက် ဆိုင်ခန်းကို ဒေါ်သိန်းခင် ဝယ်ယူပိုင်ဆိုင်ပြီး လျှောက်ထားခံရသူ သားသမီးများ ပိုင်ဆိုင်မှု မရှိကြောင်း၊ မိမိပိုင်ဆိုင်ခန်းအား လျှောက်ထားခံရသူများအား ကြောက်ရွံ့မှု၊ ခြိမ်းခြောက်မှုနှင့် လျှောက်ထားခံရသူ မမာမာသန်းလက်ဝယ်တွင် ရှိနေမှုတို့ကြောင့် မိမိဆိုင်ခန်းသို့ ဒေါ်သိန်းခင် မသွားနိုင်ဟုတွေ့ရကြောင်းသုံးသပ်၍ ဆိုင်ခန်းကို ဒေါ်သိန်းခင်အား ပြန်လည် ပေးအပ်စေရန် အမိန့်ချမှတ်သည်။

တရားရုံးချုပ် (မန္တလေးရုံးထိုင်)က အနိုင်အထက်ပြုမှုကြောင့် လက်လွှတ်ထွက်ပြေးခဲ့ရသည့် ဥပစာမှာ ဒေါ်သိန်းခင်နေထိုင်သည့် နေအိမ်သာဖြစ်ကြောင်း၊ အခြားတစ်နေရာတွင် သီးခြားရှိသည့် ဈေးဆိုင်ကို လက်လွှတ်ခဲ့ရသည်ဟု ကောက်ယူ၍ရမည် မဟုတ်ကြောင်း၊ ထိုသို့ ကောက်ယူပါက ပိုမိုချဲ့ကားရာ ရောက်မည်ဖြစ်ကြောင်း၊ ပိုင်ဆိုင်မှုကိုလည်း ထည့်သွင်းစဉ်းစားရန်လိုအပ်မည် မဟုတ်ကြောင်း

သုံးသပ်၍ ဒေါ်သိန်းခင်အား ဆိုင်ခန်း ပြန်လည်ပေးအပ်ထားသည့် အမိန့်ကို ပယ်ဖျက်သည်။

၂၀၀၆
ဒေါ်သိန်းခင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၄

အယူခံတရားလို ဒေါ်သိန်းခင်၏ ရှေ့နေက ဈေးဆိုင်မှာ အနိုင်အထက်ပြုမှု၊ ခြိမ်းခြောက်မှု ကျူးလွန်သည့် နေအိမ်နှင့်အတူမရှိ၊ သီးခြားရှိနေကြောင်း၊ ဈေးဆိုင်ကို အယူခံတရားလို ဒေါ်သိန်းခင် ပိုင်ဆိုင်ပြီး သား‌သမီးများနှင့်အတူ လုပ်ကိုင်လျက်ရှိကြောင်း၊ ဈေးဆိုင်တွင် မမာမာသန်းရှိနေကြောင်း၊ ၎င်းတို့ကို ကြောက်ရွံ့၍ ဒေါ်သိန်းခင် မသွားရောက်ခြင်းဖြစ်ကြောင်း၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂(၁) ပါပြဋ္ဌာန်းချက်အရ မူလရုံးအမိန့်ကို အထက်ရုံးများက ပယ်ဖျက်နိုင်သည့် အာဏာအပ်နှင်းခြင်းမျိုးမဟုတ်ကြောင်း၊ အယူခံတရားခံ ကိုခင်မောင်သန်း ပါ-၃ ဦး၏အပြုအမူကြောင့် ဒေါ်သိန်းခင်သည် ဆိုင်ခန်းလက်ရှိဖြစ်ရာမှ လက်လွတ်ခဲ့ရသည်ဟု ပေါ်ပေါက်သဖြင့် ဆိုင်ခန်းကို ဒေါ်သိန်းခင်အားလက်ရောက်ပြန်ပေးသင့်ကြောင်း **ဒေါ်တင် ပါ-၂ နှင့် နိုင်ငံတော်ပါ-၃ အမှု** [(၁)] အပြင် အခြားစီရင်ထုံးများကို ကိုးကားလျှောက်ထားသည်။

အယူခံတရားခံများ၏ ရှေ့နေက အချင်းမဖြစ်မီကပင် ဈေးဆိုင်ခန်းကို ဈေးရောင်းသူမှာ မမာမာသန်းဖြစ်ကြောင်းနှင့် ဒေါ်သိန်းခင်၏ လက်ရှိမဟုတ်ကြောင်းမှာ ပေါ်ပေါက်နေကြောင်း၊ ဈေးဆိုင်ခန်းကို မည်သူတရားဝင်ပိုင်ဆိုင်သည်ဆိုသည့်အချက်မှာ အဓိကမကျကြောင်း၊ ဒေါ်သိန်းခင် နေအိမ်တွင်အခင်းဖြစ်ပွားသောကြောင့် ဈေးဆိုင်ခန်းပါ လက်လွတ်ဆုံးရှုံးရာရောက်သည်ဟု တင်ပြခြင်းမှာ အကြောင်းခြင်းရာအရလည်းကောင်း၊ ဥပဒေရှုထောင့်အနေဖြင့်လည်းကောင်း ပတ်သက်မှုမရှိသည်ကို တွေ့ရကြောင်း၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကိုလက်လွတ်ဆုံးရှုံးမှု ရှိမှသာလျှင် လက်လွတ်ခံရသူအား ပိုင်ဆိုင်ခွင့်ကို ပြန်လည်ပေးအပ်သည့် အမိန့်ချမှတ်နိုင်သည်ဟု

(၁) ၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၁၉

၂၀၀၆
ဒေါ်သိန်းခင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၄

ဦးကြည်ဝင်းနှင့် နိုင်ငံတော် ပါ-၂ အမှု(၂) တွင် ထုံးဖွဲ့ထားကြောင်း၊ ဒေါ်သိန်းခင်၏ အယူခံမှုကို ပလပ်သင့်ကြောင်းလျှောက်ထားသည်။

ရှေ့နေချုပ်ရုံးခွဲ၊ ညွှန်ကြားရေးမှူးက ဒေါ်သိန်းခင်သည် သားများ၏ ကြိမ်းဝါးခြိမ်းခြောက်ခြင်း၊ အနိုင်အထက်ပြုခြင်းကြောင့် လက်လွတ်ထွက်ပြေးခဲ့ရသည်မှာ နေအိမ်သာဖြစ်ပြီး သီးခြားရှိနေသည့် စျေးဆိုင်ကို လက်လွတ်ခြင်းမဟုတ်ကြောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၂) ပါ ပြဋ္ဌာန်းချက်အရ တရားမရုံး၌ထင်ရှားနိုင်သည့် ပိုင်ဆိုင်ခွင့်၊ သို့မဟုတ် အကျိုးစီးပွားကို ထိခိုက်ခြင်းမရှိစေရန် တရားရုံးများက သတိပြုရန် လိုအပ်ကြောင်း၊ မြို့နယ်တရားရုံး၏ ထပ်မံစုံစမ်းစစ်ဆေး ချက်အရ အချင်းမဖြစ်မီက အဆိုပါဆိုင်ခန်း၌ တရားလိုဒေါ်သိန်းခင်နှင့် သမီး မမာမာသန်းတို့ ဦးစီးလုပ်ကိုင်ခဲ့သည်ဟု စိစစ်ပေါ်ပေါက်နေကြောင်း၊ အနိုင်အထက်ပြုခြင်း၊ ခြိမ်းခြောက်ခြင်းကြောင့် ဒေါ်သိန်းခင် လက်လွတ်ခဲ့သည်မှာ နေအိမ်သာဖြစ်ပြီး စျေးဆိုင်မပါဝင်ကြောင်းတရားရုံးချုပ်က သုံးသပ်၍ ဒေါ်သိန်းခင်ကို နေအိမ်ပြန်ပေးရန် အမိန့်ချမှတ်သည်မှာ မှန်ကန်ကြောင်းလျှောက်ထားသည်။

အမှုကို စိစစ်ကြည့်ရှုရာတွင် ဒေါ်သိန်းခင်က သားသမီးများဖြစ်ကြသော ကိုခင်မောင်သန်း၊ ကိုခင်မောင်ညိုနှင့် မမာမာသန်းတို့အပေါ် စွဲဆိုသော ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃၁၈/၂၀၀၃ ၏ စီရင်ချက်တွင် ကိုခင်မောင်ညိုသည် မိခင်အား ဆံပင်ဆွဲခြင်း၊ လည်ပင်းကုတ်ခြင်း စသည်ဖြင့် ပြစ်မှုမကင်းသော အနိုင်အထက်ပြုမှုကို ကျူးလွန်ခြင်း၊ နေအိမ်အတွင်းမှ မိခင်မှာ ရုတ်တရက် လက်လွတ်ထွက်ပြေးခဲ့ရခြင်းစသည်ဖြင့်ပြုမူခဲ့ကြသဖြင့် တရားလိုမှာ ယနေ့တိုင်အောင် ၎င်း၏ နေအိမ်သို့သွားရောက်ခဲ့ရခြင်း မရှိကြောင်းသုံးသပ်သည်။ ကိုခင်မောင်ညိုကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၈/၃၄၊ ၃၅၂ နှင့်

(၂) ၂၀၀၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၁

၂၀၀၆
ဒေါ်သိန်းခင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၄

ပုဒ်မ ၅၀၆/၃၄ တို့အရ အပြစ်ပေးသည်။ ကိုခင်မောင်သန်းကိုပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၈/၃၄ အရလည်းကောင်း၊ ပုဒ်မ ၅၀၆/၃၄ အရ လည်းကောင်းအပြစ်ပေးသည်။ မမာမာသန်းကို ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၅၀၆/၃၄ အရလည်းကောင်း အပြစ်ပေးသည်။

ထို့ကြောင့် ကိုခင်မောင်ညိုတို့သည် မိခင်ကို ပြစ်မှုမကင်းသော အနိုင်အထက်ပြုမှု၊ ပြစ်မှုမကင်းသော ခြောက်လှန့်မှုပါသည့် ပြစ်မှုတို့ဖြင့် ပြစ်မှုထင်ရှားစီရင်ခံရသူများဖြစ်သည်။ ၎င်းတို့၏ ပြုလုပ်မှုကြောင့် မိခင်ဒေါ်သိန်းခင်သည် ၎င်း၏နေအိမ်မှ ထွက်ပြေးရသဖြင့် အိမ်ကို လက်လွှတ်ခဲ့ရကြောင်း ထင်ရှားသည်။

သို့သော်လည်း အချင်းဖြစ်ဈေးဆိုင်မှာ နေအိမ်နှင့်တစ်ဆက်တည်းမဟုတ်။ တစ်ဝိုင်းတည်းတွင် တည်ရှိသော အဆောက်အဦများလည်းမဟုတ်ပေ။ နေအိမ်နှင့်ဈေးဆိုင်ကြားတွင် လမ်းနှင့်အိမ်များစွာရှိပြီး မိုင်ဝက်ခန့်ဝေးကြောင်း ပေါ်ပေါက်သည်။ ဈေးဆိုင်ခန်းသို့ မလာရန် ကိုခင်မောင်ညိုတို့က ဒေါ်သိန်းခင်ကို ခြိမ်းခြောက်ခြင်းလည်း မရှိသောကြောင့် ဈေးဆိုင်မှ ထွက်ပြေးခဲ့ရသည်ဟု ဆိုနိုင်မည် မဟုတ်ပေ။

နှစ်ဘက်ရှေ့နေများ အလေးထားတင်ပြသည့် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၂၂ (၁) မှ ကောက်နုတ်ဖော်ပြလိုသည့် အချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

> "၅၂၂ (၁) × × × အနိုင်အထက်ပြုမှု၊ သို့မဟုတ် အနိုင်အထက်ပြုကျင့်မည့် ဟန်အမူအရာပြသမှု၊ သို့မဟုတ် ပြစ်မှုမကင်းသော ခြောက်လှန့်မှုကြောင့် တစ်ဦးတစ်ယောက်သောသူမှာ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းတစ်ရပ်ရပ်ကို လက်လွှတ်ခံရသည်ဟု ပေါ်ပေါက်လျှင် တရားရုံးက × × ၎င်းပစ္စည်းလက်လွှတ်လိုက်ရသူအား ပစ္စည်းလက်ရှိ ပိုင်ဆိုင်ခွင့်ကို ပြန်လည်ပေးအပ်စေရန် အမိန့်ချမှတ်နိုင်သည်"

၂၀၀၆
ဒေါ်သိန်းခင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၄

ဤပြဋ္ဌာန်းချက်အရ မူလရုံးက ပစ္စည်းလက်ရှိ ပိုင်ဆိုင်ခွင့်ကို ပြန်လည်ပေးအပ်စေရန် အမိန့်ချမှတ်နိုင်သကဲ့သို့ ပစ္စည်းလက်ရှိ ပိုင်ဆိုင်ခွင့်ကို ပြန်လည်ပေးအပ်ရန် ငြင်းပယ်သည့် အမိန့်ကိုလည်း ချမှတ်နိုင်ကြောင်း မြင်သာသည်။ မူလရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) အရ အမိန့်ချမှတ်ခြင်း မရှိခဲ့လျှင် ပုဒ်မ ၅၂၂ (၃) အရ အယူခံ၊ပြင်ဆင်တရားရုံးက ယင်းအမိန့်မျိုးကို ချမှတ်နိုင်သည်။ ယခုအမှုမှာ အထက်တရားရုံးများက ပုဒ်မ ၅၂၂(၃) အရ အမိန့် ချမှတ်ခြင်းမဟုတ်ဘဲ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၂၂ (၁) အရ ချမှတ်သော မူလရုံး ၏အမိန့်အပေါ် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ အရ တက်ရောက်လာသော ပြင်ဆင်မှုတွင် ချမှတ်သော အမိန့်ဖြစ်သဖြင့် မူလရုံး၏ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၂၂ (၁) အရ ချမှတ်သော အမိန့်ကို ပယ်ဖျက်နိုင်သည်။ ဤဥပဒေ သဘောကို **မငွေငြိမ်း နှင့် မောင်ချင်ပုံ အမှု**[၃] တွင်ကြည့်ပါ။ သို့ဖြစ်၍ အထက်တရားရုံးများက မူလရုံးအမိန့်ကို ပယ်ဖျက်ရန် အာဏာမရှိကြောင်း အယူခံတရားလို ရှေ့နေ၏တင်ပြချက်မှာ ဥပဒေအရ မှန်ကန်သည်ဟု ဆိုနိုင်မည် မဟုတ်ပေ။

ပြစ်မှုမကင်းသော အနိုင်အထက်ပြုမှု၊ သို့မဟုတ် ပြစ်မှုမကင်းသော အနိုင်အထက်ပြုဟန်ပြမှု၊ သို့မဟုတ် ပြစ်မှုမကင်းသော ခြိမ်းခြောက်မှု မပါဘဲသာမန်ကျော်နင်းမှုဖြစ်၍ ပစ္စည်းကို ပြန်ပေးစေရန် အမိန့်မချနိုင်ကြောင်း **ဦးကျော်လှနှင့်နိုင်ငံတော်(ဦးတင်မောင်) အမှု**[၄] တွင်တရားရုံးချုပ်က ဆုံးဖြတ်သည်။

**ဒေါ်တင်ပါ-၂ နှင့် နိုင်ငံတော်ပါ-၃ အမှု**[၅] တွင် ကိုတင်ဝင်းတို့က ပြစ်မှုမကင်းသော အနိုင်အထက်ပြုမှု၊ သို့မဟုတ်

---

(၃) ၁၉၆၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၉၈၀

(၄) ၁၉၅၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားရုံးချုပ်) စာ ၂၅၉

(၅) ၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၁၉

အနိုင်အထက်ပြုကျင့်မှု ဟန်အမူအရာပြသမှု၊ သို့မဟုတ် ပြစ်မှုမကင်းသော ခြောက်လှန့်မှုတစ်ခုခုပြုခြင်းကြောင့် ဦးဘသန်းတို့သည် အချင်းဖြစ် ဥပစာကို လက်လွှတ်ခဲ့ရကြောင်း ပေါ်လွင်ထင်ရှားခြင်း မရှိဟု သုံးသပ်၍ ဦးဘသန်းတို့အား အဆောက်အဦပြန်လည်ပေးအပ်ခြင်း မပြုသည့် တရားရုံးချုပ်အမိန့်ကို အတည်ပြုသည်။

၂၀၀၆
ဒေါ်သိန်းခင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၄

ထို့ကြောင့် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၂၂ (၁) ပါ ပြဋ္ဌာန်းချက်နှင့် စီရင်ထုံးများအရ တစ်ဦးတစ်ယောက်က ပစ္စည်းကို လက်လွှတ်ခဲ့ရခြင်းသည် အနိုင်အထက်ပြုမှု၊ သို့မဟုတ် ခြောက်လှန့်မှု ကြောင့်ဖြစ်ကြောင်းပေါ်ပေါက်မှသာ ထိုသူအား ယင်းပစ္စည်းကို ပြန်လည်ပေးအပ်နိုင်မည်ဖြစ်ပေသည်။

ယခုအမှုတွင် ဒေါ်သိန်းခင်က ဈေးဆိုင်ခန်းကို စွန့်ခွာခဲ့သည် ဟုဆိုသော်လည်း ၎င်း၏ထွက်ချက်တွင် ဤသို့ပါရှိသည်။

> "ကျွန်မအနေဖြင့် နေအိမ်တွင်ရှိနေစဉ် လျှောက်ထားသူများ၏ ပြုမူချက်ကြောင့် ခင်မောင်ချစ်အိမ်သို့ ရှောင်တိမ်းနေခဲ့ရာမှ xxx ယနေ့အချိန်ထိ ကမ်းနားလမ်းရှိ မမာမာသန်း ဈေးရောင်းနေသည့် ဆိုင်သို့ သွားရောက်ခဲ့ရခြင်းမရှိပါ။ ထိုသို့ မသွားရောက်ခဲ့ခြင်းမှာ ကျွန်မအား လျှောက်ထားခံရသူများမှ တစ်စုံတစ်ရာပြုလုပ်မည်စိုး၍ မသွားခဲ့ရခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်မနှင့်လျှောက်ထားခံရသူတို့ အချင်းဖြစ်ပွားသည်မှာ ကျွန်မ၏နေအိမ်သာဖြစ်ပြီး အချင်းဖြစ် ဈေးဆိုင်တွင် မည်သည့်ပြဿနာတစ်စုံတစ်ရာမရှိပါ။ ကျွန်မကြောက်၍ မသွားခဲ့ခြင်းဖြစ်ပါသည်။"

အထက်ပါ ထွက်ဆိုချက်အရဆိုလျှင် လျှောက်ထားခံရသူများကို ကြောက်၍ ဈေးဆိုင်သို့ ဒေါ်သိန်းခင် မသွားခြင်းဖြစ်သည်။ ဈေးဆိုင်တွင်လည်းပြဿနာမရှိသောကြောင့် တစ်ယောက်တည်း မသွားရဲပါက ရပ်ရွာလူကြီးများကိုတင်ပြပြောဆို၍ ၎င်းတို့နှင့်အတူ

၂၀၀၆
ဒေါ်သိန်းခင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၄

သွားရောက်၍ရနိုင်ပေသည်။ ထိုသို့သွားရောက်ခြင်းလုံးဝမရှိသောကြောင့် စိတ်ကူးဖြင့် ကြောက်နေခြင်းဖြစ်ဟန်တူသည်။

နှစ်ဘက်သက်သေခံချက်များအရ အချင်းဖြစ်ဆိုင်ခန်းကို ဒေါ်သိန်းခင် ဝယ်ယူပိုင်ဆိုင်ခဲ့ကြောင်း မြေပုံမြေရာဇဝင်တွင် ၎င်း၏ အမည်ပေါက်ခြင်းမှ ကောက်ယူနိုင်သည့် အထောက်အထားများတွေ့ ရသော်လည်း အချင်းဖြစ်ဆိုင်ခန်းတွင် မမာမာသန်းသာ စျေးရောင်း လျက်ရှိပြီး ဒေါ်သိန်းခင်သည် မမာမာသန်းနှင့် ဒိုးတူပေါင်ဘက် စျေးရောင်းသည့်အချက်မပေါ်ပေ။ ဆိုင်ခန်းရှိပစ္စည်း အမျိုးအမည်များ ကိုလည်း ဒေါ်သိန်းခင် မသိသည့်အတွက်စျေးရောင်းနေသူ မဟုတ် တန်ရာ။ ဒေါ်သိန်းခင်က သားသမီးများအပေါ်စွဲဆိုသော မူလ ပြစ်မှုကြီးတွင် သားသမီးများက နိုင်ငံခြားသွားရန်ငွေတောင်းသော အခါ ဒေါ်သိန်းခင်က "နင်တို့စျေးရောင်းလို့ရတဲ့ ပိုက်ဆံတွေနဲ့သွားပါ လား"ဟုပြန်ပြောခဲ့သည့်အချက်ကို ထောက်ချင့်လျှင် စျေးဆိုင်မှ ရငွေများ ဒေါ်သိန်းခင်လက်ထဲမရှိဟု ဆိုနိုင်သည်။ ဤအချက်မှာ စျေးဆိုင်ကို ဒေါ်သိန်းခင် အုပ်စည်းရောင်းဝယ်ခြင်း မဟုတ်ကြောင်း၊ သို့မဟုတ် ၎င်းလက်ရှိမဟုတ်ကြောင်း အထောက်အထားတစ်ရပ်ဖြစ်သည်။

သို့ဖြစ်ရာ ဒေါ်သိန်းခင်သည် စျေးရောင်းချရာ၌ ဦးစီးလုပ် ကိုင်မှုမရှိခြင်းနှင့် စျေးဆိုင်သို့ နေ့စဉ်ထိုသို့သွား၍ စျေးရောင်းသူ မဟုတ်ခြင်းတို့ကြောင့် ၎င်း၏လက်ရှိဖြစ်သော စျေးဆိုင်ဟုဆိုရန် အထောက်အထားအားနည်းကြောင်းတွေ့ရှိရသည်။ သားသမီးများ ၏ ခြိမ်းခြောက်စော်ကားမှုကြောင့် နေအိမ်မှ ဒေါ်သိန်းခင်ဆင်းပြေး ရသည် မှန်သော်လည်း စျေးဆိုင်ကိုမလာရန် ခြောက်လှန့်ခြင်း၊ အနိုင် အထက်ပြုခြင်း ခံရသည်ဟူသော သက်သေခံချက်လုံးဝမရှိပေ။

စုပေါင်းသုံးသပ်ရလျှင် ဒေါ်သိန်းခင်သည် ၎င်းလက်ရှိ ဖြစ် သော စျေးဆိုင်မှ ဖယ်ရှားခံရသည်၊ စျေးဆိုင်ကို လက်လွှတ်ခဲ့ရသည် ဟုဆိုရန်ခဲယဉ်းသည်။

+ ၂၀၀၆
စက်တင်ဘာလ
၂၉ ရက်

# ပြစ်မှုဆိုင်ရာအထူးအယူခံမှု

တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ်ဦးသိန်းစိုး၊
တရားသူကြီးများဖြစ်ကြသောဒေါက်တာတင်အောင်အေး နှင့်
ဦးချစ်လွင် တို့ရှေ့တွင်

ဦးညဏ်လင်းအောင်
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၂ *

ပြစ်မှုဆိုင်ရာအမှုများကို တိုင်ကြားတရားစွဲဆိုရာတွင် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ ၁၉၅ မှ ၁၉၉ ပါပြစ်မှုများ၊ ပုဒ်မ ၄၈၀၊ ပုဒ်မ ၄၈၅၊ ပုဒ်မ ၁၃၂ တို့တွင် ဖော်ပြထားသည့် ကိစ္စရပ်များမှအပ အခြားပြစ်မှုဆိုင်ရာ အမှုများကို မည်သူက တရားစွဲဆိုရမည်ဟု ပြဋ္ဌာန်းထားမှု မရှိခြင်း။

**ဆုံးဖြတ်ချက်။** ။ ဤအမှုတွင် ဦးညဏ်လင်းအောင်က ပြည့်စုံဝင်းနိုင်ကုမ္ပဏီ၏ကိုယ်စားလှယ်စာကို ရရှိကြောင်းတင်ပြထားသော်လည်း အမှုကို တရားစွဲဆိုရာတွင် ဦးညဏ်လင်းအောင်ကိုယ်တိုင် လက်မှတ်ထိုးပြီး ရဲစခန်း ထံတိုင်ချက်ရေးဖွင့်ခဲ့ခြင်းဖြစ်သည်။ ပြစ်မှုဆိုင်ရာ အမှုများကို အမှုအကြောင်း သိရှိသူမည်သူမဆို တိုင်ကြားစွဲဆိုခွင့်ရှိသည်။ ပြစ်မှုများတွင် တရားလိုအဖြစ် နိုင်ငံတော်ကရပ်တည်ပေးလျက်ရှိ

* ၂၀၀၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၂၄၊ ၂၅
\+ ၂၀၀၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၆၅(ခ)တွင် ချမှတ်သော ၁၈. ၁၁. ၂၀၀၅ ရက်စွဲပါ တရားရုံးချုပ်၏ အမိန့်ကို အထူးအယူခံမှု

သည်။ မည်သူမဆိုအမှုအကြောင်းသိရှိပါက သက်သေခံခွင့်ရှိသည်။ ယခုပြစ်မှုမျိုးကို မည်သူကသာ တရားလိုပြုလုပ်စွဲ ဆိုရမည်ဟု ဥပဒေတစ်ရပ်ရပ်က ကန့်သတ်ထားကြောင်း မတွေ့ရပေ။ အမှုတွင် အချင်းဖြစ် ဥပစာတွင် ဝင်ထွက်ခွင့်မရသော ပုဂ္ဂိုလ်များ၊ အခန်းဝယ်ယူထားသော ပုဂ္ဂိုလ်များ၊ ရောင်းချသည့် ပုဂ္ဂိုလ်များက သက်သေခံအဖြစ် အစစ်ခံ ထွက်ဆိုထားကြောင်း တွေ့ရှိရသည်။ တရားလို ဦးဉာဏ်လင်းအောင် က ပြည့်စုံဝင်းနိုင်ကမ္ပဏီထံမှ ကိုယ်စားလှယ်လွှဲစာရရှိ၍ အမှုတွင် သက်သေခံတင်ပြထားခြင်း ကြောင့် ဤအမှုကို ကိုယ်စားလှယ်စာရ ယူကာ တရားစွဲဆိုသည်ဟု ကောက်ယူရန်မသင့်ပေ။ ယခုအမှုမှာ ဦးဉာဏ်လင်းအောင်က ရဲစခန်း ကို တိုင်ကြားသဖြင့် ရဲစခန်းက ပထမ သတင်းပေး တိုင်ချက်ရေးဖွင့်ပြီး အမှုကို တည်ဆောက်တရားစွဲဆို ခဲ့ခြင်းဖြစ်သည်။ ယခုဖော်ပြပါ ပြစ်မှု များမှာလည်း ရဲအရာရှိက ဝရမ်းမပါဘဲ ဖမ်းဆီးအရေးယူခွင့် ရှိသောအမှုများဖြစ်သည်။ ရဲအရာရှိ က အမှုကို စုံစမ်းထောက်လှမ်း ရာ၌ လုံလောက်သော သက်သေခံချက် ရရှိလျှင် အမှုကို စစ်ဆေး စီရင်ပိုင်ခွင့်ရှိသော တရားသူကြီးထံသို့ ရဲအရာရှိက တင်ပို့ရန် ပြစ်မှု ဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၇၀ တွင် ပြဋ္ဌာန်းထားသည်။ ထိုကဲ့သို့ တရားစွဲဆိုတင် ပို့လာသောအမှုကို စစ်ဆေးစီရင်ပိုင်ခွင့်ရှိသော တရားသူကြီးက ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၉၀ အရ အမှုကို စစ်ဆေးစီရင်ခွင့်ရှိသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ မှ ၁၉၉ ပါပြစ်မှုများ၊ ပုဒ်မ ၄၈၀၊ ပုဒ်မ ၄၈၅၊ ပုဒ်မ ၁၃၂ တို့တွင် ဖော်ပြ ထားသည့် ကိစ္စရပ်များမှအပ အခြားပြစ်မှုဆိုင်ရာအမှုများကို မည်သူက တရားစွဲဆိုရမည်ဟု ပြဋ္ဌာန်းထားခြင်း မရှိပေ။ ပြစ်မှုဆိုင်ရာ အမှု အားလုံးအတွက် တရားလိုမှာ နိုင်ငံတော်သာဖြစ်သည်။ ဤ အမှုတွင် ပထမသတင်းပေးတိုင်တန်းသည့် ဦးဉာဏ်လင်းအောင် က ပြည့်စုံဝင်းနိုင် ကုမ္ပဏီ၏ကိုယ်စားလှယ်စာကို တင်ပြထားသော

အကြောင်း ကြောင့် အမှုကို လက်ခံဆောင်ရွက်ခွင့်အား ပိတ်ပင်ရာ မရောက်ပေ။

၂၀၀၆
ဦးဉာဏ်လင်းအောင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

**ထပ်မံဆုံးဖြတ်ချက်။** ။ ထို့ကြောင့် ဤအယူခံမှုကို ခွင့်ပြုသည်။ ပထမသတင်းပေးတိုင်ချက်ကို ဦးဉာဏ်လင်းအောင်မှ လက်မှတ်ရေးထိုးတိုင် ကြားခဲ့ခြင်းဖြစ်၍ တရားရုံးချုပ်က ကုမ္ပဏီဥက္ကဋ္ဌဦးဝင်းနိုင်ဇော်၏ ကိုယ်စားလှယ်လွှဲစာဖြင့် တရားစွဲဆိုခြင်းဖြစ်သည်ဟု ကောက်ယူ၍ တရားခံအား စွဲချက်မတင်မီ လွှတ်ခဲ့ခြင်းသည် ဥပဒေအရ မှန်ကန်မှုရှိမရှိ ပြဿနာနှင့် စပ်လျဉ်း၍ ဦးဉာဏ်လင်းအောင်သည် ကုမ္ပဏီဥက္ကဋ္ဌ ဦးဝင်းနိုင်ဇော်၏ ကိုယ်စားလှယ်အဖြစ် တရားစွဲဆိုခြင်း မဟုတ်ကြောင်း၊ ဦးဝင်းနိုင်ဇော်၏ ကိုယ်စားလှယ်အဖြစ် တရားစွဲဆိုခြင်းဖြစ်သည်ဟု ကောက်ယူပြီး တရားခံအား စွဲချက်မတင်မီ လွှတ်ခဲ့ခြင်းသည် ဥပဒေအရ မှန်ကန်မှု မရှိကြောင်း ဖြေကြားသည်။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဦးမင်းလွင်<br>(တရားရုံးချုပ်ရှေ့နေ) |
| အယူခံတရားခံများအတွက် | - ၁။ | ဒေါ်ကျင်စန်း<br>(ညွှန်ကြားရေးမှူး၊<br>ရှေ့နေချုပ်ရုံး) |
| | ၂။ | ဦးကျော်ကျော်တင့်<br>(တရားရုံးချုပ်ရှေ့နေ) |

တာမွေမြို့နယ်တရားရုံး၏ ပြစ်မှုကြီးအမှတ် ၁၁၉၃/၀၄ တွင်-တရားခံဒေါ်ခင်မြတ်ကြူအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၅၄/၃၄၁ တို့ အရစွဲချက်တင်ခဲ့ရာ ယင်းစွဲချက်အမိန့်ကို ဒေါ်ခင်မြတ်ကြူက ကျေနပ်မှုမရှိသောကြောင့် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးသို့ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၃/၂၀၀၅ ဖြင့် ဝင်ရောက်ခဲ့သည်။ ခရိုင် တရားရုံးက စွဲချက်တင်ထားသည့် ပုဒ်မများအနက် ပြစ်မှုဆိုင်ရာ

ဥပဒေပုဒ်မ ၃၄၁ စွဲချက်ကို အတည်ပြု၍ ပုဒ်မ ၄၅၄ စွဲချက်ကို ပယ်ဖျက်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို တရားလို ဦးညဏ်လင်း အောင်က ကျေနပ်မှုမရှိသဖြင့် ရန်ကုန်တိုင်းတရားရုံးသို့ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၈၉/၂၀၀၅ ဖြင့် တင်သွင်းသကဲ့သို့ ဒေါ်ခင်မြတ်ကြူ ကလည်း ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၆၆/၂၀၀၅ ဖြင့် တင်သွင်းခဲ့ သည်။ ယင်းပြင်ဆင်မှု နှစ်မှုကို တစ်ပေါင်းတည်း ကြားနာ၍ တိုင်းတရားရုံးက စွဲချက်အမိန့်ကို ပြင်ဆင်ခဲ့သော ခရိုင်တရားရုံး၏ အမိန့်ကို ပယ်ဖျက်ကာ မြို့နယ်တရားရုံး၏ စွဲချက် အမိန့်ကို အတည်ပြုကြောင်းနှင့် ဒေါ်ခင်မြတ်ကြူ တင်သွင်းသည့် ပြင်ဆင်မှုကို ပလပ်ကြောင်းအမိန့်ချမှတ်သည်။ တိုင်းတရားရုံး၏ အမိန့်ကို ဒေါ်ခင်မြတ်ကြူက ကျေနပ်မှု မရှိသဖြင့် တရားရုံးချုပ်သို့ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၆၅(ခ)/၂၀၀၅ နှင့် ၄၆၆(ခ)/၂၀၀၅ တို့ကို တင်သွင်းခဲ့ရာ တရားရုံးချုပ်က ပြင်ဆင်မှုများကို ခွင့်ပြု၍ တရားရုံး အဆင့်ဆင့်၏ စွဲချက်တင်သည့် အမိန့်များကိုပယ်ဖျက်ကာ ဒေါ်ခင်မြတ်ကြူအား စွဲချက်မတင်မီ လွှတ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ တရားရုံးချုပ်၏ အမိန့်ကို လျှောက်ထားသူ ဦးညဏ်လင်းအောင်က ကျေနပ်မှုမရှိသဖြင့် အထူး အယူခံဝင်ခွင့်ရရှိရန် ဤပြစ်မှုဆိုင်ရာ အထွေထွေ လျှောက်လွှာ (အထူး)နှစ်မှုကို တင်သွင်းခြင်းဖြစ်သည်။ အောက်ဖော်ပြပါ ပြဿနာများအား အထူးအယူခံခုံရုံးဖြင့် ဖြေကြားရန် ခွင့်ပြုခဲ့ခြင်း ဖြစ်သည် -

၁။ ပထမသတင်းပေးတိုင်ချက်ကို ဦးညဏ်လင်းအောင် မှ လက်မှတ်ရေးထိုးတိုင်ကြားခဲ့ခြင်းဖြစ်၍ တရားရုံးချုပ်က ကုမ္ပဏီဥက္ကဋ္ဌ ဦးဝင်းနိုင်ဇော်၏ ကိုယ်စားလှယ်လွှဲစာဖြင့် တရားစွဲဆို ခြင်း ဖြစ်သည်ဟု ကောက်ယူ၍ တရားခံအား စွဲချက်မတင်မီ လွှတ်ခဲ့ခြင်းသည် ဥပဒေအရမှန်ကန်မှု ရှိ မရှိ။

၂။ တရားရုံးချုပ်က တရားခံအား စွဲချက်မတင်မီလွှတ်ခဲ့ခြင်းသည် ဥပဒေအရမှန်ကန်မှု မရှိပါကအမှုတွင် ပေါ်ပေါက်သော သက်သေခံချက်များအရ တရားခံဒေါ်ခင်မြတ်ကြူအား မည်သည့် ပြစ်မှုဖြင့် စွဲချက်တင်ဖြေရှင်းစေရန် သင့်မသင့်တို့ဖြစ်သည်။

၂၀၀၆
ဦးဉာဏ်လင်းအောင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

အမှုမှာ တာမွေမြို့နယ်၊ နတ်မောက်ရပ်ကွက်၊ ဖိုးစိန်လမ်း၊ အိမ်အမှတ် ၃၆ ရှိ နှစ်ထပ်တိုက်အပေါ်ထပ်ရှိတိုက်ခန်းအားအခန်းပိုင်ရှင်ဒေါ်မြတ်မိုးသူဇာ၊ ဦးစောမင်းတို့ထံမှ ပြည့်စုံဝင်းနိုင်ကုမ္ပဏီမန်နေဂျာက (၁၈၅)သိန်းဖြင့် ၂၉-၈-၂၀၀၄ ရက်နေ့တွင် ငွေအကျေပေးချေ ဝယ်ယူပြီး လက်ရောက်ရယူကာ တံခါးသော့ ပိတ်ထားခဲ့သည်။ ၁၇-၉-၂၀၀၄ ရက်နေ့ ၂၀း၀၀ နာရီအချိန်တွင် ကုမ္ပဏီမှမန်နေဂျာဦးဉာဏ်လင်းအောင်၊ မန်နေဂျာဦးဝင်းမော်နှင့် ကုမ္ပဏီဝန်ထမ်းတို့က တိုက်ခန်းအား ရှင်းလင်းရန် လာရောက်ခဲ့ရာ တိုက်ခန်း၏ အဝင်တံခါးတွင် ဝင်ထွက်ခွင့်မရအောင် အတွင်းမှ ဝင်ရောက်ပြီး တံခါးအား အထဲမှ ပိတ်ဆို့ထားကြောင်းတွေ့ရှိရသည်။ စုံစမ်းကြည့်ရာတွင် ဒေါ်ခင်မြတ်ကြူက ပိတ်ဆို့ထားကြောင်းသိရှိရ၍ ၎င်းအား အိမ်ခန်းတံခါးဖွင့်ပေးရန် ပြောဆိုရာ ဖွင့်မပေးနိုင်ကြောင်း ပြောဆိုသဖြင့် နတ်မောက်ရပ်ကွက်(ရယက)ရုံးသို့ သွားရောက်ပြီး ရပ်ကွက်လူကြီးများ ရှေ့တွင် ညှိနှိုင်းခဲ့ကြသည်။ ဒေါ်ခင်မြတ်ကြူမှ ရပ်ကွက်လူကြီးများ ရှေ့မှောက်တွင် အိမ်တံခါးအား ဖွင့်မပေးနိုင်ကြောင်း၊ ကြိုက်တဲ့ဆီကိုသွားရောက်တိုင်တန်းနိုင်ကြောင်း ပြောဆိုခဲ့သည်။ ကုမ္ပဏီမှ ဝယ်ထားသောတိုက်ခန်းအတွင်းသို့ ကျူးကျော်ဝင်ရောက်ပြီး ဝင်ထွက်မရအောင်အထဲမှလာရောက်ပိတ်ဆို့ထားသူ ဒေါ်ခင်မြတ်ကြူအပေါ် ဦးဉာဏ်လင်းအောင်က အရေးယူပေးရန် တာမွေရဲစခန်းသို့ တိုင်တန်းတရားစွဲဆိုခဲ့သောအမှုဖြစ်သည်။

အယူခံတရားလိုဦးဉာဏ်လင်းအောင်၏ ရှေ့နေက လျှောက်

၂၀၀၆
ဦးညာဏ်လင်းအောင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

လဲရာတွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄၁ (မတရားတားဆီးကန့်ကွက်မှု)နှင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၅၄ (ထောင်ဒဏ်ထိုက်သည့်ပြစ်မှုကိုကျူးလွန်ရန် ပုန်းလျှိုးအိမ်ကျော်နင်းမှု သို့တည်းမဟုတ် အိမ်ဖောက်ထွင်းမှု)တို့သည် ရဲအရေးယူပိုင်သော ပြစ်မှုများဖြစ်ကြောင်း၊ မည်သူမည်ဝါက တိုင်ချက်ကို ရေးဖွင့်ရမည်ဖြစ်သည်ဟု ပြဋ္ဌာန်းထား ခြင်းမရှိကြောင်း၊ ယခုအမှုသည် ရဲအရေးပိုင်သော အမှုများဖြစ်၍ ရဲတပ်ဖွဲ့က အရေးယူဆောင်ရွက်ချက်အပေါ် တရားရုံးက လက်ခံ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်အမှုတွင် တရားလိုသည် "ပြည်ထောင်စုမြန်မာနိုင်ငံတော်" ဖြစ်ကြောင်း၊ ဦးညာဏ်လင်းအောင်သည် နိုင်ငံတော်သက်သေဖြစ်ကြောင်း၊ ထို့ကြောင့် အမှုတွင် ကိုယ်စားလှယ်ဖြင့် တရားစွဲဆိုသည့်အရေးကိစ္စ ပေါ်ပေါက်ခြင်းမရှိကြောင်း၊ ဒေါ်မြတ်မိုးသူဇာ ထွက်ချက်အရ ဥပစာကို ရောင်းချသည့်နေ့တွင် ပြည့်စုံဝင်းနိုင်မန်နေဂျာ ဦးဝင်းမော်ထံသို့ စာချုပ်စာတမ်းများချုပ်ဆိုပြီး အခန်းကို လက်ရောက်လွှဲအပ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ပထမသတင်းပေး တိုင်တန်းချက် သက်သေခံ(က)အရ ဦးညာဏ်လင်းအောင်က ကိုယ်စား တိုင်ကြားခဲ့ခြင်း မဟုတ်ကြောင်း၊ သို့ဖြစ်ပါ၍ ပထမပြဿနာနှင့် စပ်လျဉ်း၍ အယူခံတရားလိုအကျိုးငှာ ဖြေဆိုဆုံးဖြတ်ပေးသင့်ကြောင်း လျှောက်လဲသည်။

အချင်းဖြစ်အခန်းကို ဒေါ်မြတ်မိုးသူဇာနှင့် ဦးစောမင်းတို့ထံမှ ငွေကျပ် ၁၈၅သိန်းဖြင့် ဦးဇင်းနိုင်ဇော်က သက်သေခံ(ဂ-၁)အရ ဝယ်ယူခဲ့ပြီး ပြည့်စုံဝင်းနိုင်ကုမ္ပဏီမန်နေဂျာဦးဝင်းမော်က လက်ရောက်ရယူကာ သော့ခတ်ပိတ်ထားခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အပြင် အခန်းလုံခြုံမှုအတွက် သံဆူးကြိုးဖြင့် ကာရံကာ သော့ခတ်ခဲ့ပြီး အပြင်ဘက်မှလည်း သုံးထပ် သားဖြင့် လုံလုံခြုံခြုံပိတ်ဆို့ထားခဲ့ခြင်းဖြစ်ကြောင်း၊ ဒေါ်မြတ်မိုးသူဇာ၏ အဒေါ်တော်စပ်သူ ဒေါ်ခင်မြတ်ကြူက အကာအရံများကို ဖျက်ဆီး ဝင်ရောက်ကာ အခန်းတွင်းသို့ ဝင်ထွက်၍

မရအောင် သစ်ချောင်း သံချောင်းများဖြင့် ပိတ်ဆို့ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ ပိတ်ဆို့ထားမှုများကို ဖယ်ရှားပေးရန်ပြောဆိုရာတွင် ဒေါ်ခင်မြတ်ကြူက ၎င်းကိုယ်တိုင်တံခါးကို ကန့်လန့်ပိတ်ခြင်းဖြစ်သည်ဟု လည်းကောင်း၊ ဖွင့်မပေးနိုင်ဟု လည်းကောင်း၊ တိုင်ချင်ရာတိုင်ဟု လည်းကောင်း ပြောဆိုခဲ့သည်မှာ တရားလိုပြသက်သေတို့၏ အစစ်ခံထွက်ဆိုချက်များအရ ပေါ်ပေါက်ကြောင်း၊ ထို့ကြောင့် ဒေါ်ခင်မြတ်ကြူအပေါ် ပြစ်မှုဥပဒေပုဒ်မ ၃၄၁ အရစွဲချက်တင်ခြင်းသည် မှန်ကန်ကြောင်း၊ ဒေါ်ခင်မြတ်ကြူက အချင်းဖြစ်အခန်းအတွင်းသို့ ဝင်ရောက်ခဲ့သည့်အချက်ကို ၎င်း၏ ဝန်ခံပြောဆိုချက်အရ လည်းကောင်း၊ သက်သေများ၏ ထွက်ဆိုချက် အရလည်းကောင်း ပေါ်ပေါက်ပါကြောင်း၊ ဒေါ်ခင်မြတ်ကြူ၏ အပြုအမူသည် အိမ်ဖောက်ထွင်းမှုကျူးလွန်ရာရောက်သည်ဟု ကောက်ယူနိုင်ကြောင်း၊ သို့ဖြစ်၍ ဒေါ်ခင်မြတ်ကြူအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၅၄ အရ စွဲချက်တင်ခြင်းကို အတည်ပြုသင့်ကြောင်းတို့ကို လျှောက်လဲသည်။

အယူခံတရားခံအမှတ်(၂)၏ ရှေ့နေက လျှောက်လဲရာတွင် အချင်းဖြစ်ဥပစာကို ဝယ်ယူသူမှာ ပြည့်စုံဝင်းနိုင်ကုမ္ပဏီ မဟုတ်ကြောင်း၊ ဝယ်ယူသူမှာ ဦးဝင်းနိုင်ဇော်ဖြစ်ကြောင်း၊ အချင်းဖြစ်အခန်းကို ကုမ္ပဏီဝန် ထမ်းများက ဝင်ရောက်ရန် ပြုခဲ့ရာတွင် မူလရုံးတရားခံက ဝင်ခွင့်မပေးခဲ့ ခြင်းဖြစ်ကြောင်း၊ ဦးဝင်းနိုင်ဇော်ကို မူလရုံးတရားခံက တားမြစ်မှုမရှိခဲ့ကြောင်း၊ မူလရုံးတရားလို ဦးညဏ်လင်းအောင်သည် ယခုအမှုကို ဦးဝင်းနိုင်ဇော် ကိုယ်စားစွဲဆိုခွင့်ရှိမည် မဟုတ်ကြောင်း၊ အငြင်းပွားနေသည့်အခန်းမှာလည်း ဦးဝင်းနိုင်ဇော်ဝယ်ယူသည့် အခန်း ဧရိယာတွင် အကျုံးမဝင်ကြောင်း၊ အငြင်းပွားနေသည့်နေရာမှာ ဥပစာတွင် နေထိုင်သူအားလုံး ဝင်ထွက်ခွင့်ရှိသည့် လှေကားအိမ် ဧရိယာဖြစ်ကြောင်း၊ အဆိုပါလှေခါးဧရိယာကို ရောင်းချသူ ဒေါ်မြတ်မိုးသူဇာက ပိုင်ဆိုင်ခွင့်မရှိသဖြင့် ရောင်းချခွင့်လည်းမရှိ

၂၀၀၆
ဦးညၢဏ်လင်းအောင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

ကြောင်း၊ အဆိုပါ လှေခါးအိမ်နေရာကိုလည်း အိမ်မကြီးဖက်မှ ဝင်ထွက်မည်ဆိုက အလွယ်တကူဝင်ထွက်ခွင့်ရှိကြောင်း၊ မူလရုံး တရားခံသည် အချင်းဖြစ်နေရာ ကို ဝင်ရောက်ခဲ့ခြင်း မှာ သဘောရိုးဖြင့် ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အချင်းဖြစ် အခန်း တွင်လည်း မည်သည့် ပစ္စည်းမျှထားသိုထားခြင်း မရှိကြောင်း၊ အချင်းဖြစ် အခန်းကို သစ်သား ၂'× ၁' ဖြင့် ပိတ်ဆို့ထားခြင်းမှာ အခြားသူများ ဝင်ထွက်ခြင်းမှ ကာကွယ် ရန် အိမ်လုံခြုံရေးအတွက် သဘောရိုးဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ အချင်းဖြစ်နေရာသည် မူလရုံး တရားခံဝင်ထွက်သွား လာခွင့်ရှိသော နေရာလည်းဖြစ်ကြောင်းတို့ကို လျှောက်လဲသည်။

ဆက်လက်လျှောက်လဲရာတွင် အချင်းဖြစ်နေရာအပါအဝင် ဥပစာကြီးတစ်ခုလုံးအတွင်း မူလရုံးတရားခံသည် ဝင်ထွက်သွားလာခွင့် ရှိသူဖြစ်ကြောင်း၊ အချင်းဖြစ်နေရာသို့ သွားလာနိုင်သည့် တံခါးပေါက် များ ဖွင့်ထားသည်မှာ သက်သေခံချက်များအရ ထင်ရှားကြောင်း၊ အချင်းဖြစ် အခန်းနှင့်ကုမ္ပဏီဝန်ထမ်းများမည်သို့ သက်ဆိုင်သည်ကို မူလရုံးတရားခံက မသိသဖြင့် လူစိမ်းများဝင်ရောက်မှုမပြုရန် မူလရုံး တရားခံဒေါ်ခင်မြတ်ကြူက သဘောရိုးဖြင့် ဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်ကြောင်း၊ အချင်းဖြစ်နေရာ အပေါ် မူလရုံးတရားလိုတို့က စီမံခန့်ခွဲ ခွင့်ရှိသည်ဆိုသောအချက်ပေါ် လွင်မှု မရှိကြောင်း၊ မူလရုံး တရားခံက သာလျှင် စီမံခန့်ခွဲခွင့်ရှိသူဖြစ်ကြောင်း၊ မူလရုံးတရားခံက သဘောရိုး ဖြင့်ဆောင်ရွက်ခဲ့ရာ ၎င်းအပေါ် တရားစွဲဆိုသဖြင့် မူလရုံးတရားခံသည် အကြောင်းမဲ့ချုပ်နှောင်မှုခံခဲ့ရကြောင်း၊ မူလရုံးတရားခံ၏ မိသားစုများ အတိ ဒုက္ခရောက်ခဲ့ရကြောင်း၊ မူလရုံးတရားလိုပြသက်သေများသည် အချင်းဖြစ်ကိစ္စနှင့် စပ်လျဉ်း၍ တစ်ဆင့်ကြား သက်သေခံချက်များကိုသာ ထွက်ဆိုနိုင်ခဲ့ကြောင်း၊ ဤအမှုကို မူလရုံးတရားလိုတို့က စွဲဆိုခွင့် မရှိကြောင်း၊ မူလရုံးတရားခံ ဒေါ်ခင်မြတ်ကြူ အပေါ် စွဲချက်တင် ထိုက်သည့် အကြောင်းမပေါ်ပေါက်ကြောင်းတို့ကို လျှောက်လဲသည်။

၂၀၀၆
ဦးညဏ်လင်းအောင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးက လျှောက်လဲရာတွင် ကုမ္ပဏီမှ ဝယ်ယူထားသည့် အခန်းကို ဝင်ရောက်ရန် ကုမ္ပဏီဝန်ထမ်းများဖြစ်သော ကျော်သူထိုက်၊ ဇေယျာမိုး၊ လင်းထင်တို့ ၃ ယောက်အား မန်နေဂျာ ကိုလင်းလင်းနှင့် ကိုဝင်းမော်တို့က တာဝန်ပေးခဲ့သဖြင့် ကျော်သူထိုက်တို့ ၃ ဦးက အခန်းထဲဝင်ရန် ကြိုးစားခဲ့ရာ နေအိမ်တံခါးသော့အား ကုမ္ပဏီပိုင် သော့ဖြင့် ဖွင့်၍ မရခဲ့ကြောင်း၊ အတွင်းဘက်သို့ ဝင်ရန် ကြိုးစားရာ အတွင်းမှ သံချောင်းဖြင့် ကန့်လန့်ဖြတ်ပြီး သော့ခတ်ထား၍ အခန်း တွင်းသို့ ဝင်မရခဲ့ကြောင်း၊ ၎င်းတို့မှ အတားအဆီးများကို ဖြုတ်လိုက်ရာ ဒေါ်ခင်မြတ်ကြူရောက်လာပြီး မင်းတို့ ဒီအခန်းကို ဝင်မလာနဲ့ တက်မလာနဲ့ဟု ပြောခဲ့ကြောင်း၊ ၎င်းကိုယ်တိုင် ဝင်ပေါက်တံခါးမကြီး ကို ကန့်လန့်ပိတ်ထားသည်ဟု ပြောခဲ့ကြောင်း၊ မန်နေဂျာဦးဝင်းမော် ကိုယ်တိုင် လိုက်လာပြီး ဒေါ်ခင်မြတ်ကြူအား တံခါးဖွင့်ပေးရန် ပြောရာဖွင့်မပေးနိုင်ဟု ပြောခဲ့ကြောင်း၊ မန်နေဂျာ ကိုညဏ်လင်းအောင် ကို အကြောင်းကြားခဲ့ရာ ၎င်းလာပြီးပြောသော်လည်း ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရှေ့မှောက်တွင် ဒေါ်ခင်မြတ်ကြူက တိုင်ချင်ရာတိုင် လုံးဝဖွင့်မပေးနိုင်ဟု ပြောခဲ့ ကြောင်း တို့ကို လိုပြသက်သေများက အခိုင်အမာ ထွက်ဆိုထား ကြောင်း၊ ဦးဝင်းနိုင်ဇော်က ဝယ်ယူပြီး လက်ရောက်ရယူထားသော အချင်းဖြစ် အခန်းအတွင်းသို့ ဒေါ်ခင်မြတ်ကြူက ဝင်ရောက်ကာ ဝင်၊ထွက် ပေါက်တံခါးအား အတွင်းထဲမှ ပိတ်ဆို့ ကာရံခဲ့သည့်အချက် မှာ တရားလိုပြ သက်သေထွက်ချက်အရလည်း ကောင်း၊ သက်သေခံ ဓာတ်ပုံမှတ်တမ်းများအရ လည်းကောင်း ထင်ရှားပေါ်ပေါက်ကြောင်း၊ ဒေါ်ခင်မြတ်ကြူအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၅၄ အရ လည်းကောင်း၊ ပုဒ်မ ၃၄၁ အရလည်းကောင်း၊ မူလရုံးက စွဲချက် နှစ်ရပ် တင်ခဲ့သည့်အမိန့်နှင့် မူလရုံး၏ အမိန့်ကို အတည်ပြုသည့်

အမိန့် ချမှတ်ခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းမှု မရှိကြောင်း၊ ပြစ်မှုတစ်ရပ်ရပ်ကို မည်သူကသာ တရားစွဲဆိုရမည်ဟု ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၅၊ ၁၉၆၊ ၁၉၈ နှင့် ၁၉၉ တို့တွင် ပြဋ္ဌာန်းထားသော ကိစ္စများမှအပ အခြားကိစ္စများတွင် ပြစ်မှုကျူးလွန်ကြောင်း သိရှိသူတစ်ဦးဦးက တရားရုံးတွင် တိုင်တန်းချက်ဖြင့် တရားစွဲနိုင်ကြောင်း၊ အခန်းဝယ်သူမှာ ပြည့်စုံဝင်းနိုင် ကုမ္ပဏီအနေဖြင့် ဦးဝင်းနိုင်ဇော်ဖြစ်သော်လည်း အခန်းတွင်းသို့ ဝင်ထွက်ခွင့် မရသော ကုမ္ပဏီဝန်ထမ်းများက မိမိတို့ မြင်တွေ့သိရှိရသည်များကို ကိုယ်တိုင်ကိုယ်ကျထွက်ဆိုတင်ပြထားသည်ကို တွေ့ရကြောင်း၊ ယခုတရားစွဲဆိုထားသည့်ပုဒ်မများမှာလည်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေတွင် မည်သူက တရားလိုပြုလုပ်ရမည်ဟု ပြဋ္ဌာန်းချက်တွင် အကျုံးမဝင်ကြောင်း၊ သို့ပါ၍ယခု အမှုနှင့် စပ်လျဉ်း၍ ဒေါ်ခင်မြတ်ကြူအနေဖြင့် ဖြေရှင်းရန် မြင်သာသော စွပ်စွဲချက်များကို တရားလိုဘက်မှ တင်ပြထွက်ဆိုထားပါကြောင်းတို့ကို လျှောက်လဲသည်။

ဤအမှုတွင် ဦးဉာဏ်လင်းအောင်က ပြည့်စုံဝင်းနိုင်ကုမ္ပဏီ၏ ကိုယ်စားလှယ်စာကို ရရှိကြောင်းတင်ပြထားသော်လည်း အမှုကို တရားစွဲဆိုရာတွင် ဦးဉာဏ်လင်းအောင်ကိုယ်တိုင် လက်မှတ်ထိုးပြီး ရဲစခန်းထံ တိုင်ချက်ရေးဖွင့်ခဲ့ခြင်း ဖြစ်သည်။ ပြစ်မှုဆိုင်ရာအမှုများကို အမှုအကြောင်း သိရှိသူမည်သူမဆို တိုင်ကြားစွဲဆိုခွင့်ရှိသည်။ ပြစ်မှုများတွင် တရားလိုအဖြစ် နိုင်ငံတော်က ရပ်တည်ပေးလျက်ရှိသည်။ မည်သူမဆိုအမှုအကြောင်း သိရှိပါက သက်သေခံခွင့်ရှိသည်၊ ယခုပြစ်မှုမျိုးကို မည်သူကသာ တရားလိုပြုလုပ်စွဲဆိုရမည်ဟု ဥပဒေတစ်ရပ်ရပ်က ကန့်သတ်ထားကြောင်း မတွေ့ရပေ။ အမှုတွင် အချင်းဖြစ်ဥပစာတွင် ဝင်ထွက်ခွင့် မရသော ပုဂ္ဂိုလ်များ၊ အခန်းဝယ်ယူထားသော ပုဂ္ဂိုလ်များ၊ ရောင်းချသည့်ပုဂ္ဂိုလ်များက သက်သေအဖြစ် အစစ်ခံ ထွက်ဆိုထားကြောင်းတွေ့ရှိရသည်။ တရားလို

၂၀၀၆
ဦးညာဏ်လင်းအောင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

ဦးညာဏ်လင်းအောင်က ပြည့်စုံဝင်းနိုင်ကုမ္ပဏီထံမှ ကိုယ်စားလှယ်လွှဲစာရရှိ၍ အမှုတွင် သက်သေခံတင်ပြထားခြင်းကြောင့် ဤအမှုကို ကိုယ်စားလှယ်စာ ရယူကာ တရားစွဲဆိုသည်ဟု ကောက်ယူရန်မသင့်ပေ။ ယခုအမှုမှာ ဦးညာဏ်လင်းအောင်က ရဲစခန်းကို တိုင်ကြားသဖြင့် ရဲစခန်းက ပထမ သတင်းပေးတိုင်ချက်ရေးဖွင့်ပြီး အမှုကိုတည်ဆောက် တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။ ယခုဖော်ပြပါ ပြစ်မှုများမှာလည်း ရဲအရာရှိက ဝရမ်းမပါဘဲ ဖမ်းဆီးအရေးယူခွင့်ရှိသော အမှုများဖြစ်သည်။ ရဲအရာရှိက အမှုကို စုံစမ်းထောက်လှမ်းရာ၌ လုံလောက်သော သက်သေခံချက်ရရှိလျှင် အမှုကို စစ်ဆေးစီရင်ပိုင်ခွင့်ရှိသော တရားသူကြီးထံသို့ ရဲအရာရှိက တင်ပို့ရန်ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၇၀ တွင် ပြဋ္ဌာန်းထားသည်။ ထိုကဲ့သို့ တရားစွဲဆိုတင်ပို့လာသော အမှုကို စစ်ဆေးစီရင်ပိုင် ခွင့်ရှိသော တရားသူကြီးက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၀ အရ အမှုကို စစ်ဆေးစီရင်ခွင့်ရှိသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ မှ ၁၉၉ ပါ ပြစ်မှုများ၊ ပုဒ်မ ၄၈၀၊ ပုဒ်မ ၄၈၅၊ ပုဒ်မ ၁၃၂ တို့တွင် ဖော်ပြထားသည့် ကိစ္စရပ်များမှအပ အခြားပြစ်မှုဆိုင်ရာ အမှုများကို မည်သူက တရားစွဲဆိုရမည်ဟု ပြဋ္ဌာန်းထားခြင်းမရှိပေ။ ပြစ်မှုဆိုင်ရာ အမှုအားလုံးအတွက် တရားလိုမှာ နိုင်ငံတော်သာဖြစ်သည်။

ဤအမှုတွင် ပထမသတင်းပေးတိုင်တန်းသည့် ဦးညာဏ်လင်းအောင်က ပြည့်စုံဝင်းနိုင်ကုမ္ပဏီ၏ ကိုယ်စားလှယ်စာကို တင်ပြထားသောအကြောင်းကြောင့်အမှုကို လက်ခံဆောင်ရွက်ခွင့်အား ပိတ်ပင်ရာ မရောက်ပေ။

မူလမှုသက်သေခံချက်များအရ တာမွေမြို့နယ်၊ နတ်မောက်ရပ်ကွက်၊ ဖိုးစိန်လမ်း၊ အမှတ် ၃၆ရှိ ၂ထပ်တိုက်အပေါ် အနောက်ခြမ်းရှိ တိုက်ခန်းအား အခန်းပိုင်ရှင် ဒေါ်မြတ်မိုးသူဇာ၊ ဦးစောမင်းတို့ထံမှ ဦးဝင်းနိုင်ဇော်က သက်သေခံ(ဂ-၁) စာချုပ်ဖြင့် ဝယ်ယူလက်

၂၀၀၆
ဦးညဏ်လင်းအောင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

ရောက်ရရှိခဲ့သည်။ ဦးဝင်းနိုင်ဇော်သည် ပြည့်စုံဝင်းနိုင် ကုမ္ပဏီ၏ ဥက္ကဋ္ဌဖြစ်၍ ၎င်းဝယ်ယူထားရှိသော တိုက်ခန်းအား ၎င်း၏ကုမ္ပဏီမှ မန်နေဂျာနှင့် ဝန်ထမ်းများအားရှင်းလင်းစေရန်သွားရောက်စေခဲ့ရာ ထိုနှစ်ထပ်တိုက်တွင် မူလကပင် အောက်ထပ်တွင်နေထိုင်လျက်ရှိသော ဒေါ်ခင်မြတ်ကြူ(မူလရုံးတရားခံ)မှ ဦးဝင်းနိုင်ဇော် ဝယ်ယူထားသော တိုက်ခန်းသို့ ဝင်၍မရအောင် တံခါးအား အတွင်းဘက်မှ ပိတ်ဆို့ထားခဲ့သည်။ သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတွင် ညှိနှိုင်းသော်လည်း ညှိနှိုင်းမရသဖြင့် ပြည့်စုံဝင်းနိုင်ကုမ္ပဏီမှ မန်နေဂျာ ဦးညဏ်လင်းအောင်က ရဲစခန်းတွင် တိုင်ချက်(သက်သေခံ-က)ရေးဖွင့်တရားစွဲဆိုခဲ့ခြင်းဖြစ် ကြောင်းတွေ့ရှိရသည်။

မူလရုံးအမှုတွဲရှိ သက်သေခံချက်များတွင် အချင်းဖြစ်အခန်းကို ပြည့်စုံဝင်းနိုင်ကုမ္ပဏီ မန်နေဂျာ ဦးဝင်းနိုင်ဇော်က မူလပိုင်ရှင် ဒေါ်မြတ်မိုးသူဇာနှင့် ဦးစောမင်းတို့ထံမှ ကျပ် ၁၈၅ သိန်းပေးချေပြီး သက်သေခံ(ဂ-၁)ဖြင့် ဝယ်ယူလက်ရောက်ရယူခဲ့ခြင်းဖြစ်သည်။ ထိုသို့ဝယ်ယူခဲ့ပြီးနောက်တံခါးကို သော့ခတ်ခဲ့ကြောင်း၊ နောင်တွင် ဒေါ်ခင်မြတ်ကြူက အဆိုပါအခန်းသို့ဝင်ထွက်မရအောင် အဝင်တံခါးကို အတွင်းဖက်မှ ပိတ်ဆို့ခဲ့ကြောင်း၊ ပြည့်စုံဝင်းနိုင်ကုမ္ပဏီကလည်း ဝယ်ယူသော အခန်းကိုလုံခြုံမှုရှိစေရန်အတွက် သံဆူးကြိုးဖြင့် ကာရံထားပြီး သော့ခတ်ခဲ့ကြောင်းများ တွေ့ရှိရသည်။ ပြည့်စုံဝင်းနိုင်ကုမ္ပဏီက ဝယ်ယူပိုင်ဆိုင်ထားသည့်အခန်းကို အတွင်းဘက်မှ ဒေါ်ခင်မြတ်ကြူက အကာအရံများကို ဖျက်ဆီးဝင်ရောက်ပြီး ဝင်ထွက်မရအောင် သစ်ချောင်း၊ သံချောင်းများဖြင့် ပိတ်ဆို့ထားခြင်းဖြစ်ကြောင်း တရားလိုပြသက်သေများက ထွက်ဆိုထားသည်။ ဒေါ်ခင်မြတ်ကြူက လူစိမ်းများ ဝင်ရောက်၍မရအောင် သဘောရိုးဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်ဟု ပြောပြခဲ့ကြောင်း၊ ယင်းသို့ ပိတ်ဆို့ထားမှုအပေါ် ပြန်ဖွင့်ပေးရန်ပြောဆိုရာတွင် ဒေါ်ခင်မြတ်ကြူက ၎င်းကိုယ်တိုင် တံခါးကို

ကန့်လန့်ပိတ်ထားခဲ့သည်ဟု လည်းကောင်း၊ ဖွင့်မပေးနိုင်ဟုလည်းကောင်း ပြောခဲ့ကြောင်း၊ တိုင်ချင်ရာတိုင်ဟု ပြောဆိုခဲ့ကြောင်းများကို တရားလိုဘက် သက်သေများဖြစ်သည့် ကျော်သူထိုက်(လိုပြ-၆)၊ မောင်ထွန်းဇော်ထွန်း(လိုပြ-၇)၊ မောင်လင်းလင်း(လိုပြ-၈)စသည့် သက်သေများ၏ ထွက်ချက်အရတွေ့ရှိရသည်။

အဆိုပါ တရားလိုဘက်သက်သေများ၏ ထွက်ဆိုချက်အရ ဒေါ်ခင်မြတ်ကြူသည် ပြည့်စုံဝင်းနိုင်ကုမ္ပဏီက ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိထားသော ကာရံထားသော အခန်းကို ကျော်နင်းဝင်ရောက်သည်ဆိုသည့်အချက်၊ ထိုသို့ကျော်နင်းဝင်ရောက်ခြင်းမှာ ပြည့်စုံဝင်းနိုင်ကုမ္ပဏီဝန်ထမ်းများ ဝင်ထွက်မရအောင် တံခါးကို ကန့်လန့်ပိတ်ဆို့ထားသည်ဆိုသည့်အချက်များ ပေါ်ပေါက်နေသည်ကို တွေ့ရှိရသည်။ အဆိုပါ တရားလိုဘက် ထွက်ဆိုချက်အရ တာမွေမြို့နယ်တရားရုံးက ဒေါ်ခင်မြတ်ကြူအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၅၄ အရ ထောင်ဒဏ်ထိုက်သော ပြစ်မှုကျူးလွန်ရန် ပုန်းလျှိုးအိမ်ကျော်နင်းမှု ကျူးလွန်သည်ဟုလည်းကောင်း၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄၁ အရ ကုမ္ပဏီပိုင်အခန်းသို့ ကုမ္ပဏီဝန်ထမ်းများ ဝင်ထွက်ခွင့်မရအောင် တားဆီးပိတ်ဆို့သည်ဟုလည်းကောင်း စွဲချက်နှစ်ရပ်တင်ခဲ့ခြင်းဖြစ်သည်။ တရားရုံးချုပ်က ဤအမှုတွင် တရားခံအားစွဲချက်မတင်မီလွှတ်ခဲ့ရာတွင် ဦးညဏ်လင်းအောင်၏ တရားစွဲဆိုခွင့် ပြဿနာအပေါ်တွင်သာ ဖြေကြားဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့်စွဲချက်ကိစ္စနှင့်စပ်လျဉ်း၍ သက်သေခံချက်များနှင့်အညီ သုံးသပ်ဆုံးဖြတ်ခဲ့သော တိုင်းတရားရုံး၏ အမိန့်ကိုအတည်ပြုရမည်ဖြစ်သည်။

ထို့ကြောင့် ဤအယူခံမှုကိုခွင့်ပြုသည်။ ပထမသတင်းပေးတိုင်ချက်ကို ဦးညဏ်လင်းအောင်မှ လက်မှတ်ရေးထိုးတိုင်ကြားခဲ့ခြင်းဖြစ်၍ တရားရုံးချုပ်က ကုမ္ပဏီဥက္ကဋ္ဌ ဦးဝင်းနိုင်ဇော်၏ ကိုယ်စားလှယ်လွှဲစာဖြင့် တရားစွဲဆိုခြင်းဖြစ်သည်ဟုကောက်ယူ၍ တရားခံအားစွဲ

၂၀၀၆
ဦးညဏ်လင်းအောင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

ချက်မတင်မီလွှတ်ခဲ့ခြင်းသည် ဥပဒေအရမှန်ကန်မှုရှိမရှိ ပြဿနာနှင့် စပ်လျဉ်း၍ ဦးညဏ်လင်းအောင်သည် ကုမ္ပဏီဥက္ကဋ္ဌ ဦးဝင်းနိုင်ဇော်၏ ကိုယ်စားလှယ်အဖြစ် တရားစွဲဆိုခြင်းမဟုတ်ကြောင်း၊ ဦးဝင်းနိုင်ဇော်၏ ကိုယ်စားလှယ်အဖြစ်တရားစွဲဆိုခြင်း ဖြစ်သည်ဟုကောက်ယူပြီး တရားခံအားစွဲချက်မတင်မီ လွှတ်ခဲ့ခြင်းသည် ဥပဒေအရ မှန်ကန်မှု မရှိကြောင်း ဖြေကြားသည်။

တရားရုံးချုပ်က တရားခံအား စွဲချက်မတင်မီလွှတ်ခဲ့ခြင်းသည် ဥပဒေအရ မှန်ကန်မှုမရှိပါက အမှုတွင်ပေါ်ပေါက်သော သက်သေခံချက်များအရ တရားခံဒေါ်ခင်မြတ်ကြူအား မည်သည့်ပြစ်မှုဖြင့် စွဲချက်တင်ဖြေရှင်းစေရန်သင့်မသင့် ပြဿနာနှင့် စပ်လျဉ်း၍ တရားခံဒေါ်ခင်မြတ်ကြူအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄၁ နှင့် ပုဒ်မ ၄၂၄ တို့အရ စွဲချက်တင်ထားသည့် အမိန့်များမှာ မှားယွင်းမှု မရှိကြောင်း ဖြေကြားသည်။

တရားရုံးချုပ်၏ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၆၅(ခ)/၂၀၀၅ နှင့် ၄၆၆(ခ)/၂၀၀၅ တို့၏ အမိန့်များကို ပယ်ဖျက် သည်။ ဤအမှုကို ရန်ကုန်တိုင်းတရားရုံးက ချမှတ်ထားသည့် စွဲချက် အမိန့်များနှင့်အညီ မူလတရားရုံးက ဆက်လက်စစ်ဆေးစီရင်ရန် အမိန့်ချသည်။

# ၂၀၀၆ ခုနှစ်

# တရားမဆိုင်ရာအမှုများ

## တရားမဆိုင်ရာအမှုများ

စာမျက်နှာ

**ဥပဒေများ-**

- တရားမကျင့်ထုံးဥပဒေ
- မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ
- အမွေဆက်ခံခြင်းအက်ဥပဒေ
- ၁၉၆၀ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေ

**အပေါင်ပစ္စည်းကိုလေလံတင်ရောင်းချခြင်း၊ မည်သည့်အခြေအနေ၌ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၆၆(၄) နှင့် တရားရုံးများလက်စွဲအပိုဒ် ၂၃၈ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အပေါင်ပစ္စည်းကို လေလံတင်ရောင်းချရေးအတွက် မှန်ကန်မျှတသည့် ကြမ်းခင်းဈေးသတ်မှတ်နိုင်ရန် စုံစမ်း စစ်ဆေးမှု ပြုလုပ်ရန်လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ ပြည်နယ်တရားရုံးတွင်တရားနိုင်ဘက်က အဆိုပါပစ္စည်းများအတွက် ကြမ်းခင်းဈေးငွေ ကျပ်သိန်း ၂၅၀၀ တင်ပြပြီး တရားရှုံးဘက်မှ ကြမ်းခင်းဈေးငွေ ကျပ်သိန်း ၁၂၀၀၀ တင်ပြထားရာ နှစ်ဘက်တင်ပြသော ကြမ်းခင်းဈေးမှာ များစွာကွာခြားနေကြောင်း တွေ့ရသည်။

ဤအခြေအနေတွင် မူလပြည်နယ်တရားရုံးသည် တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆(၄)ပါ ပြဋ္ဌာန်းချက်နှင့် တရားရုံးများလက်စွဲအပိုဒ် ၂၃၈ ပါ ညွှန်ပြချက်များအရ အချင်းဖြစ်ပစ္စည်းအပေါင်ပစ္စည်းကို လေလံတင်ရောင်းချရေးအတွက် မှန်ကန်မျှ

တသည့် ကြမ်းခင်းဈေး သတ်မှတ်နိုင်ရန်စုံစမ်းမှုပြုလုပ်နိုင်ခွင့်ရှိပြီး ထိုသို့ စာမျက်နှာ စုံစမ်းမှုပြုလုပ်မှသာလျှင် အမှန်နိုင်ဆုံးခန့်မှန်းကြမ်းခင်းဈေးတန်ဖိုးကို သတ်မှတ်နိုင်မည်ဖြစ်ပေသည်။

ဦးကျော်ကျော်ဝေ ပါ ၂ နှင့် ဦးသန်းထွန်းစိုး (မန်နေဂျာ) ၁
မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊
ရန်ကုန်မြို့

**ပိုနေမြေ၊ ကျားနေမြေပြန်လည်ထားရှိပေးရန်လျှောက်ထားမှု၊ အချင်း ဖြစ်မြေ၊ အဆောက်အဦတို့နှင့် စပ်လျဉ်း၍ တရားလို၊ တရားပြိုင်တို့အကြား ဒီကရီတစ်ရပ်ရှိနေသည့် အခြေအနေတွင် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အရ ပိုနေမြေ၊ ကျားနေမြေ ပြန်လည်ထားရှိရန်လျှောက်ထားချက်အား ခွင့်ပြုခဲ့ခြင်းသည် မှန်ကန်မှု ရှိ၊မရှိ။**

**ဆုံးဖြတ်ချက်။** ။အချင်းဖြစ်မြေနှင့် အဆောက်အဦတွင် အယူခံတရားလို ဒေါ်ကြည်ကြည်နှင့် အယူခံတရားပြိုင်(၁) ဦးစိုးညွန့်(ခ) ဦးစိန်ညွန့်တို့သည် အညီအမျှအကျိုး ဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်း တရားရုံးချုပ် (မန္တလေးရုံးထိုင်) တရားမအထူးအယူခံမှုအမှတ် ၂၄/၂၀၀၃ တွင် သုံးသပ်ဆုံးဖြတ်ခဲ့ပြီး ဖြစ်သည်။ သို့ဖြစ်၍ အယူခံတရားလို ဒေါ်ကြည်ကြည်က မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၄၇၄/၂၀၀၃ တွင် အချင်းဖြစ်ပစ္စည်းနှင့် စပ်လျဉ်း၍နှစ်ဦးပူးတွဲပိုင်ဆိုင်ခြင်းဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် ပစ္စည်းခွဲဝေပေးစေလိုမှုကို စွဲဆိုခဲ့ရာ အယူခံတရားလို၊တောင်းဆိုသည့်အတိုင်း အချင်းဖြစ် မြေနှင့် မြေပေါ်ရှိတိုက်တို့၏ ထက်ဝက်ကို အယူခံ

တရားလိုသို့ ခွဲဝေပေးစေရန် ပဏ္ဏာမဒီကရီချမှတ်ခဲ့ပြီးဖြစ်သည်။ စာမျက်နှာ အဆိုပါ ဒီကရီသည် အယူခံတရားလို၊ တရားပြိုင်တို့အကြား တည်မြဲနေသဖြင့် အယူခံတရားပြိုင်တို့က အချင်းဖြစ် ပစ္စည်းအပေါ်တွင် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ အရ ပိုနေမြဲ၊ ကျားနေမြဲ ပြန်လည်ထားရှိရန် လျှောက်ထားချက်အပေါ် ခွင့်ပြုခဲ့ခြင်းသည် မှန်ကန်မှုမရှိပေ။

ဒေါ်ကြည်ကြည် နှင့် ဦးစိုးညွှန့်(ခ)ဦးစိန်ညွှန့် ပါ ၂ ၇၀

**တရားမကျင့်ထုံးဥပဒေအမိန့် ၁၇၊ နည်းဥပဒေ ၃ အရ ဆုံးဖြတ်ခြင်း။ ယင်းအမိန့် ၁၇ နည်း ၃ အရ ဆုံးဖြတ်ချက်သည် ဆုံးဖြတ်ခံရသည့် အမှုသည် အပေါ်မီးသေဆုံးဖြတ်ချက်ဖြစ်ခြင်း။ တရားရုံးဆုံးဖြတ်ချက်အပေါ် အယူခံဝင်ခွင့်ရှိပါလျက် အယူခံမဝင်ဘဲအကြောင်းချင်းရာတစ်ခုတည်း အပေါ်ထပ်မံစွဲဆိုခွင့်မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ ရန်ကုန်တိုင်း တရားရုံးအနေဖြင့် ရုံးချိန်းရက်ဖြစ်သည့် ၁၉-၉-၂၀၀၃ ရက်နေ့၌ တရားလိုဘက်၏ ပျက်ကွက်မှုကြောင့် နောက်ထပ်ရက်ချိန်းမပေးဘဲ အမှုကိုဆုံးဖြတ်ရန်တာဝန်ရှိလာသည်ဖြစ်ရာ ထိုစဉ်ကတရားလိုဘက်၌ သက်သေခံအထောက်အထားမရှိ၍ တရားလိုအား အနိုင်ပေးရန်မဖြစ်နိုင်သဖြင့် အမှုကို ပလပ်ရန်နည်းတစ်နည်းသာရှိပေသည်။ ဤအခြေအနေတွင် ဒေါ်မြသန်း စွဲဆိုသည့်အမှုကို ပလပ်ခြင်းသည် တရားလိုရုံးချိန်းပျက်ကွက်ခြင်း သက်သက်ကြောင့် အမှုကိုတရားမကျင့်ထုံး ဥပဒေ အမိန့် ၉၊ နည်းဥပဒေ ၈ အရ သာမန်ပလပ်ခြင်းမျိုးမဟုတ်ဘဲ တရားလိုဘက်မှသက်သေခံချက်အထောက်အထားတင်ပြနိုင်ခြင်း မရှိသောကြောင့် ယင်းဥပဒေအမိန့်

၁၇၊ နည်းဥပဒေ ၃ ပါ ပြဋ္ဌာန်းချက်အရ ပလပ်ခြင်းသည် အမှုသွား စာမျက်နှာ အမှု လာအရ ပလပ်ခြင်းဖြစ်သဖြင့် အငြင်းပွားမှုကို အပြီးသတ် ဆုံးဖြတ်ရာ ရောက်ပေသည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၁၇၊ နည်းဥပဒေ ၃ တွင် တရားရုံးအားထက်မြက်သော အာဏာပေးအပ်ထားသည်ကို တွေ့မြင်နိုင်သည်။ ဤနည်းဥပဒေဖြင့်တရားရုံးသည် အမှုပြီးပြတ်ရေးအတွက် တင်းကြပ်သော စည်းကမ်းချက်ဖြင့် ချုပ်ကိုင်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ ယင်းနည်းဥပဒေ ၃ အရ တရားလိုပြစ်ဒဏ်ခတ်ခြင်းခံရသဖြင့် သက်သေပြခွင့် ဆုံးရှုံးပြီး တရားရုံးက အမှုတွင်ရှိသည့် အထောက်အထားများအရ အမှုကိုဆုံးဖြတ်ခွင့်ရခြင်းဖြစ်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ **မညို နှင့် မလှခင် ပါ ၅ အမှု**(၂) တွင် ဆုံးဖြတ်ချက်တစ်ရပ်သည် အမှုသည်တစ်ဦးအပေါ် မီးသေရန် အကြောင်းမရှိလျှင် ထိုအမှုသည် ထိုအဆုံးအဖြတ်အပေါ် အယူခံဝင်ခွင့်မရှိဟူသော ဥပဒေသဘောကို ရှင်းပြထားသည်။ တရားမကျင့်ထုံးဥပဒေအမိန့် ၁၇၊ နည်းဥပဒေ ၃ အရ ချမှတ်သော အမိန့်ဒီကရီကို အထက်ဖော်ပြပါ ဆိုင်ရက်(စ်) အဗ္ဗဒူ(လ်)ဂဖား အမှု၌ အဆုံးအဖြတ် ပြုသည့် စီရင်ထုံးအရ အယူခံဝင်ခွင့်ရှိသဖြင့် တိုင်းတရားရုံးက အမိန့် ၁၇၊ နည်းဥပဒေ ၃ အရ ဆုံးဖြတ်ချက်သည် ဒေါ်မြသန်းအပေါ် မီးသေမည်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ တရားမမှုတစ်မှုသည် အမှုကိုပလပ်ခြင်း၊ ပယ်ခြင်း သို့မဟုတ် ဒီကရီချမှတ်ခြင်း စသည်တို့ဖြင့် အဆုံးသတ်ရစမြဲဖြစ်ရာ ထိုနည်းတစ်နည်းနည်းဖြင့် အမှုပြီးပြတ်သွားသောအခါ ထိုအမှုတွင် အခြေခံသော တရားစွဲဆိုရန်အကြောင်းသည် ဆက်လက်တည်ရှိနိုင်ခြင်း မရှိတော့ပေ။ အကြောင်းမူတရားစွဲဆိုရန် အကြောင်း

သည် ဆိုင်ရာအမှု၌ ချမှတ်သော အဆုံးအဖြတ်နှင့် ပေါင်းစပ် merge စာမျက်နှာ သွားခြင်းကြောင့်ဖြစ်ပေသည်။ တစ်နည်းအားဖြင့် တရားစွဲဆိုရန် အကြောင်းသည် တရားရုံး၏ အဆုံးအဖြတ်သို့ ရောက်ရှိသွားပြီး ဖြစ်လျှင် ထိုအကြောင်းကို အခြေခံပြီးတရားတစ်ထုံး ထပ်မံစွဲဆိုခွင့် မရှိနိုင်တော့ပေ။

ဒေါ်မြသန်း(၎င်း၏ ကိုယ်စားလှယ်စာရသူဦးပေါ်မြင့်) နှင့် ဦးမောင်မောင် ပါ ၃ ၂၈

**တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်း ဥပဒေ ၃ တွင် အကျုံးဝင်ရန်အတွက် လိုအပ်ချက်များ။ အမှုသည်အား ကိစ္စတစ်ခုခုဆောင်ရွက်ရန် အချိန်ပေးပြီးအမှုချိန်းဆိုသည့်နေ့တွင် အမှုသည်က ဆောင်ရွက်ရန်ပျက်ကွက်မှသာ တရားမကျင့်ထုံးဥပဒေအမိန့် ၁၇၊ နည်း ဥပဒေ ၃ ပါပြဋ္ဌာန်းချက်အရ ပလပ်သည့်အမိန့် ချမှတ်ရမည် ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်း ဥပဒေ ၃ နှင့်အကျုံးဝင်ရန်အတွက် လိုအပ်ချက်မှာ (၁)တရားရုံးက မိမိသဘောအရ ရွှေ့ဆိုင်းခြင်းမဟုတ်ဘဲ အမှုသည်တစ်ဦးဦး၏ လျှောက်ထားချက်အရ အမှုကို ရွှေ့ဆိုင်းခြင်းနှင့် (၂)ထိုကဲ့သို့အမှုအား ရွှေ့ဆိုင်းပေးရန် လျှောက်ထားသောအမှုသည်က ပျက်ကွက်ခြင်းဖြစ်ရမည်။

ယခုအမှု၌ ၆-၂-၂၀၀၆ ရက်နေ့တွင် အယူခံတရားလိုက အမှုကို ရွှေ့ဆိုင်းပေးရန် လျှောက်ထားသဖြင့် တရားရုံးကအမှုကို ရွှေ့ဆိုင်းပေးခြင်း မဟုတ်ဘဲ မိမိသဘောအရ အမှုကို ရွှေ့ဆိုင်းခြင်း

ဖြစ်သည်။ သို့ဖြစ်၍ ၆-၂-၂၀၀၆ ရက်နေ့၏နောက်ရက်ချိန်းဖြစ်သော စာမျက်နှာ
၁၇-၂-၂၀၀၆ ရက်နေ့တွင်တိုင်းတရားရုံးက အမှုအားပလပ်ခြင်းမှာ
တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်းဥပဒေ ၃ ပါပြဋ္ဌာန်းချက်နှင့်
ညီညွတ်ခြင်းမရှိပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်းဥပဒေ ၃ အရပလပ်သည့်အမိန့်မျိုးကို အမှုသည်တစ်ဦးဦးက သက်သေတင်ပြရန်ဖြစ်စေ၊ အမှုဆက်လက်ဆောင်ရွက်ရန်နှင့် အခြားကိစ္စအရပ်ရပ်ကို ဆောင်ရွက်ရန်အတွက်ဖြစ်စေ၊ တရားရုံးက အချိန်ပေးခဲ့ရာ အမှုချိန်းဆိုသည့်နေ့၌ ထိုအမှုသည် ပျက်ကွက်မှသာ လျှင် အမိန့်ချမှတ်ခြင်းပြုနိုင်သည်ဟု **ဆိုင်ရက်(စ်)အဗ္ဗဒူ(လ်)ဂဖား နှင့် အဒူမဂျစ်မဟာမက်ဂျာရာပါ-၈ အမှု**[၂]တွင် လမ်းညွှန်ထားသည်။

သို့ဖြစ်၍ အမှုသည်အား ကိစ္စရပ်တစ်ခုခုကို ဆောင်ရွက်ရန် အချိန်ပေးပြီး အမှုချိန်းဆိုသည့်နေ့တွင် ထိုအမှုသည်က ဆောင်ရွက်ရန် ပျက်ကွက်မှသာ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်းဥပဒေ ၃ ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်မည်ဖြစ်သည်။

ဦးမောင်မောင်စိုး နှင့် ဦးထွန်းတင် ၄၇

**တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၅ (၁) - ဒီကရီကိုအယူခံဝင်ရာ တွင် အမှုအဆုံးအဖြတ်ကို ထိခိုက်သောအမိန့် တစ်ရပ် ရပ်ပါ မှားယွင်းချက်၊ ချို့ယွင်းချက် သို့မဟုတ် နည်း လမ်းမကျချက်တစ်ရပ်ရပ်ကို အယူခံလွှာ၌ ကန့်ကွက် ချက် အဖြစ်ဖော်ပြနိုင်သည်ဟု ပြဋ္ဌာန်းချက်အရ အယူခံ မှုတွင် ကန့်ကွက်ချက်အဖြစ် ဖော်ပြနိုင်သူမှာ**

| | |
|---|---|
| အောက်ရုံးများတွင် အမှုရှုံး သူအယူခံတရားလိုဖြစ်ခြင်း၊ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၅(၁) အရ စည်းကမ်းသတ်ကာလ ကျော်လွန်ကြောင်းကို ဤအယူခံမှုတွင် လျှောက်ထားသူမှာ အောက်ရုံးများတွင် အမှုနိုင်သူအယူခံတရားပြိုင်ဖြစ်ခြင်း၊ အောက်ရုံးများတွင် အမှုနိုင်သူ အယူခံတရားပြိုင်က တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၅(၁) အရ တင်ပြ လျှောက်ထားခြင်းကို လက်ခံစဉ်းစားနိုင်ခြင်းရှိ၊ မရှိ ။ | စာမျက်နှာ |

**ဆုံးဖြတ်ချက်။** ။ ဒေါ်တင်ကြည် နှင့် ဦးစန်းမြင့်ပါ ၂ အမှု[၁] တွင်ကြားဖြတ်အမိန့်တစ်ရပ်ချမှတ်ပြီးနောက် အမှုကိုအပြီးသတ်ဆုံးဖြတ်လိုက်လျှင် ယေဘုယျအားဖြင့် အပြီးသတ်ဆုံးဖြတ်ချက်ကိုသာ အယူခံဝင်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့အယူခံဝင်ရာတွင် ကြားဖြတ်အမိန့်နှင့်စပ်လျဉ်း၍ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၅(၁) တွင် ခွင့်ပြုထားသည့်အတိုင်း အကြောင်းပြချက်တစ်ရပ်အဖြစ် တင်ပြ လျှောက်ထားခွင့်ရှိကြောင်း ညွှန်ပြထားသည်။

တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၅(၁) ပြဋ္ဌာန်းချက်အရ အကြောင်းပြချက်တစ်ရပ်အဖြစ် တင်ပြနိုင်သူမှာ အယူခံတရားလိုဖြစ်ပြီး အယူခံတရားပြိုင်က တင်ပြလျှောက်ထားခြင်းသည် အကျုံးမဝင်ပေ။ အယူခံတရားပြိုင်က စည်းကမ်းသတ်ကာလကျော်လွန်ကြောင်း တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၅(၁) အရ တင်ပြလျှောက်ထားခြင်းကို လက်ခံစဉ်းစားရန်အကြောင်းမရှိပေ။

ဒေါ်ဥမ္မာ နှင့် ဦးတင့်လွင် ပါ ၅         ၉၅

**ရိုးရာယဉ်ကျေးမှု အစဉ်အလာအရ ပူဇော်ခံရန် တည်ဆောက်သော နတ်နန်းနှင့် နတ်ပစ္စည်းများအား အမွေပုံ ပစ္စည်းအဖြစ် သတ်မှတ်ရန် သင့်မသင့် နှင့် အမွေခွဲဝေရန် သင့်မသင့်။** စာမျက်နှာ

**ဆုံးဖြတ်ချက်။** ။ ရိုးရာယဉ်ကျေးမှု အစဉ်အလာအရ ပူဇော်ခံရန် တည်ဆောက်သော နတ်နန်းနှင့် နတ်ပစ္စည်းများအား အမွေပုံပစ္စည်း အဖြစ် သတ်မှတ်ရန် မသင့်သကဲ့သို့ အမွေခွဲဝေရန်လည်း သင့်မည် မဟုတ်ပေ။

ဒေါ်ခင်ဆန်း နှင့် ဦးမျိုးကြွယ် ပါ ၁၄ ၁၅

**မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ ဖခင်ဖြစ်သူထက်စော၍ ကွယ်လွန်သောသား၏ဇနီးသည် ယောက္ခမထံမှ အမွေကို ဆက်ခံခွင့်မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ သားဖြစ်သူဦးထင်အောင်သည် ဖခင်ဦးစိန်ဖေ ထက်စော၍ ကွယ်လွန်ခဲ့သဖြင့် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ ဦးထင်အောင်သည် ဦးစိန်ဖေ၏အမွေကို ဆက်ခံခွင့်မရှိပေ။ ဦးထင်အောင်သည် အမွေဆက်ခံခွင့်မရှိသဖြင့် ဦးထင်အောင် ကွယ်လွန်သောအခါ ဇနီးဖြစ်သူသည်လည်း ဦးစိန်ဖေ၏အမွေကို ဆက်ခံ ခွင့်မရှိပေ။

သမီးသည် မိဘအရင် ကွယ်လွန်သွားသဖြင့် မိဘ နောက်မှ ကွယ်လွန်သောသမက်ဖြစ်သူသည် မိဘများ၏အမွေကို ဆက်ခံခွင့် မရှိကြောင်း **မောင်ကြီးအို နှင့် မသက်ပုံ အမှု**[၁] တွင် လမ်းညွှန် ထားသည်။ သို့ဖြစ်၍ ဦးထင်အောင်သည် ဖခင်အရင်ကွယ်လွန်

သွားသဖြင့် ဦးထင်အောင်၏ဇနီးသည် ယောက္ခမထံမှအမွေကို မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရဆက်ခံခွင့်မရှိချေ။ စာမျက်နှာ

ဦးလှထွန်း ပါ ၄ နှင့် ဒေါ်မေဇင်ထွန်း ၆၆

**မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေအရ မိဘကျန်ရစ်သော အမွေတွင် သားသမီးအား အမွေခံအဖြစ်မှ မဖယ်ထုတ်နိုင်ခြင်း၊ မိဘအမွေဆက်ခံခွင့် ဆုံးရှုံးနိုင်သည့် အခြေအနေများ မရှိလျှင် အမွေရထိုက်ခွင့်ရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေတွင် မိဘ၏ အမွေ၌ သား သမီးအား အမွေခံအဖြစ်မှ မဖယ်ထုတ်နိုင်ပေ။ သို့ရာတွင် သား သမီးသည် သူတစ်ပါးအား မွေးစားရန် ပေးအပ်ခံရခြင်း၊ မိဘများ ကွာရှင်း ပြတ်စဲကြပြီး နောက်သား သမီးဖြစ်သူသည် မိဘတစ်ဦး နှင့်အတူ နေထိုင်ပြီး ကျန်တစ်ဦးအား သားသမီးတို့၏ ပြုရာသော ဝတ်ကြီးဝတ်ငယ်များကို ဆက်လက်မပြုစုခြင်း၊ သားသမီးတို့၏ ကျင့်ဝတ်ပျက်ပြားခြင်း၊ မိဘအား ရန်သူသဖွယ် ပြုမူဆက်ဆံခြင်း စသည့်အကြောင်းများကြောင့် မိဘအမွေ ဆက်ခံခွင့် ဆုံးရှုံးနိုင်သည်။

× × × × × ×

တရားရုံးချုပ်က သမီးအရင်းဖြစ်သူ မဝင်းဝင်းမာသည် ဖခင်နှင့် အတူ မနေသည့်အပြင် သားသမီးတို့ ပြုဘွယ်သော ဝတ္တရားများကို ပြုစုခဲ့ခြင်း မရှိ၍ အမွေဆက်ခံခွင့်မရှိဟု ကောက်ယူသုံးသပ်ခြင်းသည် မှန်ကန်ခြင်း မရှိပေ။

မဝင်းဝင်းမာ ပါ ၃ နှင့် မစုစုခိုင် ပါ ၆ ၇၃

**အမွေထိန်းစာလျှောက်ထားမှုတွင် တစ်ဦးတစ်ယောက်၏ စာမျက်နှာ**
**ကန့်ကွက်ချက်ကို ပယ်သည့်အမိန့်အပေါ် ပြင်ဆင်မှု တင်သွင်းခွင့်ရှိမရှိ။ အမွေထိန်းစာလျှောက်ထားခြင်းကို ကန့်ကွက်သူသည် မည်ကဲ့သို့သောသူဖြစ်ရမည်ဟု အမွေဆက်ခံခြင်းအက်ဥပဒေတွင် ပြဋ္ဌာန်းမထားခြင်း။ ကန့်ကွက်သူရှိပါလျက် တရားရုံးက တရားမကြီးအဖြစ် ပြောင်းလဲဖွင့်လှစ်မစစ်ဆေးခြင်းသည် ယင်းအက်ဥပဒေ ပုဒ်မ ၂၉၅ ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုမရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၉၉ ပါ ပြဋ္ဌာန်းချက်အရ အမွေထိန်းစာလျှောက်ထားမှုတွင် ခရိုင်တရားသူကြီးက ချမှတ်သော အမိန့်တွင် တရားမကျင့်ထုံးဥပဒေအရ အယူခံဝင်ခွင့်ရှိသော အမိန့်ကိုသာ အယူခံဝင်ခွင့်ပြုခြင်းဖြစ်သည်။

ဦးမြသန်း၏ လျှောက်လွှာကို ပယ်သောအမိန့်သည် အမွေဆက်ခံခြင်း အက်ဥပဒေအရ တိုင်းတရားရုံးအား အပ်နှင်းထားသည့် အခွင့်အာဏာအရ ချမှတ်သည့်အမိန့်မဟုတ်ဘဲ တရားမ ကျင့်ထုံးဥပဒေအမိန့် ၁၊ နည်း ၁၀ အရ အပ်နှင်းထားသည့် အာဏာ အရ ချမှတ်သည့်အမိန့်ဖြစ်သဖြင့် ဦးမြသန်း၏ လျှောက်လွှာကို ပယ်သော အမိန့်သည် အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ ၂၉၉ တွင် အကျုံးမဝင်သောကြောင့် အယူခံ တင်သွင်းခွင့်မရှိပေ။

ထို့ကြောင့်အမွေထိန်းစာလျှောက်ထားမှုတွင် ဦးမြသန်း၏ ကန့်ကွက်ချက်ကို တိုင်းတရားရုံးက ပယ်သည့်အမိန့်အပေါ် တရားရုံးချုပ်တွင် ပြင်ဆင်မှုတင်သွင်းခြင်းသည် မှားယွင်းခြင်းမရှိပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၁၈ တွင် အမွေထိန်းစာ လျှောက်ထားခွင့်ရှိသူများကို ဖော်ပြထားသော်

လည်း အမွေထိန်းစာလျှောက်ထားခြင်းကို ကန့်ကွက်သူသည် မည်ကဲ့ စာမျက်နှာ သို့သောသူဖြစ်ရမည်ဟု ထိုပုဒ်မတွင်ဖြစ်စေ၊ အခြားပုဒ်မတစ်ရပ်ရပ်တွင် ဖြစ်စေပြဋ္ဌာန်းထားခြင်း မရှိချေ။

ဤအခြေအနေတွင် တိုင်းတရားရုံးက အမွေထိန်းစာလျှောက်ထားခြင်းကို ကန့်ကွက်သူသည် ကွယ်လွန်သူ၏ အမွေကို ဆက်ခံခွင့်ရှိသူဖြစ်ရမည် သို့မဟုတ် အမွေရှင်၏မြီစားတစ်ဦးဖြစ်ရမည်ဟု သုံးသပ်ဆုံးဖြတ်ခြင်းသည် မှန်ကန်ခြင်းမရှိချေ။

**ထပ်မံဆုံးဖြတ်ချက်**။ ။ အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၉၅ ပါ ပြဋ္ဌာန်းချက်အရ အမွေထိန်းစာလျှောက်ထားမှုတွင် ကန့်ကွက်သူရှိပါက တရားမအထွေထွေမှုကို တရားမကြီးမှုအဖြစ်ပြောင်းလဲဖွင့်လှစ်ရန်ဖြစ်သည်။ ကန့်ကွက်သူသည် ကန့်ကွက်ထိုက်သူဟုတ် မဟုတ်မှာ ထိုတရားမကြီးမှုတွင် တရားမကျင့်ထုံး ဥပဒေအမိန့် ၁၊ နည်း ၁၀ အရ အဆုံးအဖြတ်ပေးရမည့် ပြဿနာဖြစ်သည်။

အမွေထိန်းစာလျှောက်ထားမှုတွင် ကန့်ကွက်သူရှိပါလျက် တိုင်းတရားရုံးက တရားမအထွေထွေမှုကို တရားမကြီးမှုအဖြစ်ပြောင်းလဲဖွင့်လှစ်ခြင်း မရှိဘဲ ကန့်ကွက်သူ ဦးမြသန်းသည် ကန့်ကွက်ထိုက်သူမဟုတ်ကြောင်း သုံးသပ်ဆုံးဖြတ်ခြင်းသည် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၉၅ ပါပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ **ဦးအောင်ကြွယ်နှင့် ဒေါ်မြရွှေ အမှု** [၁] စီရင်ထုံးပါလမ်းညွှန်ချက်များနှင့်လည်းကောင်း ဆန့်ကျင်ဆုံးဖြတ်ရာရောက်ပေသည်။

**သေတမ်းစာတွင် သေတမ်းစာအတည်ပြုသူခန့်ထားခြင်း မရှိမှသာ အမွေစားအမွေခံတစ်ဦးဦးက အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၃၂ အရ သေတမ်းစာ ပူးတွဲပါသည့် အမွေထိန်းစာလျှောက်ထားနိုင်ခြင်း။ သေတမ်းစာအတည်ပြုသူ ခန့်ထားပြီးဖြစ်ပါက ထိုသူက ယင်းဥပဒေပုဒ်မ ၂၂၂ အရ သေတမ်းစာအတည်ပြုလက်မှတ်လျှောက်ထားရမည်ဖြစ်ခြင်း။** စာမျက်နှာ

**ဆုံးဖြတ်ချက်။** ။ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၃၂ ပြဋ္ဌာန်းချက်အရဆိုလျှင် သေတမ်းစာတွင် သေတမ်းစာအတည်ပြုသူခန့်ထားခြင်း မရှိလျှင်သော်လည်းကောင်း၊ သေတမ်းစာအတည်ပြုသူ ခန့်ထားခဲ့သော်လည်း ၎င်းက သေတမ်းစာပါအတိုင်းဆောင်ရွက်ရန် မစွမ်းဆောင်နိုင်ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းသော်လည်းကောင်း ရှိခဲ့လျှင် အမွေစား အမွေခံတစ်ဦးက သေတမ်းစာပူးတွဲပါသည့် အမွေထိန်းစာကိုတောင်းခံနိုင်မည်ဖြစ်သည်။

× × × × × ×

မူလမှုတွင် လျှောက်ထားသူဦးသန်းဖေသည် သေတမ်းစာအတည်ပြုသူတစ်ဦးအဖြစ် သက်သေခံ (က) သေတမ်းစာ၌ ခန့်ထားကြောင်းမှာ အငြင်းပွားခြင်းမရှိချေ။ သေတမ်းစာအတည်ပြုသူဦးသန်းဖေကိုယ်တိုင်က သေတမ်းစာပူးတွဲပါရှိသော အမွေထိန်းလက်မှတ်စာကို လျှောက်ထားနေခြင်းဖြစ်ပေရာ ၎င်းသည် သေတမ်းစာပါအတိုင်း ဆောင်ရွက်ရန် ငြင်းပယ်ခြင်းမရှိကြောင်းမှာ ရှင်းလင်းပြီးဖြစ်သည်။

သက်သေခံ (က) သေတမ်းစာအရ သေတမ်းစာအတည်ပြုသူကိုအတိအလင်း ဖော်ပြခန့်ထားသည့် အခြေအနေတွင် သေတမ်းစာအတည်ပြုသူ ဦးသန်းဖေသည် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ

၂၃၂ ပြဋ္ဌာန်းချက်အရ သေတမ်းစာ ပူးတွဲပါရှိသော အမွေထိန်းလက် မှတ်စာကို လျှောက်ထားနိုင်ခွင့်မရှိချေ။ စာမျက်နှာ

ဦးသန်းဖေသည် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၂၂ ပြဋ္ဌာန်းချက်အရ သေတမ်းစာအတည်ပြုလက်မှတ်ကိုသာ လျှောက်ထားရမည်ဖြစ်သည်။

ဒေါ်သန်းတင် ပါ ၄ နှင့် ဦးသန်းဖေ ပါ ၁၉ ၈၇

**မူလရုံးတရားလိုက တရားပြိုင်ထံမှ မြေနှင့်အိမ်ကို ကတိစာချုပ်အရ ဝယ်ယူခဲ့သည်။ တရားပြိုင်မှာ ပြောင်းရွှေ့ပေးရန် အခက်အခဲရှိ၍ ဝယ်ယူသူတရားလိုထံမှ မြေနှင့်အိမ်ကို အငှားစာချုပ် ချုပ်ဆို၍ ဆက်လက်နေထိုင်သည်။ မှတ်ပုံတင် အရောင်းအဝယ် စာချုပ် ချုပ်ဆိုပြီးနောက် တရားပြိုင်က ဖယ်ရှားမပေးသဖြင့် တရားလိုက မြေနှင့်အိမ်လက်ရောက်ရလိုမှုစွဲဆိုရာ မြေနှင့်အိမ် ငှားရမ်းခြင်း စာချုပ်ရှိနေသဖြင့် ၁၉၆၀ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေအရသာ တရားစွဲဆိုရမည်ဆိုခြင်းမှာ မှန်ကန်ခြင်းရှိ၊ မရှိ။**

**ဆုံးဖြတ်ချက်။** ။ မူလရုံးတရားလို တရားပြိုင်တို့သည် ရှေးဦးစွာ အိမ်မြေ အရောင်းအဝယ်ကတိစာချုပ် (သက်သေခံ-ခ)ကို ချုပ်ဆိုပြီးနောက် မှတ်ပုံတင်စာချုပ် မချုပ်ဆိုမီ ၃၁-၈-၂၀၀၁ ရက်နေ့တွင် ငှားရမ်းခြင်း ကတိစာချုပ် ချုပ်ဆိုသည့်အချက်မှာ အမှုတွင် ပေါ်ပေါက်သည်။

× × × × × ×

သို့ရာတွင် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၀၅ တွင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို အငှားချထားခြင်းဆိုသည်မှာ ထို ပစ္စည်း၏အကျိုးခံစားခွင့်ကို အချိန်ကာလသတ်မှတ်၍ဖြစ်စေ၊ ထာဝစဉ်ဖြစ်စေ တန်ဖိုးပေးသည့်အတွက် လွှဲပြောင်းပေးခြင်းဖြစ်သည် ဟု အဓိပ္ပါယ်ဖွင့်ဆိုသည်။ ပုဒ်မ ၁၀၅ အရ ပစ္စည်းကို အငှားချထား ပါက အငှားချထားသည့် ပစ္စည်း၏ အကျိုးခံစားခွင့်ကို လွှဲပြောင်း လက်ခံရရှိမှသာ ငှားရမ်းသူ ဖြစ်လာမည်ဖြစ်သည်။

မူလရုံးတရားလို ဦးစိုးတင့်သည် ဦးရဲလင်းထံမှ အရောင်း အဝယ် ကတိစာချုပ်ဖြင့် အချင်းဖြစ်ဉပစာကို ဝယ်ယူချိန်တွင် ယင်း ဉပစာကို လက်ရောက်မရရှိသေးသောကြောင့် အထက်ဖော်ပြပါ ပစ္စည်း လွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၀၅ အရ ယင်းဉပစာ၏ အကျိုးခံစားခွင့်ကို လွှဲပြောင်းလက်ခံရရှိခဲ့ခြင်း မရှိသေးပေ။ ယင်းသို့ အကျိုးခံစားခွင့် လွှဲပြောင်းလက်ခံရရှိခြင်း မရှိသဖြင့် ငှားရမ်းခြင်း စာချုပ် ချုပ်ဆိုသည်ဆိုသော်လည်း ဦးစိုးတင့်တွင် အငှားချထားနိုင်သည့် အခွင့်အရေးမရှိပေ။

မူလရုံး တရားလို၊ တရားပြိုင်တို့အိမ်မြေအရောင်းအဝယ် မှတ်ပုံတင်စာချုပ် မချုပ်ဆိုမီ ငှားရမ်းခြင်းစာချုပ်ချုပ်ဆိုချိန်တွင် မူလရုံး တရားပြိုင် ဦးရဲလင်းသည် ဥပဒေသဘောအရ အချင်းဖြစ်ဉပစာတွင် ပိုင်ရှင်အဖြစ် ဆက်လက်နေထိုင်ခြင်းဖြစ်ရာ ၎င်းအား ငှားရမ်းနေထိုင် သူအဖြစ် ကောက်ယူ၍ ရနိုင်မည်မဟုတ်ချေ။ သို့ဖြစ်၍ မူလရုံး တရားလို ဦးစိုးတင့်နှင့် တရားပြိုင်ဦးရဲလင်းတို့သည် အိမ်ရှင်အိမ်ငှား ဆက်သွယ်မှု မရှိသည့်အလျောက် ၁၉၆၀ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေနှင့် အကျုံးဝင်သက်ဆိုင်ရန် အကြောင်းမရှိပေ။

မူလရုံးတရားလိုက ပိုင်ရေးဆိုင်ခွင့်ကို အကြောင်းပြု၍ ဉပစာ ကို လက်ရောက်ရရန် တရားစွဲဆိုခြင်းမှာ မှားယွင်းခြင်းမရှိသည့်

**အလျှောက်** မူလရုံးနှင့်တရားရုံးချုပ်တို့က အိမ်နှင့်မြေ မှတ်ပုံတင် **အရောင်းစာချုပ်ကို** အခြေပြု၍ စွဲဆိုရာတွင်တရားပြိုင်မှ တရားလိုသို့ **အချင်းဖြစ်ဥပစာလက်ရောက်ပေးအပ်စေရန်** ဒီကရီချမှတ်ခြင်းအပေါ် ဤအထူးအယူခံခုံရုံးအနေဖြင့် ဝင်ရောက်စွက်ဖက်ရန် မသင့်ပေ။

| | | | |
|---|---|---|---|
| **ဦးရဲလင်း** | နှင့် | ဦးစိုးတင့် (၎င်း၏ အခွင့်ရ ကိုယ်စားလှယ် ဒေါ်ဝင်းရီ) | ၅၃ |

+ ၂၀၀၆
မေလ
၂၃ ရက်

# တရားမပြင်ဆင်မှု

## တရားရုံးချုပ်တရားသူကြီးဦးကျော်ဝင်း၏ရှေ့တွင်

**ဦးကျော်ကျော်ဝေ ပါ ၂**
**နှင့်**
**ဦးသန်းထွန်းစိုး (မန်နေဂျာ)**
**မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)**
**ရန်ကုန်မြို့**

**အပေါင်ပစ္စည်းကိုလေလံတင်ရောင်းချခြင်း၊ မည်သည့်အခြေအနေ၌ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၆၆(၄) နှင့် တရားရုံးများလက်စွဲအပိုဒ် ၂၃၈ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အပေါင်ပစ္စည်းကို လေလံတင်ရောင်းချရေးအတွက် မှန်ကန်မျှတသည့်ကြမ်းခင်းဈေး သတ်မှတ်နိုင်ရန် စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန်လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ ပြည်နယ်တရားရုံးတွင်တရားနိုင်ဘက်က အဆိုပါပစ္စည်းများအတွက် ကြမ်းခင်းဈေး ငွေကျပ်သိန်း ၂၅၀၀ တင်ပြပြီး တရားရှုံးဘက်မှ ကြမ်းခင်းဈေးငွေကျပ်သိန်း ၁၂၀၀၀ တင်ပြထားရာ နှစ်ဘက် တင်ပြသော ကြမ်းခင်းဈေးမှာ များစွာကွာခြားနေကြောင်း တွေ့ရသည်။

---

* ၂၀၀၆ ခုနှစ်၊ တရားမ ပြင်ဆင်မှုအမှတ်- ၅၀

\+ ၂၀၀၅ ခုနှစ်၊ တရားမဇာရီမှု အမှတ်-၃၅ တွင် ချမှတ်သော(၁-၁- ၂၀၀၆) ရက်စွဲပါ ရှမ်းပြည်နယ်တရားရုံး (တောင်ကြီးမြို့)၏ အမိန့်အပေါ်ပြင်ဆင်မှု လျှောက်ထားခြင်း။

၂၀၀၆
ဦးကျော်ကျော်ဝေ
ပါ ၂
နှင့်
ဦးသန်းထွန်းစိုး
(မန်နေဂျာ)
မြန်မာ့စီးပွားရေးဘဏ်
ဘဏ်ခွဲ(၅)
ရန်ကုန်မြို့

ဤအခြေအနေတွင် မူလပြည်နယ်တရားရုံးသည် တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆(၄)ပါ ပြဋ္ဌာန်းချက်နှင့် တရားရုံးများလက်စွဲအပိုဒ် ၂၃၈ ပါ ညွှန်ပြချက်များအရ အချင်းဖြစ်ပစ္စည်းအပေါင်ပစ္စည်းကို လေလံတင်ရောင်းချရေးအတွက် မှန်ကန်မျှတသည့် ကြမ်းခင်းဈေး သတ်မှတ်နိုင်ရန်စုံစမ်းမှုပြုလုပ်နိုင်ခွင့်ရှိပြီး ထိုသို့စုံစမ်းမှု ပြုလုပ်မှသာလျှင် အမှန်နိုင်ဆုံးခန့်မှန်းကြမ်းခင်းဈေးတန်ဖိုးကို သတ်မှတ်နိုင်မည် ဖြစ်ပေသည်။

လျှောက်ထားသူများအတွက် - ဦးစိန်ဝင်းချမ်း၊
(တရားရုံးချုပ်ရှေ့နေ)

လျှောက်ထားခံရသူအတွက် - ဒေါ်မိုးယုသွယ်၊
(လက်ထောက်ညွှန်ကြားရေးမှူး၊
ရှေ့နေချုပ်ရုံး၊ မန္တလေးမြို့။)

ရှမ်းပြည်နယ်တရားရုံး(တောင်ကြီးမြို့)၊ ၂၀၀၅ ခုနှစ် တရားမဇာရီမှုအမှတ် ၃၅ တွင် တရားနိုင်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ ရန်ကုန် မြို့က တရားရှုံးဦးကျော်ကျော်ဝေပါ ၂ ဦးအပေါ် ရှမ်းပြည်နယ် တရားရုံး၊ (တောင်ကြီးမြို့) ၂၀၀၁ ခုနှစ် တရားမကြီးမှုအမှတ် ၂၄ တွင် ရရှိထားသော အပေါင်ဒီကရီငွေ ၁၆၁၃၈,၁၃၉,၈၂၄ ကျပ် ၉၅ ပြားနှင့် ပတ်သက်၍ အတည်ပြုဆောင်ရွက်ပေးရန် လျှောက်ထားသည်။ ပြည်နယ်တရားရုံးက အပေါင်ပစ္စည်းများ၏ ကြမ်းခင်းဈေးအဖြစ် ကျပ်သိန်း ၈၀၀၀ သတ်မှတ်ပြီး လေလံတင်ရောင်းချရန် အမိန့်ချမှတ်သည်။ ပြည်နယ်တရားရုံး၏ အမိန့်ကို တရားရှုံး ဦးကျော်ကျော်ဝေတို့က မကျေနပ်၍ ဤတရားမပြင်ဆင်မှုကို တင်သွင်းလာခြင်းဖြစ်သည်။

မူလပြည်နယ်တရားရုံးက တရားနိုင်၏ ဇာရီလျှောက်လွှာတွင် ပစ္စည်းအား ကြမ်းခင်းဈေးကျပ်သိန်း ၂၅၀၀ သတ်မှတ်သော်လည်း

၂၀၀၆
ဦးကျော်ကျော်ဝေ
ပါ ၂
နှင့်
ဦးသန်းထွန်းစိုး
(မန်နေဂျာ)
မြန်မာ့စီးပွားရေးဘဏ်
ဘဏ်ခွဲ(၅)
ရန်ကုန်မြို့

တရားရုံးများက ၄င်းတို့၏ ပစ္စည်းမှာ ကြမ်းခင်းဈေး ကျပ်သိန်း ၁၂၀၀၀ တန်ကြောင်းတင်ပြကြောင်း၊ တရားနိုင်၊ တရားရှုံးတို့မှ တင်ပြသည့် ကြမ်းခင်းဈေးမှာ လွန်စွာကွာခြားနေ၍ လေ့လာစုံစမ်းပြီးနောက် အပေါင်ပစ္စည်းအနီးစပ်ဆုံးကာလတန်ဖိုးဖြစ်သည့် ကျပ်သိန်း ၈၀၀၀ ကို ကြမ်းခင်းဈေးအဖြစ်သတ်မှတ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။

ပြင်ဆင်ရန်လျှောက်ထားသူများ၏ ရှေ့နေက လျှောက်ထားခံရသူဘက်က အပေါင်ဒီကရီအရ ရရန်ရှိသည့်ငွေပမာဏမှာ ၁၆၃၈,၃၉,၈၂၄ ကျပ်၊ ၉၅ ပြားဖြစ်ပြီး ၄င်းတို့ရရန်ရှိသည့် ငွေပမာဏ ပြည့်မီစေရုံမျှဖြင့် လျှောက်ထားသူများပိုင် ဟိုတယ်အဆောက်အဦ ကို ကြမ်းခင်းဈေး ကျပ်သိန်း ၂၅၀၀ သတ်မှတ် တင်ပြခဲ့ခြင်းဖြစ်ကြောင်း၊ လျှောက်ထားသူများဘက်က မိမိတို့ပိုင်ဆိုင်သည့် ဟိုတယ်၏အမှန်တန်ဖိုးဖြစ်သည့် ငွေကျပ်သိန်း ၁၂၀၀၀ ကို လေလံကြမ်းခင်းဈေးအဖြစ် တင်ပြခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ကြောင်း၊ နှစ်ဘက်တင်ပြသည့် လေလံကြမ်းခင်းဈေးလွန်မင်းစွာ ကွာဟနေသည့် အပေါ် မူလပြည်နယ်တရားရုံးက တတ်ကျွမ်းသူပညာရှင် တစ်စုံတစ်ဦး ကိုမျှ ခေါ်ယူမေးမြန်းခြင်းမပြုဘဲ မိမိသဘောအလျောက် ကြမ်းခင်း ဈေးကို ငွေကျပ်သိန်း ၈၀၀၀ သတ်မှတ်ခြင်းမှာ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁ နည်းဥပဒေ ၆၆(၂) ပါ ပြဋ္ဌာန်းချက်ကို မျက်ကွယ် ပြုရာရောက်ကြောင်း၊ တရားရုံးအနေဖြင့် လေလံတင်ရောင်းချသည့် ပစ္စည်းကို အသားတင်ငွေအများဆုံးရနိုင်စေရန်အတွက် တာဝန် ရှိကြောင်း၊ အဆောက်အဦဥပစာမှာ တောင်ကြီးမြို့၏ လမ်းမတော် လမ်းမကြီးအနီးတွင် တည်ရှိပြီး ဧရိယာ ၀. ၂၃၅ ဧက အပေါ်တွင် ၄၁ ပေ၊ ၅၂ ပေ အကျယ်အဝန်းရှိ ၆ ထပ်အဆောက်အဦ ဖြစ်ကြောင်း၊ အထပ်တိုင်းတွင်အထူးအိပ်ခန်း ၁ ခန်း၊ နှစ်ယောက် အိပ်ခန်း ၄ ခန်းနှင့်တစ်ယောက်အိပ်ခန်း ၁ ခန်းစီပါရှိပြီး အခန်းတိုင်း တွင် ခေတ်မီအသုံးအဆောင်ပစ္စည်းများကို ထည့်သွင်းထားကြောင်း၊

၂၀၀၆
ဦးကျော်ကျော်ဝေ
ပါ ၂
နှင့်
ဦးသန်းထွန်းစိုး
(မန်နေဂျာ)
မြန်မာ့ဗီးယွားရေဘဏ်
ဘဏ်ခွဲ(၅)
ရန်ကုန်မြို့

မူလပြည်နယ်တရားရုံးက တတ်ကျွမ်းသူပညာရှင်ကို ခေါ်ယူမေးမြန်း စုံစမ်းခြင်းမပြုဘဲ မိမိသဘောအလျောက် ကြမ်းခင်းဈေးကို ကျပ်သိန်း ၈၀၀၀ အဖြစ်သတ်မှတ်ခြင်းမှာ လျှောက်ထားသူများအတွက် နစ်နာမှုကို ဖြစ်ပေါ်စေခဲ့ကြောင်း၊ မူလပြည်နယ်တရားရုံး၏ ၁၇-၁-၂၀၀၆ ရက်စွဲပါ ကြမ်းခင်းဈေးသတ်မှတ်သည့် အမိန့်ကို ပယ်ဖျက်၍ လျှောက်ထားသူများပိုင် ဟိုတယ်အဆောက်အဦဥပစာကို တတ်ကျွမ်းသူပညာရှင်များဖြင့် စုံစမ်းမှုပြုစေသင့်ကြောင်း လျှောက်လဲတင်ပြသည်။

ပြင်ဆင်ရန်လျှောက်ထားခံရသူများဘက်မှ ရှေ့နေချုပ်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူးက ပြည်နယ်တရားရုံးသည် ကြမ်းခင်းဈေးသတ်မှတ်ရာတွင် အပ်နှင်းထားခြင်းမရှိသည့် စီရင်ပိုင်ခွင့်ကို ကျင့်သုံးခဲ့သည်ဟု လည်းကောင်း၊ အပ်နှင်းထားသည့် စီရင်ပိုင်ခွင့်ကို ကျင့်သုံးရန်ပျက်ကွက်သည်ဟုလည်းကောင်း၊ တရားဥပဒေနှင့်မညီဘဲ ဆောက်ရွက်ခဲ့သည်ဟုလည်းကောင်း လျှောက်ထားသူများဘက်မှ တိတိကျကျတင်ပြနိုင်ခြင်းမရှိကြောင်း၊ ပြည်နယ်တရားရုံးက တရားရုံးများ လက်စွဲအပိုဒ် ၂၃၈ အရ အမှုအခြေအနေကို ထောက်ထား၍ ရောင်းရန်ပစ္စည်းအတွက် ခန့်မှန်းတန်ဖိုးကို တရားမျှတစွာ ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရကြောင်း၊ ဤတရားမပြင်ဆင်မှုကို ပလပ်သင့်ကြောင်းလျှောက်လဲတင်ပြသည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်း ဥပဒေ ၆၆(၁)၌ ဒီကရီကိုအတည်ပြုရာတွင် ပစ္စည်းတစ်ရပ်ရပ်ကို အများပြည်သူရှေ့၌ လေလံတင်ရန် အမိန့်ချမှတ်ခဲ့လျှင် တရားရုံးသည် ထိုသို့ရောင်းချမည့် အကြောင်းကို ကြော်ငြာစာထုတ်စေရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ နည်းဥပဒေ ၆၆(၄)တွင် ကြော်ငြာစာတွင် ဖော်ပြရမည့် အကြောင်းအရာများကို စိစစ်ရန်အလို့ငှာ တရားရုံးသည် ဆင့်ခေါ်ရန်လိုအပ်သည်ဟု ထင်မြင်သူတစ်ဦးဦးကို ဆင့်ခေါ်ပြီး ယင်း အကြောင်းအရာများနှင့် စပ်လျဉ်း၍ မေးနိုင်သည့်အပြင် အဆိုပါ အကြောင်း

၂၀၀၆
ဦးကျော်ကျော်ဝေ
ပါ ၂
နှင့်
ဦးသန်းထွန်းစိုး
(မန်နေဂျာ)
မြန်မာ့စီးပွားရေးဘဏ်
ဘဏ်ခွဲ(၅)
ရန်ကုန်မြို့

အရာနှင့် စပ်လျဉ်းသည့် စာချုပ်စာတမ်းကို တင်ပြစေရန်လည်း ဆင့်ဆိုနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

ထို့ပြင် တရားရုံးများ လက်စွဲအပိုဒ် ၂၃၈ ၌ ကြော်ငြာစာအတွက် အကြောင်းအရာများ စေ့စပ်ရန်ချိန်းဆိုသော နေ့ရက်၌ ဒီကရီအနိုင်ရသူနှင့် တရားရှုံးတို့ လာရောက်ခဲ့လျှင် ထိုအကြောင်းအရာများနှင့် စပ်လျဉ်း၍ ထိုသူတို့အား ပြောဆိုလျှောက်ထားခွင့်ပေးရမည်။ ထို့အပြင်လည်း အမိန့် ၂၁ နည်းဥပဒေ ၆၆(၄)အရ တရားသူကြီးက နောက်ထပ်စုံစမ်းစစ်ဆေးခြင်းပြုရန် လိုမည်ထင်မြင်သည့်အလျောက် စုံစမ်းစစ်ဆေးခြင်းပြုရမည်ဖြစ်ကြောင်း ညွှန်ပြထားသည်။

ယခုအမှုတွင် လျှောက်ထားသူဘက်မှ လေလံတင်ရောင်းချမည့်အဆောက်အဦ ဥပစာမှာ တောင်ကြီးမြို့၏ လမ်းမတော်လမ်းမကြီး အနီးတွင် တည်ရှိပြီး ဧရိယာ ၀. ၂၃၅ ဧက အပေါ်တွင် ၄၁ ပေ၊ ၅၂ ပေ အကျယ်အဝန်းရှိ ၆ ထပ်အဆောက်အဦဖြစ်ကြောင်း၊ အထပ်တိုင်းတွင် အထူးအိပ်ခန်းကျယ်တစ်ခန်း၊ နှစ်ယောက်အိပ်ခန်း ၄ ခန်းနှင့်တစ်ယောက်အိပ်ခန်းတစ်ခန်းစီပါရှိပြီး အခန်းတိုင်းတွင် ခေတ်မီအသုံးအဆောင်ပစ္စည်းများကို ထည့်သွင်းတပ်ဆင်ထားကြောင်း ဓာတ်ပုံများနှင့်တကွ ပူးတွဲလျှောက်ထားသည်ကိုတွေ့ရသည်။

ပြည်နယ်တရားရုံးတွင် တရားနိုင်ဘက်က အဆိုပါပစ္စည်းများအတွက်ကြမ်းခင်းဈေးငွေကျပ်သိန်း ၂၅၀၀ တင်ပြပြီးတရားရှုံးဘက်မှ ကြမ်းခင်းဈေးငွေကျပ်သိန်း ၁၂၀၀၀ တင်ပြထားရာ နှစ်ဘက်တင်ပြသော ကြမ်းခင်းဈေးမှာ များစွာကွာခြားနေကြောင်းတွေ့ရသည်။

ဤအခြေအနေတွင် မူလပြည်နယ်တရားရုံးသည် တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆(၄) ပါ ပြဋ္ဌာန်းချက်နှင့် တရားရုံးများလက်စွဲအပိုဒ် ၂၃၈ ပါ ညွှန်ပြချက်များအရ အချင်းဖြစ်အပေါင်ပစ္စည်းကို လေလံတင်ရောင်းချရေးအတွက် မှန်ကန်မျှတသည့်

ကြမ်းခင်းဈေးသတ်မှတ်နိုင်ရန် စုံစမ်းမှုပြုလုပ်နိုင်ခွင့်ရှိပြီး ထိုသို့စုံစမ်းမှုပြုလုပ်မှသာလျှင် အမှန်နိုင်ဆုံး ခန့်မှန်းကြမ်းခင်းဈေးတန်ဖိုးကို သတ်မှတ်နိုင်မည်ဖြစ်ပေသည်။ သို့ဖြစ်၍ မူလပြည်နယ်တရားရုံး၏ ကြမ်းခင်းဈေးသတ်မှတ်သည့်အမိန့်သည် မှန်ကန်သည်ဟု ဆိုနိုင်မည် မဟုတ်ချေ။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြုပြီး ရှမ်းပြည်နယ်တရားရုံး (တောင်ကြီးမြို့)၏ ကြမ်းခင်းဈေး ကျပ်သိန်း ၈၀၀၀ သတ်မှတ်သည့် ၁၇-၁-၂၀၀၆ ရက်စွဲပါ အမိန့်ကို ပယ်ဖျက်လိုက်သည်။ ပြည်နယ်တရားရုံးသည် တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆(၄) နှင့် တရားရုံးများ လက်စွဲအပိုဒ် ၂၃၈ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စုံစမ်းစစ်ဆေးမှုပြုလုပ်၍ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် ညွှန်ကြားလိုက်သည်။

စရိတ်သတ်မှတ်ခြင်း မပြု။

+ ၂၀၀၆
ဩဂုတ်လ
၃၁ ရက်

# တရားမအထွေထွေအယူခံမှု

## တရားရုံးချုပ်တရားသူကြီး ဦးကျော်ဝင်းရွှေ့တွင်

## ဒေါ်ကြည်ကြည်
## နှင့်
## ဦးစိုးညွန့်(ခ) ဦးစိန်ညွန့် ပါ ၂ *

ပိုနေမြဲ၊ ကျားနေမြဲပြန်လည်ထားရှိပေးရန်လျှောက်ထားမှု၊ အချင်းဖြစ်မြေ၊ အဆောက်အဦတို့နှင့် စပ်လျဉ်း၍ တရားလို၊ တရားပြိုင်တို့အကြား ဒီကရီတစ်ရပ် ရှိနေသည့် အခြေအနေတွင် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ အရ ပိုနေမြဲ၊ ကျားနေမြဲ ပြန်လည်ထားရှိရန် လျှောက်ထားချက်အား ခွင့်ပြုခဲ့ခြင်းသည် မှန်ကန်မှုရှိ၊ မရှိ။

**ဆုံးဖြတ်ချက်။** ။ အချင်းဖြစ်မြေနှင့် အဆောက်အဦတွင် အယူခံတရားလို ဒေါ်ကြည်ကြည်နှင့် အယူခံတရားပြိုင်(၁) ဦးစိုးညွန့်(ခ) ဦးစိန်ညွန့်တို့သည် အညီအမျှအကျိုး ဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်း တရားရုံးချုပ်(မန္တလေးရုံးထိုင်) ၂၀၀၃ ခုနှစ် တရားမအထူးအယူခံမှု အမှတ် ၂၄ တွင် သုံးသပ်ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။ သို့ဖြစ်၍ အယူခံတရားလို ဒေါ်ကြည်ကြည်က မန္တလေးတိုင်း တရားရုံး၊ ၂၀၀၃ ခုနှစ် တရားမကြီးမှု အမှတ် ၄၇၄ တွင် အချင်းဖြစ်ပစ္စည်းနှင့် စပ်လျဉ်း၍

---

* ၂၀၀၆ ခုနှစ်၊ အထွေထွေအယူခံမှု အမှတ် ၂၀

\+ ၂၀၀၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၄၇ တွင် ချမှတ်သော ၁၉-၄-၂၀၀၆ ရက်စွဲပါ မန္တလေးတိုင်းတရားရုံး၏စီရင်ချက်နှင့် ဒီကရီကို အယူခံမှု

၂၀၀၆
ဒေါ်ကြည်ကြည်
နှင့်
ဦးစိုးညွန့်(ခ)
ဦးစိန်ညွန့်
ပါ ၂

နှစ်ဦးပူးတွဲပိုင်ဆိုင်ခြင်းဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် ပစ္စည်းခွဲဝေပေးစေလိုမှုကို စွဲဆိုခဲ့ရာ အယူခံတရားလိုတောင်းဆိုသည့်အတိုင်း အချင်းဖြစ်မြေနှင့် မြေပေါ်ရှိတိုက်တို့၏ ထက်ဝက်ကို အယူခံတရားလိုသို့ ခွဲဝေပေးစေရန် ပဏာမဒီကရီချမှတ်ခဲ့ပြီး ဖြစ်သည်။ အဆိုပါ ဒီကရီသည် အယူခံတရားလို၊ တရားပြိုင်တို့ အကြားတည်မြဲနေသဖြင့် အယူခံတရားပြိုင်တို့က အချင်းဖြစ် ပစ္စည်းအပေါ်တွင် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ အရ ပိုနေမြဲကျားနေမြဲပြန်လည်ထားရှိရန် လျှောက်ထားချက်အပေါ် ခွင့်ပြုခဲ့ခြင်းသည် မှန်ကန်မှုရှိပေ။

အယူခံတရားလိုအတွက် - ဦးထွန်းလွင်
(တရားရုံးချုပ်ရှေ့နေ)

အယူခံတရားပြိုင်အတွက် - ကိုယ်တိုင်
(အယူခံတရားပြိုင်(၁)မှ ရေးသားလျှောက်လဲချက်တင်သည်။)

မန္တလေးတိုင်းတရားရုံး၊ ၂၀၀၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၄၇ တွင် အယူခံတရားပြိုင်ဦးစိုးညွန့် (ခ)ဦးစိန်ညွန့် ပါ-၂ ဦးတို့က အယူခံတရားလို ဒေါ်ကြည်ကြည်အပေါ် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အရ မူလအခြေအနေအတိုင်း ပိုနေမြဲ၊ ကျားနေမြဲပြန်လည်ထားရှိပေးရန်လျှောက်ထားရာတိုင်းတရားရုံးကလျှောက်ထားသည့်အတိုင်းအမိန့် ချမှတ်ခဲ့သည်။ အဆိုပါတိုင်း တရားရုံး၏ အမိန့်အပေါ်ဒေါ်ကြည်ကြည်က ကျေနပ်မှုမရှိသဖြင့် ဤတရားမအထွေထွေအယူခံမှုကိုတင်သွင်းခြင်းဖြစ်သည်။

မူလရုံးတွင်လျှောက်ထားသူ ဦးစိုးညွန့်(ခ)ဦးစိန်ညွန့်တို့က အချင်းဖြစ်မန္တလေးမြို့၊ အမှတ် ၁၈၀၊ ၃၁ လမ်း(၈၁ လမ်းနှင့် ၈၂ လမ်းကြား)ရှိ နေအိမ်ကို ၎င်းတို့ ပိုင်ဆိုင်ကြောင်း၊ လျှောက်ထားခံရ

၂၀၀၆
ဒေါ်ကြည်ကြည်
နှင့်
ဦးစိုးညွန့်(ခ)
ဦးစိန်ညွန့်,
ပါ ၂

သူ ဒေါ်ကြည်ကြည်က မန္တလေးတိုင်းတရားရုံး၊ ၁၉၉၈ ခုနှစ် တရားမကြီးမှုအမှတ် ၂၂၀ တွင် လျှောက်ထားသူအပေါ် အချင်းဖြစ်မြေနှင့်တိုက်ကို လက်ရောက်ရလိုမှုစွဲဆိုရာ ပလပ်ခြင်းခံရကြောင်း၊ တရားရုံးချုပ်(မန္တလေးရုံးထိုင်)၏ ၂၀၀၀ ပြည့်နှစ် တရားမ ပထမအယူခံမှုအမှတ် ၁၃၆ တွင် တိုင်းတရားရုံး၏ ဒီကရီကို ပယ်ဖျက်ပြီး ဒေါ်ကြည်ကြည် စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်ခဲ့သော်လည်း တရားရုံးချုပ်(မန္တလေးရုံးထိုင်) ၂၀၀၃ ခုနှစ် တရားမအထူးအယူခံမှုအမှတ် ၂၄ တွင် တိုင်းတရားရုံး၏ ဒီကရီကို ပြန်လည်အတည်ပြုခဲ့ကြောင်း၊ တရားရုံးချုပ်(မန္တလေးရုံးထိုင်) ၂၀၀၀ ပြည့်နှစ် တရားမ ပထမအယူခံမှု အမှတ် ၁၃၆ တွင် ဒီကရီချမှတ်ပြီးနောက် ဒေါ်ကြည်ကြည်က ဇာရီမှုဖွင့်လှစ်ပြီး ထိုစဉ်က လက်ရှိနေထိုင်သူ လျှောက်ထားသူတို့ကို နှင်ထုတ်ခဲ့သဖြင့် လက်လွတ် ဆုံးရှုံးခဲ့ရကြောင်း၊ တရားရုံးချုပ်(မန္တလေးရုံးထိုင်) ၂၀၀၃ ခုနှစ် တရားမအထူးအယူခံမှုအမှတ် ၂၄ တွင် ချမှတ်ခဲ့သည့် ဒီကရီအရ မိမိလက်လွတ်ဆုံးရှုံးခဲ့ရသည့် အချင်းဖြစ်မြေနှင့် အိမ်ကိုမူလအတိုင်း လျှောက်ထားသူတို့အား ပိုနေမြဲ၊ ကျားနေမြဲ ပြန်လည်ထားရှိပေးရန် တင်ပြသည်။

လျှောက်ထားခံရသူ ဒေါ်ကြည်ကြည်က တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၂၀၀၃ ခုနှစ် တရားမအထူးအယူခံမှုအမှတ် ၂၄ တွင် မန္တလေးတိုင်း တရားရုံး၊ ၁၉၉၈ ခုနှစ် တရားမကြီးမှုအမှတ် ၂၂၀ ၏ အမိန့်ဒီကရီကို ပြန်လည်အတည်ပြုခဲ့သော်လည်း အချင်းဖြစ်ပစ္စည်းတွင် လျှောက်ထားသူတို့နှင့် လျှောက်ထားခံရသူတို့အညီအမျှ အကျိုး ဆက်ခံပိုင်ဆိုင်ခွင့်ရှိသည်ဟု ဆုံးဖြတ်ခဲ့ကြောင်း၊ သို့ဖြစ်၍ မိမိက အချင်းဖြစ်ပစ္စည်းအပေါ်တွင် နှစ်ဦးပူးတွဲပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် ပစ္စည်းခွဲဝေပေးစေလိုမှုအတွက် မန္တလေးတိုင်းတရားရုံး၊ ၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ် ၄၇၄ ကို

၂၀၀၆
ဒေါ်ကြည်ကြည်
နှင့်
ဦးစိုးညွန့်(ခ)
ဦးစိန်ညွန့်
ပါ ၂

စွဲဆိုထားပြီးဖြစ်ကြောင်း၊ ထိုအမှုမှာ အပြီးအပြတ် မသဲကွဲသေး၍ မိမိအနေဖြင့် အချင်းဖြစ်ပစ္စည်းတွင် တစ်ဝက်ပိုင်ဆိုင်နေထိုင်ခွင့် ရှိသည်ဟု ယုံကြည်ကြောင်းဖြင့် တင်ပြသည်။

မန္တလေးတိုင်းတရားရုံးက လျှောက်ထားသူအနေဖြင့် မန္တလေးတိုင်း တရားရုံး၊ ၁၉၉၈ ခုနှစ် တရားမကြီးမှုအမှတ် ၂၂၀ မဖြစ်ပွားမီက အချင်းဖြစ်မြေနှင့်တိုက်တို့တွင် လက်ရှိနေထိုင်ခဲ့သူ ဖြစ်ကြောင်း၊ တရားရုံးချုပ်(မန္တလေးရုံးထိုင်) ၂၀၀၀ ပြည့်နှစ် တရားမ ပထမအယူခံမှု အမှတ် ၁၃၆ တွင် ချမှတ်သည့် ဒီကရီအရ လျှောက်ထားခံရသူ ဒေါ်ကြည်ကြည်က မန္တလေးတိုင်းတရားရုံး၊ ၂၀၀၀ ပြည့်နှစ် တရားမဇာရီမှုအမှတ် ၁၂၈ ကို လျှောက်ထားပြီး ယင်းဇာရီမှုတွင် လျှောက်ထားသူတို့အား အချင်းဖြစ် မြေနှင့်တိုက်တို့မှ ဖယ်ရှားခဲ့ပြီး ဒေါ်ကြည်ကြည်သို့ လက်ရောက်ပေးအပ်ခဲ့ကြောင်း၊ သို့သော်လည်း တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၂၀၀၃ ခုနှစ် တရားမ အထူးအယူခံမှုအမှတ် ၂၄ တွင် တရားရုံးချုပ်(မန္တလေးရုံးထိုင်)၏ တရားမ ပထမအယူခံမှု၌ချမှတ်သော ဒီကရီကို ပယ်ဖျက်ခဲ့သဖြင့် လျှောက်ထားသူအား တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အရ ပိုနေမြေ၊ကျားနေမြေပြန်လည်ထားရှိရန် စရိတ်နှင့်တကွ အမိန့်ချမှတ် ခဲ့ခြင်း ဖြစ်သည်။

အယူခံတရားလို၏ ရှေ့နေက တရားရုံးချုပ် ၂၀၀၃ ခုနှစ် တရားမအထူး အယူခံမှုအမှတ် ၂၄ တွင် ကောက်ယူဆုံးဖြတ်ချက် သည် နှစ်ဖက်အမှုသည် များဖြစ်သည့်အယူခံတရားလိုတရားပြိုင် တို့အပေါ် ချမှတ်ထားသော ဆုံးဖြတ်ချက်ဖြစ်ပြီး အဆိုပါအမှုတွင် ပါဝင်သော အမှုသည်အပေါ်မီးသေလျက်ရှိကြောင်း၊ အယူခံ တရားလိုနှင့် အယူခံတရားပြိုင်(၁)တို့မှာ သားအမိတော်စပ်သူများ ဖြစ်ကြကြောင်း၊ ယခုအချင်းဖြစ်မြေနှင့်တိုက်ကို မိခင်ကြီးက လက်ရောက်ရရှိပြီးဖြစ်သည့် အလျှောက်မိခင်ကြီးလျှောက်ထားသော

၂၀၀၆
ဒေါ်ကြည်ကြည်
နှင့်
ဦးစိုးညွန့်(ခ)
ဦးစိန်ညွန့်
ပါ ၂

နှစ်ဦးပိုင် မြေကွက်နှင့်တိုက်ဖြစ်ကြောင်း ပြဋ္ဌာန်းပေးပြီးခွဲဝေပေးစေရန် အမှုမှာလည်း ဒီကရီကျပြီးနောက်မည်သို့ ခွဲဝေမည်ဖြစ်ကြောင်းစုံစမ်း စစ်ဆေးနေပြီဖြစ်ရာ အချင်းဖြစ်တိုက်နှင့် မြေကို မိခင်ကြီးတစ်ဝက်၊ သားဖြစ်သူအယူခံ တရားပြိုင်တစ်ဝက် တစ်ခြမ်းစီ ခွဲဝေယူမည်ဆိုပါက သင့်တော်သည့် အခြေအနေသို့ ရောက်ရှိမည်ဖြစ်ကြောင်း စသည်ဖြင့် လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်များ၏ ကိုယ်စားအယူခံတရားပြိုင်(၁)က လျှောက်လဲတင်ပြရာတွင် အယူခံတရားလိုအနေဖြင့် မိမိမူလက နေထိုင်ခဲ့သော နေအိမ်ကို ပြန်လည်နေထိုင်ခွင့်ရရှိရန် အလို့ငှာ ပိုနေမြဲ ကျားနေမြဲလျှောက်ထားခြင်းဖြစ်ကြောင်း၊ အယူခံတရားလိုသည် အချင်းဖြစ်တိုက်ကို အငှားချထားပြီး မူလနေထိုင်သူအား ပြန်လည် မပေးရန် ငြင်းဆိုမှုသည် တရားမျှတမှုကိုလည်းကောင်း၊ တရားမ ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄(၁) ကိုလည်းကောင်း၊ ဆန့်ကျင်နေကြောင်း မှာ မြင်သာကြောင်း၊ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ တွင် ပိုနေမြဲ ကျားနေမြဲပြန်ပေးရမည့်အတိုင်းအတာမှာ သက်ဆိုင်ရာအမှု သည်အားပြင်ဆင် ပယ်ဖျက်လိုက်သော ဒီကရီသာရှိခဲ့လျှင် ယခင် တည်ရှိမည့် အခြေအနေတွင် ပြန်ထားရန်ဖြစ်ကြောင်း၊ ပိုင်ဆိုင်မှုနှင့် ပတ်သက်သော ကိစ္စရပ်သည် တရားရုံးအဆင့်ဆင့်တွင် ဆုံးဖြတ်ခဲ့ပြီး ဖြစ်၍ ယခုလျှောက်ထားမှုတွင် ဆုံးဖြတ်ခွင့်ရှိမည် မဟုတ်ကြောင်း၊ အယူခံတရားလိုဘက်မှ ပိုင်ဆိုင်မှုကို ပိုနေမြဲ ကျားနေမြဲ လျှောက်ထား မှု၌ ထည့်သွင်းစစ်မေးခြင်းသည် ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ယခင်က ဆုံးဖြတ်ခဲ့ပြီး ဖြစ်သည့်တရားရုံး အဆင့်ဆင့်၏ ဆုံးဖြတ်ချက်များကို အဟောသိကံဖြစ်စေကြောင်းဖြင့် တင်ပြသည်။

အချင်းဖြစ် မန္တလေးမြို့၊ အမှတ် ၁၈၀၊ ၃၁ လမ်း (၈၁ လမ်း နှင့် ၈၂လမ်းကြား) ရှိ မြေနှင့် အဆောက်အဦတို့နှင့် စပ်လျဉ်း၍ အယူခံ တရားလိုနှင့် အယူခံတရားပြိုင်တို့အကြားတွင် မှုခင်းများဖြစ်ပွားခဲ့

၂၀၀၆
ဒေါ်ကြည်ကြည်
နှင့်
ဦးစိုးညွန့်(ခ)
ဦးစိန်ညွန့်
ပါ ၂

ကြသည်။ အယူခံတရားလိုက မန္တလေးတိုင်းတရားရုံး၊ ၁၉၉၈ ခုနှစ် တရားမကြီးမှုအမှတ် ၂၂၀ တွင် အချင်းဖြစ်မြေနှင့်တိုက်ကို လက်ရောက်ရလိုမှု စွဲဆိုရာ ပလပ်ခြင်းခံရသည်။ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၂၀၀၀ ပြည့်နှစ် တရားမ ပထမအယူခံမှုအမှတ် ၁၃၆ တွင် မန္တလေးတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်ပြီး ဒေါ်ကြည်ကြည်စွဲဆိုသည့် အတိုင်း အနိုင်ဒီကရီချမှတ်ခဲ့ကြောင်း ပေါ်ပေါက်သည်။ ထိုဒီကရီကို အတည်ပြုနိုင်ရန်အတွက် ဒေါ်ကြည်ကြည်က တိုင်းတရားရုံးတွင် ဇာရီမှုဖွင့်လှစ်ပြီး နောက် အချင်းဖြစ်တိုက်တွင် နေထိုင်သော အယူခံတရားပြိုင်တို့ အား ဖယ်ရှားခဲ့သဖြင့် ၃၀-၅-၂၀၀၂ ရက်နေ့တွင် လက်လွတ်ဆုံးရှုံးခဲ့ပြီး ဒေါ်ကြည်ကြည်က လက်ရောက်ရယူခဲ့သည်။ ထို့နောက် ၂၀၀၃ ခုနှစ် တရားမအထူးအယူခံမှုအမှတ် ၂၄ တွင် တရားရုံးချုပ် (မန္တလေးရုံးထိုင်) တရားမ ပထမအယူခံမှု၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး မူလမန္တလေးတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပြန်လည် အတည်ပြုခဲ့သည်။ အထက်ပါအချက်များသည် ယခုအမှုတွင် အငြင်းမပွားသော အချက်များပင်ဖြစ်သည်။

တရားရုံးချုပ်(မန္တလေးရုံးထိုင်) ၂၀၀၃ ခုနှစ် တရားမအထူး အယူခံမှု အမှတ် ၂၄ ၏ စီရင်ချက်တွင် အချင်းဖြစ်ပစ္စည်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း သုံးသပ်ထားသည်-

"× × × × ယခုအမှုတွင် အယူခံတရားလိုဦးစိုးညွန့်(ခ) ဦးစိန်ညွန့်နှင့် အယူခံတရားပြိုင် ဒေါ်ကြည်ကြည်တို့သည် ၎င်းတို့ အမည်ဖြင့် အချင်းဖြစ်မြေနှင့် အဆောက်အဦကို မှတ်ပုံတင်စာချုပ် ချုပ်ဆိုဝယ်ယူရာတွင် မည်သူက ငွေမည်မျှထည့်ဝင်ဝယ်ယူကြောင်း ပေါ်ပေါက်ခြင်းမရှိ သည့်အတွက် အချင်းဖြစ်ပစ္စည်းအပေါ်တွင် အညီအမျှ အကျိုးဆက်ခံပိုင်ဆိုင်ကြသည်ဟုသာ ကောက်ယူရန်

၂၀၀၆
ဒေါ်ကြည်ကြည်
နှင့်
ဦးစိုးညွန့်(ခ)
ဦးစိန်ညွန့်
ပါ ၂

ရှိသည်။ × × × × ×"

အထက်ပါသုံးသပ်ချက်အရဆိုလျှင် အချင်းဖြစ်မြေနှင့်တိုက်တွင် အယူခံတရားလို ဒေါ်ကြည်ကြည်နှင့် အယူခံတရားပြိုင်(၁) ဦးစိုးညွန့်(ခ)ဦးစိန်ညွန့်တို့သည် အညီအမျှ အကျိုးဆက်ခံ ပိုင်ဆိုင်ခွင့်ရှိကြောင်းမှာ ထင်ရှားသည်။ သို့ဖြစ်၍ပင် ဒေါ်ကြည်ကြည်က မန္တလေးတိုင်းတရားရုံး၊ ၂၀၀၃ ခုနှစ် တရားမကြီးမှု အမှတ် ၄၇၄ တွင် နှစ်ဦးပူးတွဲပိုင်ဆိုင်ခြင်းဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် ပစ္စည်းခွဲဝေပေးစေလိုမှု ထပ်မံစွဲဆိုခဲ့ရာ ၁၆-၉-၂၀၀၅ ရက်နေ့တွင် အယူခံတရားလိုတောင်းခံသည့်အတိုင်း အချင်းဖြစ်မြေနှင့်မြေပေါ်ရှိတိုက်တို့၏ ထက်ဝက်ကို အယူခံတရားလိုသို့ ခွဲဝေပေးစေရန် ပဏာမ ဒီကရီချမှတ်ခဲ့ပြီးဖြစ်ကြောင်း တင်ပြချက်အရ သိရှိရသည်။ ယင်းအချက်ကို အယူခံတရားပြိုင်ဦးစိုးညွန့်က ငြင်းဆန်ခြင်းမရှိပေ။ သို့ဖြစ်၍ အချင်းဖြစ်မြေ၊ တိုက်တို့နှင့် စပ်လျဉ်း၍ အယူခံတရားပြိုင်တွင် ဒီကရီ တစ်ရပ်ရှိကြောင်းမှာ ထင်ရှားသည်။

**ဒေါ်စကီနာ နှင့် ဦးမောင်စိန် အမှု**[၁] တွင် အောက်ပါအတိုင်း လမ်းညွှန်ထုံးဖွဲ့ထားသည်-

"တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အရ လျှောက်ထားသူ ဒေါ်စကီနာ အနေဖြင့် ၎င်းအပေါ်၌ ဒီကရီတစ်စုံတစ်ရာချမှတ်ထားခြင်းမရှိသောအခါမှ လျှောက်ထားရမည်ဖြစ်သည်။ ယခုကိစ္စတွင် ဒေါ်စကီနာအပေါ်၌ ပုဒ်မ ၁၂(၁)(က)အရ ချမှတ်သည့် ဒီကရီမှာ ယနေ့တိုင် တည်မြဲလျက်ရှိနေသည်။ ထို့ကြောင့် ဒေါ်စကီနာသည် ပုဒ်မ ၁၄၄ အခွင့်အရေးကို လျှောက်ထားတောင်းဆိုနိုင်သည့် အနေအထား၌ မရှိပေ။ ပုဒ်မ ၁၄၄၊ ပြဋ္ဌာန်းချက်ရှိနေသဖြင့် ပုဒ်မ ၁၅၁ အခွင့်အာဏာကို ကျင့်သုံးရန်လည်း မသင့်ပေ။ ထို့ကြောင့် ပုဒ်မ ၁၄၄အရ

(၁) ၁၉၉၀ ပြည့်နှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး စာ-၁၁

၂၀၀၆
ဒေါ်ကြည်ကြည်
နှင့်
ဦးစိုးညွန့်(ခ)
ဦးစိန်ညွန့်.
ပါ ၂

လျှောက်ထားသည့် ဒေါ်စကီနာ၏ လျှောက်လွှာကို တိုင်းတရားရုံးက ခွင့်မပြုခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းကြောင်း မတွေ့ရပေ။"

သို့ဖြစ်ရာ အချင်းဖြစ်မြေ၊ တိုက်တို့နှင့် စပ်လျဉ်း၍ အယူခံတရားလိုနှင့် အယူခံတရားပြိုင်တို့အကြားတွင် မန္တလေးတိုင်းတရားရုံး၊ ၂၀၀၃ ခုနှစ် တရားမကြီးမှု အမှတ် ၄၇၄ ၏ ဒီကရီသည် တည်မြဲနေသဖြင့် အယူခံတရားပြိုင်က အချင်းဖြစ်ပစ္စည်းပေါ်တွင် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၄အရ ပိုနေမြဲကျားနေမြဲ ပြန်လည်ထားရှိရန် လျှောက်ထားချက်အပေါ် ခွင့်ပြုခဲ့သည့်တိုင်းတရားရုံး၏ အမိန့်သည် မှန်ကန်သည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် ဤတရားမ အထွေထွေအယူခံမှုကို ခွင့်ပြုသည်။ မန္တလေးတိုင်း တရားရုံး၏ ၁၉-၄-၂၀၀၆ ရက်စွဲပါ အမိန့်ကို ပယ်ဖျက်ပြီး အယူခံတရားပြိုင် (မူလရုံးလျှောက်ထားသူ)၏ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အရ ပိုနေမြဲ၊ ကျားနေမြဲထားရှိပေးရန် လျှောက်ထားချက်ကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၃၀၀/- သတ်မှတ်သည်။

+ ၂၀၀၆
ကော်တင်ဘာလ
၂၂ ရက်

# တရားမပြင်ဆင်မှု

## တရားရုံးချုပ်တရားသူကြီးဦးသက်ထွန်းရွှေ့တွင်

ဒေါ်ခင်ဆန်း
နှင့်
ဦးမျိုးကြွယ် ပါ ၁၄ *

ရိုးရာယဉ်ကျေးမှု အစဉ်အလာအရ ပူဇော်ခံရန် တည်ဆောက်သော နတ်နန်းနှင့် နတ်ပစ္စည်းများအား အမွေပုံ ပစ္စည်းအဖြစ် သတ်မှတ်ရန် သင့်၊ မသင့်နှင့် အမွေခွဲဝေရန် သင့်၊ မသင့်။

ဆုံးဖြတ်ချက်။ ။ ရိုးရာယဉ်ကျေးမှု အစဉ်အလာအရ ပူဇော်ခံရန် တည်ဆောက်သော နတ်နန်းနှင့် နတ်ပစ္စည်းများအား အမွေပုံပစ္စည်း အဖြစ် သတ်မှတ်ရန် မသင့်သကဲ့သို့ အမွေခွဲဝေရန်လည်း သင့်မည် မဟုတ်ပေ။

| | | |
|---|---|---|
| လျှောက်ထားသူအတွက် | - | ဦးစိုးမြင့်<br>(တရားရုံးချုပ်ရှေ့နေ) |
| လျှောက်ထားခံရသူများ<br>အတွက် | - | (၁၊ ၂၊ ၃၊ ၅၊ ၇ မှ ၁၀၊ ၁၂၊ ၁၃)<br>ဦးညွန့်ဝေ<br>(တရားရုံးချုပ်ရှေ့နေ)<br>(၄၊ ၆၊ ၁၁၊ ၁၄)ကိုယ်တိုင်(မလာ) |

* ၂၀၀၆ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၁၅

\+ ၂၀၀၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၂၃ တွင် ချမှတ်သော ၁၇-၅-၂၀၀၆ ရက်စွဲပါ မန္တလေးတိုင်းတရားရုံးအမိန့်အပေါ်ပြင်ဆင်မှု လျှောက်ထားခြင်း

၂၀၀၆
ဒေါ်ခင်ဆန်း
နှင့်
ဦးမျိုးကြွယ်
ပါ ၁၄

မန္တလေးတိုင်းတရားရုံး၊ ၂၀၀၂ တရားမကြီးမှုအမှတ် ၂၂၃ တွင် တရားလို ဒေါ်ခင်ဆန်းက တရားပြိုင် ဦးမျိုးကြွယ်ပါ ၁၄ ဦး တို့အပေါ် တောင်ပြုံးကြီးကျေးရွာ၊ ပုပ္ပါးမယ်တော်နတ်နန်းတည်ရာ မြေနှင့် ထိုနတ်နန်းပေါ်ရှိအဆောက်အဦနှင့်တကွ နတ်နန်းအတွင်းရှိ ပစ္စည်းများအားလုံးနှင့် ပုပ္ပါးမယ်တော်နတ်နန်း၏တောင်ဘက်ရှိ (လမ်းတောင်ဘက်) ၉၀ပေ×၂၄ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ကွယ်လွန်သူဦးအုန်းမောင်ကျန်ရှိသော ပစ္စည်းတို့ကို အမွေပုံစီမံခန့်ခွဲ ပေးစေလိုမှု စွဲဆိုခဲ့သည်။ မန္တလေးတိုင်းတရားရုံးက တရားလို ဒေါ်ခင်ဆန်းသည် ကွယ်လွန်သူ ဦးအုန်းမောင်ကျန်ရစ်သော အထက်ပါပစ္စည်းများ၏ (၄)ပုံ(၁)ပုံကို အမှတ်(၁၄) တရားပြိုင် ဒေါ်မြင့်ဆွေနှင့်အတူတကွ ပူးတွဲ၍ တစ်ဝက်စီရထိုက်ကြောင်းနှင့် ဦးအုန်းမောင်နှင့် ပေါင်းသင်းစဉ် ဖြစ်ထွန်းသော လက်ထက်ပွား ပစ္စည်းများ၏ (၆)ပုံ (၅)ပုံကို အမှတ်(၁၄) တရားပြိုင်ဒေါ်မြင့်ဆွေနှင့် အတူပူးတွဲ ၍ တစ်ဝက်စီရထိုက်ကြောင်း စီရင်ချက်နှင့် ပဏာမဒီကရီ ချမှတ်ခဲ့သည်။

မူလမန္တလေးတိုင်းတရားရုံးသည် ကော်မရှင်နာခန့်ထား ဆောင်ရွက်စေပြီးနောက် တင်ပြလာသော ကော်မရှင်နာ အစီရင်ခံ စာအပေါ် ပြင်ဆင်ချက်ဖြင့် အတည်ပြုသည့်အမိန့်ချမှတ်ခဲ့ရာ ထိုအမိန့် ကို မူလရုံးတရားလို ဒေါ်ခင်ဆန်းက မကျေနပ်သဖြင့် ဤတရားမပြင် ဆင်မှုကို တင်သွင်းလာခြင်းဖြစ်သည်။

ကော်မရှင်နာက တရားမကျင့်ထုံးဥပဒေအမိန့် ၂၆ နည်း ဥပဒေ ၉၊ ၁၁၊ ၁၃ တို့အရ အစီရင်ခံသော ၂၃-၃-၂၀၀၆ ရက်စွဲပါ အစီရင်ခံစာတွင် အောက်ပါတို့ပါရှိသည် -

၁။ နှစ်ဖက်သက်သေများ၏ ထွက်ဆိုအစစ်ခံချက်များ အရ ဦးစွာအားဖြင့် ပုပ္ပါးမယ်တော်နတ်နန်းနှင့် ပတ်သက်၍ တင်ပြပါမည်။ ယခုကဲ့သို့ နတ်နန်းများနှင့် ပတ်သက်၍

၂၀၀၆
ဒေါ်ခင်ဆန်း
နှင့်
ဦးမျိုးကြွယ်
ပါ ၁၄

မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ အမွေဆက်ခံနိုင်သည်ဟု စီရင်ထုံးများတွင်လက်လှမ်းမီသရွေ့ မတွေ့ပါ။ ထို့ကြောင့် အမွေဆက်ခံရေး ဥပဒေအရ အမွေဆိုင်ဖြစ်သည်ဟု ကောက်ယူနိုင်ခြင်း မရှိပါ။

၂။ × × × × ရပ်ရွာ ဓလေ့ထုံးစံအရ အစဉ်တစိုက်ကျင့်သုံးလာသော နတ်နန်းရိုးရာဓလေ့နှင့် ထိပ်တိုက်တွေ့နိုင်သည့်အတွက် ပုပ္ပါးမယ်တော်နတ်နန်းနှင့် ပတ်သက်၍ ဒေသရှိနတ်ထိန်းများ၊ နတ်ထိန်းချုပ်များ၏ အဆုံးအဖြတ်ကိုသာ ခံယူသင့်ပါသည်။

၃။ × × × × ဦးအုန်းမောင်၏ ပထမဇနီးမှ ပါလာသော လယ် ၁၀ ဧကကို ဦးအုန်းမောင်က ရောင်းချပြီးနောက် ထိုငွေဖြင့် ဝယ်ယူပြီးဖြစ်ပေါ်လာသော ပစ္စည်းများမှာ တောင်ပြုံးကြီးရွာရှိကွင်းအမှတ် ၃၃၁၊ ဦးပိုင် ၉၊ ရွာမြေ (၃×၂)ခန်းနံကပ်သွပ်မိုးနေအိမ်တိုက်တစ်လုံး၊ ကြက်မွေးမြူရေးခြံ၊ ကြက်အကောင်ရေ ၃၅၀၊ စီဒီအိုကေရုံ၊ ပေ ၁၀၀ ပတ်လည် ငါးကန် ၂ ကန်၊ သွပ်မိုးမီးဖိုချောင်၊ သွပ်မိုးစက်တဲတစ်လုံး၊ မြေပေါ်ရှိ အဝီစိရေတွင်းတစ်ခု၊ အုတ်ရေကန်၊ ကူဘိုတာ ၅/၆ကောင် ရေစုပ်စက်တစ်လုံး၊ ၃ ကီလိုဒိုင်နမိုတစ်လုံးတို့ဖြစ်သည်။

၄။ တရားပြိုင် (၁)(၂)တို့လက်ရှိနေထိုင်လျက်ရှိသော အိမ်နှင့်မြေတို့သည် ဦးအုန်းမောင်နှင့် ပတ်သက်ခြင်းမရှိဘဲ သီးခြားဝယ်ယူပိုင်ဆိုင်ကြောင်း သက်သေခံစာချုပ်များဖြင့် ထင်ရှားစေသည်။ သို့သော် ထိုစာချုပ်များသည် မှတ်ပုံတင်စာချုပ်များမဟုတ်၊ ယင်းသည် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၃-က အရ ဒိုင်းအဖြစ်အသုံးပြုနိုင်သောကြောင့် အမွေပုံပစ္စည်းအဖြစ် စာရင်း

၂၀၀၆
ဒေါ်ခင်ဆန်း
နှင့်
ဦးမျိုးကြွယ်
ပါ ၁၄

ကောက်ယူနိုင်မည်မဟုတ်ပါ။

၅။ ပုပ္ပါးမယ်တော်နတ်နန်း၏ တောင်ဘက်ရှိ(၉၀×၄၀) ပေမြေသည် ဦးအုန်းမောင်မှပါလာသော ပစ္စည်းဖြစ်သည်။ အဆိုပါ မြေကွက်နှင့်တစ်ဆက်တည်း ရှိသော မြေ ၂ ကွက်မှာ ဦးအုန်းမောင်၏ အစ်မကြီး ဒေါ်စောမြင့်၊ ဒေါ်သန်းအေးပိုင်ဖြစ်သည်။ ဦးအုန်းမောင်နှင့် အစ်မများ သဘောတူမှုအရ (၄၀×၉၀)ပေကို အမွေအဖြစ်ရသည်။ ဦးအုန်းမောင်နှင့် တရားလိုတို့ ပေါင်းသင်းစဉ်က ထိုမြေနေရာတွင် နတ်ကနားများ ဖွင့်၍ ငှားသည်။

၆။ လက်တွေ့ပစ္စည်းခွဲဝေရာတွင် နည်းလမ်းများ အနေဖြင့် အမွေပုံပစ္စည်းများကို ခွဲဝေခြင်း၊ အမွေဆိုင်တစ်ဦးက ပစ္စည်းယူ၍အခြားအမွေဆိုင်တို့အား ငွေအမ်းပေးခြင်း၊ နှစ်ဖက်အမှုသည်များ၏ သဘောတူသည့်တန်ဖိုးဖြင့် တရားရုံး၏ ကြီးကြပ်မှုမပါဘဲ အမွေပုံပစ္စည်းများကို အလွတ်ရောင်းချ၍ရငွေကို ခွဲဝေခြင်း၊ တရားရုံး၏ ကြီးကြပ်မှုဖြင့် အမွေပုံပစ္စည်းကို လေလံတင်ရောင်းချ၍ ရငွေကို အချိုးကျခွဲဝေခြင်းတို့ဖြစ်ပါသည်။ အထက်ဖော်ပြပါ နည်းလမ်းများအနက်မှ ရုံးတော်ကသင့်သည်ထင်မြင်သည့်နည်းလမ်းဖြင့် ခွဲဝေပေးပါရန် တင်ပြအစီရင်ခံအပ်ပါသည်။

မန္တလေးတိုင်းတရားရုံးက အထက်ဖော်ပြပါ ကော်မရှင်နာ အစီရင်ခံစာအပိုဒ် ၁၊ ၂ နှင့် ပတ်သက်၍ ပုပ္ပါးမယ်တော်နတ်နန်းအတွက် ကော်မရှင်နာ၏တင်ပြချက်အား အလေးထားသင့်ကြောင်းနှင့် နတ်ထိန်းများ၏ အဆုံးအဖြတ်သည်သာ အသင့်လျော်ဆုံးဖြစ်ကြောင်း သုံးသပ်ပြီး အမွေဆိုင်ပစ္စည်းအဖြစ် စာရင်းကောက်ယူမရပါဟူသော ကော်မရှင်နာ၏ တင်ပြချက်ကို လက်ခံခဲ့သည်။

အထက်ဖော်ပြပါကော်မရှင်နာအစီရင်ခံစာအပိုဒ် ၃ ပါ ဦးအုန်းမောင်၏ ပထမဇနီးမှ ပါလာသောလယ် ၁၀ ဧကကို ဦးအုန်းမောင်က ရောင်းချပြီး ထိုငွေဖြင့် ဖော်ပြပါပစ္စည်းများကို ဝယ်ယူပြီး ဖြစ်ထွန်းလာသော ပစ္စည်းများဖြစ်သည်ဆိုခြင်းနှင့် ပတ်သက်၍ကော်မရှင်နာသည် တရားပြိုင်တို့ဘက်မှ တင်ပြချက်ကို အလေးထားတင်ပြထားကြောင်း၊ ကော်မရှင်နာအစီရင်ခံစာအပိုဒ် ၃ တွင် ဖော်ပြထားသော ပစ္စည်းများမှာ ဦးအုန်းမောင်၏ ပထမဇနီးမှ ပါသောလယ် ၁၀ ဧကကို ရောင်း၍ ဝယ်ယူခြင်းဟု ကောက်ယူမည့်အစား ဦးအုန်းမောင်နှင့် တရားလိုတို့ ပေါင်းသင်းစဉ် လက်ထက်ပွားပစ္စည်းဖြစ်ပါသည်ဟု တင်ပြချက်အား လက်ခံခြင်းက တရားမျှတမည်ဖြစ်ကြောင်း သုံးသပ်ခဲ့သည်။

ကော်မရှင်နာ အစီရင်ခံစာအပိုဒ် ၄ ပါ တရားပြိုင် (၁) (၂) တို့ လက်ရှိနေထိုင်လျက်ရှိသော အိမ်မြေတို့နှင့် ပတ်သက်၍ တရားလိုဘက်မှ စာရင်းစာအုပ်မှတ်တမ်းများသာ တင်ပြထားပြီး တထစ်ချကောက်ယူနိုင်သော အထောက်အထားများ မဟုတ်ဘဲမှတ်စုစာအုပ်၏မှတ်သားချက်များဖြစ်နေကြောင်း၊ အမှတ် (၁) (၂) တရားပြိုင်တို့က မှတ်ပုံမတင်သောမြေဝယ်ယူခြင်း စာချုပ်သည် အရပ်စာချုပ်များဖြစ်သော်လည်း လက်ရှိနေထိုင်သောမြေနှင့် အိမ်တို့ဖြစ်နေသဖြင့် ကော်မရှင်နာက အမွေပုံပစ္စည်းအဖြစ် ကောက်ယူနိုင်မှုမရှိပါဟူသော တင်ပြချက်ကို လက်ခံရမည် ဖြစ်ကြောင်း သုံးသပ်ခဲ့သည်။

ကော်မရှင်နာအစီရင်ခံစာအပိုဒ် ၅ ပါ ပုပ္ပါးမယ်တော်နတ်နန်းနှင့်ကပ်လျက်တောင်ဘက်ရှိ(၉၀×၄၀)ပေမြေနှင့် ပတ်သက်၍ ဦးအုန်းမောင်ရှိစဉ်က ခွဲဝေပေးခဲ့သော မြေအား အမွေပစ္စည်းဟု ကောက်ယူမည့်အစားယင်းမြေမှ ပွဲတော်ရက်အတွင်းသော်လည်းကောင်း၊ အခြားအချိန်များတွင်သော်လည်းကောင်း ရရှိသော အကျိုးအမြတ်ကို တရားလိုက အကျိုးခံစားစေသင့်သည်ဟု အကျိုး

၂၀၀၆
ဒေါ်ခင်ဆန်း
နှင့်
ဦးမျိုးကြွယ်
ပါ ၁၄

ခံစားခွင့်အား အမွေခံစားထိုက်သည်ဟု သုံးသပ်ရရှိကြောင်းနှင့် အဆိုပါမြေသည် ဦးအုန်းမောင်ကွယ်လွန်စဉ် အထက်ပါပစ္စည်း သဘောတည်ရှိနေခြင်းဖြစ်ကြောင်းဖြင့် မူလမန္တလေးတိုင်း တရားရုံးက ကော်မရှင်နာအစီရင်ခံစာအပေါ် သုံးသပ်ခဲ့သည်။

ဖော်ပြပါ သုံးသပ်ချက်တို့အရ မူလမန္တလေးတိုင်းတရားရုံးက ပုပ္ပါးမယ်တော်နတ်နန်းသည် ရှေးနှစ်ပေါင်း ၁၀၀ ခန့်ကတည်းက မျိုးရိုးစဉ်ဆက်ကိုးကွယ်လာသော ဘာသာရေးဆိုင်ရာနတ်နန်းဖြစ်၍ ကွယ်လွန်သူ ဦးအုန်းမောင်ကျန်ရစ်သည့် အမွေပုံပစ္စည်းအဖြစ် မကောက်ယူနိုင်ကြောင်း၊ ယင်းနတ်နန်းနှင့် ကပ်လျက်ဦးအုန်းမောင်မှ အကျိုးခံစားသော မြေ၏ ပွဲတော်တွင်းနှင့် အခြားအချိန်များတွင် ရရှိသော အကျိုးခံစားခွင့်ကို အမွေပုံဖြစ်ကြောင်း ကောက်ယူခဲ့သည်။ ထို့ပြင်တောင်ပြုံးကြီးရွာအတွင်းရှိ ကွင်းအမှတ် ၃၃၁၊ ဦးပိုင် ၉၊ ရွာမြေ(၃×၂)ခန်း နံကပ်သွပ်မိုး နေအိမ်တစ်လုံး၊ ကြက်မွေးမြူရေးခြံ၊ ကြက်ကောင်ရေ ၃၅၀၊ စီဒီအိုကေရုံ၊ ငါးကန် ၂ ကန်၊ သွပ်မိုးမီးဖိုချောင်၊ သွပ်မိုးစက်တဲတစ်လုံး၊ အဝီစိတွင်းတစ်ခု၊ အုတ်ရေကန်၊ ကူဘိုတာ ၅/၆ ကောင် ရေစုပ်စက်တစ်လုံး၊ ၃ ကီလိုဒိုင်နမိုတစ်လုံး တို့အား ဦးအုန်းမောင်နှင့်တရားလိုတို့ ပေါင်းသင်းစဉ် လက်ထက်ပွားပစ္စည်းအဖြစ် သတ်မှတ်ခဲ့သည်။

လျှောက်ထားသူ၏ တရားရုံးချုပ်ရှေ့နေက နတ်နန်းလုပ်ပိုင်ခွင့် အခွင့်အရေးနှင့် အဆိုပါလုပ်ပိုင်ခွင့်အခွင့်အရေးမှ ရရှိသော အကျိုးအမြတ်များကို ဇနီးဖြစ်သူအား ခံစားခွင့်မရှိဟု တင်ပြသည့် ကော်မရှင်နာအစီရင်ခံစာကို တိုင်းတရားရုံးက အတည်ပြုမိန့်ချမှတ်ခဲ့ခြင်းသည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် ဆန့်ကျင်ကြောင်း၊ နတ်နန်းသည် အများသူငါကိုးကွယ်ရာဖြစ်ရာ အမွေပစ္စည်းအနေဖြင့် ဆက်ခံခွင့်မရှိသော်လည်း နတ်နန်းလုပ်ပိုင်ခွင့် အခွင့်အရေးသည် ဇနီးသည်ထံသို့ ဆင်းသက်ကြောင်း၊ ပုပ္ပါးမယ်တော်နတ်နန်းနှင့် ကပ်လျက်ရှိသော

၂၀၀၆
ဒေါ်ခင်ဆန်း
နှင့်
ဦးမျိုးကြွယ်
ပါ ၁၄

မြေကွက်သည် ဦးအုန်းမောင်တို့ မောင်နှမ ၃ ဦး အမွေရသည့် မြေကွက်ဖြစ်ပြီး မြေကွက်ကို ရထိုက်သည့် အချိုးအလိုက် ခွဲဝေသင့်သော်လည်း အဆိုပါမြေနေရာတွင် နတ်နန်းများ ချထား၍ ရရှိငွေကို ခွဲဝေယူရန် ကော်မရှင်နာအစီရင်ခံစာအတိုင်းဆုံးဖြတ်ခြင်းသည် မှားယွင်းကြောင်း၊ လျှောက်ထားသူနေထိုင်သည့်ရွာမြေကို အမွေဆိုင်မြေအဖြစ် သတ်မှတ်၍ခွဲဝေယူရန် အမိန့်ချမှတ်ခြင်းသည် မှားယွင်းကြောင်း၊ ကြက်ခြံမှာ ပျက်စီးနေပြီး ဦးအုန်းမောင်ကွယ်လွန်သည်မှာ ၅ နှစ်ခန့်ရှိပြီဖြစ်၍ ကြက်များလည်း မရှိတော့ကြောင်း၊ ဗီဒီယိုရုံလည်း မရှိတော့ကြောင်း၊ ငါးကန် ၂ ကန်မှာ လျှောက်ထားသူအမည်ဖြင့် ငါးလုပ်ငန်းဦးစီးဌာနတွင် အမည်ပေါက်နေပြီး လျှောက်ထားသူအမည်ဖြင့် အခွန်ဆောင်နေရာ အမွေဆိုင်ပစ္စည်းအဖြစ် သတ်မှတ်ခြင်းသည်မှားယွင်းကြောင်း၊ အမှတ်(၁) (၂) တရားပြိုင်များနေထိုင်သည့်အိမ်သည် လျှောက်ထားသူနှင့် ခင်ပွန်းဦးအုန်းမောင်တို့ ပေါင်းသင်းစဉ်ဝယ်ယူထားသော မြေကွက်ဖြစ်ပါလျက် အမွေဆိုင်မြေမဟုတ်ဟု ဆုံးဖြတ်ခဲ့ခြင်းသည်မှားယွင်းကြောင်း၊ သို့ပါ၍ ဤပြင်ဆင်မှုအား ခွင့်ပြုသင့်ကြောင်း လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူ၏ တရားရုံးချုပ်ရှေ့နေက ဒေါ်ခင်ဆန်းသည် ပုပ္ပါးမယ်တော်နတ်နန်း၏ နန်းတက်လုပ်ပိုင်ခွင့်အခွင့်အရေးကို အမွေအဖြစ်ရလိုကြောင်းနှင့် ပစ္စည်းတစ်ရပ်အနေဖြင့် အမွေခွဲဝေပေးရန် တောင်းဆိုနေခြင်းဖြစ်ရာ **ဒေါ်တင်ရွှေ နှင့် ဒေါ်ကြည်ဝင်း ၁၊ ၂ အမှု**[(၁)] လမ်းညွှန်ချက်အရ ပုပ္ပါးမယ်တော်နတ်နန်းအား ခွဲဝေရန် အမွေပစ္စည်းဟု ကောက်ယူခြင်းမပြုနိုင်ကြောင်း၊ မန္တလေးတိုင်းတရားရုံးက ကော်မရှင်နာအစီရင်ခံစာအပေါ် အတည်ပြု ဆုံးဖြတ်ခဲ့ခြင်းသည် မှားယွင်းမှုမရှိကြောင်း၊ နတ်နန်းတောင်ဘက်ရှိ နတ်ဝတ္တကမြေကို အမွေပစ္စည်းအဖြစ် ကောက်ယူမည့်အစား

(၁) ၁၉၉၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၆၅

၂၀၀၆
ဒေါ်ခင်ဆန်း
နှင့်
ဦးမျိုးကြွယ်
ပါ ၁၄

တောင်ပြုံးပွဲတော်ရက်အတွင်းရရှိသော အကျိုးအမြတ်ငွေများကို ဦးအုန်းမောင်၏ အထက်ပါပစ္စည်းအဖြစ် သတ်မှတ်၍ ဒေါ်ခင်ဆန်းသို့ ခွဲဝေပေးသင့်ကြောင်း ဆုံးဖြတ်ခဲ့ခြင်းသည် မှားယွင်းမှုမရှိကြောင်း၊ လျှောက်ထားသူ နေထိုင်သော ဦးပိုင် ၉ ဝိုင်းမြေ၊ မြေနှင့် နံကပ်တိုက်၊ မီးဖိုဆောင်၊ ကြက်ခြံတဲ၊ ကြက်ကောင်ရေ ၃၅၀၊ ရေကန်၊ ရေတိုင် စက်တဲနှင့် ငါးကန်စသည့်ပစ္စည်းများကို ခွဲဝေရမည့် လက်ထက် ပွားအမွေပစ္စည်းများဖြစ်သည်ဟု ကောက်ယူဆုံးဖြတ်ချက်သည် မှားယွင်းမှုမရှိကြောင်း၊ လျှောက်ထားသူသည် တရားပြိုင် ဦးမျိုးကြွယ်နှင့် ဒေါ်အေးအေးသွင်တို့ နေထိုင်သော မြေနှင့်အိမ်ကို မူလအမွေပစ္စည်းစာရင်းတွင်ဖြစ်စေ၊ မူလအမှုစစ်ဆေးရာတွင်ဖြစ်စေ တင်ပြခဲ့ခြင်း မရှိကြောင်း၊ အဆိုပါမြေနှင့် အိမ်ကို ဒေါ်ခင်ဆန်းက အမွေပစ္စည်းဟု တင်ပြခြင်းထက် တရားပြိုင် ဦးမျိုးကြွယ်တို့က ၎င်းတို့ဝယ်ယူထားသောပစ္စည်းဖြစ်သည်ဟု တင်ပြချက်က ခိုင်မာကြောင်း၊ ကော်မရှင်နာအစီရင်ခံစာအပေါ် မန္တလေးတိုင်းတရားရုံးက အတည်ပြုခဲ့ခြင်းသည်မှားယွင်းမှုမရှိကြောင်း၊ သို့ပါ၍ ဤပြင်ဆင်မှုအား ပလပ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

တောင်ပြုံးကြီးကျေးရွာရှိ ပုပ္ပါးမယ်တော်နတ်နန်းဖြစ်ပေါ်လာပုံမှာ အမှတ်(၆)တရားပြိုင်ဒေါ်စောမြင့်၊ အမှတ်(၇ မှ ၁၃) တရားပြိုင်တို့၏ မိခင်ဒေါ်သန်းအေး(ကွယ်လွန်)နှင့် အမွေရှင်ကွယ်လွန်သူ ဦးအုန်းမောင်တို့မောင်နှမ ၃ ယောက်၏ အဘိုးအဘွားများ လက်ထက်လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ ကျော်ကာလမှစ၍ ပုပ္ပါးမယ် တော်နတ်နန်းသည် တောင်ပြုံးနတ်ပွဲတွင် ရိုးရာယဉ်ကျေးမှု အစဉ်အလာအရ အပူဇော်ခံတည်ဆောက်ခဲ့သည့်နတ်နန်းခွဲတစ်ခုဖြစ်သည်။ ထိုနတ်နန်းကို ဦးအုန်းမောင်တို့၏ အဘိုးအဘွားဖြစ်သူ ဦးချစ်ဖွယ်၊ ဒေါ်ကြည် တို့ လက်ထက်မှ စတင်၍ နတ်နန်းထိန်းအဖြစ် ဆောင်ရွက်ခဲ့ရာ ၎င်းတို့၏ သမီးဒေါ်ငွေတင်၊ ဦးဘစိန်တို့ဇနီး

၂၀၀၆
ဒေါ်ခင်ဆန်း
နှင့်
ဦးမျိုးကြွယ်
ပါ ၁၄

မောင်နှံ့ကရိုးရာအစဉ်အလာအရ ဆက်ခံ၍ နတ်နန်းကိုထိန်းခဲ့သည်။ ထိုမှတစ်ဆင့် ဒေါ်ငွေတင်တို့၏ သားသမီးဖြစ်သူ ဦးအုန်းမောင်တို့ မောင်နှမ ၃ ဦးက ပုပ္ပား မယ်တော်နတ်နန်းထိန်းအဖြစ် အလှည့်ကျ တစ်နှစ်စီ ဆက်လက်ဆောင်ရွက်ခဲ့သည်။

ပုပ္ပါးမယ်တော်နတ်နန်း အရိုက်အရာကို ဒေါ်စောမြင့် (လိုပြ-၁)၊ ဒေါ်သန်းအေး (အမှတ် ၇ မှ ၁၃ တရားပြိုင်တို့၏ ကွယ်လွန်သူမိခင်)၊ ဦးအုန်းမောင်တို့မောင်နှမ ၃ ဦးသည် တစ်နှစ်လျှင် တစ်ဦးစီက နတ်နန်းထိန်း အဖြစ်တောင်ပြုံးနတ်ပွဲတွင် ဆောင်ရွက် လျက်ရှိကြောင်း အငြင်းမထွက်ပေ။

မူလတိုင်းတရားရုံး၊ တရားပြိုင်ဦးမျိုးကြွယ်တို့က ပုပ္ပါး မယ်တော် နတ်နန်းကို ငယ်လင်ငယ်မယားများက နတ်နန်းထိန်း အဖြစ်ဆောင်ရွက်ခွင့်ရပြီး နောက်အိမ်ထောင်များက နတ်နန်းထိန်း ခွင့်မရကြောင်း ထွက်ဆိုခဲ့သည်။ ဦးချမ်းသာ (ပြိုင်ပြ-၄)က ကော်မရှင် နာထံထွက်ချက်တွင် အောက်ပါတို့ပါရှိသည် -

"နတ်နန်းရိုးရာများနှင့် ပတ်သက်၍ ဆက်ခံသက်ဆိုင်သူများ ၏ ငယ်လင်ငယ်မယားများက နန်းတက်ခွင့်ရှိသည်။ နောက် ထပ်အိမ်ထောင်များက နန်းတက်ခွင့်မရှိပါ။"

ဒေါ်စိမ်းစိမ်း (ပြိုင်ပြ-၃) က ကော်မရှင်နာထံထွက်ချက်တွင် အောက်ပါတို့ပါရှိသည် -

"ကွယ်လွန်သူဦးအုန်းမောင်၏ ညီမကွယ်လွန်သူ ဒေါ်သန်းအေးကို ကျမသိရှိပါသည်။ ဒေါ်သန်းအေး၏ ခင်ပွန်းမှာ ဦးဘဌေးဖြစ်ပါသည်။ ဒေါ်သန်းအေး ကွယ်လွန် သောအခါ ၎င်း၏ခင်ပွန်းဦးဘဌေးမှာ ကျမနှင့်ထပ်မံအိမ် ထောင်ပြုပါသည်။ ပုပ္ပားမယ်တော်နတ်နန်းကို ဦးဘဌေးနှင့် ကျမအိမ်ထောင်ပြုသောအခါ ဦးဘဌေးလုပ်ကိုင်ခွင့် မရတော့ပါ။ ဦးဘဌေးနှင့် ဒေါ်သန်းအေး၏ သားသမီးများဖြစ်

၂၀၀၆
ဒေါ်ခင်ဆန်း
နှင့်
ဦးမျိုးကြွယ်
ပါ ၁၄

သော ဒေါ်မြညွန့်(အမှတ် ၇ တရားပြိုင်)တို့သာ လုပ်ပိုင်ခွင့် ရပါသည်။"

ဒေါ်စောမြင့် (လိုပြ-၁)၏ ထွက်ချက်တွင် အောက်ပါတို့ ပါရှိသည်-

"ဦးဘဌေးသည် ဒေါ်သန်းအေးကွယ်လွန်ပြီးခါစက ပုပ္ပါးမယ်တော်နတ်နန်းကို တက်ခွင့်ရခဲ့ပါသည်။ နောက်ပိုင်း မစိမ်းစိမ်းနှင့် နောက်အိမ်ထောင်ပြုသောအခါမှ ပုပ္ပါးမယ်တော်နတ်နန်းတက်ခွင့်မရတော့ပါ။ × × × × ပုပ္ပါးမယ်တော်နတ်နန်းမှာ ကျမတို့အဘိုးအဘွားများ လက်ထက်ကတည်းကဖြစ်ပြီး နှစ်ပေါင်း ၁၀၀ ကျော်ရှိခဲ့ပြီဆိုလျှင် မှန်ပါသည်။ × × × × နတ်နန်းထိန်းလုပ်ကိုင်ခွင့်ရှိသူမှာ ရိုးရာဓလေ့ထုံးစံအရ ခွင့်ပြုသူမှသာ လုပ်ကိုင်ရသည်ဆိုလျှင် မှန်ပါသည်။ × × × × ပုပ္ပါးမယ်တော်နတ်နန်းနေရာနှင့် နတ်နန်းပစ္စည်းများကို တစ်ဦးတစ်ယောက်ပိုင်အဖြစ်ခွဲဝေရယူခြင်း မပြုနိုင်ဆိုလျှင် မှန်ပါသည်။"

အထက်ပါထွက်ချက်များကို ထောက်ရှုလျှင် ပုပ္ပါးမယ်တော်နတ်နန်းသည် ဒေါ်စောမြင့်(လိုပြ-၁)၊ ဒေါ်သန်းအေး (ကွယ်လွန်)၊ ဦးအုန်းမောင်(ကွယ်လွန်)တို့ ၃ ဦး၏ အဘိုးအဘွားဦးချစ်ဖွယ်၊ ဒေါ်ကြည် တို့လက်ထက်လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ကျော်ခန့်မှစ၍ တောင်ပြုံးနတ်ပွဲတွင်အစဉ်အလာအရ အပူဇော်ခံတည်ဆောက်ခဲ့သောနတ်နန်းခွဲဖြစ်ကြောင်း၊ ထိုနတ်နန်းထိန်းအဖြစ်ဆောင်ရွက်သူနှင့် သက်ဆိုင်သော ငယ်လင်ငယ်မယားများကသာ နတ်နန်းထိန်းအဖြစ် ဆောင်ရွက်ခွင့်ရှိပြီး နောက်အိမ်ထောင်များသည် နတ်နန်းထိန်းအဖြစ် ဆောင်ရွက်ခွင့်မရှိကြောင်း၊ ပုပ္ပါးမယ်တော်နတ်နန်းနှင့် နတ်နန်း၏ ပစ္စည်းများကို လူပုဂ္ဂိုလ်တစ်ဦးချင်းအနေနှင့် ပိုင်ဆိုင်မှုခွဲယူခြင်း မပြုလုပ်နိုင်ကြောင်း ပေါ်ပေါက်နေသည်။

၂၀၀၆
ဒေါ်ခင်ဆန်း
နှင့်
ဦးမျိုးကြွယ်
ပါ ၁၄

တောင်ပြုံးကြီးရွာ ရိုက္ခွင်းအမှတ် ၃၃၁၊ ဦးပိုင် ၉၊ ရွာမြေ (၃×၂) ခန်း နံကပ်သွပ်မိုးနေအိမ်တစ်လုံး၊ ကြက်မွေးမြူရေးခြံ၊ ကြက်အကောင်ရေ ၃၅၀၊ စီဒီအိုကေရုံ၊ ပေ ၁၀၀ ပတ်လည်ငါးကန် ၂ ကန်၊ သွပ်မိုးမီးဖိုချောင်၊ သွပ်မိုးစက်တဲတစ်လုံး၊ မြေပေါ်ရှိအဝီစိရေတွင်းတစ်ခု၊ ၃ ကီလိုဗိုင်နမိုပစ္စည်းများသည် လျှောက်ထားသူမူလရုံးတရားလို ဒေါ်ခင်ဆန်း၏ လက်ဝယ်ရှိပစ္စည်းများဖြစ်သည်။ ယင်းပစ္စည်းများနှင့် ပတ်သက်၍ လျှောက်ထားသူဒေါ်ခင်ဆန်းက ၎င်းနှင့် ဦးအုန်းမောင်ပေါင်းသင်းပြီး ၁ နှစ်ခန့်အကြာတွင် ကြမ်းတမ်းသည့်မြေရိုင်းကို ခုတ်ထွင် ရှင်းလင်း၍နေထိုင်ခဲ့ကြောင်း၊ ဂရန်မြေမဟုတ်ဘဲရွာမြေဖြစ်ပြီး လက်ရှိနေထိုင်သော အဆောက်အဦမှာ ဦးအုန်းမောင်နှင့် ပေါင်းသင်းစဉ်အတွင်း ဆောက်လုပ်နေထိုင်သည့် အဆောက်အဦဖြစ်ကြောင်းထွက်ဆိုခဲ့သည်။

ထို့ကြောင့် အထက်အပိုဒ်တွင် ဖော်ပြသောပစ္စည်းများသည် လျှောက်ထားသူ၏ ထွက်ဆိုချက်အရပင်လျှင် ဦးအုန်းမောင်နှင့် တရားလိုတို့ပေါင်းသင်းစဉ် ဖြစ်ထွန်းသောလက်ထက်ပွားပစ္စည်းဖြစ်ကြောင်းပေါ်လွင်နေရာ မူလရုံးက လက်ထက်ပွားပစ္စည်းအဖြစ်သတ်မှတ်ခြင်းသည်မှားယွင်းမှုမရှိပေ။

အမှတ်(၁)(၂) လျှောက်ထားခံရသူ ဦးမျိုးကြွယ်၊ ဒေါ်စန်းစန်းသွင်တို့ မောင်နှမလက်ရှိနေထိုင်သော အိမ်မြေသည် ဦးအုန်းမောင်နှင့် ပတ်သက်ခြင်းမရှိဘဲ ၎င်းတို့က သီးခြားဝယ်ယူပိုင်ဆိုင်ကြောင်းနှင့် မှတ်ပုံတင်ခြင်း မရှိသော်လည်း သက်သေခံစာချုပ်များအဖြစ် ထင်ရှားစေကြောင်း ကော်မရှင်နာက တင်ပြချက်ကို မူလတိုင်းတရားရုံးက လက်ခံခဲ့ခြင်းသည်အမှုတွဲတွင် ပေါ်ပေါက်သော သက်သေခံချက်များနှင့် ညီညွတ်ကြောင်းတွေ့ရသည်။ ထို့ကြောင့် အမှတ်(၁)(၂) လျှောက်ထားခံရသူတို့လက်ရှိနေထိုင်သော အိမ်မြေသည် ဦးအုန်းမောင်၏ အမွေကျန်ပစ္စည်းမဟုတ်ကြောင်း သုံးသပ်ရရှိသည်။

၂၀၀၆
ဒေါ်ခင်ဆန်း
နှင့်
ဦးမျိုးကြွယ်
ပါ ၁၄

ပုပ္ပါးမယ်တော်နတ်နန်း၏ တောင်ဘက်ရှိ (၉၀×၄၀)ပေ မြေသည် ဦးအုန်းမောင်မှ ပါလာသော ပစ္စည်းဖြစ်ကြောင်း ကော်မရှင်နာက အစီရင်ခံခဲ့သည်။ ယင်းနတ်နန်းတောင်ဘက်မြေ ကွက်လပ်သည် ဦးအုန်းမောင်၊ ဒေါ်စောမြင့်၊ ဒေါ်သန်းအေးတို့ ပိုင်ဖြစ်ပြီး ပုပ္ပါးမယ်တော်နတ်နန်း၏ တောင်ဘက် (၉၀×၄၀)ပေခန့်ရှိ မြေကို ဦးအုန်းမောင်က အမွေဆက်ခံကြောင်းတိုင်းတရားရုံးက သုံးသပ်ခဲ့သည်။ အဆိုပါ မြေမှာ နတ်ဝတ္တကမြေဖြစ်ကြောင်း လျှောက်ထားခံရသူမူလရုံးတရားပြိုင်တို့က ထွက်ဆိုခဲ့သော်လည်း နတ်ဝတ္တကမြေဖြစ်ကြောင်း အထောက်အထားတင်ပြနိုင်ခြင်းမရှိပေ။ ပုပ္ပါးမယ်တော်နတ်နန်း တောင်ဘက်ရှိ မြေကွက်ကို အမွေခွဲကြရာ၌ ဦးအုန်းမောင်က အရှေ့ဘက်စွန်းအပိုင်း၊ ဒေါ်သန်းအေးက မြေကွက်၏ အလယ်ပိုင်း၊ ဒေါ်စောမြင့်က အနောက်ဘက်ဆုံးအပိုင်းကို ရရှိခဲ့ကြောင်း အငြင်းမပွားပေါ်ပေါက်နေသည်။ ထို့အတူ ဒေါ်စောမြင့်(လိုပြ-၁)၏ ထွက်ချက်အရ ဒေါ်သန်းအေး အမွေရသည့် အဆိုပါမြေ၏ အလယ်ပိုင်းကို ၎င်း၏ သားသမီးများက ပေါင်နှံသဖြင့် ဘေးတစ်စိမ်းလက်ထဲမရောက်ရန်၎င်းက ဝယ်ယူခဲ့ကြောင်းပေါ်ပေါက်သည်။

ထိုသို့ဆိုလျှင် ပုပ္ပါးမယ်တော်နတ်နန်းနှင့် ကပ်လျက် တောင်ဘက် (၉၀×၄၀)ပေခန့် ရှိ ဦးအုန်းမောင်အမွေဆက်ခံသော မြေအပါအဝင် ဒေါ်စောမြင့်၏ အမွေရမြေနှင့် ဒေါ်သန်းအေး၏အမွေရမြေတို့သည်အမွေခွဲဝေခြင်း၊ ရောင်းဝယ်ခြင်းပြုလုပ်နိုင်ကြောင်း ထင်ရှားနေသည်။ သို့ဖြစ်ရာ ပုပ္ပါးမယ်တော်နတ်နန်းတောင်ဘက် (၉၀×၄၀)ပေခန့်ရှိ ဦးအုန်းမောင်အမွေဆက်ခံသော မြေနှင့် ပတ်သက်၍မူလတိုင်းတရားရုံးအမိန့်အစား ဦးအုန်းမောင်၏ အထက်ပါပစ္စည်းဖြစ်သော ထိုမြေကို လျှောက်ထားသူ မူလရုံးတရားလို ဒေါ်ခင်ဆန်းအား ပဏာမဒီကရီအတိုင်း အမွေခွဲဝေပေးရန်ဖြစ်သည်။

၂၀၀၆
ဒေါ်ခင်ဆန်း
နှင့်
ဦးမျိုးကြွယ်
ပါ ၁၄

အထက်ပါအခြေအနေတွင် ပုပ္ပါးမယ်တော်နတ်နန်းသည် နှစ်စဉ်ကျင်းပမြဲဖြစ်သော တောင်ပြုံးပွဲတော်တွင် ရိုးရာယဉ်ကျေးမှုအစဉ်အလာအရ အပူဇော်ခံတည်ဆောက်ခဲ့သော နတ်နန်းခွဲတစ်ခုဖြစ်သည်။ **ဒေါ်တင်ရွှေနှင့် ဒေါ်ကြည်ဝင်း ပါ ၂ အမှု**[၁]တွင် နတ်နန်းထိန်းဆိုသည်မှာ ဥပဒေအရ လူတစ်ဦးတစ်ယောက်၏ အခွင့်အရေးရပိုင်ခွင့် မဟုတ်သကဲ့သို့ ပစ္စည်းနှင့် ပတ်သက်သည့် အခွင့်အရေးရပိုင်ခွင့်လည်း မဟုတ်ဟု ထုံးဖွဲ့ထားသည်။ ရိုးရာယဉ်ကျေးမှုအစဉ်အလာအရ ပူဇော်ခံရန် တည်ဆောက်ထားသော နတ်နန်းနှင့် နတ်ပစ္စည်းများအား အမွေပုံပစ္စည်းအဖြစ် သတ်မှတ်ရန် မသင့်သကဲ့သို့ အမွေခွဲဝေရန်လည်း သင့်မည်မဟုတ်ပေ။

ထို့ကြောင့် ဤတရားမပြင်ဆင်မှုအား ခွင့်ပြုပြီး မန္တလေးတိုင်းတရားရုံး၏ ၁၇-၅-၂၀၀၆ ရက်စွဲပါ ကော်မရှင်နာ အစီရင်ခံစာအပေါ်ပြင်ဆင်ချက်ဖြင့် အတည်ပြုသည့် အမိန့်အား ပယ်ဖျက်လိုက်သည်။ နတ်နန်းတောင်ဘက်ရှိ (၉၀×၄၀)ပေ မြေကွက်အား ကွယ်လွန်သူ ဦးအုန်းမောင်၏ အထက်ပါပစ္စည်းအဖြစ် သတ်မှတ်၍ အမှတ်(၁၄) တရားပြိုင် ဒေါ်မြင့်ဆွေနှင့် ပူးတွဲ၍(၄)ပုံ(၁) ပုံခွဲဝေပေးရန်ဖြစ်ကြောင်းနှင့် ကော်မရှင်နာ အစီရင်ခံစာအပေါ် ပြင်ဆင်ချက်ဖြင့် ချမှတ်သည့် ကျန်အမိန့်အားလုံးကို အတည်ပြုကြောင်း ပြင်ဆင်အမိန့် ချမှတ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၂၀၀/- သတ်မှတ်သည်။

---

(၁) ၁၉၉၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၆၅

\+ ၂၀၀၆
ဧပြီလ
၃ ရက်

# တရားမအထူးအယူခံမှု

တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ်ဦးသိန်းစိုး၊
တရားသူကြီးများဖြစ်ကြသောဒေါက်တာတင်အောင်အေးနှင့်
ဦးတင်အေးတို့ရှေ့တွင်

ဒေါ်မြသန်း
(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးပေါ်မြင့်)
နှင့်
ဦးမောင်မောင် ပါ ၃ *

တရားမကျင့်ထုံးဥပဒေအမိန့် ၁၇၊ နည်းဥပဒေ ၃ အရ ဆုံးဖြတ်ခြင်း။ ယင်းအမိန့် ၁၇ နည်း ၃ အရ ဆုံးဖြတ်ချက်သည် ဆုံးဖြတ်ခံရသည့် အမှုသည် အပေါ်မီးသေဆုံးဖြတ်ချက်ဖြစ်ခြင်း။ တရားရုံးဆုံးဖြတ်ချက်အပေါ် အယူခံဝင်ခွင့်ရှိပါလျက် အယူခံမဝင်ဘဲ အကြောင်းချင်းရာတစ်ခုတည်း အပေါ် ထပ်မံစွဲဆိုခွင့်မရှိခြင်း။

ဆုံးဖြတ်ချက်။ ။ရန်ကုန်တိုင်း တရားရုံးအနေဖြင့် ရုံးချိန်းရက်ဖြစ်သည့် ၁၉-၉-၂၀၀၃ ရက်နေ့၌ တရားလိုဘက်၏ ပျက်ကွက်မှုကြောင့် နောက်ထပ်ရက်ချိန်းမပေးဘဲ အမှုကိုဆုံးဖြတ်ရန်တာဝန်ရှိလာသည် ဖြစ်ရာ ထိုစဉ်ကတရားလိုဘက်၌ သက်သေခံအထောက်အထားမရှိ၍ တရားလိုအား အနိုင်ပေးရန်မဖြစ်နိုင်သဖြင့် အမှုကို ပလပ်ရန်နည်း

---

* ၂၀၀၅ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၅၇

\+ ၂၀၀၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၂၃ တွင် ချမှတ်သော ၂၈-၆-၂၀၀၄ ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို အယူခံမှု

၂၀၀၆
ဒေါ်မြသန်း
နှင့်
ဦးမောင်မောင်
ပါ ၃

တစ်နည်းသာရှိပေသည်။ ဤအခြေအနေတွင် ဒေါ်မြသန်း စွဲဆိုသည့် အမှုကို ပလပ်ခြင်းသည် တရားလိုရုံးချိန်းပျက်ကွက်ခြင်း သက်သက်ကြောင့် အမှုကိုတရားမကျင့်ထုံး ဥပဒေ အမိန့် ၉၊ နည်း ဥပဒေ ၈ အရ သာမန်ပလပ်ခြင်းမျိုးမဟုတ်ဘဲ တရားလိုဘက်မှသက်သေခံချက် အထောက်အထားတင်ပြနိုင်ခြင်း မရှိသောကြောင့် ယင်းဥပဒေအမိန့် ၁၇၊ နည်းဥပဒေ ၃ ပါပြဋ္ဌာန်းချက်အရ ပလပ်ခြင်းသည် အမှုသွားအမှု လာအရ ပလပ်ခြင်းဖြစ်သဖြင့် အငြင်းပွားမှုကို အပြီးသတ်ဆုံးဖြတ်ရာ ရောက်ပေသည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၁၇၊ နည်းဥပဒေ ၃ တွင် တရားရုံးအားထက်မြက်သော အာဏာပေးအပ်ထားသည်ကို တွေ့မြင်နိုင်သည်။ ဤနည်းဥပဒေဖြင့်တရားရုံးသည် အမှုပြီးပြတ်ရေးအတွက် တင်းကြပ်သော စည်းကမ်းချက်ဖြင့် ချုပ်ကိုင်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ ယင်းနည်းဥပဒေ ၃ အရ တရားလိုပြစ်ဒဏ်ခတ်ခြင်းခံရသဖြင့် သက်သေပြခွင့် ဆုံးရှုံးပြီး တရားရုံးက အမှုတွင်ရှိသည့် အထောက်အထားများအရ အမှုကိုဆုံးဖြတ်ခွင့်ရခြင်းဖြစ်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။**မညို နှင့် မလှခင် ပါ (၅) အမှု**[၂] တွင် ဆုံးဖြတ်ချက်တစ်ရပ်သည် အမှုသည်တစ်ဦးအပေါ် မီးသေရန် အကြောင်းမရှိလျှင် ထိုအမှုသည်က ထိုအဆုံးအဖြတ်အပေါ် အယူခံဝင်ခွင့်မရှိဟူသော ဥပဒေသဘောကို ရှင်းပြထားသည်။ တရားမကျင့်ထုံးဥပဒေအမိန့် ၁၇၊ နည်းဥပဒေ ၃ အရ ချမှတ်သော အမိန့်ဒီကရီကို အထက်ဖော်ပြပါ **ဆိုင်ရက်(စ်) အဗ္ဗဒူ(လ်)ဂဖား အမှု၌**အဆုံးအဖြတ်ပြုသည့် စီရင်ထုံးအရ အယူခံဝင်ခွင့်ရှိသဖြင့် တိုင်းတရားရုံးက အမိန့် ၁၇၊ နည်းဥပဒေ ၃ အရ ဆုံးဖြတ်ချက်သည် ဒေါ်မြသန်းအပေါ် မီး သေမည်ဖြစ်သည်။

---

(၂) ၁၉၆၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၁၃၂ (တရားလွှတ်တော်)

၂၀၀၆
ဒေါ်မြသန်း
နှင့်
ဦးမောင်မောင်
ပါ ၃

**ထပ်မံဆုံးဖြတ်ချက်။** ။ တရားမမှုတစ်မှုသည် အမှုကိုပလပ်ခြင်း၊ ပယ်ခြင်း သို့မဟုတ် ဒီကရီချမှတ်ခြင်း စသည်တို့ဖြင့် အဆုံးသတ်ရစမြဲဖြစ်ရာ ထိုနည်းတစ်နည်းနည်းဖြင့် အမှုပြီးပြတ်သွားသောအခါ ထိုအမှုတွင် အခြေခံသော တရားစွဲဆိုရန်အကြောင်းသည် ဆက်လက်တည်ရှိနိုင်ခြင်း မရှိတော့ပေ။ အကြောင်းမှုတရားစွဲဆိုရန် အကြောင်းသည် ဆိုင်ရာအမှု၌ ချမှတ်သော အဆုံးအဖြတ်နှင့် ပေါင်းစပ် merge သွားခြင်းကြောင့်ဖြစ်ပေသည်။ တစ်နည်းအားဖြင့် တရားစွဲဆိုရန် အကြောင်းသည် တရားရုံး၏ အဆုံးအဖြတ်သို့ ရောက်ရှိသွားပြီးဖြစ်လျှင် ထိုအကြောင်းကို အခြေခံပြီးတရားတစ်ထုံး ထပ်မံစွဲဆိုခွင့် မရှိနိုင်တော့ပေ။

အယူခံတရားလိုအတွက် - ကိုယ်စားလှယ်စာရသူ ဦးပေါ်မြင့်
အယူခံတရားပြိုင်များအတွက် - ၁။ ဦးစိုးထွန်းဦး
(တရားရုံးချုပ်ရှေ့နေ)
(၂၊ ၃) ဦးမင်းလွင်
(တရားရုံးချုပ်ရှေ့နေ) (မလာ)

ရန်ကုန်တိုင်းတရားရုံး ၂၀၀၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၈၀၁ တွင် ဒေါ်မြသန်းက ၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူဦးပေါ်မြင့်မှ တစ်ဆင့် ဦးမောင်မောင်၊ ဦးမျိုးမြင့်၊ ဦးစိုးရီတို့အပေါ် မြေကွက်ပိုင်ဆိုင်ကြောင်းမြွက်ဟကြေညာပေးစေလိုမှုနှင့်လက်ရောက်ရလိုမှုစွဲဆိုရာ တိုင်းတရားရုံးကအမှုစွဲဆိုရန် မီးသေပြီးဖြစ်သည်ဆိုခြင်းမှာ မှန်သလားဟူသော ပဏာမငြင်းချက်ကို မီးသေခြင်းမရှိကြောင်း ဖြေဆိုလျက်အမှုကို ဆက်လက်စစ်ဆေးရန်ဆုံးဖြတ်ခဲ့သည်။ တိုင်းတရားရုံး၏ ဆုံးဖြတ်ချက်ကို ဦးမောင်မောင်တို့က မကျေနပ်သဖြင့် တရားရုံးချုပ်တွင် ၂၀၀၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၂၃ ကို တင်သွင်းရာ တရားရုံးချုပ်က တိုင်းတရားရုံး၏

၂၀၀၆
ဒေါ်မြသန်း
နှင့်
ဦးမောင်မောင်
ပါ ၃

အမိန့်ကို ပယ်ဖျက်ပြီး တရားလို ဒေါ်မြသန်း စွဲဆိုသောအမှုကို ပလပ်သည်။ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို ဒေါ်မြသန်းက ကျေနပ်မှုမရှိ၍ ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေး ဥပဒေပုဒ်မ ၇ အရပြန်လည်စစ်ဆေး စီရင်ပေးရန် လျှောက်ထားသည့်အခါ တရားရုံးချုပ် အထူးခုံရုံးက အောက်ပါပြဿနာကို အထူးအယူခံခုံရုံးဖြင့် ကြားနာရန်အတွက် အထူးအယူခံ ဝင်ခွင့်ပြုသည် -

> "ယခင်စွဲဆိုခဲ့သည့် ၂၀၀၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၆၃ ၏ ၁၉-၉-၂၀၀၃ နေ့စွဲပါ နေ့စဉ်မှတ်တမ်းအမိန့်သည် နောက်စွဲဆို သည့် ၂၀၀၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၈၀၁ တွင် မီးသေပိတ်ပင်ပြီးဖြစ်သည်ဆိုခြင်းမှာ မှန်ကန်မှုရှိမရှိ"

အယူခံတရားလိုဘက်မှ အမှုတွင်တရားပြိုင်များအား သမ္မာန်စာထုတ်ဆင့် အကြောင်းကြား၍ မရသဖြင့် တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ အရသတင်းစာတွင် ကြော်ငြာ၍ ရုံးချိန်းအတိအကျ ချိန်းဆိုထားပြီးဖြစ်ပါလျက် သတင်းစာပါကြော်ငြာသည့် ရုံးချိန်းနေ့မတိုင်မီကြားရက်တစ်ရက်တွင် အမှုအား ပလပ်ခံခဲ့ရခြင်းဖြစ်ကြောင်း၊ အမှုမှာ တရားပြိုင်များရုံးရှေ့ ရောက်ရှိရန်ချိန်းဆိုထားသည့် အဆင့်သာဖြစ်၍ တရားမကျင့်ထုံးဥပဒေ အမိန့် ၁၇၊ နည်းဥပဒေ ၃ အရအမိန့်ချမှတ်မှုသည် အမှုအတွက်မလိုအပ်ဘဲ ချမှတ်ခဲ့သော အမိန့်တစ်ရပ်သာဖြစ်ကြောင်း၊ အမှုတွင် မလိုအပ်ဘဲ ချမှတ်သော အမိန့်သည် မီးမသေကြောင်း လျှောက်လဲသည်။

အမှတ်(၁) အယူခံတရားပြိုင်၏ ရှေ့နေက ၂၀၀၃ ခုနှစ်၊ တရားမကြီးမှု အမှတ် ၆၆၃ နှင့် ၂၀၀၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၈၀၁ အမှုများတွင် အမှုသည်များနှင့် တရားစွဲဆိုသောအကြောင်း၊ တောင်းဆိုသော သက်သာခွင့်များ တူညီနေခြင်းမှာ အငြင်းမပွား ကြောင်း၊ ယခင်စွဲဆိုသည့် ၂၀၀၃ ခုနှစ်၊ တရားမကြီးမှု အမှတ် ၆၆၃ တွင် ၁၉-၉-၂၀၀၃ ရက်စွဲပါ နေ့စဉ်မှတ်တမ်းအမိန့်သည် တရားမ

၂၀၀၆
ဒေါ်မြသန်း
နှင့်
ဦးမောင်မောင်
ပါ ၃

ကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်းဥပဒေ ၃ အရအမှုပလပ်ကြောင်း ချမှတ်သည့် အမိန့်ဖြစ်ပြီး ယင်းအမိန့်အပေါ် အယူခံတရားလိုဘက်မှ အယူခံမှုသော်လည်းကောင်း၊ ပြန်လည်သုံးသပ်ပေးစေလိုမှုသော်လည်းကောင်း လုံးဝမတင်သွင်း၊ လျှောက်ထားခဲ့ခြင်း မရှိသဖြင့် ယင်းနေ့စဉ် မှတ်တမ်းအမိန့်သည် အယူခံတရားလိုနှင့် အယူခံတရားပြိုင်များအပေါ်တွင် အတည်ဖြစ်လျက်ရှိကြောင်း၊ တရားရုံးတစ်ရုံးမှ ချမှတ်ထားသော ဒီကရီကို အယူခံဝင်၍သော်လည်းကောင်း၊ စာဒကတတက်၍သော်လည်းကောင်း၊ တစ်နည်းနည်းနှင့် ပယ်ဖျက်ခြင်း မပြုဘဲ နောက်ထပ်တရားစွဲဆိုပိုင်ခွင့်မရှိကြောင်း၊ တရားမကျင့်ထုံးဥပဒေ အမိန့် ၁၇၊ နည်းဥပဒေ ၃ အရ ဆုံးဖြတ်ချက်သည် ဒီကရီဖြစ်၍ မီးသေပြီး ဖြစ်သဖြင့် သက်သာခွင့် တစ်ရပ်တည်းနှင့် စပ်လျဉ်း၍ နောက်ထပ်စွဲဆိုသော အမှုကို ပိတ်ပင်ကြောင်း လျှောက်လဲသည်။

အမှတ် (၂) (၃) အယူခံတရားပြိုင်များမှာ ရုံးရှေ့သို့ မလာရောက်ကြပေ။

အယူခံတရားလို ဒေါ်မြသန်းက ၎င်းသည် ဦးမြသောင်း နှင့် အကြင်လင်မယားဖြစ်ကြောင်း၊ အချင်းဖြစ် မြေကွက်ဖြစ်သည့် ရန်ကုန်တိုင်း၊ လသာမြို့နယ်၊ ၂၂ လမ်း၊ အမှတ် ၁၄၂ မြေကွက်ကို ဦးမြသောင်းက တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ ဦးမြသောင်း ကွယ်လွန်ချိန်တွင် ၎င်းကအမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ ဦးမြသောင်း သက်ရှိထင်ရှားရှိစဉ် ဦးမောင်မောင်ဆိုသူအား မြေကွက်ပေါ်တွင် အခမဲ့နေခွင့်ပြုခဲ့ကြောင်း၊ အယူခံတရားလိုသည် ပိုင်ရေးပိုင်ခွင့်ရှိသူဖြစ်၍ ဦးမောင်မောင်အား အချင်းဖြစ်မြေကွက်မှ ဖယ်ရှားပေးရန် ပြောဆိုသော်လည်း လိုက်နာခြင်းမရှိကြောင်း စသည်ဖြင့် ဖော်ပြစွဲဆိုခြင်းဖြစ်သည်။

ယင်းအမှုမစွဲဆိုမီ အယူခံတရားလို ဒေါ်မြသန်းက ရန်ကုန်တိုင်းတရားရုံးတွင် ၂၀၀၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၆၃ အရ

၂၀၀၆
ဒေါ်မြသန်း
နှင့်
ဦးမောင်မောင်
ပါ ၃

ဦးမောင်မောင်၊ ဦးအန်းကူနှင့် ဦးစိုးရီ တို့အပေါ် အဆိုပါမြေကွက်အား ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့်လက်ရောက်ရလိုမှုစွဲဆိုရာတိုင်းတရားရုံးက တရားလိုသည် မိမိအမှုအားတိုးတက်ရာတိုးတက်ကြောင်း ဆောင်ရွက်ခြင်း မရှိကြောင်းအကြောင်းပြချက်ဖြင့် တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်းဥပဒေ ၃ အရပလပ်ခဲ့သည်။

ဒေါ်မြသန်းက ၂၀၀၃ ခုနှစ်၊ တရားမကြီးမှု အမှတ် ၈၀၁ ကို ထပ်မံစွဲဆိုသည့် အခါမူလရုံးက ယခင် ၂၀၀၃ ခုနှစ် တရားမကြီးမှု အမှတ် ၆၆၃ ကိုစွဲဆိုခဲ့ရာ ပလပ်ခံရပြီးဖြစ်၍ ယခုအမှုစွဲဆိုရန် မီးသေပြီးဖြစ်သည်ဆိုခြင်း မှာမှန်သလားဟူသော ပဏာမငြင်းချက်ကို ထုတ်နုတ်၍ မီးသေခြင်း မရှိကြောင်း အမိန့်ချမှတ်ခဲ့သည်။

တရားရုံးချုပ်က အယူခံတရားပြိုင် ဦးမောင်မောင်တို့တင်သွင်းသော ၂၀၀၄ ခုနှစ် တရားမပြင်ဆင်မှုအမှတ် ၁၂၃ တွင် ယခင်အမှုနှင့် ယခုအမှုတို့တွင် အမှုသည် တူညီခြင်း၊ တောင်းဆိုသော သက်သာခွင့်တူညီခြင်း၊ ယခင်အမှုတွင် အပြီးသတ်ဆုံးဖြတ်ပြီးသော အငြင်းပွားမှုကို နောက်အမှုတွင် ထပ်မံစွဲဆိုခြင်း စသည်တို့ကြောင့် ယခင်အမှု၏ ဆုံးဖြတ်ချက်သည် နောက်အမှုတွင် မီးသေဆုံးဖြတ်ချက်ဖြစ်၍ ထပ်မံစွဲဆိုခွင့်မရှိကြောင်း သုံးသပ်လျက်တိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်ကာ အယူခံတရားလိုစွဲဆိုသော အမှုကို ပလပ်ခဲ့သည်။

ဤအထူးအယူခံတွင် အဓိကအဆုံးအဖြတ်ပြုရန်မှာ တိုင်းတရားရုံးက ၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ် ၆၆၃ ကို ၁၉-၉-၂၀၀၃ ရက်နေ့တွင် ပလပ်ကြောင်းချမှတ်သော အမိန့်သည် ဤ ၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ် ၈၀၁ အမှုစွဲဆိုရန် မီးသေပြီးဖြစ်မဖြစ်ဆိုသည့်အချက်ဖြစ်သည်။

ရန်ကုန်တိုင်း တရားရုံးက အယူခံတရားလိုစွဲဆိုခဲ့သော ယခင် ၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ် ၆၆၃ ကို တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်းဥပဒေ ၃ အရ ပလပ်ခဲ့ခြင်းဖြစ်သည်။

၂၀၀၆
ဒေါ်မြသန်း
နှင့်
ဦးမောင်မောင်
ပါ ၃

တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်းဥပဒေ ၃ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် -

> " Where any party to a suit to whom time has been granted fails to produce his evidence, or to cause the attendance of his witnesses, or to perform any other act necessary to the further progress of the suit, for which time has been allowed, the Court may, notwithstanding such default, proceed to decide the suit forthwith."

ရန်ကုန်တိုင်း တရားရုံးက ၂၀၀၃ ခုနှစ်၊ တရားမကြီးမှု အမှတ် ၆၆၃ ကိုပလပ်ရာတွင် ၁၉-၉-၂၀၀၃ ရက်စွဲပါ နေ့စဉ်မှတ်တမ်း အမိန့်၌ အောက်ပါအတိုင်း မှတ်တမ်းတင်ထားသည် -

> "တရားလို၏ အထွေထွေကိုယ်စားလှယ်စာရသူ ဦးပေါ်မြင့် မလာ။
>
> တရားပြိုင်များ မလာ။
>
> တရားလိုဘက်မှ သတင်းစာကြော်ငြာ တင်ပြရန်ဖြစ်သော်လည်း လာရောက်ခြင်း မရှိ၍ တရားလိုသည် မိမိ၏ အမှုတိုးတက်ရာ တိုးတက်ကြောင်း ဆောင်ရွက်ခြင်း မရှိကြောင်း သုံးသပ်ရရှိ၍ အမှုအား တရားမကျင့်ထုံး အမိန့် ၁၇၊ နည်းဥပဒေ ၃ အရ ပလပ်ကြောင်း အမိန့်ချမှတ်သည်။"

အထက်နေ့စဉ်မှတ်တမ်း၌ တရားလိုသည် မိမိအမှုကို တိုးတက်ရာတိုးတက်ကြောင်း ဆောင်ရွက်ခြင်း မရှိကြောင်း ရည်ညွှန်း၍ အဆိုပါ ဥပဒေအမိန့် ၁၇၊ နည်းဥပဒေ ၃ အရ အမိန့်ချမှတ်ထားရာ ယင်းဥပဒေ ၏ နည်းဥပဒေ ၃ ပါ forthwith ဟူသော စကားလုံးသည် without granting any further adjournment နောက်ထပ်အမှုကို ရွှေ့ဆိုင်းခွင့် မပြုဘဲဟူ၍ အဓိပ္ပာယ်ရကြောင်း A.I.R 1953 Nagpur 222 နှင့် A.I.R 1957 Allahabad

၂၀၀၆
ဒေါ်မြသန်း
နှင့်
ဦးမောင်မောင်
ပါ ၃

344 စီရင်ထုံးများတွင် ပြဆိုထားသည်။

ရန်ကုန်တိုင်းတရားရုံးအနေဖြင့် ရုံးချိန်းရက်ဖြစ်သည့် ၁၉ -၉ -၂၀၀၃ ရက်နေ့၌ တရားလိုဘက်၏ ပျက်ကွက်မှုကြောင့် နောက်ထပ်ရက်ချိန်း မပေးဘဲအမှုကို ဆုံးဖြတ်ရန် တာဝန်ရှိလာသည် ဖြစ်ရာ ထိုစဉ်ကတရားလိုဘက်၌ သက်သေခံအထောက်အထား မရှိ၍ တရားလိုအား အနိုင်ပေးရန်မဖြစ်နိုင်သဖြင့် အမှုကိုပလပ်ရန် နည်းတစ်နည်းသာရှိပေသည်။ ဤအခြေအနေတွင် ဒေါ်မြသန်း စွဲဆိုသည့် အမှုကိုပလပ်ခြင်းသည် တရားလိုရုံးချိန်းပျက်ကွက်ခြင်း သက်သက်ကြောင့် အမှုကိုတရားမကျင့်ထုံး ဥပဒေအမိန့် ၉ နည်း ဥပဒေ ၈ အရ သာမန်ပလပ်ခြင်းမျိုးမဟုတ်ဘဲတရားလိုဘက်မှ သက်သေခံချက် အထောက်အထားတင်ပြနိုင်ခြင်း မရှိသောကြောင့် ယင်းဥပဒေအမိန့် ၁၇၊ နည်းဥပဒေ ၃ ပါပြဋ္ဌာန်းချက်အရပလပ်ခြင်း သည် အမှုသွား အမှုသွားလာအရပလပ်ခြင်းဖြစ်သဖြင့်အငြင်းပွားမှု ကို အပြီးသတ်ဆုံးဖြတ်ရာရောက်ပေသည်။

တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်းဥပဒေ ၃ တွင်တရား ရုံးအား ထက်မြက်သော အာဏာပေးအပ်ထားသည်ကို တွေ့မြင်နိုင် သည်။ ဤနည်းဥပဒေဖြင့် တရားရုံးသည် အမှုပြီးပြတ်ရေးအတွက် တင်းကြပ်သော စည်းကမ်းချက်ဖြင့် ချုပ်ကိုင်နိုင်ရန် ရည်ရွယ်ခြင်းဖြစ် သည်။ ယင်းနည်းဥပဒေ ၃ အရတရားလိုပြစ်ဒဏ်ခတ်ခြင်းခံရသဖြင့် သက်သေပြခွင့် ဆုံးရှုံးပြီး တရားရုံးက အမှုတွင်ရှိသည့် အထောက် အထားများအရ အမှုကို ဆုံးဖြတ်ခွင့်ရခြင်းဖြစ်ပေသည်။

ဆိုင်ရက်(စ်)အဗ္ဗဒူ(လ်)ဂဖား နှင့် အဗ္ဗဒူမဂျစ်မဟာ မက်ဂျာရာပါ-စ[၁] အမှု၌ "တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်း ဥပဒေ ၃ အရ အမှုကို ပလပ်သည့် အမိန့်မှာ အမှုကို အပြီးအပြတ် ဆုံးဖြတ်သည့် အမိန့်ဒီကရီ တစ်ရပ်ဖြစ်သည်ဟု ယူဆရမည်။

(၁) ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၄၇၃

၂၀၀၆
ဒေါ်မြသန်း
နှင့်
ဦးမောင်မောင်
ပါ ၃

ထို့ကြောင့် ထိုအမိန့်ကို တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၆ အရ အယူခံပိုင်ခွင့်ရှိသည်" ဟုပြဆိုထားသည်။ အမိန့် ၉၊ နည်းဥပဒေ ၈ အရအမှုကို ပလပ်သော အမိန့်မှာ မူပုဒ်မ ၂(၂)(ခ) အရ ဒီကရီမဟုတ်သဖြင့် အယူခံဝင်ခွင့်မရှိပေ။ သို့ဖြစ်ရာ အမိန့် ၁၇၊ နည်းဥပဒေ ၃ သည် တမူထူးခြားသော ပြဋ္ဌာန်းချက်ဖြစ်သည်။

**မညို နှင့် မလှခင် ပါ-၅**[၂] အမှုတွင် ဆုံးဖြတ်ချက် တစ်ရပ်သည် အမှုသည် တစ်ဦးအပေါ် မီးသေရန်အကြောင်း မရှိလျှင် ထိုအမှုသည်က ထိုအဆုံးအဖြတ်အပေါ် အယူခံဝင်ခွင့်မရှိဟူသော ဥပဒေသဘောကို ရှင်းပြထားသည်။ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်းဥပဒေ ၃ အရချမှတ်သော အမိန့်ဒီကရီကို အထက်ဖော်ပြပါ ဆိုင်ရက်(စ်) အဗ္ဗဒူ(လ်)ဂဖား အမှု၌ အဆုံးအဖြတ်ပြုသည့် စီရင်ထုံးအရအယူခံဝင်ခွင့်ရှိသဖြင့် တိုင်းတရားရုံးကအမိန့် ၁၇၊ နည်းဥပဒေ ၃ အရဆုံးဖြတ်ချက်သည် ဒေါ်မြသန်းအပေါ် မီးသေမည်ဖြစ်သည်။

တရားရုံးချုပ်က တရားမပြင်ဆင်မှု၌ ညွှန်ပြသည့်အတိုင်း ရန်ကုန်တိုင်း တရားရုံး ၂၀၀၃ ခုနှစ်၊ တရားမကြီးမှု အမှတ် ၆၆၃ ၌ ချမှတ်ထားသော အဆုံးအဖြတ်ကို ဒေါ်မြသန်းက အယူခံဝင်ခွင့်ရှိပါလျက် တရားရုံးချုပ်တွင် အယူခံဝင်ခဲ့ခြင်းမရှိသဖြင့် အဆိုပါစီရင်ချက်သည် ၎င်းအပေါ် အတည်ဖြစ်လျက်ရှိသည်မှာ မြင်သာသည်။

ထို့ပြင် **ဦးမြင့် နှင့် မအေးမိ**[၃] အမှု၌ တရားရုံးတစ်ရုံးရုံးမှ ချမှတ်သော ဒီကရီကို အယူခံ၍သော်လည်းကောင်း၊ ပြင်ဆင်မှုဖွင့်၍ သော်လည်းကောင်း၊ စာဒကတက်၍သော်လည်းကောင်း တစ်နည်းနည်းနှင့် ဥပဒေအတိုင်း ပယ်ဖျက်ခြင်းမပြုခဲ့လျှင် ၎င်းဒီကရီသည် အမှုထဲတွင်ပါသော တရားလို၊ တရားပြိုင်များအပေါ် တည်လျက်ပင်ရှိကြောင်း ထုံးဖွဲ့ထားသည်။

(၂) ၁၉၆၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၁၃၂ (တရားလွှတ်တော်)
(၃) ၁၉၇၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (လွှတ်တော်) စာ-၉၆

ရန်ကုန်တိုင်း တရားရုံး ၂၀၀၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၆၃ တွင် တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်းဥပဒေ ၃ အရချမှတ်ထားသော အမိန့်ကို အယူခံဝင်ရောက်မှုသာလျှင် အယူခံရုံးဖြစ်သည့်တရားရုံးချုပ်က အဆိုပါ ဥပဒေအမိန့် ၁၇၊ နည်းဥပဒေ ၃ အရတိုင်းတရားရုံးက အမိန့်ချမှတ်ခြင်းသည် ဥပဒေနှင့် ညီမညီ စိစစ်ဆုံးဖြတ်ခွင့်ရှိမည်ဖြစ်ပေသည်။

၂၀၀၆<br>ဒေါ်မြသန်း<br>နှင့်<br>ဦးမောင်မောင်<br>ပါ ၃

ယခုအမှုသည် တိုင်းတရားရုံး၏ ၂၀၀၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၆၃ တွင် ချမှတ်သော အမိန့်အပေါ် အယူခံတင်သွင်းခြင်း မဟုတ်သဖြင့် တိုင်းတရားရုံးက ယင်းဥပဒေအမိန့် ၁၇၊ နည်းဥပဒေ ၃ အရ အမိန့်ချမှတ်ထားခြင်း အပေါ် တရားရုံးချုပ်အနေဖြင့် ဝေဖန်ဆုံးဖြတ်ရန် အကြောင်းမရှိတော့ပေ။

တရားမမှုတစ်မှုသည် အမှုကိုပလပ်ခြင်း၊ ပယ်ခြင်း သို့မဟုတ် ဒီကရီချမှတ်ခြင်း စသည်တို့ဖြင့် အဆုံးသတ်ရစမြဲဖြစ်ရာ ထိုနည်းတစ်နည်းနည်းဖြင့် အမှုပြီးပြတ်သွားသောအခါ ထိုအမှုတွင် အခြေခံသော တရားစွဲဆိုရန်အကြောင်းသည် ဆက်လက်တည်ရှိနိုင်ခြင်း မရှိတော့ပေ။ အကြောင်းမူတရားစွဲဆိုရန်အကြောင်းသည် ဆိုင်ရာ အမှု၌ ချမှတ်သော အဆုံးအဖြတ်နှင့်ပေါင်းစပ် merge သွားခြင်းကြောင့်ဖြစ်ပေသည်။ တစ်နည်းအားဖြင့် တရားစွဲဆိုရန်အကြောင်းသည် တရားရုံး၏ အဆုံးအဖြတ်သို့ ရောက်ရှိသွားပြီး ဖြစ်လျှင် ထိုအကြောင်းကိုအခြေခံပြီး တရားတစ်ထုံးထပ်မံစွဲဆိုခွင့်မရနိုင်တော့ပေ။

အထက်ဖော်ပြပါ အချက်အလက်များကို ထောက်ရှုပါက ရန်ကုန်တိုင်း တရားရုံး ၂၀၀၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၆၃ တွင် တရားမကျင့်ထုံး ဥပဒေအမိန့် ၇၊ နည်းဥပဒေ ၁ (င) အရ အဆိုပြုစွဲဆိုခဲ့သော မြွက်ဟကြေညာပေးရန်နှင့် မြေလက်ရောက်ရရန်အတွက် ပေါ်ပေါက်ခဲ့သည့် တရားစွဲဆိုရန်အကြောင်းသည် ထိုအမှုပလပ်ခြင်း

၂၀၀၆
ဒေါ်မြသန်း
နှင့်
ဦးမောင်မောင်
ပါ ၃

ခံရသောအခါကွယ်ပျောက်သွားပြီးဖြစ်သဖြင့် ထိုအကြောင်းခြင်းရာကို အခြေပြုကာ ၂၀၀၃ ခုနှစ် တရားမကြီးမှု အမှတ် ၈၀၁ ကို ထပ်မံစွဲဆိုခွင့် မရှိသဖြင့် တရားရုံးချုပ်က ၂၀၀၄ ခုနှစ်၊ တရားမပြင်ဆင်မှု အမှတ် ၁၂၃ တွင်ယင်းအမှုကိုပလပ်ကြောင်းချမှတ်သည့် အမိန့်သည် မှားယွင်းခြင်းမရှိချေ။

သို့ဖြစ်၍ ဤတရားမအထူးအယူခံမှုတွင် ကြားနာလျက်ရှိသောပြဿနာကို အောက်ပါအတိုင်း ဖြေဆိုလိုက်သည် -

"ယခင်စွဲဆိုသည့် ၂၀၀၃ ခုနှစ်၊ တရားမကြီးအမှုအမှတ် ၆၆၃ ၏ ၁၉-၉-၂၀၀၃ နေ့စွဲပါ နေ့စဉ်မှတ်တမ်း အမိန့်သည် နောက်စွဲဆိုသည့် ၂၀၀၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၈၀၁ တွင် မီးသေပိတ်ပင်ပြီးဖြစ်သည်ဆိုခြင်းမှာ မှန်ကန်ကြောင်း"

ဤတရားမအထူးအယူခံမှုကို စရိတ်နှင့်တကွပလပ်လိုက်သည်။
ရှေ့နေစရိတ် ကျပ် ၃၀၀၀/-သတ်မှတ်သည်။

## တရားမပြင်ဆင်မှု

## တရားရုံးချုပ်တရားသူကြီးဦးချစ်လွင်ရှေ့တွင်

**ဦးမြသန်း**
**နှင့်**
**ဦးခင်မောင်စိုး ***

**အမွေထိန်းစာလျှောက်ထားမှုတွင် တစ်ဦးတစ်ယောက်၏ ကန့်ကွက်ချက်ကို ပယ်သည့်အမိန့်အပေါ် ပြင်ဆင်မှု တင်သွင်းခွင့်ရှိ၊ မရှိ။ အမွေထိန်းစာလျှောက်ထားခြင်း ကို ကန့်ကွက်သူသည် မည်ကဲ့သို့သောသူဖြစ်ရမည်ဟု အမွေ ဆက်ခံခြင်းအက်ဥပဒေတွင် ပြဋ္ဌာန်းမထားခြင်း။ ကန့်ကွက်သူရှိပါလျက် တရားရုံးက တရားမကြီးအဖြစ် ပြောင်းလဲဖွင့်လှစ်မစစ်ဆေးခြင်းသည် ယင်းအက်ဥပဒေ ပုဒ်မ ၂၉၅ ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုမရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၉၉ ပါ ပြဋ္ဌာန်းချက်အရ အမွေထိန်းစာလျှောက်ထားမှု၌ ခရိုင်တရား သူကြီးက ချမှတ်သောအမိန့်တွင် တရားမကျင့်ထုံးဥပဒေအရ အယူခံဝင်ခွင့်ရှိသောအမိန့်ကိုသာ အယူခံဝင်ခွင့်ပြုခြင်းဖြစ်သည်။

ဦးမြသန်း၏ လျှောက်လွှာကို ပယ်သောအမိန့်သည် အမွေ ဆက်ခံခြင်း အက်ဥပဒေအရ တိုင်းတရားရုံးအား အပ်နှင်းထားသည့်

---

* ၂၀၀၆ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၄၉

\+ ၂၀၀၅ ခုနှစ်၊ တရားမအထွေထွေမှု အမှတ် ၁၇၆ တွင် ချမှတ်သော ၁၆-၁၁-၂၀၀၅ ရက်စွဲပါ ရန်ကုန်တိုင်း တရားရုံး၏အမိန့်ကိုပြင်ဆင်မှုလျှောက်ထားခြင်း

၂၀၀၆
ဦးမြသန်း
နှင့်
ဦးခင်မောင်စိုး

အခွင့်အာဏာအရ ချမှတ်သည့်အမိန့်မဟုတ်ဘဲ တရားမ ကျင့်ထုံး ဥပဒေအမိန့် ၁၊ နည်း ၁၀ အရ အပ်နှင်းထားသည့် အာဏာအရ ချမှတ်သည့်အမိန့်ဖြစ်သဖြင့် ဦးမြသန်း၏ လျှောက်လွှာကို ပယ်သော အမိန့်သည် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၇၃ တွင် အကျုံး မဝင်သောကြောင့် အယူခံတင်သွင်းခွင့်မရှိပေ။

ထို့ကြောင့်အမွေထိန်းစာလျှောက်ထားမှုတွင် ဦးမြသန်း၏ ကန့်ကွက်ချက်ကို တိုင်းတရားရုံးက ပယ်သည့်အမိန့်အပေါ် တရားရုံး ချုပ်၌ ပြင်ဆင်မှုတင်သွင်းခြင်းသည် မှားယွင်းခြင်းမရှိပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၁၈ တွင် အမွေထိန်းစာ လျှောက်ထားခွင့်ရှိသူများကို ဖော်ပြထား သော်လည်း အမွေထိန်းစာလျှောက်ထားခြင်းကို ကန့်ကွက်သူသည် မည်ကဲ့သို့သောသူဖြစ်ရမည်ဟု ထိုပုဒ်မတွင်ဖြစ်စေ၊ အခြားပုဒ်မတစ် ရပ်ရပ်တွင် ဖြစ်စေပြဋ္ဌာန်းထားခြင်း မရှိချေ။

ဤအခြေအနေတွင် တိုင်းတရားရုံးက အမွေထိန်းစာလျှောက် ထားခြင်းကို ကန့်ကွက်သူသည် ကွယ်လွန်သူ၏ အမွေကို ဆက်ခံခွင့် ရှိသူဖြစ်ရမည် သို့မဟုတ် အမွေရှင်၏မြေစားတစ်ဦးဖြစ်ရမည်ဟု ဆုံးဖြတ်ခြင်းသည် မှန်ကန်ခြင်းမရှိချေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၉၅ ပါ ပြဋ္ဌာန်းချက်အရ အမွေထိန်းစာလျှောက်ထားမှုတွင် ကန့်ကွက်သူရှိ ပါက တရားမအထွေထွေမှုကို တရားမကြီးမှုအဖြစ်ပြောင်းလဲဖွင့်လှစ် ရန်ဖြစ်သည်။ ကန့်ကွက်သူသည် ကန့်ကွက်ထိုက်သူဟုတ် မဟုတ်မှာ ထိုတရားမကြီးမှုတွင် တရားမကျင့်ထုံး ဥပဒေအမိန့် ၁၊ နည်း ၁၀ အရ အဆုံးအဖြတ်ပေးရမည့် ပြဿနာဖြစ်သည်။

၂၀၀၆
ဦးမြသန်း
နှင့်
ဦးခင်မောင်စိုး

အမွေထိန်းစာလျှောက်ထားမှုတွင် ကန့်ကွက်သူရှိပါလျက် တိုင်းတရားရုံးက တရားမအထွေထွေမှုကို တရားမကြီးမှုအဖြစ် ပြောင်းလဲဖွင့်လှစ်ခြင်း မရှိဘဲ ကန့်ကွက်သူ ဦးမြသန်းသည် ကန့်ကွက်ထိုက်သူမဟုတ်ကြောင်း သုံးသပ်ဆုံးဖြတ်ခြင်းသည် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၉၅ ပါပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ **ဦးအောင်ကြွယ်နှင့် ဒေါ်မြရွှေ အမှု**[(၁)] စီရင်ထုံးပါလမ်းညွှန်ချက်များနှင့်လည်းကောင်း ဆန့်ကျင်ဆုံးဖြတ်ရာရောက်ပေသည်။

လျှောက်ထားသူအတွက် - ဦးအောင်သစ်
(တရားရုံးချုပ်ရှေ့နေ)

လျှောက်ထားခံရသူအတွက် - ဦးကျော်ရင်
(တရားရုံးချုပ်ရှေ့နေ)

ရန်ကုန်တိုင်းတရားရုံး ၂၀၀၅ ခုနှစ်တရားမ အထွေထွေမှု အမှတ် ၁၇၆ တွင် လျှောက်ထားခံရသူဦးခင်မောင်စိုးက ဦးအင်န်ဟက်နှင့် ဦးတင်လှတို့ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်း၍ အမွေထိန်းစာရလိုကြောင်း လျှောက်ထားရာ လျှောက်ထားသူ ဦးမြသန်းက ကန့်ကွက်ခဲ့သည်။ တိုင်းတရားရုံးက ဦးမြသန်းသည် ကန့်ကွက်သူအဖြစ်အမှုတွင် ပါဝင်ခွင့်မရှိကြောင်း သုံးသပ်လျက် ဦးမြသန်း၏ လျှောက်ထားချက်ကို ပယ်ခဲ့သည်။ ထို့ကြောင့် ဦးမြသန်းက တိုင်းတရားရုံး၏ အမိန့်ကို ကျေနပ်မှုမရှိသဖြင့် ဤတရားမပြင်ဆင်မှုကို လျှောက်ထားခြင်းဖြစ်သည်။

လျှောက်ထားခံရသူ ဦးခင်မောင်စိုးက ၎င်း၏ အဖိုးဦးအင်န်ဟက်နှင့် ဦးလေး ဦးတင်လှတို့သည် မြန်မာလူမျိုး၊ အစ္စလာမ်ဘာသာကိုးကွယ်သူများဖြစ်ပြီး ကွယ်လွန်ချိန်တွင် ပစ္စည်းများကျန်ရစ်ကြောင်း၊ ယင်းပစ္စည်းအရပ်ရပ်နှင့် စပ်လျဉ်း၍ သေတမ်းစာ

(၁) ၁၉၈၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၁၈၁

၂၀၀၆
ဦးမြသန်း
နှင့်
ဦးခင်မောင်စိုး

ရေးသားခဲ့ခြင်း မရှိကြောင်း၊ ၎င်းတို့တွင် အနီးစပ်ဆုံး ဆွေမျိုးများ ကျန်ရစ်ကြောင်း၊ ၎င်းသည် ပစ္စည်းအရပ်ရပ်နှင့် စပ်လျဉ်း၍ အမွေထိန်းစာလျှောက်ထားခြင်းမပြုနိုင်ရန် အမွေဆက်ခံခြင်း အက်ဥပဒေအရလည်းကောင်း၊ အခြားဥပဒေအရလည်းကောင်း တားမြစ်ခံရသူ မဟုတ်သည့်ပြင် အမွေဆက်ခံခွင့်ရှိသူ မိကြီး၊ မိထွေးများကို တာဝန်ယူစောင့်ရှောက်ခဲ့သူဖြစ်သဖြင့် အမွေထိန်းစာရထိုက်ကြောင်း စသည်ဖြင့် ဖော်ပြလျှောက်ထားသည်။

လျှောက်ထားသူဦးမြသန်းက လျှောက်ထားခံရသူ၏ လျှောက်လွှာပါ ဂရန်အမည်ပေါက် ဦးအင်န်ဟက်သည် ၂၃-၁၀-၁၉၆၁ သေစာရင်းပါ ဦးဘချစ်နှင့် လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်သည်ဆိုခြင်းကို ပြင်းထန်စွာငြင်းဆိုကြောင်း၊ ဂရန်အမည်ပေါက် ဦးတင်လှသည် ၃၁-၇-၁၉၅၇ သေစာရင်းပါ ဦးတင်လှနှင့် လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်သည်ဆိုခြင်းကိုလည်း ပြင်းထန်စွာ ငြင်းဆိုကြောင်း၊ လျှောက်ထားခံရသူ၏ အဖိုးတော်သူဦးအင်န်ဟက်နှင့် ဦးလေးတော်သူ ဦးတင်လှတို့သည် ၂၃-၁၀-၁၉၆၁ နှင့် ၃၁-၇-၁၉၅၇ ရက်နေ့များတွင် ကွယ်လွန်ပြီး ၄၄ နှစ်၊ ၄၇ နှစ်ကျော် အသီးသီးကြာမြင့်ပြီးမှ အမွေထိန်းစာလျှောက်ထားခြင်းကို ခွင့်မပြုသင့်ကြောင်းစသည်ဖြင့် ဖော်ပြကန့်ကွက်ခဲ့သည်။

တိုင်းတရားရုံးက အမွေထိန်းစာလျှောက်ထားခြင်းကို ကန့်ကွက်သူသည် ကွယ်လွန်သူ၏အမွေကိုဆက်ခံခွင့်ရှိသူ သို့မဟုတ် အမွေရှင်၏ မြီစားတစ်ဦးဖြစ်ရန်လိုကြောင်း၊ ကန့်ကွက်သူဦးမြသန်းသည် အမွေရှင်နှင့် ဆွေမျိုးတော်စပ်ကြောင်း ပေါ်ပေါက်ခြင်းမရှိသည့်အပြင် ဦးခင်မောင်စိုးက အခြားတရားရုံး၌ စွဲဆိုသောတရားမကြီးမှုတွင် တရားပြိုင်တစ်ဦးဖြစ်သည်ဟု သိရကြောင်း၊ ကန့်ကွက်သူ ဦးမြသန်း တင်ပြသောအချက်များမှာ အမွေထိန်းစာထုတ်ပေးရန် အမိန့်ချမှတ်သောအဆင့်တွင် စဉ်းစားသုံးသပ်ရန်ဖြစ်ပြီး

ကန့်ကွက်သူအနေဖြင့် အမှုတွင် တရားပြိုင်အဖြစ်ပါဝင်ခွင့်ရှိမရှိ စဉ်းစားရမည့် အချက်မဟုတ်ကြောင်း စသည်ဖြင့် သုံးသပ်လျက် ဦးမြသန်း၏ လျှောက်ထားချက်ကို ပယ်ခဲ့သည်။

လျှောက်ထားသူ၏ရှေ့နေက အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ ၂၉၅ အရ အမွေထိန်းစာလျှောက်ထားမှုတွင် ကန့်ကွက်သူ ရှိပါက တရားမအထွေထွေမှုကို တရားမကြီးမှုအဖြစ်ပြောင်းလဲ ဖွင့်လှစ်ရန်ဖြစ်ကြောင်း၊ ကန့်ကွက်သူအား ကန့်ကွက်ထိုက်သူဟုတ် မဟုတ် စိစစ်ရန်မလိုကြောင်း၊ **ဦးအောင်ကြွယ် နှင့် ဒေါ်မြရွှေပါ-၂ အမှု**[၁] တွင် ကန့်ကွက်သူသည် အမွေရထိုက်သူဟုတ်မဟုတ် ဆုံးဖြတ်ရန် မလိုဟု ထုံးဖွဲ့ထားကြောင်း၊ မူလတရားရုံးက ဦးမြသန်းသည် ကန့်ကွက်ခွင့်မရှိဟု ဆုံးဖြတ်ခြင်းမှာ ဥပဒေ ပြဋ္ဌာန်းချက်နှင့် စီရင်ထုံးလမ်းညွှန်ချက်များကို ဆန့်ကျင်ဆုံးဖြတ်ရာ ရောက်ကြောင်း လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူ၏ရှေ့နေက ကန့်ကွက်သူဦးမြသန်းသည် ကွယ်လွန်သူ၏ အမွေဆက်ခံခွင့်ရှိသူမဟုတ်ကြောင်း၊ အမွေရှင်၏ မြီစားလည်းမဟုတ်သည့်ပြင် ဆွေမျိုးတော်သူလည်း မဟုတ်ကြောင်း၊ ရန်ကုန်တိုင်းတရားရုံး ၂၀၀၅ ခုနှစ် တရားမကြီးမှုအမှတ် ၁၈၉၈ တွင် ဦးခင်မောင်စိုးက ဦးမြသန်းအပါအဝင်လူ ၇ ဦးအပေါ် ၎င်းတို့ ကျူးကျော်သူအဖြစ် တရားစွဲဆိုခဲ့ကြောင်း၊ အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၉၅ အရ ကန့်ကွက်မှုရှိလျှင်အမှုကို တရားမကြီးမှု ပုံစံကဲ့သို့ ဆောင်ရွက်ရန် ပြဋ္ဌာန်းချက်၌ ကန့်ကွက်သူသည် ကန့်ကွက် ပိုင်ခွင့်ရှိသူဟုတ်မဟုတ်၊ အမွေထိန်းလက်မှတ်ထုတ်ပေးခြင်းနှင့် သက်ဆိုင်သူဟုတ်မဟုတ် ကြားနာဆုံးဖြတ်ခြင်းမပြုရဟု တားမြစ်ချက် မရှိကြောင်း၊ ဦးခင်မောင်စိုးအား အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၁၈ အရ အမွေထိန်းလက်မှတ် ထုတ်ပေးရန် ၂၂-၁၂-၂၀၀၅

(၁) ၁၉၈၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၁၈၁

ရက်နေ့တွင် အမိန့်ချပြီး ဖြစ်၍ ဦးမြသန်း၏ လျှောက်ထားချက်ကို ခွင့်ပြုရန် မသင့်ကြောင်း၊ ဦးမြသန်းက မူလ တရားရုံးမှချမှတ်သော အမိန့်ကို ပြင်ဆင်မှုတင်သွင်းခြင်းမှာ အမွေဆက်ခံရေး အက်ဥပဒေ ပုဒ်မ ၂၉၉ ပါပြဋ္ဌာန်းချက်အရ မှားယွင်းကြောင်း စသည်ဖြင့် လျှောက်လဲတင်ပြသည်။

အမွေထိန်းစာရလိုမှုတွင် ကန့်ကွက်သူအား ကန့်ကွက်ခွင့်မရှိကြောင်းချမှတ်သည့် အမိန့်အပေါ် ပြင်ဆင်မှုတက်ရောက်ခွင့်ရှိ မရှိ ရှေးဦးစွာ စိစစ်ရန်ဖြစ်သည်။

လျှောက်ထားခံရသူဦးခင်မောင်စိုးက အမွေထိန်းစာရလိုကြောင်း လျှောက်ထားသဖြင့် လျှောက်ထားသူ ဦးမြသန်းက ကန့်ကွက်ခဲ့ရာ တိုင်းတရားရုံးက ၎င်း၏ လျှောက်ထားချက်ကို ပယ်ခဲ့ခြင်းဖြစ်သည်။

အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၉၉ တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်-

> "299. Every order made by a District Judge by virtue of the powers hereby conferred upon him shall be subject to appeal to the High Court in accordance with the provisions of the Code of Civil Procedure applicable to appeals."

အထက်ပါပြဋ္ဌာန်းချက်အရ အမွေထိန်းစာလျှောက်ထားမှု၌ ခရိုင်တရားသူကြီးက ချမှတ်သောအမိန့်တွင် တရားမကျင့်ထုံးဥပဒေအရ အယူခံဝင်ခွင့်ရှိသော အမိန့်ကိုသာ အယူခံဝင်ခွင့်ပြုခြင်းဖြစ်သည်။

ဦးမြသန်း၏ လျှောက်လွှာကို ပယ်သောအမိန့်သည် အမွေဆက်ခံခြင်း အက်ဥပဒေအရ တိုင်းတရားရုံးအား အပ်နှင်းထားသည့် အခွင့်အာဏာအရ ချမှတ်သည့်အမိန့်မဟုတ်ဘဲ တရားမကျင့်ထုံး

၂၀၀၆
ဦးမြသန်း
နှင့်
ဦးခင်မောင်စိုး

ဥပဒေအမိန့် ၁၊ နည်း ၁၀ ပါအပ်နှင်းထားသည့် အာဏာအရ ချမှတ်သည့်အမိန့်ဖြစ်သဖြင့် ဦးမြသန်း၏ လျှောက်လွှာကို ပယ်သော အမိန့်သည် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၉၉ တွင် အကျုံးမဝင် သောကြောင့် အယူခံတင်သွင်းခွင့်မရှိပေ။

ထို့ကြောင့် အမွေထိန်းစာလျှောက်ထားမှုတွင် ဦးမြသန်း၏ ကန့်ကွက်ချက်ကို တိုင်းတရားရုံးက ပယ်သည့်အမိန့်အပေါ် တရားရုံး ချုပ်တွင် ပြင်ဆင်မှုတင်သွင်းခြင်းသည် မှားယွင်းခြင်းမရှိပေ။

အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၁၈ တွင် အမွေထိန်းစာ လျှောက်ထားခွင့်ရှိသူများကို ဖော်ပြထားသော်လည်း အမွေထိန်းစာ လျှောက်ထားခြင်းကို ကန့်ကွက်သူသည် မည်ကဲ့သို့သောသူဖြစ်ရမည် ဟု ထိုပုဒ်မတွင်ဖြစ်စေ၊ အခြားပုဒ်မတစ်ရပ်ရပ်တွင်ဖြစ်စေ ပြဋ္ဌာန်းထား ခြင်းမရှိချေ။

ဤအခြေအနေတွင် တိုင်းတရားရုံးက အမွေထိန်းစာလျှောက် ထားခြင်းကို ကန့်ကွက်သူသည် ကွယ်လွန်သူ၏ အမွေကို ဆက်ခံခွင့် ရှိသူဖြစ်ရမည် သို့မဟုတ် အမွေရှင်၏ မြီစားတစ်ဦးဖြစ်ရမည်ဟု သုံးသပ်ဆုံးဖြတ်ခြင်းသည် မှန်ကန်ခြင်းမရှိချေ။

တဖန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၉၅ တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်-

"In any case before the District Judge in which there is contention, the proceedings shall take, as nearly as may be, the form of a regular suit according to the provisions of the Code of Civil Procedure, in which the petitioner for probate or letters of administration, as the case may be, shall be the plaintiff, and the person who has appeared to oppose the grant shall be the defendant."

ယင်းပြဋ္ဌာန်းချက်အရ အမွေထိန်းစာလျှောက်ထားမှုတွင်

ကန့်ကွက်သူရှိပါက တရားမအထွေထွေမှုကို တရားမကြီးမှုအဖြစ် ပြောင်းလဲဖွင့်လှစ်ရန်ဖြစ်သည်။ ကန့်ကွက်သူသည် ကန့်ကွက်ထိုက်သူဟုတ် မဟုတ်မှာ ထိုတရားမကြီးမှုတွင် တရားမကျင့်ထုံးဥပဒေအမိန့် ၁ နည်း ၁၀ အရအဆုံးအဖြတ်ပေးရမည့် ပြဿနာဖြစ်သည်။

အမွေထိန်းစာလျှောက်ထားမှုတွင် ကန့်ကွက်သူရှိပါလျက် တိုင်းတရားရုံးက တရားမအထွေထွေမှုကို တရားမကြီးမှုအဖြစ် ပြောင်းလဲ ဖွင့်လှစ်ခြင်းမရှိဘဲ ကန့်ကွက်သူဦးမြသန်းသည် ကန့်ကွက်ထိုက်သူမဟုတ်ကြောင်း သုံးသပ်ဆုံးဖြတ်ခြင်းသည် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၉၅ ပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ **ဦးအောင်ကြွယ် နှင့် ဒေါ်မြရွှေအမှု**[(၁)] ပါ လမ်းညွှန်ချက်များနှင့်လည်းကောင်း ဆန့်ကျင်ဆုံးဖြတ်ရာရောက်ပေသည်။

သို့ရာတွင် တိုင်းတရားရုံးက ၂၂-၁၂-၂၀၀၅ ရက်နေ့၌ လျှောက်ထားခံရသူ ဦးခင်မောင်စိုးအား ငွေကျပ်သိန်း ၁၀၀ တန်ခံဝန်သူနှစ်ဦးဖြင့် ခံဝန်ချုပ်ဆိုတင်ပြနိုင်ပါက အမွေထိန်းစာထုတ်ပေးမည်ဖြစ်ကြောင်း အမိန့်ချမှတ်ပြီးဖြစ်သည်ကို အမှုတွင် တွေ့ရှိရသည်။

ဤအခြေအနေတွင် ၁၆-၁၁-၂၀၀၅ ရက်နေ့ကချမှတ်သော အမိန့်ကို မကျေနပ်၍ တရားရုံးချုပ်သို့ တင်သွင်းသော ပြင်ဆင်မှုကို လက်ခံ၍ ဆက်လက်ဆောင်ရွက်ရန် အကြောင်းမရှိတော့ပေ။ လျှောက်ထားသူ အနေဖြင့် လျှောက်ထားခံရသူအပေါ် တရားတစ်ထုံးစွဲဆိုလိုပါက စွဲဆိုရန်သာရှိပေသည်။

ထို့ကြောင့် ဤတရားမပြင်ဆင်မှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၂၀၀/- သတ်မှတ်သည်။

(၁) ၁၉၈၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၁၈၁

+ ၂၀၀၆
ဩဂုတ်လ
၂၃ ရက်

## တရားမပထမအယူခံမှု

### တရားရုံးချုပ်တရားသူကြီးဦးတင်အေးရှေ့တွင်

ဦးမောင်မောင်စိုး
နှင့်
ဦးထွန်းတင် *

**တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်း ဥပဒေ ၃ တွင် အကျုံးဝင်ရန်အတွက် လိုအပ်ချက်များ။** အမှုသည်အား ကိစ္စတစ်ခုခုဆောင်ရွက်ရန် အချိန်ပေးပြီးအမှုချိန်းဆိုသည့်နေ့တွင် အမှုသည်က ဆောင်ရွက်ရန်ပျက်ကွက်မှသာ တရားမကျင့်ထုံးဥပဒေအမိန့် ၁၇၊ နည်း ဥပဒေ ၃ ပါ ပြဋ္ဌာန်းချက်အရ ပလပ်သည့်အမိန့်ချမှတ်ရမည် ဖြစ်ခြင်း။

**ဆုံးဖြတ်ချက်။** ။ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်းဥပဒေ ၃ နှင့်အကျုံးဝင်ရန်အတွက် လိုအပ်ချက်မှာ (၁)တရားရုံးက မိမိသဘောအရ ရွှေ့ဆိုင်းခြင်းမဟုတ်ဘဲ အမှုသည်တစ်ဦးဦး၏ လျှောက်ထားချက်အရ အမှုကို ရွှေ့ဆိုင်းခြင်းနှင့် (၂)ထိုကဲ့သို့အမှုအား ရွှေ့ဆိုင်းပေးရန် လျှောက်ထားသောအမှုသည်က ပျက်ကွက်ခြင်းဖြစ်ရမည်။

---

* ၂၀၀၆ ခုနှစ်၊ တရားမပထမအယူခံမှု အမှတ် ၁၉၇

\+ ၂၀၀၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၃၆၃ တွင် ချမှတ်သော ၁၇-၂-၂၀၀၆ ရက်စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကိုအယူခံမှု

ယခုအမှု၌ ၆-၂-၂၀၀၆ ရက်နေ့တွင် အယူခံတရားလိုက အမှုကို ရွှေ့ဆိုင်းပေးရန် လျှောက်ထားသဖြင့် တရားရုံးကအမှုကို ရွှေ့ဆိုင်းပေးခြင်း မဟုတ်ဘဲ မိမိသဘောအရ အမှုကို ရွှေ့ဆိုင်းခြင်း ဖြစ်သည်။ သို့ဖြစ်၍ ၆-၂-၂၀၀၆ ရက်နေ့၏ နောက်ပေါ်ဆုံးချိန်းဖြစ်သော ၁၇-၂-၂၀၀၆ ရက်နေ့တွင် တိုင်းတရားရုံးက အမှုအားပလပ်ခြင်းမှာ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်းဥပဒေ ၃ ပါပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်းမရှိပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်းဥပဒေ ၃ အရ ပလပ်သည့်အမိန့်မျိုးကို အမှုသည်တစ်ဦးဦးက သက်သေတင်ပြရန်ဖြစ်စေ၊ အမှုဆက်လက်ဆောင်ရွက်ရန်နှင့် အခြားကိစ္စအရပ်ရပ်ကို ဆောင်ရွက်ရန်အတွက်ဖြစ်စေ၊ တရားရုံးက အချိန်ပေးခဲ့ရာ အမှုချိန်းဆိုသည့်နေ့၌ ထိုအမှုသည် ပျက်ကွက်မှသာ လျှင် အမိန့်ချမှတ်ခြင်းပြုနိုင်သည်ဟု **ဆိုင်ရက်(စ်)အဗ္ဗဒူ(လ်)ဂဖား နှင့် အဗ္ဗဒူမဂျစ်မဟာမက်ဂျာရာပါ-၈ အမှု**[၂]တွင် လမ်းညွှန် ထားသည်။

သို့ဖြစ်၍ အမှုသည်အား ကိစ္စရပ်တစ်ခုခုကို ဆောင်ရွက်ရန် အချိန်ပေးပြီး အမှုချိန်းဆိုသည့်နေ့တွင် ထိုအမှုသည်က ဆောင်ရွက်ရန် ပျက်ကွက်မှသာ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်းဥပဒေ ၃ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်မည်ဖြစ်သည်။

အယူခံတရားလိုအတွက် - ဒေါ်သန်းခင်
(တရားရုံးချုပ်ရှေ့နေ)

အယူခံတရားပြိုင်အတွက် - ကိုယ်တိုင် (မလာ)

---

(၂) ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၄၇၄

၂၀၀၆
ဦးမောင်မောင်စိုး
နှင့်
ဦးထွန်းတင်

ရန်ကုန်တိုင်း တရားရုံး၊ ၂၀၀၅ ခုနှစ် တရားမကြီးမှုအမှတ် ၂၃၆၃ တွင် တရားလို ဦးမောင်မောင်စိုးကတရားပြိုင် ဦးထွန်းတင် အပေါ် ငွေကျပ် ၅၄ သိန်း ရလိုမှုစွဲဆိုသည်။ တိုင်းတရားရုံးက တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်းဥပဒေ ၃ အရအမှုအား ပလပ်ကြောင်း အမိန့်ချမှတ်သည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်၍ ဦးမောင်မောင်စိုးက ဤတရားမအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

အယူခံတရားလို၏ ရှေ့နေက အယူခံတရားလိုသည် အယူခံ တရားပြိုင်အပေါ် ရန်ကုန်တိုင်းတရားရုံး၊ ၂၀၀၅ ခုနှစ် တရားမကြီး မှုအမှတ် ၂၃၆၃ တွင် ငွေကျပ် ၅၄ သိန်း ရလိုမှုစွဲဆိုခဲ့ရာ အယူခံ တရားပြိုင်သည် ထွက်ပြေးတိမ်းရှောင်နေသဖြင့် တိုင်းတရားရုံးက အမှုအား တစ်ဖက်သတ်စစ်ဆေးခဲ့ကြောင်း၊ အယူခံတရားလိုက သက်သေနှစ်ဦးတင်ပြခဲ့ရာ တစ်ဦးအား စစ်ဆေးပြီးဖြစ်၍ ကျန်တစ်ဦး အား ၆-၂-၂၀၀၆ ရက်နေ့တွင် ချိန်းဆိုခဲ့ကြောင်း၊ ထိုနေ့တွင် အယူခံ တရားလိုနှင့် ရှေ့နေမလာရောက်သဖြင့် အမှုအား ၁၇-၂-၂၀၀၆ ရက်နေ့သို့ ချိန်းဆိုခဲ့ကြောင်း၊ ယင်းနေ့တွင် တိုင်းတရားရုံးက အမှုအား တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်း ဥပဒေ ၃ အရ ပလပ်ခဲ့သဖြင့် ဤတရားမအယူခံမှုကို တင်သွင်းရခြင်းဖြစ်ကြောင်း၊ အယူခံတရားလို သည် အယူခံတရားပြိုင်အပေါ် ရန်ကုန်တိုင်း တရားရုံး၌ တရားမကြီးမှု နှစ်မှုစွဲဆိုခဲ့သဖြင့် အမှုနှစ်ခုကိုလိုက်ပါဆောင်ရွက်ခဲ့ရကြောင်း၊ တိုင်းတရားရုံးက ၆-၂-၂၀၀၆ ရက်နေ့တွင် ချိန်းဆိုခဲ့ကြောင်း ပြောကြား ခဲ့သော်လည်း အယူခံတရားလိုက ၆-၃-၂၀၀၆ နေ့ဟု အမှတ်မှားပြီး ၆-၂-၂၀၀၆ ရက်နေ့တွင် တိုင်းတရားရုံးသို့ သွားရောက်ခဲ့ခြင်း မရှိကြောင်း၊ ထိုနေ့တွင် အယူခံတရားလိုသည် တိုင်းတရားရုံးသို့ မသွားရောက်ခဲ့သဖြင့် ၁၇-၂-၂၀၀၆ ရက်နေ့တွင်လည်း ရုံးချိန်း ပျက်ကွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ အယူခံတရားလိုပြသက်သေနှစ်ဦး

၂၀၀၆
ဦးမောင်မောင်စိုး
နှင့်
ဦးထွန်းတင်

အနက် တစ်ဦးအား စစ်ဆေးပြီး တစ်ဦးကိုသာ စစ်ဆေးရန် ရှိနေသောကြောင့် အယူခံတရားလို ရုံးချိန်းပျက်ကွက်သဖြင့် ကြီးလေးသောပြစ်ဒဏ်ပေးရန် မသင့်ကြောင်း၊ အမှုအား စစ်ဆေးဆဲအဆင့်တွင် တရားလို ပျက်ကွက်မှုအတွက် တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်းဥပဒေ ၃ အရ အမှုအား ပလပ်ခြင်း မပြုနိုင်ကြောင်း၊ သို့ဖြစ်၍ ဤတရားမအယူခံမှုကို ခွင့်ပြုပြီး တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ကာ အမှုအား ဆက်လက်စစ်ဆေးသည့် အမိန့်ချမှတ်ပေးပါရန် လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်ရုံးရှေ့သို့ လာရောက်ခြင်းမရှိပေ။

ရန်ကုန်တိုင်း တရားရုံးက ၂၀၀၅ ခုနှစ် တရားမကြီးမှု အမှတ် ၂၃၆၃ ၌ ၆-၂-၂၀၀၆ ရက်နေ့တွင် တရားလိုပြသက်သေအား စစ်ဆေးရန် ချိန်းဆိုခဲ့သည်။ တိုင်းတရားရုံးက ထိုနေ့တွင် အမှုခေါ်သည့်အခါ တရားလိုနှင့် ၎င်း၏ရှေ့နေမလာ၊ တရားပြိုင်မလာရောက်သဖြင့် အမှုအား ၁၇-၂-၂၀၀၆ ရက်နေ့တွင် ဆင်ပြရန် ချိန်းဆိုခဲ့သည်။ တိုင်းတရားရုံးက ၁၇-၂-၂၀၀၆ ရက်နေ့တွင် အမှုခေါ်သည့်အခါ တရားလိုနှင့် ၎င်း၏ရှေ့နေမလာ၊ တရားပြိုင်မလာ၍ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်းဥပဒေ ၃ အရ အမှုအားပလပ်ခဲ့ခြင်းဖြစ်သည်။

တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်းဥပဒေ ၃ တွင် အချိန်ခွင့်ပြုထားခြင်းခံရသော အမှုသည်တစ်ဦးသည် ၎င်း၏ သက်သေခံချက်ကို တင်ပြရန်ဖြစ်စေ၊ ၎င်း၏ သက်သေကို တရားရုံးသို့ လာရောက်စေရန်ဖြစ်စေ၊ အမှု၏တိုးတက်ရာတိုးတက်ကြောင်း အတွက် လိုအပ်သော အခြားပြုလုပ်မှုတစ်ခုကို ဆောင်ရွက်ရန်ဖြစ်စေ၊ အချိန်ခွင့်ပြုထားပြီးဖြစ်လျက် ပျက်ကွက်လျှင် ယင်းသို့ပျက်ကွက်စေကာမူ တရားရုံးသည် အမှုကို စီရင်ဆုံးဖြတ်ရန်အလို့ငှာ ချက်ချင်းဆောင်ရွက်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

၂၀၀၆
ဦးမောင်မောင်စိုး
နှင့်
ဦးထွန်းတင်

RAM BUS V. RAM BAHAR အမှု(၁) တွင် In order that the provisions of Order XVII, Rule 3 of the Civil Procedure Code should be applicable, it is necessary (I) that the hearing was adjourned on the application of a party to suit as distinguished from an adjournment by the Court of its own motion and (2) that the hearing was adjourned on the application of the party who subsequently makes the default ဟုလမ်းညွှန်ထားသည်။

သို့ဖြစ်၍ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်း ဥပဒေ ၃ နှင့် အကျုံးဝင်ရန်အတွက် လိုအပ်ချက်မှာ (၁) တရားရုံးက မိမိသဘောအရ ရွှေ့ဆိုင်းခြင်းမဟုတ်ဘဲ အမှုသည်တစ်ဦးဦး၏ လျှောက်ထားချက်အရ အမှုကို ရွှေ့ဆိုင်းခြင်းနှင့်(၂)ထိုကဲ့သို့အမှုအား ရွှေ့ဆိုင်းပေးရန် လျှောက်ထားသော အမှုသည်က ပျက်ကွက်ခြင်းဖြစ်ရမည်။

ယခုအမှုကို ၆ -၂ -၂၀၀၆ ရက်နေ့တွင် အယူခံတရားလိုက အမှုကို ရွှေ့ဆိုင်းပေးရန် လျှောက်ထားသဖြင့် တရားရုံးကအမှုကို ရွှေ့ဆိုင်းပေးခြင်းမဟုတ်ဘဲ တရားရုံးက မိမိသဘောအရအမှုကို ရွှေ့ဆိုင်းခြင်းဖြစ်သည်။ သို့ဖြစ်၍ ၆-၂-၂၀၀၆ ရက်နေ့၏ နောက်ရက်ချိန်းဖြစ်သော ၁၇-၂-၂၀၀၆ ရက်နေ့တွင် တိုင်းတရားရုံးက အမှုအား ပလပ်ခြင်းမှာ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်း ဥပဒေ ၃ ပါ ပြဋ္ဌာန်းချက်နှင့်ညီညွတ်ခြင်း မရှိပေ။

တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်း ဥပဒေ ၃ အရပလပ်သည့်အမိန့်မျိုးကို အမှုသည်တစ်ဦးဦးက သက်သေတင်ပြရန်ဖြစ်စေ၊ အမှုဆက်လက်ဆောင်ရွက်ရန်နှင့်အခြား ကိစ္စအရပ်ရပ်ကို ဆောင်ရွက်ရန်အတွက်ဖြစ်စေ၊ တရားရုံးကအချိန်ပေးခဲ့ရာ အမှုချိန်းဆိုသည့်နေ့၌ ထိုအမှုသည်ပျက်ကွက်မှသာလျှင်အမိန့်ချမှတ်ခြင်းပြုနိုင်သည်ဟု

(၁) ၁၉၆၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး ၈-၁၂၀

၂၀၀၆
ဦးမောင်မောင်စိုး
နှင့်
ဦးထွန်းတင်

**ဆိုင်ရက် (စ်) အဗ္ဗဒူ (လ်) ဂဖား နှင့် အဗ္ဗဒူမဂျစ်မဟာမက်ဂျာရာပါ-၈ အမှု[၂]တွင် လမ်းညွှန်ထားသည်။**

သို့ဖြစ်၍ အမှုသည်အား ကိစ္စရပ်တစ်ခုခုကို ဆောင်ရွက်ရန် အချိန်ပေးပြီး အမှုချိန်းဆိုသည့်နေ့တွင် ထိုအမှုသည်က ဆောင်ရွက်ရန် ပျက်ကွက်မှသာ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်း ဥပဒေ ၃ ပါပြဋ္ဌာန်းချက်နှင့်ညီညွတ်မည်ဖြစ်သည်။

ယခုအမှုတွင် ၁၇-၂-၂၀၀၆ ရက်နေ့တွင် အမှုအား တင်ပြရန် ချိန်းဆိုထားခြင်းသာဖြစ်ပြီး အယူခံတရားလိုက ကိစ္စရပ်တစ်ခုခုကို ဆောင်ရွက်ရန် ချိန်းဆိုထားခြင်းမဟုတ်ပေ။ အယူခံတရားလိုက ကိစ္စရပ်တစ်ခုခုကို ဆောင်ရွက်ရန်ပျက်ကွက်ခြင်းမဟုတ်၍ ထိုနေ့တွင် အယူခံတရားလို မလာရောက်သဖြင့် တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်း ၃ အရအမှုကို ပလပ်ခြင်း မှာမှန်ကန်မှုမရှိချေ။

ထို့ကြောင့် ဤတရားမအယူခံမှုကို ခွင့်ပြုပြီး ရန်ကုန်တိုင်းတရားရုံး၏စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ကာ အမှုကို ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေး စီရင်သွားရန်အမိန့်ချမှတ်သည်။

ရှေ့နေစရိတ် ကျပ် ၂၀၀/- သတ်မှတ်သည်။

မိမိစရိတ် မိမိကျခံစေ။

(၂) ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၄၇၄

+ ၂၀၀၆
မတ်လ
၂၀ ရက်

## တရားမအထူးအယူခံမှု

**တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ်ဦးသိန်းစိုး၊ တရားသူကြီးများဖြစ်ကြသောဦးခင်မြင့်နှင့် ဦးချစ်လွင်တို့ရှေ့တွင်**

**ဦးရဲလင်း**

**နှင့်**

**ဦးစိုးတင့် ***

**(၎င်း၏ အခွင့်ရကိုယ်စားလှယ် ဒေါ်ဝင်းရီ)**

မူလရုံးတရားလိုက တရားပြိုင်ထံမှ မြေနှင့်အိမ်ကို ကတိစာချုပ်အရ ဝယ်ယူခဲ့သည်။ တရားပြိုင်မှာ ပြောင်းရွှေ့ပေးရန် အခက်အခဲရှိ၍ ဝယ်ယူသူတရားလိုထံမှ မြေနှင့်အိမ်ကို အငှားစာချုပ် ချုပ်ဆို၍ ဆက်လက်နေထိုင်သည်။ မှတ်ပုံတင် အရောင်းအဝယ် စာချုပ် ချုပ်ဆိုပြီးနောက် တရားပြိုင်က ဖယ်ရှားမပေးသဖြင့် တရားလိုက မြေနှင့်အိမ်လက်ရောက်ရလိုမှုစွဲဆိုရာ မြေနှင့်အိမ်ငှားရမ်းခြင်း စာချုပ်ရှိနေသဖြင့် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေအရသာ တရားစွဲဆိုရမည်ဆိုခြင်းမှာ မှန်ကန်ခြင်းရှိ၊ မရှိ။

---

* ၂၀၀၅ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၆၄

\+ ၂၀၀၄ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၂၂၉ တွင် ချမှတ်သော ၁၅-၆-၂၀၀၄ ရက်စွဲပါ တရားရုံးချုပ် (ရန်ကုန်) ၏ စီရင်ချက်နှင့်ဒီကရီကို အယူခံမှု

၂၀၀၆
ဦးရဲလင်း
နှင့်
ဦးစိုးတင့်
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဒေါ်ဝင်းရီ)

**ဆုံးဖြတ်ချက်။** ။မူလရုံးတရားလို တရားပြိုင်တို့သည် ရှေးဦးစွာ အိမ်မြေ အရောင်းအဝယ် ကတိစာချုပ် (သက်သေခံ-ခ)ကို ချုပ်ဆို ပြီးနောက် မှတ်ပုံတင်စာချုပ် မချုပ်ဆိုမီ ၃၁-၈-၂၀၀၁ ရက်နေ့တွင် ငှားရမ်းခြင်း ကတိစာချုပ် ချုပ်ဆိုသည့်အချက်မှာ အမှုတွင် ပေါ်ပေါက်သည်။

× × × × ×

သို့ရာတွင် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၀၅ တွင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို အငှားချထားခြင်းဆိုသည်မှာ ထိုပစ္စည်းအကျိုးခံစားခွင့်ကို အချိန်ကာလသတ်မှတ်၍ဖြစ်စေ၊ ထာဝစဉ်ဖြစ်စေ တန်ဖိုးပေးသည့်အတွက် လွှဲပြောင်းပေးခြင်းဖြစ်သည် ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ ပုဒ်မ ၁၀၅ အရ ပစ္စည်းကို အငှားချထား ပါက အငှားချထားသည့် ပစ္စည်း၏ အကျိုးခံစားခွင့်ကို လွှဲပြောင်း လက်ခံရရှိမှသာ ငှားရမ်းသူ ဖြစ်လာမည်ဖြစ်သည်။

မူလရုံးတရားလို ဦးစိုးတင့်သည် ဦးရဲလင်းထံမှ အရောင်း အဝယ်ကတိစာချုပ်ဖြင့် အချင်းဖြစ်ဥပစာကို ဝယ်ယူချိန်တွင် ယင်း ဥပစာကို လက်ရောက်မရရှိသေးသောကြောင့် အထက်ဖော်ပြပါ ပစ္စည်း လွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၀၅ အရ ယင်းဥပစာ၏ အကျိုးခံစားခွင့်ကို လွှဲပြောင်းလက်ခံရရှိခဲ့ခြင်း မရှိသေးချေ။ ယင်းသို့ အကျိုးခံစားခွင့် လွှဲပြောင်းလက်ခံရရှိခြင်း မရှိသဖြင့် ငှားရမ်းခြင်း စာချုပ်ချုပ်ဆိုသည်ဆိုသော်လည်း ဦးစိုးတင့်တွင် အငှားချထားနိုင်သည့် အခွင့်အရေးမရှိပေ။

မူလရုံး တရားလို၊ တရားပြိုင်တို့အိမ်မြေအရောင်းအဝယ် မှတ်ပုံတင်စာချုပ် မချုပ်ဆိုမီ ငှားရမ်းခြင်းစာချုပ်ချုပ်ဆိုချိန်တွင် မူလရုံး တရားပြိုင် ဦးရဲလင်းသည် ဥပဒေသဘောအရ အချင်းဖြစ်ဥပစာတွင် ပိုင်ရှင်အဖြစ် ဆက်လက်နေထိုင်ခြင်းဖြစ်ရာ ၎င်းအား ငှားရမ်းနေထိုင် သူအဖြစ် ကောက်ယူ၍ ရနိုင်မည်မဟုတ်ချေ။ သို့ဖြစ်၍ မူလရုံး

၂၀၀၆
ဦးရဲလင်း
နှင့်
ဦးစိုးတင့်
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဒေါ်ဝင်းရီ)

တရားလို ဦးစိုးတင့်နှင့် တရားပြိုင်ဦးရဲလင်းတို့သည် အိမ်ရှင်အိမ်ငှား ဆက်သွယ်မှု မရှိသည့်အလျောက် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေနှင့် အကျုံးဝင်သက်ဆိုင်ရန် အကြောင်းမရှိပေ။

မူလရုံးတရားလိုက ပိုင်ရေးဆိုင်ခွင့်ကို အကြောင်းပြု၍ ဥပစာကို လက်ရောက်ရရန် တရားစွဲဆိုခြင်းမှာ မှားယွင်းခြင်းမရှိသည့်အလျောက် မူလရုံးနှင့်တရားရုံးချုပ်တို့က အိမ်နှင့်မြေမှတ်ပုံတင် အရောင်းစာချုပ်ကို အခြေပြု၍ စွဲဆိုရာတွင်တရားပြိုင်မှ တရားလိုသို့ အချင်းဖြစ်ဥပစာလက်ရောက်ပေးအပ်စေရန် ဒီကရီချမှတ်ခြင်းအပေါ် ဤအထူးအယူခံခုံရုံးအနေဖြင့် ဝင်ရောက်စွက်ဖက်ရန် မသင့်ပေ။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဒေါ်စန်းစန်းမြင့် (တရားရုံးချုပ်ရှေ့နေ) |
| အယူခံတရားပြိုင်အတွက် | - | ဦးအောင်ကျော်ဟန် (တရားရုံးချုပ်ရှေ့နေ) |

ရန်ကုန်တိုင်း တရားရုံး ၂၀၀၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၇၄ တွင် မူလရုံးတရားလို ဦးစိုးတင့်က ၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ဝင်းရီမှတစ်ဆင့် ဦးရဲလင်းအပေါ် အရောင်းအဝယ်မှတ်ပုံတင် စာချုပ်အမှတ် ၃၀၁၇/၂၀၀၁ အရ ဝယ်ယူပိုင်ဆိုင်သော မြေနှင့် အဆောက်အဦကို လက်ရောက်လွှဲပြောင်းပေးအပ်စေလိုမှုစွဲဆိုရာ အနိုင်ဒီကရီရရှိသည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ဦးရဲလင်းက ကျေနပ်မှုမရှိသဖြင့် တရားရုံးချုပ်သို့ ၂၀၀၄ ခုနှစ် တရားမ ပထမအယူခံမှုအမှတ် ၂၂၉ ဖြင့် အယူခံဝင်ရောက်ရာ မအောင်မြင်ခဲ့ပေ။ တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရ ပြန်လည်စစ်ဆေးစီရင်ရန် ဦးရဲလင်း က လျှောက်ထားသည့်အခါ တရားရုံးချုပ်အထူးခုံရုံးက အောက်ပါ

၂၀၀၆
ဦးရဲလင်း
နှင့်
ဦးစိုးတင့်
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဒေါ်ဝင်းရီ)

ပြဿနာအပေါ် အထူးအယူခံခုံရုံးဖြင့် ကြားနာရန်အတွက် အထူးအယူခံ ဝင်ခွင့်ပြုသည် -

"အချင်းဖြစ်မြေနှင့် အဆောက်အအုံကို ဝယ်ယူပိုင်ဆိုင်ခဲ့သည့် လျှောက်ထားခံရသူက လျှောက်ထားသူကို အိမ်ငှားအဖြစ် ဆက်လက်နေထိုင်ခွင့်ပြုခဲ့ပြီးဖြစ်သည့်အခြေအနေတွင် လျှောက်ထားသူကို ဖယ်ရှားထွက်ခွာစေပြီး ဥပစာကို လက်ရောက်ပြန်လည်ရရှိရန်အတွက် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေအရ တရားစွဲဆိုခြင်း မပြုဘဲ ပိုင်ရေးဆိုင်ခွင့်ကိုအကြောင်းပြု၍ ဥပစာကို လက်ရောက်ပြန်လည်ရရှိရန် တရားစွဲဆိုခြင်းသည် ဥပဒေအရ မှန်ကန်ခြင်းရှိ၊ မရှိ"

အဆိုလွှာအရ မူလရုံးတရားပြိုင်သည် တရားလိုထံမှ ကုန်ပစ္စည်းများကို အကြွေးစနစ်ဖြင့် ဝယ်ယူရာတွင် ငွေကျပ် ၃၂ သိန်း ပေးရန်ရှိကြောင်း၊ တရားပြိုင်က တရားလို၏ငွေကို ပြန်လည်ပေးဆပ်ရန်နှင့် ၎င်းက ဂရင်းမြန်မာတွင်မြေနှင့်အိမ် ပေါင်နှံချေးယူထားသည့် ကြွေးမြီကိုရှင်းလင်းရန် ၎င်းပိုင်ဆိုင်သည့် ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/၂၊ မြေကွက်အမှတ် ၁၃/ခ၊ မြေအကျယ်အဝန်း ၂၀ ပေ × ၆၀ ပေရှိ နှစ် ၆၀ ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် ၁၃/ခ၊ ရတနာလမ်း၊ ၁၆/၂ ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်ဟု ခေါ်တွင်သည့် အဆောက်အဦကို ငွေကျပ်သိန်း ၁၀၀ ဖြင့် အရောင်းအဝယ်ပြုရန်ကမ်းလှမ်းရာ တရားလိုက သဘောတူပြီး အိမ်နှင့်မြေ အရောင်းအဝယ်ကတိစာချုပ်ကို ၂၄-၈-၂၀၀၁ ရက်နေ့တွင် ချုပ်ဆိုခဲ့ကြကြောင်း၊ ထို့နောက် တရားလိုက ဂရင်းမြန်မာမှ တရားပြိုင်ချေးယူသည့် တိုးရင်းငွေ စုစုပေါင်း ၄၈,၂၂,၅၀၀ ကျပ်ကို စိုက်ထုတ်ပေးချေ၍ ဂရန်နှင့်စာချုပ်စာတမ်းများကို ရွေးနုတ်ပေးခဲ့ကြောင်း၊ ထို့ပြင် ငွေသား ၆၇,၅၀၀ ကျပ်ကိုလည်း

၂၀၀၆
ဦးရဲလင်း
နှင့်
ဦးစိုးတင့်
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဒေါ်ဝင်းရီ)

တရားပြိုင်သို့ ပေးအပ်ရာ တရားပြိုင်က ဂရန်မူရင်းနှင့် စာချုပ်စာတမ်းမူရင်းများကို တရားလိုသို့ ပေးအပ်ခဲ့ကြောင်း၊ ၃၁-၈-၂၀၀၁ ရက်နေ့တွင် တရားလိုက ကျပ်ငွေကျပ်သိန်း ၂၀ ပေးချေသည့်အခါ တရားပြိုင်မှာ အချင်းဖြစ်နေအိမ်မှ ပြောင်းရွှေ့ရန် အခက်အခဲရှိ၍ အချင်းဖြစ်အိမ်ကို တစ်နှစ်ငှားရမ်းသည့် ငှားရမ်းစာချုပ် ချုပ်ဆိုပေးခဲ့ကြောင်း၊ ၂၆-၁၀-၂၀၀၁ ရက်နေ့တွင် တရားလို၊ တရားပြိုင်တို့သည် အိမ်နှင့်မြေ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ် ၃၉၁၇/၂၀၀၁ ကို ချုပ်ဆိုကြောင်း၊ တစ်နှစ်ကာလ ကုန်ဆုံးသည့်အခါ တရားပြိုင်က အချင်းဖြစ်မြေနှင့် အဆောက်အဦကို လက်ရောက်ပေးအပ်ခြင်းမရှိသဖြင့် တရားစွဲဆိုရကြောင်း စသည်ဖြင့် ဖော်ပြအဆိုပြုသည်။

မူလရုံးတရားပြိုင်က ၎င်းသည်တရားလိုသို့ ကုန်ကြွေးငွေကျပ် ၃၂သိန်း ပေးရန်မရှိကြောင်း၊ တရားလိုထံမှ ငွေကျပ် ၁၅ သိန်းကို အတိုးငွေ ၆ ကျပ်နှုန်းဖြင့် ချေးယူရာမှတိုးရင်း ငွေကျပ် ၃၂ သိန်း ပေးရန်ရှိကြောင်း၊ တရားလိုထံ တိုးရင်းငွေများပြန်လည်ပေးဆပ်ရန်နှင့် ဂရင်းမြန်မာတွင် မြေအိမ်ပေါင်နှံ ချေးယူထားသော ကြွေးမြီများကို ရှင်းလင်းရန်အတွက် ဦးရဲလင်းက ၎င်းအမည်ပေါက်ပိုင်ဆိုင်သည့် အချင်းဖြစ်မြေနှင့်အိမ်ကို တရားလိုထံ ခေတ္တပေါင်နှံ၍ လုပ်ငန်းသဘောအရ အရောင်းအဝယ် စာချုပ်ကို ၂၄-၈-၂၀၀၁ ရက်နေ့တွင် ဟန်ဆောင်ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း၊ ၃၁-၈-၂၀၀၁ ရက်နေ့တွင် တရားလိုထံမှ တရားပြိုင်က ငွေကျပ်သိန်း ၂၀ ထပ်မံယူသည့်အခါ ဟန်ဆောင်အငှားစာချုပ်ကို ချုပ်ဆိုပေးခဲ့ကြောင်း၊ ၂၆-၁၀-၂၀၀၁ ရက်စွဲပါ စာချုပ်သည် ဟန်ဆောင် အိမ်မြေအရောင်းအဝယ် စာချုပ်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အချင်းဖြစ်မြေနှင့်အိမ်ကို တရားလို လက်ရောက်မရထိုက်ကြောင်း ခုခံချေပသည်။

၂၀၀၆
ဦးရဲလင်း
နှင့်
ဦးစိုးတင့်
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဒေါ်ဝင်းရီ)

တိုင်းတရားရုံးက တရားလို ဦးစိုးတင့်သည် ဦးရဲလင်းအား ငွေကျပ် ၃၂သိန်း ပေးခဲ့ကြောင်း၊ တရားပြိုင်က ဂရင်းမြန်မာမှ ချေးယူထားသော တိုးရင်းပေါင်းငွေ ၄၈,၂၂,၅၀၀ ကျပ်နှင့် ငွေ ၆၇,၅၀၀ ကျပ် တို့ကို တရားပြိုင်သို့ တရားလိုက ပေးအပ်ခဲ့ကြောင်း၊ တရားလိုက ငွေကျပ်သိန်း ၂၀ ပေးအပ်သည့်နေ့တွင် အိမ်နှင့်မြေကို တရားပြိုင်က တရားလိုသို့ လက်ရောက်ပေးအပ်ခြင်းမရှိကြောင်း၊ ၃၁-၈-၂၀၀၁ ရက်နေ့တွင် ငှားရမ်းစာချုပ် ချုပ်ဆိုပေးသော်လည်း အိမ်ငှားအဖြစ် လွှဲပြောင်းရရှိသည်ဟု မဆိုနိုင်ကြောင်း၊ ၂၆-၁၀-၂၀၀၁ ရက်စွဲပါ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်အမှတ် ၃၉၁၇/၂၀၀၁ သည် အချင်းဖြစ်မြေနှင့်အိမ်ကို တရားလိုနှင့်တရားပြိုင်တို့ အရောင်းအဝယ် ပြုလုပ်ခြင်းမှာ မှန်ကန်ကြောင်း၊ ယင်းစာချုပ်သည် ဟန်ဆောင်စာချုပ် မဟုတ်ကြောင်း စသည်ဖြင့် သုံးသပ်လျက် တရားလိုစွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်သည်။

တရားရုံးချုပ်က သက်သေခံအမှတ်(ခ)ကတိစာချုပ်ပါ နှစ်ဦးနှစ်ဖက်လက်မှတ်ရေးထိုး ဖော်ပြချက်များအရ အချင်းဖြစ်မြေနှင့်အိမ်ကို အမှန်တကယ် အရောင်းအဝယ်ပြုလုပ်ရန် ရည်ရွယ်ရင်းရှိကြောင်း၊ သို့ဖြစ်၍ ယင်းစာချုပ်သည်လည်းကောင်း၊ ယင်းကတိစာချုပ်ပါ သဘောတူညီချက် အပိုဒ်(၅)အရ ချုပ်ဆိုသည့် အိမ်မြေအရောင်းအဝယ် မှတ်ပုံတင်စာချုပ်အမှတ် ၃၉၁၇/၂၀၀၁ သည်လည်းကောင်း၊ အမှန် တကယ်ချုပ်ဆိုသော စာချုပ်များဖြစ်၍ ဟန်ဆောင်ချုပ်ဆိုသည့် စာချုပ်များ မဟုတ်သည်မှာ ထင်ရှားကြောင်း၊ သက်သေခံအမှတ်(ခ) ကတိစာချုပ်တွင် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးကို အမှန်အတိုင်းဖော်ပြ၍ ယင်းတန်ဖိုးငွေကို အမှန်တကယ် ပေးချေခဲ့ကြောင်း၊ မှတ်ပုံတင်စာချုပ် ချုပ်ဆိုရာတွင် တန်ဖိုးငွေကျပ် ၁၂ သိန်းဟု ဖော်ပြသော်လည်း စာချုပ်စာတမ်း မှတ်ပုံတင်ရုံးက စိစစ်ပြီး နောက်တန်ဖိုးငွေကျပ် ၁၆ သိန်းဟု တိုးမြှင့်သတ်မှတ်ခဲ့ကြောင်း၊ သို့ဖြစ်၍

ယင်းစာချုပ်သည် ပျက်ပြယ်ရန်အကြောင်းမရှိဟု သုံးသပ်ကာ မူလရုံး၏ စီရင်ချက်နှင့်ဒီကရီကို အတည်ပြုခဲ့သည်။

အယူခံတရားလို၏ရှေ့နေက ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၅ အရ အိမ်ရှင်အိမ်ငှားစာချုပ်(သက်သေခံ-င) ကို ချုပ်ဆိုခဲ့သော အယူခံတရားလိုနှင့်တရားပြိုင်တို့သည် တရားဝင် အိမ်ရှင်အိမ်ငှားများဖြစ်ကြောင်း၊ ထို့ပြင် မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၂(ဃ)နှင့် ၂(ဆ)အရလည်း အိမ်ရှင် အိမ်ငှားဖြစ်ကြောင်း၊ ငှားရမ်းသူပိုင်ရှင်သည် အငှားချထားခြင်းခံရသည့် အိမ်ငှား၏ လက်ဝယ်ရှိ ဥပစာကို ပြန်လည်လက်ရောက်ရရှိရန်မှာ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လျှောက်ထားတရားစွဲဆိုမှသာ လက်ရောက် ပြန်ရခွင့်ရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အယူခံတရားပြိုင်အနေဖြင့် အယူခံတရားလို၏ လက်ဝယ်ရှိ အချင်းဖြစ်မြေနှင့် အဆောက်အအုံ ကို လက်ရောက်လွှဲပြောင်းပေးအပ်စေလိုမှု စွဲဆိုခြင်းသည် ဥပဒေအရ မှန်ကန်ခြင်းမရှိကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ရှေ့နေက ၃၁-၈-၂၀၀၁ နေ့စွဲပါ ငှားရမ်းခြင်း ကတိစာချုပ်(သက်သေခံ-င)ပါ ဖော်ပြချက်တို့အရ အချင်း ဖြစ် ဥပစာတွင် ဦးရဲလင်း ဖွင့်လှစ်ထားသော လွှတ်ရည်ဆိုင်ကို ပြောင်းရွှေ့ရန်နေရာမရသေးသဖြင့် လက်ရောက်လွှဲမပေးနိုင် မသေးသောကြောင့် ငှားရမ်းခြင်းစာချုပ် ချုပ်ဆိုစဉ်ကပင် ဦးစိုးတင့်မှာ အချင်းဖြစ် ဥပစာကို လက်ရှိမဖြစ်သည်မှာ ထင်ရှားကြောင်း၊ ပစ္စည်း လွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၀၅ အရ ဦးစိုးတင့်သည် အချင်းဖြစ် ပစ္စည်း၏ အကျိုးခံစားခွင့်များကို မည်သည့်အချိန်ကမျှ လွှဲပြောင်း လက်ခံရရှိခြင်း မရှိ၍ ထိုပစ္စည်း၏ အကျိုးခံစားခွင့်ကို လွှဲပြောင်းပေး နိုင်သူမဟုတ်၍ ငှားရမ်းသူဖြစ်မလာနိုင်ကြောင်း၊ ပိုင်ဆိုင်ခွင့်ရှိနေပြီး လက်ရှိဖြစ်နေသူ ဦးရဲလင်းနှင့် ၃၁-၈-၂၀၀၁ နေ့စွဲပါ ငှားရမ်းစာချုပ်

၂၀၀၆
ဦးရဲလင်း
နှင့်
ဦးစိုးတင့်
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဒေါ်ဝင်းရီ)

ချုပ်ဆိုရုံမျှဖြင့် ဦးစိုးတင့်သည် အိမ်ရှင်အဖြစ်သို့လည်းကောင်း၊ ဦးရဲလင်းသည် အိမ်ငှားအဖြစ်သို့လည်းကောင်း၊ ပြောင်းလဲသွားနိုင်ခြင်းမရှိကြောင်း၊ အမှုတွင်ပေါ်ပေါက်သည့် သက်သေခံချက်များအရ ဦးစိုးတင့်နှင့် ဦးရဲလင်းတို့သည် အိမ်ရှင်အိမ်ငှားဟု ကောက်ယူနိုင်သည့် အထောက်အထားမရှိဘဲ အရောင်းအဝယ်စာချုပ်အရ ဦးစိုးတင့်မှာ ပိုင်ရေးဆိုင်ခွင့်ကို အကြောင်းပြု၍ လက်ရောက်ရလိုမှု စွဲဆိုခြင်းမှာ ဥပဒေအရ မှားယွင်းမှုမရှိကြောင်း လျှောက်လဲတင်ပြသည်။

မူလရုံး အမှုတွဲကို စိစစ်ရာတွင် တရားလို ဦးစိုးတင့်က တရားပြိုင် ဦးရဲလင်းအပေါ် အိမ်နှင့်မြေ အရောင်းအဝယ်ပြုလုပ်ရန် ကတိစာချုပ် (သက်သေခံ-ခ)နှင့် အိမ်မြေအရောင်းအဝယ် မှတ်ပုံတင်စာချုပ် (သက်သေခံ-ဃ)တို့အပေါ် အခြေခံ၍ မြေနှင့် အဆောက်အဦကို လက်ရောက်လွှဲပြောင်း ပေးအပ်စေလိုမှု စွဲဆိုခြင်းဖြစ်သည်။

မူလရုံး တရားပြိုင် ဦးရဲလင်းက ၎င်းပိုင်ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/၂၊ မြေကွက် အမှတ် ၁၃ (ခ)၊ အလျား အနံ ၆၀ပေ × ၂၀ပေရှိ နှစ် ၆၀ ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦတို့ကို တန်ဖိုးငွေကျပ်သိန်း ၁၀၀ ဖြင့် မူလရုံး တရားလို ဦးစိုးတင့်သို့အိမ်နှင့် မြေအရောင်းအဝယ်ပြုလုပ်၍ ကတိစာချုပ် (သက်သေခံ-ခ)အရ ရောင်းချခဲ့သည်။

ယင်းစာချုပ်တွင် ရောင်းသူက ဝယ်သူထံမှ ငွေကျပ် ၃၂ သိန်း လက်ခံရရှိကြောင်း၊ ရောင်းသူချေးယူငွေအတိုးအရင်းနှစ်ရပ်ပေါင်း ငွေကျပ် ၄၈,၉၀,၀၀၀ ကို တရားလိုက ပေးချေ၍ ဂရန်နှင့် စာချုပ်စာတမ်းများ ရွေးယူပြီး ယင်းငွေကို စရန်ငွေအဖြစ်သတ်မှတ်ရန်နှင့် ရောင်းသူအား ကျန်ငွေကို မှတ်ပုံတင်စာချုပ်ချုပ်ဆိုသည့်နေ့တွင် ပေးချေသည့်အခါ မြေနှင့်အဆောက်အဦကို တရားလိုသို့

၂၀၀၆
ဦးရဲလင်း
နှင့်
ဦးစိုးတင့်
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဒေါ်ဝင်းရီ)

လက်ရောက်ပေးအပ်ရန် စသည်တို့ကို ဖော်ပြချုပ်ဆိုထားသည်။

ယင်း စာချုပ်အရ ၂၇-၈-၂၀၀၁ ရက်နေ့တွင် ရောင်းသူပေါင်နှံခဲ့သည့် ငွေများကို တရားလိုက စိုက်ထုတ်၍ မြေနှင့်အိမ်တို့ကို ရွေးယူပြီး ယင်းစိုက်ထုတ်ငွေကို တရားပြိုင်က စရန်ငွေအဖြစ် လက်ခံရရှိကြောင်း သဘောတူလက်မှတ်ထိုးပြီး ဂရန်မူရင်း၊ ကျန်စာချုပ်စာတမ်းမူရင်းများကို တရားလိုထံ တရားပြိုင်က ပေးအပ်ခဲ့သည်။

၃၁-၈-၂၀၀၁ ရက်နေ့တွင် ကျန်ငွေအဖြစ် ကျပ်သိန်း ၂၀ ကို တရားလိုထံမှ တရားပြိုင်ကလက်ခံရရှိခဲ့သည်။ သို့ရာတွင် စာချုပ်ပါအတိုင်း အချင်းဖြစ်မြေနှင့်အဆောက်အဦကို တရားလိုသို့ လက်ရောက်လွှဲပြောင်းနိုင်ခြင်းမရှိဘဲ တရားပြိုင်ဦးရဲလင်း ဆိုင်ခန်းနေရာမရမီ အငှားစာချုပ်တစ်ရပ်ချုပ်ဆိုခဲ့သည်။ ယင်းစာချုပ်တွင် ငှားရမ်းခငွေကျပ်တစ်သိန်းခွဲနှင့် တစ်နှစ်ငှားရမ်းရန် သဘောတူစာချုပ် (သက်သေခံ-င)ကို ချုပ်ဆိုခြင်းဖြစ်သည်။ ထို့နောက် ဦးရဲလင်း နှင့် ဦးစိုးတင့်တို့သည် ၂၆-၁၀-၂၀၀၁ ရက်နေ့တွင် အိမ်နှင့်မြေအရောင်းအဝယ် မှတ်ပုံတင်စာချုပ်အမှတ် ၃၉၁၇/၂၀၀၁ ကို ချုပ်ဆိုခဲ့ကြသည်။ ယင်းအချက်များသည် အမှုတွင်အငြင်းမပွားသောအချက်များဖြစ်သည်။

တိုင်းတရားရုံးနှင့်တရားရုံးချုပ်တို့က သက်သေခံအမှတ်(ခ) အရောင်းအဝယ် ကတိစာချုပ်နှင့် ယင်းကတိစာချုပ်အရ အိမ်မြေအရောင်းအဝယ် မှတ်ပုံတင်စာချုပ်အမှတ် ၃၉၁၇/၂၀၀၁ တို့သည် အမှန်တကယ်ချုပ်ဆိုသော စာချုပ်များဖြစ်ပြီး ဟန်ဆောင်စာချုပ်များမဟုတ်ကြောင်း တစ်သဘောတည်း သုံးသပ်ကာ တရားလိုတောင်းဆိုသည့် သက်သာခွင့်အတိုင်း အချင်းဖြစ်မြေနှင့်အိမ်ကို တရားလိုသို့ လက်ရောက်ပေးအပ်စေရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

၂၀၀၆
ဦးရဲလင်း
နှင့်
ဦးစိုးတင့်
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဒေါ်ဝင်းရီ)

ဤတရားမ အထူးအယူခံတွင် ၃၁-၈-၂၀၀၁ ရက်စွဲပါ ငှားရမ်းခြင်း ကတိစာချုပ် (သက်သေခံ-င)ကို အကြောင်းပြု၍ အိမ်ငှားအဖြစ်ဆက်လက်နေထိုင်သူ မူလရုံးတရားပြိုင်အား ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေအရနှင်လို့မှ မစွဲဆိုဘဲ ပိုင်ဆိုင်ခွင့်အရ ဥပစာလက်ရောက်ရလိုကြောင်း တရားစွဲဆိုခြင်းသည် မှန်ကန်ခြင်းရှိ မရှိ စီစစ်ရန်ဖြစ်သည်။

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေနှင့် သက်ဆိုင်သော ဥပစာကို ပြန်လည်သိမ်းပိုက်ရန်အတွက်ဖြစ်စေ၊ ထိုဥပစာမှအိမ်ငှားကိုနှင်ထုတ်ရန်အတွက်ဖြစ်စေ၊ မည်သည့်အမိန့် သို့မဟုတ် ဒီကရီကိုမျှ အဆိုပါဥပဒေပုဒ်မ ၁၂ (၁)(က)မှ(စ)ပါ ကိစ္စများ တွင်မှတစ်ပါးချမှတ်ခြင်းမပြုရဟု ပုဒ်မ ၁၂ (၁)တွင် ပြဋ္ဌာန်းထားသည်။ သို့ဖြစ်ရာ အချင်းဖြစ်မြေမှ မြေငှားအားပုဒ်မ ၁၂ (၁)တွင် ဖော်ပြထားသည့်ကိစ္စရပ်များအတွက်မှလွဲ၍ အခြားမည်သည့်ကိစ္စအတွက်နှင့်မျှ နှင်ထုတ်ရန် အမိန့်ချမှတ်နိုင်မည်မဟုတ်ချေ။ **မောင်လှကြည်နှင့် ဒေါ်ဖွားသင်အမှု**[၁]ကို ကြည့်ပါ။ သို့ရာတွင် တရားလိုတရားပြိုင်တို့သည် အိမ်ရှင်အိမ်ငှားဆက်သွယ်မှုရှိကြောင်း ထင်ရှားရန်လိုအပ်သည်။

မူလရုံး တရားလို၊ တရားပြိုင်တို့သည် ရှေးဦးစွာ အိမ်မြေအရောင်းအဝယ်ကတိစာချုပ် (သက်သေခံ-ခ)ကိုချုပ်ဆိုပြီးနောက် မှတ်ပုံတင်စာချုပ်မချုပ်ဆိုမီ ၃၁-၈-၂၀၀၁ ရက်နေ့တွင် ငှားရမ်းခြင်းကတိစာချုပ် ချုပ်ဆိုသည့်အချက်မှာ အမှုတွင်ပေါ်ပေါက်သည်။

ယင်းသို့ငှားရမ်းသည်ဆိုသည့်ကိစ္စနှင့်စပ်လျဉ်း၍ မူလရုံးတရားလိုက အဆိုလွှာအပိုဒ်(၄)၌ အောက်ပါအတိုင်း ပါရှိသည်-

အပိုဒ်-၄။ မူလသဘောတူညီချက်အရ အရောင်းအဝယ် စာချုပ်မှတ်ပုံတင်သည့်နေ့တွင် ကျန်ငွေပေးချေ၍

(၁) ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ - ၃၅၈

၂၀၀၆
ဦးရဲလင်း
နှင့်
ဦးစိုးတင့်
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဒေါ်ဝင်းရီ)

ယင်းနေ့တွင် မြေနှင့်အဆောက်အဦကို လက်ရောက် ပေးအပ်ရန်ဖြစ်သော်လည်း တရားပြိုင်၏ တောင်းဆိုချက်အရ မှတ်ပုံတင်စာချုပ်မချုပ်မီ ၃၁-၈-၂၀၀၁ ရက်နေ့တွင် တရားလိုက ကျန်ငွေ ၂၀,၀၀,၀၀၀ိ/- (ကျပ်သိန်းနှစ်ဆယ်တိတိ)ပေးချေခဲ့ရပြီး အိမ်နှင့် မြေကိုမူ လက်ရောက်အပ်သည့်အနေနှင့် စာရေးသားချုပ်ဆို၍ တရားပြိုင်လက်ရှိဖွင့်လှစ်ရောင်းချနေသော ထိုအိမ်ရှိ လ္ဘက်ရည်ဆိုင်ကို ပြောင်းရွှေ့ရန်အခက်အခဲရှိသဖြင့်၊ ဆိုင်ခန်းသစ်မရမီ ဆက်လက်ရောင်းချ လုပ်ကိုင်ခွင့်ပြုရန်အများဆုံး တစ်နှစ်သာ သုံးခွင့်ပြုပါရန် မေတ္တာရပ်ခံချက်အရ တရားလိုက တရားပြိုင် အား ငှားရမ်းစာချုပ် ချုပ်ဆိုပေးခဲ့ပါသည်။

ယင်း အဆိုကို တရားပြိုင်က ချေပရာတွင် ယခုအချင်းဖြစ် မြေအိမ်တို့နှင့်ပတ်သက်သော စာရွက်စာတမ်းစာချုပ်အရပ်ရပ်တို့ မှာ ငွေချေးယူရာ၌ အပေါင်အဖြစ် တရားလိုထံပေအပ်ထားရှိရသော ကြောင့် ဆိုင်နှင့်ပတ်သက်သော အခြားရုံးဌာနအသီးသီးတို့တွင် ဖြေရှင်းနိုင်ရန်အတွက် ဟန်ဆောင်ငှားရမ်းစာချုပ်အား နှစ်ဦးနှစ်ဖက် သဘောတူချုပ်ဆိုခဲ့ကြခြင်းဖြစ်ပါသည်ဟု ဖော်ပြပါရှိသည်။

ဤအချက်ကို ထောက်ရှုခြင်းအားဖြင့် မူလရုံးတရားလို တရားပြိုင်တို့သည် အိမ်ရှင်အိမ်ငှား ဆက်သွယ်မှုမရှိသည့်အပြင် မူလရုံးတရားပြိုင်အနေဖြင့်၎င်းနှင့် တရားလိုတို့မှာ အိမ်ရှင်၊အိမ်ငှားများ ဖြစ်ကြ၍ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက် ဥပဒေအရ တရားစွဲဆိုရမည်ဖြစ်ကြောင်း ခုခံချေပထားခြင်းမရှိချေ။ အိမ်ရှင်အိမ်ငှားပြဿနာပေါ် ပေါက်ခြင်းမရှိသဖြင့် ယင်းကိစ္စအတွက် ငြင်းချက်မထွက်သည့်အပြင် မူလရုံးနှင့်အယူခံရုံးတို့ကလည်း ယင်းကိစ္စ

၂၀၀၆
ဦးရဲလင်း
နှင့်
ဦးစိုးတင့်
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဒေါ်ဝင်းရီ)

အပေါ် ဖော်ထုတ်ဆုံးဖြတ်ထားခြင်း မရှိချေ။

သို့ရာတွင် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၀၅ တွင် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို အငှားချထားခြင်းဆိုသည်မှာ ထိုပစ္စည်း၏ အကျိုးခံစားခွင့်ကို အချိန်ကာလသတ်မှတ်၍ဖြစ်စေ၊ ထာဝစဉ်ဖြစ်စေ၊ တန်ဖိုးပေးသည့်အတွက် လွှဲပြောင်းပေးခြင်းဖြစ်သည် ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ ပုဒ်မ ၁၀၅ အရ ပစ္စည်းကို အငှားချထားပါက အငှားချထားသည့်ပစ္စည်း၏ အကျိုးခံစားခွင့်ကို လွှဲပြောင်းလက်ခံရရှိမှသာ ငှားရမ်းသူဖြစ်လာမည်ဖြစ်သည်။

မူလရုံးတရားလို ဦးစိုးတင့်သည် ဦးရဲလင်းထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် အချင်းဖြစ် ဥပစာကို ဝယ်ယူချိန်တွင် ယင်းဥပစာကို လက်ရောက်မရရှိသေးသောကြောင့် အထက်ဖော်ပြပါ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၀၅ အရ ယင်းဥပစာ၏ အကျိုးခံစားခွင့်ကို လွှဲပြောင်းလက်ခံရရှိခဲ့ခြင်း မရှိသေးပေ။ ယင်းသို့ အကျိုးခံစားခွင့် လွှဲပြောင်းလက်ခံရရှိခြင်း မရှိသဖြင့် ငှားရမ်းခြင်း စာချုပ်ချုပ်ဆိုသော်လည်း ဦးစိုးတင့်တွင် အငှားချထားနိုင်သည့် အခွင့်အရေးမရှိပေ။

မူလရုံး တရားလို၊ တရားပြိုင်တို့အိမ်မြေ အရောင်းအဝယ် မှတ်ပုံတင်စာချုပ်မချုပ်ဆိုမီ ငှားရမ်းခြင်း စာချုပ်ချုပ်ဆိုချိန်တွင် မူလရုံးတရားပြိုင် ဦးရဲလင်းသည် ဥပဒေသဘောအရ အချင်းဖြစ်ဥပစာတွင် ပိုင်ရှင်အဖြစ် ဆက်လက်နေထိုင်ခြင်းဖြစ်ရာ ၎င်းအား ငှားရမ်းနေထိုင်သူအဖြစ် ကောက်ယူ၍ရနိုင်မည် မဟုတ်ချေ။ သို့ဖြစ်၍ မူလရုံးတရားလို ဦးစိုးတင့်နှင့် တရားပြိုင်ဦးရဲလင်း တို့သည် အိမ်ရှင် အိမ်ငှားဆက်သွယ်မှု မရှိသည့်အလျှောက် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေနှင့် အကျုံးဝင် သက်ဆိုင်ရန် အကြောင်းမရှိပေ။

၂၀၀၆
ဦးရဲလင်း
နှင့်
ဦးစိုးတင့်
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဒေါ်ဝင်းရီ)

မူလရုံးတရားလိုက ပိုင်ရေးဆိုင်ခွင့်ကို အကြောင်းပြု၍ ဥပစာကို လက်ရောက်ရရန် တရားစွဲဆိုခြင်းမှာ မှားယွင်းခြင်း မရှိသည့်အလျောက် မူလရုံးနှင့် တရားရုံးချုပ်တို့က အိမ်မြေမှတ်ပုံတင်အရောင်းစာချုပ်ကို အခြေပြု၍ စွဲဆိုရာတွင် တရားပြိုင်မှ တရားလိုသို့အချင်းဖြစ်ဥပစာလက်ရောက်ပေးအပ်စေရန် ဒီကရီချမှတ်ခြင်းအပေါ် ဤအထူးအယူခံခုံရုံးအနေဖြင့် ဝင်ရောက်စွက်ဖက်ရန် မသင့်ပေ။

ထို့ကြောင့် ဤအထူးအယူခံရုံးက ကြားနာသည့်ပြဿနာကို အောက်ပါအတိုင်းဖြေဆိုလိုက်သည်-

"အချင်းဖြစ်မြေနှင့် အဆောက်အအုံကို ဝယ်ယူသည်ဆိုသော်လည်း အကျိုးခံစားခွင့်လွှဲပြောင်း လက်ခံမရရှိသေးသည့် လျှောက်ထားခံရသူက လျှောက်ထားသူကို အိမ်ငှားအဖြစ် ဆက်လက်နေထိုင်ခွင့်မပြုနိုင်သည့် အခြေအနေတွင် လျှောက်ထားခံရသူက လျှောက်ထားသူအပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေအရ တရားစွဲဆိုခြင်း မပြုဘဲ အိမ်မြေအရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပြီးနောက် ပိုင်ရေးဆိုင်ခွင့်ကို အကြောင်းပြု၍ ဥပစာလက်ရောက်ပြန်လည်ရရှိရန် တရားစွဲဆိုခြင်းသည် ဥပဒေအရ မှန်ကန်ကြောင်း။"

ဤ တရားမအထူးအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၃၀၀၀/- သတ်မှတ်သည်။

+ ၂၀၀၆
စက်တင်ဘာလ
၁၃ ရက်

## တရားမပထမအယူခံမှု

## တရားရုံးချုပ်တရားသူကြီးဦးတင်အေးရှေ့တွင်

ဦးလှထွန်း ပါ ၄
နှင့်
ဒေါ်မေဇင်ထွန်း *

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဖခင်ဖြစ်သူထက်စော၍ ကွယ်လွန်သောသား၏ဇနီးသည် ယောက္ခမထံမှ အမွေကို ဆက်ခံခွင့်မရှိခြင်း။

**ဆုံးဖြတ်ချက်။** ။ သားဖြစ်သူဦးထင်အောင်သည် ဖခင်ဦးစိန်ဖေထက်စော၍ ကွယ်လွန်ခဲ့သဖြင့် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ ဦးထင်အောင်သည် ဦးစိန်ဖေ၏အမွေကို ဆက်ခံခွင့်မရှိပေ။ ဦးထင်အောင်သည် အမွေဆက်ခံခွင့်မရှိသဖြင့် ဦးထင်အောင်ကွယ်လွန်သောအခါ ဇနီးဖြစ်သူသည်လည်း ဦးစိန်ဖေ၏အမွေကို ဆက်ခံခွင့်မရှိပေ။

သမီးသည် မိဘအရင် ကွယ်လွန်သွားသဖြင့် မိဘနောက်မှကွယ်လွန်သောသမက်ဖြစ်သူသည် မိဘများ၏အမွေကို ဆက်ခံခွင့်မရှိကြောင်း **မောင်ကြီးအို နှင့် မသက်ပုံ အမှု**[(၁)] တွင် လမ်းညွှန်ထားသည်။ သို့ဖြစ်၍ ဦးထင်အောင်သည် ဖခင်အရင်ကွယ်လွန်သွားသဖြင့် ဦးထင်အောင်၏ဇနီးသည် ယောက္ခမထံမှအမွေကို

---

* ၂၀၀၆ ခုနှစ်၊ တရားမပထမအယူခံမှု အမှတ် ၂၂၃
+ ၂၀၀၅ ခုနှစ်၊ တရားမကြီးမှု အမှတ် ၂၀၂ တွင် ချမှတ်သော ၃-၄-၂၀၀၆ ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကိုအယူခံမှု

၂၀၀၆
ဦးလှထွန်း
ပါ ၄
နှင့်
ဒေါ်မေဇင်ထွန်း

မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရဆက်ခံခွင့်မရှိချေ။

အယူခံတရားလိုများအတွက် - ဦးမြင့်သိန်း
(တရားရုံးချုပ်ရှေ့နေ)

အယူခံတရားပြိုင်အတွက် - ဦးဝင်းငွေ
(တရားရုံးချုပ်ရှေ့နေ)

ရန်ကုန်တိုင်းတရားရုံး၊ ၂၀၀၅ ခုနှစ် တရားမကြီးမှုအမှတ် ၂၀၂၁ တွင် တရားလို ဒေါ်မေဇင်ထွန်းက တရားပြိုင်ဦးလှထွန်း ပါ၄ အပေါ် မြေနှင့်အိမ်ကို လက်ရောက်ရလိုမှုစွဲဆိုရာ တိုင်းတရားရုံးက စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်သည်။ တိုင်းတရားရုံး၏စီရင်ချက်နှင့် ဒီကရီကို မကျေနပ်၍ ဦးလှထွန်း ပါ ၄ က ဤတရားမအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

အဆိုလွှာတွင် တရားလိုဒေါ်မေဇင်ထွန်းက ရန်ကုန်တိုင်း၊ သုံးခွမြို့နယ်၊ ၄ရပ်ကွက်၊ အကွက်အမှတ် ၁၄ ဥက္ကံဝကွက်၊ ဦးပိုင်အမှတ် ၃၉-က၊ ဧရိယာ ၀.၁၇၆ ဧကရှိ ဘိုးဘွားပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အောင်ဇေယျလမ်း၊ အမှတ် ၈၈ အိမ်ကို ဦးစိန်ဖေသည် မူလက အမည်ပေါက်ပိုင်ဆိုင်ခဲ့ကြောင်း၊ ဦးစိန်ဖေသည် ၂၂-၂-၂၀၀၀ ရက်နေ့တွင် ကွယ်လွန်သောအခါကိုတ္တိမသမီး ဒေါ်မေဇင်ထွန်းက မြေနှင့်အိမ်ကို အမွေဆက်ခံရရှိပြီး အမည်ပေါက်ပိုင်ဆိုင်လာခဲ့ကြောင်း၊ ဦးထင်အောင်သည် ဦးစိန်ဖေ၏သားဖြစ်ပြီး ဦးထင်အောင်နှင့် အမှတ်(၂)တရားပြိုင်ဒေါ်နုယဉ်တို့တွင် ဒေါ်မေဇင်ထွန်းကို မွေးဖွားခဲ့ကြောင်း၊ ဦးထင်အောင်သည် ၁၉၈၆ ခုနှစ်တွင်ကွယ်လွန်ခဲ့ပြီးနောက် ဒေါ်နုယဉ်သည် အမှတ်(၁) တရားပြိုင် ဦးလှထွန်းနှင့် အိမ်ထောင်ပြုခဲ့ကြောင်း၊ ဦးစိန်ဖေကွယ်လွန်ပြီးနောက် ၂၀၀၁ ခုနှစ် မေလတွင် ဦးလှထွန်းနှင့် ဒေါ်နုယဉ်တို့သည် အချင်းဖြစ်နေအိမ်၏ မြေညီထပ်တွင် အခွင့်အရေးမရှိဘဲ ဝင်ရောက်နေထိုင်ကြကြောင်း၊ အမှတ်(၃) တရား

၂၀၀၆
ဦးလှထွန်း
ပါ ၄
နှင့်
ဒေါ်မေဇင်ထွန်း

ပြိုင် ဦးကျော်ဆွေနှင့် အမှတ်(၄)တရားပြိုင် ဒေါ်အေးအေးဆင့်တို့သည် ဦးလှထွန်း၊ ဒေါ်နုယဉ်တို့ကို အကြောင်းပြုပြီး အချင်းဖြစ်မြေကွက်၏ အရှေ့ဘက်မျက်နှာစာတွင် ကရဝိတ်ကာဖီးဆိုင်ကို လာရောက် ဖွင့်လှစ်ခဲ့ကြကြောင်း၊ ဒေါ်မေဇင်ထွန်းက ဦးလှထွန်းတို့ထံ ၂၄-၆-၂၀၀၅ ရက်စွဲပါစာဖြင့် အချင်းဖြစ်မြေနှင့်အိမ်မှ ထွက်ခွာသွားရန် အကြောင်းကြားခဲ့သော်လည်း လိုက်နာမှုမရှိကြောင်း၊ သို့ဖြစ်၍ ဦးလှထွန်းတို့အား မြေနှင့်အိမ်မှဖယ်ရှားပြီး လက်ရောက်ပေးအပ်ရန် အဆိုပြုသည်။

ချေလွှာတွင် တရားပြိုင်ဦးလှထွန်း ပါ ၄ တို့က တရားလို ဒေါ်မေဇင်ထွန်းသည် အချင်းဖြစ်မြေနှင့်အိမ်ကို အမွေဆက်ခံပြီး တရားဝင်အမည်ပေါက် ပိုင်ဆိုင်သည်ဆိုခြင်းမှာ မမှန်ကြောင်း၊ ဒေါ်နုယဉ်၏ ခင်ပွန်းကွယ်လွန်သူ ဦးထင်အောင်သည် ဦးစိန်ဖေ၏ တစ်ဦးတည်းသော သားဖြစ်၍ မြေနှင့်အိမ်တွင် အကျိုးခံစားခွင့်ရှိပြီး ဒေါ်နုယဉ်ကလည်း ဆိုင်ရေးဆိုင်ခွင့်ရှိကြောင်း၊ ဒေါ်နုယဉ်သည် ဦးစိန်ဖေ မကွယ်လွန်မီ ၁၉၉၈ ခုနှစ်ကပင် ဦးစိန်ဖေ ခွင့်ပြုချက်အရ ဦးလှထွန်းနှင့်အတူ နေထိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဦးစိန်ဖေသည် မကွယ်လွန်မီက ဦးကျော်ဆွေတို့အား လွှတ်ရည်ဆိုင် ဖွင့်လှစ်ရန် မြေငှားရမ်းခဲ့ပြီး ဦးစိန်ဖေ ကွယ်လွန်သောအခါ ဒေါ်နုယဉ်က ဆက်လက်ငှားရမ်းခဲ့ခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍အဆိုလွှာအား ပလပ်ပေးရန်ထုချေသည်။

အယူခံတရားလိုများ၏ ရှေ့နေက အယူခံတရားပြိုင် ဒေါ်မေဇင်ထွန်းသည် ဒေါ်နုယဉ် ၏သမီးအရင်းဖြစ်ပြီး အမွေရှင် ဦးစိန်ဖေသည် ဒေါ်နုယဉ် ၏ယောက္ခမဖြစ်ကြောင်း၊ ဦးစိန်ဖေ၏ တစ်ဦးတည်းသောသား ဦးထင်အောင်သည် ဒေါ်နုယဉ်၏ခင်ပွန်းဖြစ်ကြောင်း၊ ဒေါ်နုယဉ်သည် ဦးထင်အောင်နှင့် အိမ်ထောင်ပြုသည့်နေ့ရက်မှစ၍ ယောက္ခမဖြစ်သူ ဦးစိန်ဖေ၏အိမ်တွင် မိသားစုအဖြစ် အတူနေထိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဦးထင်အောင်သည် ၁၉၈၅ ခုနှစ်

၂၀၀၆
ဦးလှထွန်း
ပါ ၄
နှင့်
ဒေါ်မေဇင်ထွန်း

ဇူလိုင်လတွင် ကွယ်လွန်ခဲ့သော်လည်း ဒေါ်နုယဉ်သည် ဦးစိန်ဖေနှင့် အတူ မိသားစုအဖြစ် နေထိုင်လာခဲ့ကြောင်း၊ သို့ဖြစ်၍ ဦးလှထွန်းနှင့် ဒေါ်နုယဉ်တို့သည် ဦးစိန်ဖေ၏အိမ်တွင် မိသားစုအခွင့်အရေး အရလည်းကောင်း၊ ခင်ပွန်းဖြစ်သူ ဦးထင်အောင်၏အခွင့်အရေးကို ဆက်ခံသူအဖြစ်လည်းကောင်း၊ ဆက်လက်နေထိုင်လာခဲ့ခြင်း ဖြစ်ကြောင်း၊ ပူးတွဲပိုင်ဆိုင်သူတစ်ဦးသည် အခြားပူးတွဲပိုင်ဆိုင်သူ တစ်ဦးအပေါ်ပစ္စည်းမှ နှင်ထုတ်ပိုင်ခွင့်မရှိကြောင်း၊ ဦးစိန်ဖေ ၏ ကျန်ရစ်သောပစ္စည်းကို ဒေါ်မေဇင်ထွန်းသည် ဒေါ်နုယဉ်နှင့် ခွဲဝေယူမည်ဟု သဘောတူညီပြီးမှ မရိုးမဖြောင့်ဆောင်ရွက်ပြီး သက်သေခံ(ခ) ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ကို ပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ဦးကျော်ဆွေသည် ဦးစိန်ဖေ မကွယ်လွန်မီကပင် လွှတ်ရည်ဆိုင်နေရာကို ငှားရမ်းလုပ်ကိုင်ခဲ့ပြီး ဦးစိန်ဖေ ကွယ်လွန် ပြီးနောက် ဆက်လက်ငှားရမ်းလုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ မူလတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပေးရန် လျှောက်လဲ တင်ပြသည်။

အယူခံတရားပြိုင်၏ ရှေ့နေက အမှုတွဲ၌ ပေါ်ပေါက်ချက်အရ အယူခံ တရားပြိုင် ဒေါ်မေဇင်ထွန်းသည် အချင်းဖြစ်အိမ်၌ ငယ်စဉ်ကပင် အဖိုးဖြစ်သူ ဦးစိန်ဖေနှင့်အတူ နေထိုင်လာခဲ့ကြောင်း၊ ဦးစိန်ဖေ၏ တစ်ဦးတည်းသောသားမှာ ဦးထင်အောင်ဖြစ်ပြီး ဦးထင်အောင်နှင့် ဒေါ်နုယဉ်တို့က ဒေါ်မေဇင်ထွန်းကို မွေးဖွားခဲ့ ကြောင်း၊ ဦးထင်အောင် ကွယ်လွန်သောအခါ ဒေါ်နုယဉ်သည် ဦးလှထွန်းနှင့် ထပ်မံအိမ်ထောင်ပြုခဲ့ကြောင်း၊ ဦးစိန်ဖေသည် ဒေါ်မေဇင်ထွန်းအား မှတ်ပုံတင်ကိတ္တိမ မွေးစားခြင်းစာချုပ်ဖြင့် တရားဝင်မွေးစားခဲ့ကြောင်း၊ ဦးစိန်ဖေသည် အချင်းဖြစ်မြေနှင့်အိမ်ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ၂၂-၂-၂၀၀၀ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်မှာ အငြင်းမပွားကြောင်း၊ အချင်းဖြစ်မြေသည်

၂၀၀၆
ဦးလှထွန်း
ပါ ၄
နှင့်
ဒေါ်မေဇင်ထွန်း

သက်သေခံ(ဂ)မြေစာရင်းပုံစံ ၁၀၅ နှင့် သက်သေခံ(ဂ-၁) မြေရာဇဝင်တို့အရ ဒေါ်မေဇင်ထွန်းအမည်ပေါက်နေကြောင်း၊ ဦးလှထွန်း၊ ဒေါ်နုယဉ် တို့က အချင်းဖြစ်မြေနှင့်အိမ်တွင် အမွေဆက်ခံရရှိသဖြင့် နေထိုင်သည်ဟုဆိုသော်လည်း သက်သေခံအထောက်အထား မတင်ပြနိုင်ကြောင်း၊ ဦးကျော်ဆွေတို့သည် မြေကွက်ကို ဥပဒေနှင့်အညီ ပိုင်ဆိုင်သူထံမှ ငှားရမ်းနေထိုင်ခြင်း မဟုတ်ကြောင်း၊ မယားဖြစ်သူသည် ၎င်း၏မိဘထက် ဦးစွာသေဆုံးပါက ကျန်ရစ်သောလင်ယောက်ျားသည် ယောက္ခမများ ကွယ်လွန်ချိန်တွင် ယောက္ခမများ၏ အမွေစားအမွေခံ မဖြစ်နိုင်ကြောင်း၊ ဒေါ်နုယဉ်၏ခင်ပွန်းဦးထင်အောင်သည် ၎င်း၏ ဖခင်ဦးစိန်ဖေထက် ဦးစွာသေဆုံးခဲ့သဖြင့် ဒေါ်နုယဉ် သည် ယောက္ခမ ဦးစိန်ဖေ ကွယ်လွန်ချိန်တွင် အမွေဆက်ခံခွင့်ရှိသူ မဟုတ်ကြောင်း၊ သို့ဖြစ်၍ တရားမအယူခံမှုကို ပလပ်ပေးရန် လျှောက်လဲတင်ပြသည်။

ယခုအမှုတွင် အငြင်းမပွားသောအချက်များမှာ ရန်ကုန်တိုင်း သုံးခွမြို့၊ ၄ ရပ်ကွက်၊ အကွက်အမှတ် ၁၄၊ ဥက္ကံဝကွက်၊ ဦးပိုင်အမှတ် ၃၉-က၊ ဧရိယာ ၀. ၁၇၆ ဧကရှိ ဘိုးဘွားပိုင်မြေကွက်နှင့် မြေကွက်ပေါ်ရှိအောင်ဇေယျလမ်း၊ အမှတ် ၈၈ အိမ်ကိုအမွေရှင် ဦးစိန်ဖေ အမည်ပေါက်ပိုင်ဆိုင်ခဲ့သည်။ ဦးစိန်ဖေတွင် တစ်ဦးတည်းသောသား ဦးထင်အောင်ကို ထွန်းကားခဲ့သည်။ ဦးထင်အောင်သည် ဒေါ်နုယဉ် နှင့်အိမ်ထောင်ပြုပြီး ဒေါ်မေဇင်ထွန်းကိုမွေးဖွားခဲ့သည်။ ဦးထင်အောင် သည် ၁၉၈၆ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။ ဦးထင်အောင်ကွယ်လွန်ပြီး နောက် ဒေါ်နုယဉ်သည် ဦးလှထွန်းနှင့် ထပ်မံအိမ်ထောင်ပြုခဲ့သည်။ ဦးစိန်ဖေသည် ဒေါ်မေဇင်ထွန်းအား သက်သေခံ(က) မှတ်ပုံတင် ကိတ္တိမ မွေးစားခြင်းစာချုပ်အရ ကိတ္တိမသမီးအဖြစ် မွေးစားခဲ့သည်။ ဦးစိန်ဖေသည် ၂၂-၂-၂၀၀၀ ရက်နေ့တွင်ကွယ်လွန်သည်။ ဦးစိန်ဖေ ကွယ်လွန်ပြီးနောက် ဒေါ်မေဇင်ထွန်းက သက်သေခံ (ခ) အမွေဆက်ခံ

၂၀၀၆
ဦးလှထွန်း
ပါ ၄
နှင့်
ဒေါ်မဧင်ထွန်း

ပိုင်ဆိုင်သော စာချုပ်ပြုလုပ်ခဲ့သည်။ သက်သေခံ (ဂ) မြေပုံနှင့် သက်သေခံ(ဂ-၁)မြေရာဇဝင်တို့အရ အချင်းဖြစ်မြေကွက်၌ ဒေါ်မဧင်ထွန်းအမည်ပေါက်နေသည်။

သားဖြစ်သူ ဦးထင်အောင်သည် ဖခင်ဦးစိန်ဖေထက် စော၍ ကွယ်လွန်ခဲ့သဖြင့် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ ဦးထင်အောင်သည် ဦးစိန်ဖေ၏အမွေကိုဆက်ခံခွင့်မရှိပေ။ ဦးထင်အောင်သည် အမွေဆက်ခံခွင့်မရှိသဖြင့် ဦးထင်အောင်ကွယ်လွန်သောအခါ ဇနီးဖြစ်သူသည်လည်း ဦးစိန်ဖေ၏အမွေကို ဆက်ခံခွင့်မရှိပေ။

သမီးသည် မိဘအရင်ကွယ်လွန်သွားသဖြင့် မိဘနောက်မှ ကွယ်လွန်သော သားမက်ဖြစ်သူသည် မိဘများ၏အမွေကို ဆက်ခံခွင့်မရှိကြောင်း၊ **မောင်ကြီးအို နှင့် မသက်ပုံ အမှု**[၁]တွင်လမ်းညွှန်ထားသည်။ သို့ဖြစ်၍ ဦးထင်အောင်သည် ဖခင်အရင် ကွယ်လွန်သွားသဖြင့် ဦးထင်အောင်၏ဇနီးသည် ယောက္ခမထံမှအမွေကို မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရဆက်ခံခွင့်မရှိချေ။

ဦးစိန်ဖေက ဒေါ်မဧင်ထွန်းကို သက်သေခံ (က) မွေးစားခြင်းစာချုပ်အရ တရားဝင်မွေးစားခဲ့သဖြင့် ဒေါ်မဧင်ထွန်းသည် ဦးစိန်ဖေ၏တရားဝင်ကိတ္တိမ မွေးစားသမီးဖြစ်သည်။ သို့ဖြစ်၍ ဦးစိန်ဖေ ကွယ်လွန်သောအခါ ဦးစိန်ဖေ၏အမွေကို ဒေါ်မဧင်ထွန်းက မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ အမွေဆက်ခံသည်။ ထို့ကြောင့် ဒေါ်မဧင်ထွန်းသည် အချင်းဖြစ်မြေနှင့် အိမ်ကိုအမွေဆက်ခံပြီး ပိုင်ဆိုင်ခဲ့သည်။

ဦးလှထွန်း နှင့် ဒေါ်နုယဉ် တို့သည် အချင်းဖြစ်မြေနှင့် အိမ်တွင် အခွင့်အရေး တစ်စုံတစ်ရာမရှိဘဲ နေထိုင်ကြခြင်းဖြစ်သည်။ ဦးကျော်ဆွေ တို့သည် ဒေါ်နုယဉ် ထံမှ အချင်းဖြစ်မြေကွက်၏အရှေ့ဘက် အစိတ်အပိုင်းကို ငှားရမ်းပြီး လက်ရည်ဆိုင် ဖွင့်လှစ်ထားသည်။

(၁) ၄ ရန်ကုန် ၅၁၃

၂၀၀၆
ဦးလှထွန်း
ပါ ၄
နှင့်
ဒေါ်မေဇင်ထွန်း

ဒေါ်မေဇင်ထွန်းသည် အချင်းဖြစ်မြေနှင့်အိမ်ကို တရားဝင်ပိုင်ဆိုင်ပြီး ဦးလှထွန်း၊ ဒေါ်နုယဉ်တို့သည် မြေနှင့်အိမ်တွင် အခွင့်အရေးတစ်စုံတစ်ရာမရှိဘဲ နေထိုင်ကြသည်။ ထို့ကြောင့် ဒေါ်မေဇင်ထွန်းက မြေနှင့်အိမ်ကို လက်ရောက်ရထိုက်သည်။

သို့ဖြစ်၍ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အတည်ပြုပြီး ဤတရားမအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၂၀၀/- သတ်မှတ်သည်။

+ ၂၀၀၆
ဧပြီလ
၃ ရက်

## တရားမအထူးအယူခံမှု

**တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ်ဦးသိန်းစိုး၊ တရားသူကြီးများဖြစ်ကြသောဒေါက်တာတင်အောင်အေးနှင့် ဦးတင်အေးတို့ရှေ့တွင်**

**မဝင်းဝင်းမာ ပါ ၃**
**နှင့်**
**မစုစုခိုင် ပါ ၆ ***

**မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေအရ မိဘကျန်ရစ်သော အမွေတွင် သားသမီးအား အမွေခံအဖြစ်မှ မဖယ်ထုတ်နိုင်ခြင်း။ မိဘအမွေဆက်ခံခွင့် ဆုံးရှုံးနိုင်သည့် အခြေအနေများ မရှိလျှင် အမွေရထိုက်ခွင့်ရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။မြန်မာ့ဓလေ့ထုံးတမ်းဥပဒေတွင် မိဘ၏ အမွေ၌ သားသမီးအား အမွေခံအဖြစ်မှ မဖယ်ထုတ်နိုင်ပေ။ သို့ရာတွင် သားသမီးသည် သူတစ်ပါးအား မွေးစားရန် ပေးအပ်ခံရခြင်း၊ မိဘများကွာရှင်းပြတ်စဲကြပြီးနောက် သားသမီးဖြစ်သူသည် မိဘတစ်ဦးနှင့်အတူ နေထိုင်ပြီး ကျန်တစ်ဦးအား သားသမီးတို့၏ ပြုရသော ဝတ်ကြီးဝတ်ငယ်များကို ဆက်လက်မပြုစုခြင်း၊ သားသမီးတို့၏ ကျင့်ဝတ်ပျက်ပြားခြင်း၊ မိဘအား ရန်သူသဖွယ် ပြုမူဆက်ဆံခြင်း စသည့်အကြောင်းများကြောင့် မိဘအမွေ ဆက်ခံခွင့် ဆုံးရှုံးနိုင်သည်။

---

* ၂၀၀၅ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၅၃

\+ ၂၀၀၄ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၅၁၂ တွင် ချမှတ်သော ၂၄-၁၂-၂၀၀၄ ရက်စွဲပါ တရားရုံးချုပ်(ရန်ကုန်)၏ စီရင်ချက်နှင့်ဒီကရီကိုအယူခံမှု

၂၀၀၆
မဝင်းဝင်းမာ
ပါ ၃
နှင့်
မစုစုခိုင်
ပါ ၆

တရားရုံးချုပ်က သမီးအရင်းဖြစ်သူ မဝင်းဝင်းမာသည် ဖခင်နှင့် အတူမနေသည့်ပြင် သားသမီးတို့ပြုဖွယ်သော ဝတ္တရားများကို ပြုစုခဲ့ခြင်းမရှိ၍ အမွေဆက်ခံခွင့်မရှိဟု ကောက်ယူသုံးသပ်ခြင်းသည် မှန်ကန်ခြင်းမရှိပေ။

အယူခံတရားလိုများအတွက် - ဦးခင်အောင်
(တရားရုံးချုပ်ရှေ့နေ)

အယူခံတရားပြိုင်များအတွက် - ၁။ အတွက် ဦးမြင့်သိန်း
(တရားရုံးချုပ်ရှေ့နေ)
(၂ မှ ၆) ကိုယ်တိုင် (မလာ)

မွန်ပြည်နယ်တရားရုံး၊ ၂၀၀၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂ တွင် တရားလို မစုစုခိုင်က တရားပြိုင်ဦးထွန်းသိန်းပါ-၈ ဦး အပေါ် ၎င်းသည် ကွယ်လွန်သူ ဦးသောင်းရွှေ ဒေါ်သင်းကြူ တို့၏ တစ်ဦးတည်းသော အပတိဋ္ဌသမီးဖြစ်ကြောင်း၊ မြွက်ဟကြေညာ၍ ဦးသောင်းရွှေ၏ အမွေပုံပစ္စည်းကို စီမံခန့်ခွဲပေးစေလိုမှုစွဲဆိုရာ မွန်ပြည်နယ်တရားရုံးက မစုစုခိုင်သည် ဦးသောင်းရွှေ ဒေါ်သင်းကြူတို့၏ အပတိဋ္ဌသမီးဖြစ်ကြောင်း မြွက်ဟကြေညာ၍ အမွေပစ္စည်း၏ ထက်ဝက်ရထိုက်ကြောင်း ဒီကရီချမှတ်သည်။ ပြည်နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မဝင်းဝင်းမာ၊ ဦးထွန်းသိန်းနှင့် ဦးညွန့်သိန်းတို့က ကျေနပ်မှုမရှိသဖြင့် တရားရုံးချုပ်တွင် ၂၀၀၄ခုနှစ်၊ တရားမ ပထမ အယူခံမှုအမှတ် ၅၀၂ အရ အယူခံဝင်ရောက်ရာ မအောင်မြင် သဖြင့် ၂၀၀၀ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ ၇ အရ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို ပြန်လည်စစ်ဆေးစီရင်ပေးရန် လျှောက်ထားသည့်အခါ တရားရုံးချုပ် အထူးခုံရုံးက အောက်ဖော်ပြပါ ပြဿနာကို အထူးအယူခံခုံရုံးဖြင့် ကြားနာရန်အတွက် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

၂၀၀၆
မဝင်းဝင်းမာ
ပါ ၃
နှင့်
မစုစုခိုင်
ပါ ၆

" မိဘနှစ်ပါး ကွာရှင်းပြတ်စဲချိန်တွင် မဝင်းဝင်းမာသည် အဖွား ဖြစ်သူ ဒေါ်ကျင်ထွေး(ဘခင် ဦးသောင်းရွှေ၏မိခင်)နှင့်အတူ နေထိုင်ခဲ့ပြီး ဘခင် ဦးသောင်းရွှေအပေါ် သွာနုတ္တာသမီးအဖြစ် ပြုမူဆက်ဆံသော အထောက်အထားတင်ပြနိုင်ခြင်း မရှိ သည်မှာ ထင်ရှားပေါ်ပေါက်ပါလျက် အပတိဋ္ဌသမီး မစုစုခိုင် သာလျှင် ဦးသောင်းရွှေ ကျန်ရစ်သော အမွေပစ္စည်း၏ ထက်ဝက်(½)ကို ရထိုက်ကြောင်း ဆုံးဖြတ်ခြင်းမှာ မှန်ကန်ခြင်း ရှိမရှိ။"

အဆိုလွှာအရ တရားလို မစုစုခိုင် က ၎င်း၏ မိဘအရင်းများ မှာ ရေးမြို့နယ်၊ လမိုင်းကျေးရွာတွင် နေထိုင်သော ဦးစိုးသိန်းနှင့် ဒေါ်အေးမြင့် တို့ဖြစ်ကြောင်း၊ ၁၉၈၀ခုနှစ်၊ ၎င်း ၂-နှစ်သမီးအရွယ် တွင် ဖခင်၏အစ်မ ဒေါ်သင်းကြူနှင့် ခင်ပွန်းဦးသောင်းရွှေတို့က တရားလိုအား အမွေစားအမွေခံမွေးစားရန် တောင်းဆိုရာ တရားလို၏မိဘများက သဘောတူခဲ့ကြောင်း၊ ထိုအချိန်မှစ၍ မွေးစားမိဘ ဦးသောင်းရွှေ၊ ဒေါ်သင်းကြူ တို့နှင့်အတူနေထိုင်ပြီး ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့ကြောင်း၊ မွေးစားမိဘနှစ်ပါးသည် မိမိလက်ပေါ်တွင် ကွယ်လွန်ပြီး အသုဘကိစ္စ အပါအဝင်လျှုဒါန်းမှု ကိစ္စများကိုလည်း အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း၊ မွေးစားဘခင် ဦးသောင်းရွှေသည် မွေးစားမိခင် ဒေါ်သင်းကြူနှင့် လက်မထပ်မီ ပထမဇနီး ဒေါ်ရင်မြနှင့် ပေါင်းသင်းစဉ် အမှတ်(၈)တရားပြိုင် မဝင်းဝင်းမာကို မွေးဖွားခဲ့ကြောင်း၊ လွန်ခဲ့သော အနှစ် ၃၀ကျော်က ဦးသောင်းရွှေ နှင့် ဒေါ်ရင်မြ တို့ကွာရှင်းသည့်အခါ မဝင်းဝင်းမာသည် ဖခင် နှင့်အတူမနေဘဲ မိခင်နောက်သို့ လိုက်ပါသွားခဲ့ကြောင်း၊ ဖခင် ကွယ်လွန်သည်အထိ ကျွေးမွေးပြုစုစောင့်ရှောက်ခြင်းလည်း မရှိကြောင်း၊ ၁၉၉၅ ခုနှစ်တွင် ဦးသောင်းရွှေ၏ မိခင်ဒေါ်ကျင်ထွေး ကျန်ရစ်သောပစ္စည်းများကို စီမံခန့်ခွဲရာ ဦးသောင်းရွှေသည်

၂၀၀၆ မဝင်းဝင်းမာ ပါ ၃ နှင့် မစုစုနိုင် ပါ ၆

သံဖြူဇရပ်မြို့၊ ကျောင်းပိုင်းရပ်၊ ဗိုလ်နေဝင်း လမ်းရှိ တိုက်ခန်းနှင့် ဖွားအုန်းစိန်လမ်းရှိ အိမ်ရာမြေတစ်ကွက်၊ ဆိုက်ကားနှစ်စီးတို့ကို ရရှိခဲ့ကြောင်း၊ ဦးသောင်းရွှေသည် ၂၇-၈-၂၀၀၁ ရက်နေ့တွင် လည်းကောင်း၊ ဒေါ်သင်းကြူသည် ၁၃-၄-၂၀၀၁ ရက်နေ့တွင် လည်းကောင်း၊ ကွယ်လွန်ကြရာ တရားလိုသည် အပတိဋ္ဌသမီး အနေဖြင့် ဦးသောင်းရွှေ ကျန်ရစ်သော အမွေပစ္စည်းတွင် ဦးသောင်းရွှေ ၏ ညီအစ်ကိုမောင်နှမများနှင့် တစ်ဝက်စီ ခံစားခွင့်ရှိကြောင်း အဆိုပြုသည်။

အမှတ်(၁) (၂) တရားပြိုင်တို့က တရားလိုသည် ဒေါ်သင်းကြူ ၏ တူမဖြစ်ကြောင်း၊ ၎င်း၏ မိဘများရပ်ဝေးတွင် အလုပ်လုပ်ကိုင် နေ၍ ဒေါ်သင်းကြူတို့က ကျွေးမွေးစောင့်ရှောက်ထားခြင်းသာဖြစ်ပြီး အမွေစား အမွေခံမွေးစားခြင်းမဟုတ်ကြောင်း၊ မဝင်းဝင်းမာသည် မိခင်နှင့်အတူ လိုက်ပါနေသူမဟုတ်ဘဲ ဖခင်ဦးသောင်းရွှေအား သားသမီးတို့ ဝတ္တရားနှင့်အညီ ပြုစုစောင့်ရှောက်ခဲ့ကြောင်း၊ ၎င်းတစ်ဦး တည်းသာ ဦးသောင်းရွှေ၏ သမီးအရင်းဖြစ်သည့်အတွက် ဦးသောင်းရွှေ ကျန်ရစ်သည့် အမွေပစ္စည်းများကို ဆက်ခံရရှိမည် ဖြစ်ကြောင်း ချေပသည်။

အမှတ်(၈) တရားပြိုင် မဝင်းဝင်းမာက တရားလိုသည် ဦးသောင်းရွှေ၊ ဒေါ်သင်းကြူတို့၏ အမွေစားအမွေခံ သမီးမဟုတ် ကြောင်း၊ ဦးသောင်းရွှေကို ပြုစုစောင့်ရှောက်သည်ဆိုခြင်းမှာလည်း မဟုတ်မမှန်ကြောင်း၊ တရားလိုသည် ဦးသောင်းရွှေ ကျန်ရစ်သော အမွေပစ္စည်းတွင် အမွေဆက်ခံပိုင်ခွင့်မရှိကြောင်း၊ ၎င်းသည် သွာနုတ္တ သမီး မဟုတ်သည့်အပြင် ဖခင်အား စွန့်ပစ်ထားခြင်းမရှိဘဲ သားသမီး ဝတ္တရားနှင့်အညီ စောင့်ရှောက် နေထိုင်သူဖြစ်၍ အမွေရထိုက်ခွင့်ရှိ ကြောင်း၊ တရားလိုအနေဖြင့် အမွေရထိုက်ခွင့်မရှိကြောင်း ချေပသည်။

ကျန်မူလရုံးတရားပြိုင်များမှာ ရုံးရှေ့သို့လာရောက်ခြင်းမရှိပေ။

၂၀၀၆
မဝင်းဝင်းမာ
ပါ ၃
နှင့်
မစုစုခိုင်
ပါ ၆

ပြည်နယ်တရားရုံးက တရားလိုမစုစုခိုင်သည် ကွယ်လွန်သူ ဦးသောင်းရွှေ၊ ဒေါ်သင်းကြူတို့၏ အပတိဋ္ဌသမီးဖြစ်သည်ဆိုခြင်းမှာ မှန်ကြောင်း၊ မဝင်းဝင်းမာသည် ဦးသောင်းရွှေကျန်ရစ်သော အမွေပစ္စည်းတွင် အမွေဆက်ခံခွင့်မရှိကြောင်း၊ သုံးသပ်လျက် မစုစုခိုင်သည် ကွယ်လွန်သူ ဦးသောင်းရွှေ၊ ဒေါ်သင်းကြူတို့၏ အပတိဋ္ဌသမီးဖြစ်ကြောင်း မြွက်ဟကြေညာ၍ ဦးသောင်းရွှေကျန်ရစ်သော အမွေပစ္စည်းတွင် ၂ ပုံ ၁ ပုံ ရထိုက်ခွင့်ရှိကြောင်း ပဏာမဒီကရီ ချမှတ်သည်။

တရားရုံးချုပ်က ဦးသောင်းရွှေ ကွယ်လွန်စဉ် အမွေပစ္စည်းများ ကျန်ရစ်ကြောင်း၊ တရားလိုမစုစုခိုင်သည် မွေးစားမိဘ ဦးသောင်းရွှေ၊ ဒေါ်သင်းကြူတို့၏ အပတိဋ္ဌသမီးဖြစ်ပြီး မွေးစားမိဘများနှင့်အတူ နေထိုင်ခဲ့ကြောင်း၊ မဝင်းဝင်းမာသည် ဖခင်ဦးသောင်းရွှေ ကျန်ရစ်သော အမွေပစ္စည်းများတွင် အမွေရထိုက်ခွင့်မရှိကြောင်း၊ အပတိဋ္ဌသမီး ဖြစ်သူ မစုစုခိုင်သည် မွေးစားမိဘကျန်ရစ်သော အမွေပစ္စည်းတွင် တစ်ဝက်ခံစားခွင့်ရှိသဖြင့် ပြည်နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီသည်မှားယွင်းခြင်းမရှိကြောင်း သုံးသပ်ဆုံးဖြတ်ခဲ့သည်။

အယူခံတရားလိုများ၏ ရှေ့နေက ဦးသောင်းရွှေနှင့် ဒေါ်ရင်မြတို့သည် ဦးသောင်းရွှေ၏ မိခင်ဒေါ်ကျင်ထွေး ပိုင်ဆိုင်သော အမှတ်(၁) ဗိုလ်နေဝင်းလမ်း၊ ကျောင်းပိုင်းရပ်၊ သံဖြူဇရပ်မြို့ဟု ခေါ်တွင်သော နေအိမ်တွင် နေထိုင်ခဲ့ကြပြီး သမီး မဝင်းဝင်းမာအား မွေးဖွားကြောင်း၊ မဝင်းဝင်းမာ အသက် ၄ နှစ်ခန့်တွင် ဦးသောင်းရွှေနှင့် ဒေါ်ရင်မြတို့ ကွာရှင်းကြပြီး ဒေါ်ရင်မြမှာ ပငကျေးရွာသို့ ပြောင်းရွှေ့ သွားရာ ဖခင် ဦးသောင်းရွှေနှင့် မဝင်းဝင်းမာ တို့သည် အဖွားဖြစ်သူ ဒေါ်ကျင်ထွေး အိမ်တွင်နေထိုင်ခဲ့ကြကြောင်း၊ ထိုသို့နေထိုင်ပြီး ၃ နှစ် ခန့်အကြာ ဦးသောင်းရွှေသည် ဒေါ်သင်းကြူ နှင့် ဒုတိယအိမ်ထောင် ပြုပြီး သမီးမဝင်းဝင်းမာနှင့်အတူ ၂ နှစ်ခန့် ဆက်လက်နေထိုင်ခဲ့ကြ

၂၀၀၆
မဝင်းဝင်းမာ
ပါ ၃
နှင့်
မစုစုခိုင်
ပါ ၆

ကြောင်း၊ ထို့နောက်အဖွားဖြစ်သူ ဒေါ်ကျင်ထွေးမှ ဦးသောင်းရွှေသည် ဒုတိယအိမ်ထောင်နှင့်ဖြစ်၍ အဖွားပိုင်အမှတ်(၆)၊ ဖွားအုန်းစိန်လမ်း၊ ကျောင်းပိုင်းရပ်နေအိမ်တွင် သွားရောက်ပြောင်းရွှေ့နေထိုင်စေခဲ့ကြောင်း၊ သမီးဖြစ်သူ မဝင်းဝင်းမာမှာ ဦးသောင်းရွှေ၏မိခင် ဒေါ်ကျင်ထွေးနှင့် ဆက်လက်နေထိုင်ခဲ့ကြောင်း၊ အဆိုပါ အဖွားဖြစ်သူပိုင် နေအိမ်နှစ်လုံးမှာ ကျောင်းပိုင်းရပ်ကွက်တစ်ခုတည်းအတွင်းတည်ရှိပြီး ကိုက် ၂၀၀ ခန့်သာကွာဝေးကြောင်း၊ ဖခင်ဖြစ်သူ ဦးသောင်းရွှေနှင့် ဇနီးဒေါ်သင်းကြူ တို့ထံ သမီးဖြစ်သူ မဝင်းဝင်းမာမှ အမြဲလိုလိုဝင်ထွက်သွားလာပြုစုစောင့်ရှောက်သကဲ့သို့ သမီးဖြစ်သူ မဝင်းဝင်းမာ နေထိုင်ရာ အဖွားဖြစ်သူ နေအိမ်သို့ ဖခင်ဦးသောင်းရွှေမှာ လည်း အမြဲမပြတ် ဝင်ထွက်သွားလာခြင်း၊ ပြုစုစောင့်ရှောက်ခြင်း၊ ထောက်ပံ့ပေးကမ်းမှုပြုခြင်း စသည်တို့ ပြုလုပ်လျက်ရှိကြောင်း၊ သမီးဖြစ်သူ မဝင်းဝင်းမာအရွယ်ရောက်သည့်အခါ မိဘတို့၏ဝတ္တရားနှင့်အညီ ဖခင်ဦးသောင်းရွှေနှင့် ဒုတိယဇနီးဒေါ်သင်းကြူ တို့မှပင် ဦးဆောင်၍ ဒုရဲအုပ်ဇော်ဝင်းလွင်နှင့် လက်ထပ်ထိမ်းမြားမင်္ဂလာဆောင်နှင်းပေးခဲ့ကြောင်း၊ မဝင်းဝင်းမာသည် မိဘနှစ်ပါးဖြစ်သည့် ဦးသောင်းရွှေနှင့် ဒေါ်ရင်မြတို့ကွာရှင်းပြတ်စဲချိန်တွင် မိခင်ဒေါ်ရင်မြနှင့်အတူ လိုက်ပါနေထိုင်ကြောင်းကို မည်သည့်သက်သေအထောက်အထား တစ်စုံတစ်ရာမျှ တင်ပြနိုင်ခြင်းမရှိကြောင်း၊ မဝင်းဝင်းမာသည် သားသမီးတို့၏ဝတ္တရား၊ သားသမီးတို့၏ကျင့်ဝတ်ပျက်ပြားသည့် သွာနုတ္တသမီးဖြစ်ကြောင်း ပေါ်ပေါက်မှုမရှိသဖြင့် မူလရုံးနှင့်တရားရုံးချုပ်တို့မှ တရားပြိုင် မဝင်းဝင်းမာအား အမွေဆက်ခံပိုင်ခွင့် ဆုံးရှုံးသူတစ်ဦးဖြစ်သည်ဟု ကောက်ယူသုံးသပ်ဆုံးဖြတ်ခြင်းသည် ဥပဒေအရလည်းကောင်း၊ အကြောင်းခြင်းရာအရလည်းကောင်း မှားယွင်းလျက်ရှိကြောင်း၊ တရားလို မစုစုခိုင်သည် မွေးစားမိဘများဖြစ်သည့် ဦးသောင်းရွှေ၊ ဒေါ်သင်းကြူတို့၏

၂၀၀၆
မ၀င်း၀င်းမာ
ပါ ၃
နှင့်
မစုစုခိုင်
ပါ ၆

ကျွေးမွေးပြုစုစောင့်ရှောက်ပညာသင်ကြားပေးမှုဖြင့် အသက် ၅ နှစ်အရွယ်မှ လူလားမြောက်၍ ယနေ့ဘွဲ့ရပညာတတ်တစ်ဦးအဖြစ်ရရှိခံစားခဲ့ပြီးဖြစ်သည့်အပြင် မွေးစားမိဘများနှင့် နေထိုင်ခဲ့သောကြောင့် ရွှေ့ပြောင်းနိုင်သောရတနာပစ္စည်းများကိုလည်း ရရှိခံစားပြီးဖြစ်ကြောင်း လျှောက်လဲတင်ပြသည်။

အမှတ်(၁) အယူခံတရားပြိုင်၏ရှေ့နေက အမှုတွင် မ၀င်း၀င်းမာသည် အသက် ၂ နှစ်အရွယ်၌ မိဘနှစ်ဦး ကွဲကွာသွားပြီးနောက်၊ အဖွားဒေါ်ကျင်ထွေးနှင့်အတူ နေထိုင်ခဲ့ကြောင်း မ၀င်း၀င်းမာကိုယ်တိုင်ထွက်ဆိုထား၍ ၎င်းသည် ဖခင် ဦးသောင်းရွှေနှင့်အတူ နေထိုင်ခြင်း မရှိသည်မှာ ထင်ရှားနေကြောင်း၊ ဦးသောင်းရွှေ၊ ဒေါ်သင်းကြူ တို့နှင့် မစုစုခိုင်သည် မိဘအရင်းနှင့် သားသမီးအရင်းသဖွယ် အပြန်အလှန်ဆက်ဆံပြုမူလေ့ရှိကြောင်း၊ မွေးစားမိဘများ၏နာရေးကိစ္စများကိုလည်း မစုစုခိုင် ကပင် တာ၀န်ခံပြီး ဆောင်ရွက်ပေးသည့် ထွက်ဆိုချက်များရှိကြောင်း၊ မစုစုခိုင်မှာ ဦးသောင်းရွှေနှင့် ဒေါ်သင်းကြူ တို့၏ အပတိဋ္ဌသမီးဖြစ်သည်မှာ အငြင်းမပွားပေါ်ပေါက်ကြောင်း၊ မ၀င်း၀င်းမာ သည် ဖခင်ဦးသောင်းရွှေနှင့်အတူမနေထိုင်ခဲ့သည့်အပြင် သားသမီးတို့ပြုဖွယ်သော ၀တ္တရားများကိုပြုစုခဲ့ခြင်း မရှိကြောင်း၊ လွန်ခဲ့သောနှစ် ၃၀ ကျော်ကပင် ဦးသောင်းရွှေနှင့်ဒေါ်ရင်မြ တို့ လင်မယားကွာရှင်းပြတ်စဲခဲ့ရာတွင် မ၀င်း၀င်းမာသည် မိခင်ဒေါ်ရင်မြ နှင့်အတူလိုက်ပါသွားခဲ့ပြီး အဖွားဒေါ်ကျင်ထွေးနှင့်အတူ နေထိုင်ခဲ့ကြောင်း၊ ဖခင်ဦးသောင်းရွှေသည် မန္တလေးမြို့၌ ကွယ်လွန်သွား၍ နာရေးကိစ္စများကိုဆောင်ရွက်ရာ၌လည်း မ၀င်း၀င်းမာသည် တစ်ပြားတစ်ချပ်မျှအကုန်အကျခံခြင်းမရှိခဲ့ကြောင်း၊ စီရင်ထုံးများနှင့် ဓမ္မသတ်များပါပြဆိုချက်များအရ မူလတရားရုံးနှင့် အယူခံရုံးတို့က မ၀င်း၀င်းမာသည် အမွေဆက်ခံခွင့်ဆုံးရှုံးသူဖြစ်ကြောင်း ဆုံးဖြတ်

၂၀၀၆
မဝင်းဝင်းမာ
ပါ ၃
နှင့်
မစုစုခိုင်
ပါ ၆

ချက်မှာ ဥပဒေနှင့် မညီညွတ်ဟုမဆိုနိုင်ကြောင်း၊ မစုစုခိုင်သည် ဦးသောင်းရွှေ ဒေါ်သင်းကြူတို့၏ အပတိဋ္ဌသမီးတစ်ဦးဖြစ်ပြီး မွေးစားမိဘများနှင့်အတူ နေထိုင်ခဲ့ခြင်း၊ မွေးစားမိဘနှစ်ပါးလုံး ကွယ်လွန်ပြီးဖြစ်၍ ၎င်းတို့ ကွယ်လွန်ချိန်၌အမွေပစ္စည်း ကျန်ရစ်ခဲ့ခြင်း၊ ဦးသောင်းရွှေနှင့် ပထမဇနီးဒေါ်ရင်မြတို့မှ မွေးဖွားသူ မဝင်းဝင်းမာသည် အပတိဋ္ဌသမီး မစုစုခိုင်နှင့်ယှဉ်၍ အမွေဆက်ခံခွင့်မရှိခြင်းတို့ကြောင့် မွေးစားမိဘကျန်ရှိသည့် အမွေပစ္စည်းတွင် ထက်ဝက်အကျိုးခံစားခွင့်ရှိကြောင်း လျှောက်လဲတင်ပြသည်။

အမှတ်(၂)မှ(၆)ထိ အယူခံတရားပြိုင်များမှာ ရုံးရှေ့သို့ မလာရောက်ပေ။

မူလရုံးတရားလို မစုစုခိုင်က ကွယ်လွန်သူဦးသောင်းရွှေ၊ ဒေါ်သင်းကြူတို့၏ တစ်ဦးတည်းသော အပတိဋ္ဌသမီးဖြစ်ကြောင်း မြွက်ဟကြေညာ၍ အပတိဋ္ဌသမီးအဖြစ် ဦးသောင်းရွှေကျန်ရစ်သော အမွေပစ္စည်းကို စီမံခန့်ခွဲပေးရန်စွဲဆိုခြင်းဖြစ်သည်။

အမှုတွဲကို စိစစ်ရာတွင်အမှတ်(၈) တရားပြိုင်မဝင်းဝင်းမာသည် ဦးသောင်းရွှေနှင့် ပထမဇနီး ဒေါ်ရင်မြတို့မှ မွေးဖွားသဖြင့် ဦးသောင်းရွှေ၏ သမီးအရင်းဖြစ်ကြောင်း အငြင်းမပွားပေ။

၎င်းအထူးအယူခံတွင် သမီးအရင်းဖြစ်သူ မဝင်းဝင်းမာရှိနေပါလျက် အပတိဋ္ဌသမီးဖြစ်သူ မစုစုခိုင်ကို ဦးသောင်းရွှေကျန်ရစ်သော အမွေပစ္စည်းတွင် အမွေဆက်ခံခွင့်ရှိကြောင်း ဆုံးဖြတ်ခြင်းသည် မှန်ကန်ခြင်းရှိမရှိ စိစစ်ရန်ဖြစ်သည်။

မစုစုခိုင်ကို ဦးသောင်းရွှေနှင့်နောက်အိမ်ထောင် ဒေါ်သင်းကြူတို့၏ မွေးစားသမီးအဖြစ် ပြုစုစောင့်ရှောက် ပညာသင်ပေးခဲ့ကြောင်း၊ မိဘအမည်ကို ဦးသောင်းရွှေ ဒေါ်သင်းကြူ ဟု ဖော်ပြထားကြောင်းဖြင့် မူလတန်းကျောင်းအုပ် ထောက်ခံစာ၊ တက္ကသိုလ်ကျောင်းသူ စိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုစာရင်းများကို တင်ပြထားသည်။

၂၀၀၆
မဝင်းဝင်းမာ
ပါ ၃
နှင့်
မစုစုခိုင်
ပါ ၆

ကိတ္တိမသားသမီးမွေးစားခြင်းမှတ်ပုံတင် အက်ဥပဒေအရ ၁၉၄၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ နောက်မွေးစားသည့် ကိတ္တိသားသမီးများကို မှတ်ပုံတင်စာချုပ်ချုပ်ဆိုပြီး မွေးစားရသည်။ အကယ်၍ မွေးစားသားသမီးသည် အရွယ်ရောက်သူဖြစ်လျှင် မိဘနှင့်အတူ ထိုစာချုပ်တွင် ကိုယ်တိုင်လက်မှတ်ရေးထိုးရသည်။ မွေးစားသားသမီးသည် အရွယ်မရောက်သေးသူဖြစ်လျှင် ၎င်း၏မိဘရှိပါက မိဘကိုယ်တိုင်လက်မှတ်ရေးထိုးရပြီး မိဘမရှိပါက မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မွေးစားရန်ပေးနိုင်သူက လက်မှတ်ရေးထိုးရသည်။ ယင်းစာချုပ်ချုပ်ဆိုရာတွင် အနည်းဆုံး သက်သေနှစ်ဦးလက်မှတ်ရေးထိုးရန်ဖြစ်ပြီး ယင်းစာချုပ်ကို မှတ်ပုံတင်အက်ဥပဒေအရ မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ရမည်ဖြစ်သည်။ သို့မှသာ အမွေစားအမွေခံအတွက် ရည်စူး၍ မွေးစားသော ကိတ္တိမသားသမီးအဖြစ်ရောက်ရှိမည်ဖြစ်သည်။

မစုစုခိုင်က ၎င်းသည် မွေးစားသမီးဖြစ်သည်ဟုဆိုသော်လည်း အထက်ဖော်ပြပါ ကိတ္တိမသားသမီး မွေးစားခြင်း မှတ်ပုံတင်အက်ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ မွေးစားထားခြင်းမဟုတ်၍ အမွေစားအမွေခံအဖြစ်ရည်ရွယ် မွေးစားသည့် ကိတ္တိမမွေးစားသမီးမဟုတ်ပေ။ သို့ရာတွင် ၎င်းသည် အပတိဋ္ဌသမီးဖြစ်သည်မှာ အမှုတွင် အငြင်းမပွားချေ။ ၎င်းကိုယ်တိုင်ကလည်း ယခုအမှုကို အပတိဋ္ဌသမီးအဖြစ်အဆိုပြုစွဲဆိုခြင်းဖြစ်သည်။

အပတိဋ္ဌသားသမီးများကို ဓမ္မသတ်များတွင် ကောက်ယူမွေးသော သားဟူ၍ပြဆိုပြီး အပတိဋ္ဌသားသမီးများမှာ ကိတ္တိမ သားသမီးကဲ့သို့ အမွေဆက်ခံရန် ရည်စူး၍ မွေးစားသော သားသမီးမဟုတ်ပေ။ အပတိဋ္ဌသားသမီးများသည် မွေးစားမိဘ၌ သားသမီးမြေးမြစ်နှင့်ကိတ္တိမမွေးစားသားသမီးများမရှိသောအခါမှသာလျှင် အမွေဆက်ခံခွင့်ရှိသည်။ ထိုအခါမျိုး၌ ရရှိမည့် အမွေဝေစုမှာလည်း

၂၀၀၆
မဝင်းဝင်းမာ
ပါ ၃
နှင့်
မစုစုခိုင်
ပါ ၆

တစ်ဝက်သာဖြစ်ပြီး ကျန်တစ်ဝက်ကို မွေးစားမိဘများ၏ ဆွေမျိုးများကရခွင့်ရှိသည်။ **မောင်ကြီးနှင့် မောင်အောင်ကြီးအမှု**(၁) **မသန်းညွန့် နှင့် မရွှေသစ်အမှု**(၂)တို့ကိုကြည့်ပါ။

မဝင်းဝင်းမာသည် အမွေရှင် ဦးသောင်းရွှေ၏ သမီးရင်းဖြစ်သည်ဆိုသည့်အချက်မှာလည်း အမှုတွင် အငြင်းမပွားချေ။ သို့ရာတွင် တရားရုံးချုပ်နှင့် ပြည်နယ်တရားရုံးတို့က မဝင်းဝင်းမာသည် ဖခင် ဦးသောင်းရွှေ၏ အမွေကို ရထိုက်ခွင့်မရှိကြောင်း ကောက်ယူဆုံးဖြတ်ခဲ့ကြသည်။

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေတွင် မိဘ၏ အမွေ၌ သားသမီးအား အမွေခံအဖြစ်မှ မပယ်ထုတ်နိုင်ပေ။ သို့ရာတွင် သားသမီးသည် သူတစ်ပါးအား မွေးစားရန်ပေးအပ်ခံရခြင်း၊ မိဘများ ကွာရှင်းပြတ်စဲကြပြီး နောက်သားသမီးဖြစ်သူသည် မိဘတစ်ဦးနှင့်အတူနေထိုင်ပြီး ကျန်တစ်ဦးအား သားသမီးတို့၏ပြုရာသော ဝတ်ကြီးဝတ်ငယ်များကို ဆက်လက်မပြုစုခြင်း၊ သားသမီးတို့၏ ကျင့်ဝတ်ပျက်ပြားခြင်း၊ မိဘအားရန်သူသဖွယ် ပြုမူဆက်ဆံခြင်းစသည့်အကြောင်းများကြောင့် မိဘအမွေ ဆက်ခံခွင့် ဆုံးရှုံးနိုင်သည်။

ယခုအမှုတွင်အမှတ်(၈)တရားပြိုင် မဝင်းဝင်းမာသည် ဖခင်၏ အမွေကို ဆုံးရှုံးနိုင်လောက်သည့် အခြေအနေရှိမရှိ ဆန်းစစ်ရန်လိုသည်။

မဝင်းဝင်းမာကို မည်သူမျှ မွေးစားခြင်းမရှိပေ။ မဝင်းဝင်းမာသည် ဖခင်ဦးသောင်းရွှေနှင့် မိခင်ဒေါ်ရင်မြတို့ ကွာရှင်းပြတ်စဲပြီးနောက် ဖခင်ဦးသောင်းရွှေနှင့်အတူမနေဟု တစ်ဘက်မှဆိုသည်။ သို့ရာတွင် ဦးသောင်းရွှေသည် ယင်းသို့ကွာရှင်းပြီး ဒုတိယအိမ်ထောင် ဒေါ်သင်းကြူနှင့် အိမ်ထောင်မပြုမီကာလတွင် မိခင်ဒေါ်ကျင်ထွေး

---

| | | | | |
|---|---|---|---|---|
| (၁) | ၂ | **ရန်ကုန်** | စာ | ၆၆၁ |
| (၂) | ၁၄ | **ရန်ကုန်** | စာ | ၁၁၃ |

၂၀၀၆ / မဝင်းဝင်းမာ / ပါ ၃ / နှင့် / မစုစုနိုင် / ပါ ၆

အိမ်၌ သမီးမဝင်းဝင်းမာနှင့်အတူ နေထိုင်ခဲ့ကြောင်း ပေါ်ပေါက်သည်။ ဒေါ်သင်းကြူနှင့်အိမ်ထောင်ကျသည့်အခါတွင်လည်း မဝင်းဝင်းမာသည် ဖခင်ဦးသောင်းရွှေ၊ မိထွေး ဒေါ်သင်းကြူတို့နှင့်အတူ အဖွားအိမ်တွင် အတူနေထိုင်ခဲ့သည်။ နောက်ပိုင်းမှသာ ဖခင်ဦးသောင်းရွှေက သီးခြားနေထိုင်ခြင်းဖြစ်သည်။

မဝင်းဝင်းမာ၏ ဖခင်ဖြစ်သူ ဦးသောင်းရွှေမှာ မိခင်ဒေါ်ရင်မြနှင့် ကွာရှင်းပြီး နောက်အိမ်ထောင်ပြုသဖြင့် ထိုစဉ်က ကလေးအရွယ်သာ ရှိသေးသည့် မဝင်းဝင်းမာကို အဖွားဖြစ်သူကခေါ်ယူကျွေးမွေးစောင့်ရှောက်ထားခြင်းသာဖြစ်ကြောင်း ပေါ်ပေါက်ပြီးမဝင်းဝင်းမာ ကြီးပြင်းလာသည့်အခါ၌ ဖခင်နှင့်အသွားအလာအဆက်အဆံရှိကြောင်း သက်သေခံချက်များရှိနေသည်။ ထို့ပြင်ဦးသောင်းရွှေ၏ မိခင်ဒေါ်ကျင်ထွေးက အမွေခံများအား မိမိပိုင်ပစ္စည်းများ ခွဲဝေပေးရာတွင် မြေး မဝင်းဝင်းမာကိုပါ ထည့်သွင်း၍ဖခင်ဦးသောင်းရွှေတို့နှင့်အတူ ခွဲဝေပေးခဲ့သည်ကိုတွေ့ရသည်။ ဤအချက်ကို ထောက်ရှုခြင်းဖြင့် ဖခင် ဦးသောင်းရွှေနှင့်သမီးမဝင်းဝင်းမာ တို့မှာ တစ်သီးတစ်ခြား ခွဲခြားခြင်းမရှိဘဲ ဖခင်နှင့်သမီးအဆက်အဆံရှိကြောင်း ပေါ်ပေါက်သည်။

အသက် (၇၅)နှစ်အရွယ်ရှိ ဒေါ်ချို(လိုပြ-၂) က-

"မဝင်းဝင်းမာသည် ၎င်း၏ဖခင်နေထိုင်မကောင်းလျှင်သော်လည်းကောင်း၊ မိထွေးဖြစ်သူဒေါ်ကြူနေထိုင် မကောင်းလျှင်သော်လည်းကောင်း၊ အမြဲလိုသွားရောက်ကြည့်ရှုသည်ဟုဆိုလျှင် မှန်ပါသည်။ ထို့အတူ ဦးသောင်းရွှေ၊ ဒေါ်ကြူတို့ကလည်း သမီးဖြစ်သူ မဝင်းဝင်းမာ နေထိုင်လျက်ရှိသည့်နေအိမ်သို့မကြာမကြာဝင်ထွက် သွားလာလည်ပတ်လေ့ရှိသည်ဟုဆိုလျှင် မှန်ပါသည်။ မဝင်းဝင်းမာ လက်ရှိခင်ပွန်းဖြစ်သူ ဒုရဲအုပ်ဇော်လွင်ဦးနှင့် လက်ထပ်ထိမ်းမြားသော

၂၀၀၆
မဝင်းဝင်းမာ
ပါ ၃
နှင့်
မစုစုခိုင်
ပါ ၆

အခါ၌လည်း ၎င်း၏ ဖခင်ဦးသောင်းရွှေနှင့် မိထွေးဒေါ်ကြူ တို့ကပင် သဘောတူတောင်းရမ်းထိမ်းမြားလက်ထပ်ပွဲ ပြုလုပ်ပေးခဲ့သည်ဟု ဆိုလျှင်မှန်ပါသည်။" ဟူ၍ လည်းကောင်း၊

မခင်ခင်မြင့် (လိုပြ-၄) က-

"ဦးသောင်းရွှေ၏ ဈာပနကိစ္စအဝဝတွင် မဝင်းဝင်းမာလဲ ရောက်ရှိလာပြီး စုစုခိုင်နှင့်အတူတကွလုပ်ကိုင်ကြသည်ဟု ဆိုလျှင် မှန်ပါသည်။" ဟူ၍လည်းကောင်း၊

ဒေါ်သိန်းအေး (လိုပြ-၆) က-

"မဝင်းဝင်းမာသည် အသုဘကိစ္စများတွင် ဝိုင်းဝန်းကူညီ လုပ်ဆောင်ပေးခဲ့ပါသည်။ မဝင်းဝင်းမာသည် ဖခင်ဖြစ်သူ ဦးသောင်းရွှေ ကွယ်လွန်သောအခါ၌လည်း သမီးဖြစ်၍ ကမကထ ပြုလုပ်ပြီး ဆွေမျိုးသားချင်းများနှင့် ဈာပနကိစ္စကို လုပ်ကိုင်ဆောင်ရွက်ခဲ့သည်ဟုဆိုပါက မှန်ပါသည်" ဟူ၍ လည်းကောင်း ထွက်ဆိုထားကြသည်။

၎င်းတို့သည် မစုစုခိုင် တင်ပြသည့် လိုပြသက်သေများ ဖြစ်ကြသည်။

ထို့ပြင် ဦးသောင်းရွှေ၏ ညီအရင်းတော်စပ်သူ ဦးထွန်းသိန်း၊ ဦးညွှန့်သိန်းတို့ကလည်း မဝင်းဝင်းမာသည် ဖခင်ဦးသောင်းရွှေထံ အမြဲတမ်း ဝင်ထွက်သွားလာနေပြီး ပြုစုစောင့်ရှောက်ကြောင်း အသီးသီးထောက်ခံထွက်ဆိုထားသည်။

သားသမီးသည် သာစဉ်နာစဉ်ပြုစုစောင့်ရှောက်ရမည့် ဝတ္တရားများကို သိလျက်နှင့် တမင်ရည်ရွယ်၍ ပျက်ကွက်လစ်ဟင်း ကြောင်းနှင့် စွန့်ပစ်ထားကြောင်း ထင်ရှားလျှင် မိဘအမွေဆက်ခံခွင့် ဆုံးရှုံးသည်။ **မပု နှင့် မအေးမြအမှု**[၃]ကိုကြည့်ပါ။ ယခုအမှုတွင်မူ ယင်းသို့သောအခြေအနေမျိုး မရှိသဖြင့် မဝင်းဝင်းမာအနေဖြင့်

(၃) ၁၉၄၈ ခုနှစ်၊ ဘီအယ်အာရ် စာ-၁၉

၂၀၀၆
မဝင်းဝင်းမာ
ပါ ၃
နှင့်
မစုစုနိုင်
ပါ ၆

အမွေဆုံးရှုံးရန် အကြောင်းမရှိနိုင်ချေ။

သို့ဖြစ်ရာ တရားရုံးချုပ်က သမီးရင်းဖြစ်သူ မဝင်းဝင်းမာသည် ဖခင်နှင့်အတူ မနေသည့်ပြင် သားသမီးတို့ ပြုဖွယ်သောဝတ္တရားများကို ပြုစုစောင့်ရှောက်ခြင်း မရှိ၍ အမွေဆက်ခံခွင့် မရှိဟု ကောက်ယူသုံးသပ်ခြင်းသည် မှန်ကန်ခြင်းမရှိပေ။

တစ်ဖန် တရားလိုဘက်မှ မဝင်းဝင်းမာသည် သွာနုတ္တသမီး အဖြစ် ပြုမူနေထိုင်သူဖြစ်ကြောင်း အဆိုပြုထားသည်။ မိဘသြဇာကို မနာခံ၊ မိဘအားတော်လှန်ပြီး ရန်သူသဖွယ်ပြုကျင့်သည့် သားသမီးကို သွာနုတ္တခွေးနှင့်တူသော သားသမီးဟုဆိုသည်။ ထို သားသမီးမျိုးသည် သားသမီးတို့၏ ကျင့်ဝတ်ပျက်ပြားသည်ဖြစ်ရာ မိဘ၏ အမွေကို မဆက်ခံနိုင်ပေ။ သို့ရာတွင် တရားရုံး၌ သားသမီးတစ်ဦးသည် မိဘအား ရန်သူသဖွယ် ပြုမူကြောင်းထင်ရှားအောင်ပြသရမည်ဖြစ်သည်။ **ဦးဖိုးဦးနှင့် မောင်အေးမောင် အမှု**[၄]၊ **မတင်ရွှေနှင့် မောင်ကံကြီးအမှု**[၅]တို့ကိုကြည့်ပါ။

ယခုအမှုတွင် မဝင်းဝင်းမာသည် မိဘအား ရန်သူသဖွယ် ပြုမူသော သမီးဖြစ်ကြောင်း တရားလိုဘက်မှ သက်သေထင်ရှားအောင် ပြသနိုင်ခြင်းမရှိပေ။ မဝင်းဝင်းမာသည် သွာနုတ္တသမီးဖြစ်ကြောင်း မထင်ရှားသဖြင့် ဖခင်ဦးသောင်းရွှေ၏ အမွေဆက်ခံခွင့်ဆုံးရှုံးရန်အကြောင်းမရှိချေ။

ထို့ကြောင့် ဤအထူးအယူခံခုံရုံးက ကြားနာလျက်ရှိသော ပြဿနာကို အောက်ပါအတိုင်း ဖြေဆိုလိုက်သည်-

"မိဘနှစ်ပါးကွာရှင်းပြတ်စဲချိန်တွင် မဝင်းဝင်းမာသည် အဖွားဖြစ်သူ ဒေါ်ကျင်ထွေး(ဖခင်ဦးသောင်းရွှေ၏မိခင်)နှင့်အတူ နေထိုင်ခဲ့ပြီး ဖခင်ဦးသောင်းရွှေအပေါ် သွာနုတ္တသမီးအဖြစ်

---

(၄) ၁၁ ရန်ကုန် ၃၉

(၅) ၂ ယူဘီအာရ် (၁၈၉၇-၀၁) စာ - ၁၄၂

ပြုမူဆက်ဆံသော အထောက်အထားတင်ပြနိုင်ခြင်း မရှိသည်မှာ ထင်ရှား ပေါ်ပေါက်ပါလျက် အပတိဋ္ဌသမီး မစုစုခိုင်သာလျှင် ဦးသောင်းရွှေ ကျန်ရစ်သော အမွေပစ္စည်း၏ ထက်ဝက်(½)ကို ရထိုက်ကြောင်း ဆုံးဖြတ်ခြင်းမှာ မှန်ကန်ခြင်းမရှိကြောင်း။”

ဤတရားမအထူးအယူခံမှုကို ခွင့်ပြု၍ တရားရုံးချုပ်နှင့် ပြည်နယ်တရားရုံး တို့၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ပြီး မူလရုံးတရားလိုစွဲဆိုသောအမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၃၀၀၀/-သတ်မှတ်သည်။

# တရားမအထွေထွေအယူခံမှု

+ ၂၀၀၆
ဇွန်လ
၁၅ ရက်

## တရားရုံးချုပ်တရားသူကြီးဦးချစ်လွင်ရှေ့တွင်

ဒေါ်သန်းတင် ပါ ၄
နှင့်
ဦးသန်းဖေ ပါ ၁၉ *

**သေတမ်းစာတွင် သေတမ်းစာအတည်ပြုသူခန့်ထားခြင်း မရှိမှသာ အမွေစားအမွေခံတစ်ဦးဦးက အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၃၂ အရ သေတမ်းစာ ပူးတွဲပါသည့် အမွေထိန်းစာလျှောက်ထားနိုင်ခြင်း။ သေတမ်းစာအတည်ပြုသူ ခန့်ထားပြီးဖြစ်ပါက ထိုသူက ယင်းဥပဒေပုဒ်မ ၂၂၂ အရ သေတမ်းစာအတည်ပြုလက်မှတ်လျှောက်ထားရမည်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၃၂ ပြဋ္ဌာန်းချက်အရဆိုလျှင် သေတမ်းစာတွင် သေတမ်းစာအတည်ပြုသူခန့်ထားခြင်း မရှိလျှင်သော်လည်းကောင်း၊ သေတမ်းစာအတည်ပြုသူ ခန့်ထားခဲ့သော်လည်း ၎င်းက သေတမ်းစာပါအတိုင်းဆောင်ရွက်ရန် မစွမ်းဆောင်နိုင်ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းသော်လည်းကောင်း ရှိခဲ့လျှင် အမွေစား အမွေခံတစ်ဦးက သေတမ်းစာပူးတွဲပါသည့် အမွေထိန်းစာကိုတောင်းခံနိုင်မည်ဖြစ်သည်။

× × × × ×

* ၂၀၀၆ ခုနှစ်၊ အထွေထွေအယူခံမှု အမှတ် ၈

\+ ၂၀၀၅ ခုနှစ်၊ တရားမကြီးမှု အမှတ် ၃၂ တွင် ချမှတ်သော ၂၆-၁၀-၂၀၀၅ ရက်စွဲပါ မွန်ပြည်နယ် တရားရုံး၏အမိန့်ကို အယူခံမှု

၂၀၀၆
ဒေါ်သန်းတင်
ပါ ၄
နှင့်
ဦးသန်းဖေ
ပါ ၁၉

မူလအမှုတွင် လျှောက်ထားသူဦးသန်းဖေသည် သေတမ်းစာအတည်ပြုသူတစ်ဦးအဖြစ် သက်သေခံ (က) သေတမ်းစာ၌ ခန့်ထားကြောင်းမှာ အငြင်းပွားခြင်းမရှိချေ။ သေတမ်းစာအတည်ပြုသူ ဦးသန်းဖေကိုယ်တိုင်က သေတမ်းစာပူးတွဲပါရှိသော အမွေထိန်းလက်မှတ်စာကို လျှောက်ထားနေခြင်းဖြစ်ပေရာ ၎င်းသည် သေတမ်းစာပါအတိုင်း ဆောင်ရွက်ရန် ငြင်းပယ်ခြင်းမရှိကြောင်းမှာ ရှင်းလင်းပြီးဖြစ်သည်။

သက်သေခံ (က) သေတမ်းစာအရ သေတမ်းစာအတည်ပြုသူကိုအတိအလင်း ဖော်ပြခန့်ထားသည့် အခြေအနေတွင် သေတမ်းစာအတည်ပြုသူ ဦးသန်းဖေသည် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၃၂ ပြဋ္ဌာန်းချက်အရ သေတမ်းစာ ပူးတွဲပါရှိသော အမွေထိန်းလက်မှတ်စာကို လျှောက်ထားနိုင်ခွင့်မရှိချေ။

ဦးသန်းဖေသည် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၂၂ ပြဋ္ဌာန်းချက်အရ သေတမ်းစာအတည်ပြုလက်မှတ်ကိုသာ လျှောက်ထားရမည်ဖြစ်သည်။

အယူခံတရားလိုအတွက် - ဦးထွန်းလှိုင်၊
(တရားရုံးချုပ်ရှေ့နေ)
အယူခံတရားပြိုင်အတွက် - ၁။ ဒေါ်စန္ဒာသိန်း
(တရားရုံးချုပ်ရှေ့နေ)
(၂ မှ ၁၉) ကိုယ်တိုင် (မလာ)

မွန်ပြည်နယ်တရားရုံး ၂၀၀၅ ခုနှစ် တရားမကြီးမှုအမှတ် ၃၂ တွင် ဦးသန်းဖေက သေတမ်းစာပူးတွဲပါရှိသော အမွေထိန်းစာ ထုတ်ဆင့်ပေးရန် လျှောက်ထားသည်။

ဦးသန်းဖေ၏ လျှောက်ထားချက်အပေါ် ဒေါ်သန်းတင်ပါ ၂၂ ဦးတို့က ကန့်ကွက်ကြသဖြင့် ပြည်နယ်တရားရုံးက တရားမကြီးမှု

၂၀၀၆
ဒေါ်သန်းတင်
ပါ ၄
နှင့်
ဦးသန်းဖေ
ပါ ၁၉

အဖြစ်ပြောင်းလဲ ဖွင့်လှစ်စစ်ဆေးကြားနာပြီးနောက် ဦးသန်းဖေ လျှောက်ထားသည့်အတိုင်း သေတမ်းစာပူးတွဲပါရှိသော အမွေထိန်းစာကို ထုတ်ပေးသည်။

ဒေါ်သန်းတင်၊ ဦးချစ်ဆွေ၊ ဒေါ်လှသိန်းနှင့် ဒေါ်ဝင်းစိန်တို့က ပြည်နယ်တရားရုံး၏ အမိန့်အပေါ် မကျေနပ်သဖြင့် တရားရုံးချုပ်တွင် ဤတရားမ အထွေထွေအယူခံမှုကို တင်သွင်းသည်။

အမှုဖြစ်စဉ်မှာ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ ကျောင်းပိုင်းရပ်ကွက်နေ မွန်နှစ်ခြင်း၊ ခရစ်ယာန်ဘာသာကိုးကွယ်သူ ဒေါ်ငွေယုံက ၁၅-၇-၁၉၉၉ ရက်နေ့တွင် သေတမ်းစာရေးခဲ့သည်။ ၎င်း၏သေတမ်းစာတွင် သေတမ်းစာအတည်ပြုသူများအဖြစ် မွန်နှစ်ခြင်း ခရစ်ယာန်အသင်းတော်၊ အသင်းကောင်စီ ဥက္ကဋ္ဌ ဦးသန်းဖေနှင့် သံဖြူဇရပ်မြို့၊ အောင်ဇေယျရပ်ကွက်၊ မြဟေဝန်လမ်း၊ အိမ်အမှတ် ၂၆ နေ ဦးအုန်းခိုင်တို့အား ခန့်အပ်ထားသည်။ ဒေါ်ငွေယုံ ကွယ်လွန်သည့်အချိန်တွင် သေတမ်းစာတွင် ဖော်ပြပါပစ္စည်းများကို ဦးအုန်းခိုင်နှင့် ဒေါ်ညွန့်ရီတို့ နှစ်ဦးအား အညီအမျှခွဲဝေပေးရန် သေတမ်းစာ၌ ဖော်ပြထားသည်။ ဒေါ်ငွေယုံသည် ၈-၁၂-၂၀၀၀ ပြည့်နှစ် တွင် ကွယ်လွန်ခဲ့သည့်အတွက် သေတမ်းစာ အတည်ပြုသူ ဦးသန်းဖေက သေတမ်းစာပူးတွဲပါရှိသော အမွေထိန်းစာထုတ်ဆင့်ပေးရန် မွန်ပြည်နယ် တရားရုံး၌ လျှောက်ထားခဲ့သောအမှုဖြစ်သည်။

ဦးသန်းဖေ၏ လျှောက်ထားချက်အပေါ် ကွယ်လွန်သူ ဒေါ်ငွေယုံ၏ ဆွေမျိုးနီးစပ်တော်စပ်သူများ ဖြစ်ကြသော ဒေါ်သန်းတင် ပါ-၂၂ ဦးတို့က ကန့်ကွက်ခဲ့သောကြောင့် မွန်ပြည်နယ် တရားရုံးက အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၉၅ အရ တရားမကြီးမှု အဖြစ်ပြောင်းလဲဖွင့်လှစ် စစ်ဆေးကြားနာခဲ့သည်။

ပြည်နယ်တရားရုံးက ရုံးငြင်းချက် ၄ ရပ်ထုတ်နုတ်စစ်ဆေးပြီးနောက် ၁၅-၇-၁၉၉၉ ရက်စွဲပါ ဒေါ်ငွေယုံ၏သေတမ်းစာသည်

၂၀၀၆
ဒေါ်သန်းတင်
ပါ ၄
နှင့်
ဦးသန်းဖေ
ပါ ၁၉

လိမ်လည် လှည့်ဖြားပြုလုပ်ထားသော ပျက်ပြယ်နေသည့် သေတမ်းစာဖြစ်သည်ဆိုခြင်းမှာ မှန်ကန်ခြင်းမရှိကြောင်း၊ ဒေါ်ငွေယုံ၏ သေတမ်းစာတွင် ဒေါ်ငွေယုံပိုင်ဆိုင်သည်ဟု အဆိုရှိသော ပစ္စည်းစာရင်းဖော်ပြပါအတိုင်း သေတမ်းစာပူးတွဲပါရှိသော အမွေထိန်းစာထုတ်ပေးရန်ဖြစ်ကြောင်း၊ တရားလိုဦးသန်းဖေသည် သေတမ်းစာပူးတွဲပါရှိသော အမွေထိန်းစာရထိုက်သူဖြစ်ကြောင်း ဖြေဆိုပြီးနောက် အောက်ပါ အတိုင်း အမိန့်ချမှတ်သည်-

"တရားလို ဦးသန်းဖေအား ၁၅-၇-၁၉၉၉ ရက်စွဲပါ ကွယ်လွန်သူ ဒေါ်ငွေယုံ၏သေတမ်းစာနှင့် ပတ်သက်၍ သေတမ်းစာပါအတိုင်း စီမံခန့်ခွဲနိုင်ရန် ကျပ်သိန်း ၅၀ တန် ခံဝန်သူနှစ်ဦးဖြင့် ခံဝန်ချုပ်ဆိုပါက သေတမ်းစာပူးတွဲပါရှိသည့် အမွေထိန်းစာ ထုတ်ပေးလိုက်ကြောင်း တရားလိုအား စရိတ်နှင့်တကွ အနိုင် ဒီကရီချမှတ်ပေးလိုက်သည်။"

ဤအထွေထွေအယူခံမှုတွင် အယူခံတရားလိုများက တင်ပြသောအကြောင်းပြချက်များအနက် အဓိကအကြောင်းပြချက်တစ်ရပ်ဖြစ်သော "သေတမ်းစာ အတည်ပြုလွှာ လျှောက်ထားမှုမရှိဘဲ အမွေထိန်းစာလျှောက်ထားခြင်းသည် ဥပဒေအရမှားယွင်းနေသည့်" ဟူသောအချက်ကို အလေးထားစိစစ်ရန်ဖြစ်သည်။

မူလမှုတွင် သေတမ်းစာပူးတွဲပါရှိသော အမွေထိန်းစာထုတ်ဆင့်ပေးရန် လျှောက်ထားချက်ကိုကြည့်လျှင် လျှောက်ထားသူမှာ ဦးသန်းဖေဖြစ်ကြောင်း တွေ့ရှိရသည်။

လျှောက်ထားသူ ဦးသန်းဖေက သေတမ်းစာပူးတွဲပါရှိသော အမွေထိန်းစာ ထုတ်ဆင့်ပေးရန် လျှောက်ထားရာ၌ ၎င်း၏လျှောက်ထားချက်အပိုဒ် ၂ နှင့် ၃ တို့တွင် အောက်ပါအတိုင်း ဖော်ပြလျှောက်ထားသည်ကို တွေ့ရသည် -

၂။ သံဖြူဇရပ်မြို့ အမှတ် ၁၂ ဗိုလ်နေဝင်းလမ်း၊ ကျောင်းပိုင်းရပ်ကွက်နေ ခရစ်ယာန်ဘာသာကိုးကွယ်သူ၊ အဘဦးပန်းဇင်၏သမီး ဒေါ်ငွေယုံသည် ၎င်းမကွယ်လွန်မီ ၁၅-၇-၁၉၉၉ ရက်နေ့က နောက်ဆုံးသေတမ်းစာကို ရေးသားသွားခဲ့ပါသည်။ ၂၀၀၆ ဒေါ်သန်းတင် ပါ ၄ နှင့် ဦးသန်းဖေ ပါ ၁၉

၃။ အဆိုပါသေတမ်းစာအရ ဒေါ်ငွေယုံမှ သေတမ်းစာအတည်ပြုသူများအဖြစ် လျှောက်ထားသူနှင့် သံဖြူဇရပ်မြို့၊ အောင်ဇေယျရပ်ကွက် မြဟောဝန်လမ်း၊ အမှတ် ၂၆ နေ ဦးအုံးခိုင်တို့ အားခန့်ထားခဲ့ပါသည်။"

ဦးသန်းဖေ၏ လျှောက်ထားချက်အရဆိုလျှင် သေတမ်းစာ၌ ၎င်းအား သေတမ်းစာအတည်ပြုသူအဖြစ် ခန့်ထားကြောင်း မြင်သာသည်။ ဦးသန်းဖေသည် သေတမ်းစာအတည်ပြုသူတစ်ယောက်အနေဖြင့် သေတမ်းစာပူးတွဲပါရှိသော အမွေထိန်းလက်မှတ်စာကို လျှောက်ထားခြင်းဖြစ်သည်။

အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၃၂ တွင် သေတမ်းစာပူးတွဲပါရှိသော အမွေထိန်းလက်မှတ်စာ လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

" 232. When --

(a) the deceased has made a will, but has not appointed an executor, or

(b) the deceased has appointed an executor who is legally incapable or refuses to act, or who has died before the testator or before he has proved the will, or

(c) the executor dies after having proved the will, but before he has administered all the estate of the

၂၀၀၆
ဒေါ်သန်းတင်
ပါ ၄
နှင့်
ဦးသန်းဖေ
ပါ ၁၉

deceased, an universal or a residuary legatee may be admitted to prove the will, and letters of administration with the will annexed may be granted to him of the whole estate, or of so much thereof as may be unadministered."

အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၃၂ ပြဋ္ဌာန်းချက်အရ ဆိုလျှင် သေတမ်းစာတွင် သေတမ်းစာအတည်ပြုသူခန့်ထားခြင်း မရှိလျှင်သော်လည်းကောင်း၊ သေတမ်းအတည်ပြုသူခန့်ထားခဲ့သော် လည်း ၎င်းက သေတမ်းစာပါအတိုင်း ဆောင်ရွက်ရန် မစွမ်းဆောင်နိုင် ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းသော်လည်းကောင်းရှိခဲ့လျှင် အမွေစား အမွေခံတစ်ဦးက သေတမ်းစာပူးတွဲပါသည့်အမွေထိန်းစာကို တောင်းခံနိုင်မည်ဖြစ်သည်။

အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၃၂ ပြဋ္ဌာန်းချက်ကို တိကျစွာ လိုက်နာနိုင်ရန် **ပါရပ်(စ်)စရမ်ဂိုစိန်နှင့် မာမယ်(လ်)ဆင်း အမှု**[၁]တွင် အောက်ပါအတိုင်း စီရင်ထုံးပြုဋ္ဌာန်းပြ ထားသည်-

"သေတမ်းစာတွင် သေတမ်းစာအတည်ပြုသူခန့်ထားခြင်း မရှိမှသာ အမွေစားအမွေခံတစ်ဦးက အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၃၂ အရ သေတမ်းစာပူးတွဲပါသည့် အမွေ ထိန်းစာကို တောင်းခံနိုင်မည်ဖြစ်သည်။ သေတမ်းစာ အတည်ပြုသူခန့်ထားပါက ထိုသူကသာ အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၂၂ အရ သေတမ်းစာအတည်ပြုချက် လက်မှတ်လျှောက်ထားရမည်ဖြစ်သည်။ အမွေစားများက လျှောက်ထားခြင်း မပြုနိုင်ပေ။"

မူလမှုတွင် လျှောက်ထားသူဦးသန်းဖေသည် သေတမ်းစာ အတည်ပြုသူတစ်ဦးအဖြစ် သက်သေခံ(က) သေတမ်းစာ၌ခန့်ထား

(၁) ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၃၅

၂၀၀၆
ဒေါ်သန်းတင်
ပါ ၄
နှင့်
ဦးသန်းဖေ
ပါ ၁၉

ကြောင်းမှာ အငြင်းပွားခြင်းမရှိချေ။ သေတမ်းစာအတည်ပြုသူ ဦးသန်းဖေကိုယ်တိုင်က သေတမ်းစာပူးတွဲပါရှိသော အမွေထိန်းလက်မှတ်စာကို လျှောက်ထားနေခြင်းဖြစ်ပေရာ ၎င်းသည် သေတမ်းစာပါအတိုင်း ဆောင်ရွက်ရန်ငြင်းပယ်ခြင်းမရှိကြောင်းမှာ ရှင်းလင်းပြီးဖြစ်သည်။

သက်သေခံ (က)သေတမ်းစာအရ သေတမ်းစာအတည်ပြုသူကို အတိအလင်းဖော်ပြခန့်ထားသည့်အခြေအနေတွင် သေတမ်းစာအတည်ပြုသူဦးသန်းဖေသည် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၃၂ ပြဋ္ဌာန်းချက်အရ သေတမ်းစာပူးတွဲပါရှိသော အမွေထိန်းလက်မှတ်စာကို လျှောက်ထားနိုင်ခွင့်မရှိချေ။

ဦးသန်းဖေသည် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၂၂ ပြဋ္ဌာန်းချက်အရ သေတမ်းစာအတည်ပြု လက်မှတ်ကိုသာ လျှောက်ထားရမည်ဖြစ်သည်။

အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၂၂ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

" 222. (1) Probate shall be granted only to an executor appointed by the will."

အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်အရ သေတမ်းစာအတည်ပြုလက်မှတ်ကို သေတမ်းစာအရခန့်ထားသော သေတမ်းစာအတည်ပြုသူတစ်ယောက်သို့သာ ခွင့်ပြုထုတ်ပေးနိုင်သဖြင့် ဦးသန်းဖေ သည် သေတမ်းစာအတည်ပြုလက်မှတ်ကို လျှောက်ထားရမည်ဖြစ် သည်။ သေတမ်းစာပူးတွဲပါရှိသော အမွေထိန်းလက်မှတ်စာကို လျှောက်ထားခွင့်ရှိမည်မဟုတ်ပေ။

မူလမှုတွင် ဦးသန်းဖေသည် သေတမ်းစာအတည်ပြုသူအဖြစ်ခန့်ထားခြင်းခံရသော်လည်း သေတမ်းစာပူးတွဲပါရှိသည့် အမွေထိန်းလက်မှတ်စာကို လျှောက်ထားခြင်းဖြစ်ရာ ၎င်း၏မူလလျှောက်ထား

၂၀၀၆
ဒေါ်သန်းတင်
ပါ ၄
နှင့်
ဦးသန်းဖေ
ပါ ၁၉

ချက်ကို ပြောင်းလဲ၍ သေတမ်းစာအတည်ပြုလက်မှတ်လျှောက်ထား ချက်အဖြစ် လက်ခံခွင့်ပြုစဉ်းစားဆုံးဖြတ်ပေးနိုင်မည်မဟုတ်ပေ။ အကြောင်းမှာ သေတမ်းစာအတည်ပြုလက်မှတ်နှင့် သေတမ်းစာပူးတွဲ ပါရှိသော အမွေထိန်းလက်မှတ်စာတို့မှာ တူညီခြင်းမရှိ။ အမွေဆက်ခံခြင်း အက်ဥပဒေပါ သီးခြားပြဋ္ဌာန်းချက်တစ်ခုစီအပေါ်တွင် အခြေခံသတ်မှတ်ထားသောကြောင့်ဖြစ်သည်။

ထို့ကြောင့် ဦးသန်းဖေသည် သေတမ်းစာပူးတွဲပါရှိသော အမွေထိန်းလက်မှတ်စာ လျှောက်ထားခြင်းမှာ မှားယွင်းသကဲ့သို့ မူလရုံးက ဦးသန်းဖေအား သေတမ်းစာပူးတွဲပါရှိသော အမွေထိန်းလက်မှတ်စာကို ခွင့်ပြုခဲ့ခြင်းမှာ ဥပဒေပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိဟုဆိုရပေမည်။ ဦးသန်းဖေအနေဖြင့် အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ ၂၂၂ အရ သေတမ်းစာအတည်ပြုလက်မှတ်ကို မူလရုံးတွင် ပြောင်းလဲပြင်ဆင်လျှောက်ထားရန်ဖြစ်သည်။

အထက်ပါ အကြောင်းများကြောင့် ဤတရားမအထွေထွေ အယူခံမှုကို ခွင့်ပြုသည်။ မူလပြည်နယ်တရားရုံးက ဦးသန်းဖေအား သေတမ်းစာပူးတွဲပါရှိသော အမွေထိန်းလက်မှတ်စာ ထုတ်ပေးသည့် အမိန့်ကို ပယ်ဖျက်၍ မူလမှုလျှောက်ထားသူ ဦးသန်းဖေ၏ လျှောက်ထားချက်ကို စရိတ်နှင့်တကွပလပ်သည်။

ရှေ့နေစရိတ် ကျပ် ၁၀၀/ - သတ်မှတ်သည်။

+ ၂၀၀၆
နိုဝင်ဘာလ
၂၈ ရက်

တရားမ ဒုတိယအယူခံမှု

တရားရုံးချုပ်တရားသူကြီးဦးသက်ထွန်းရွှေ့တွင်

ဒေါ်ဥမ္မာ
နှင့်
ဦးတင့်လွင် ပါ ၅ *

ဘရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၅ (၁) - ဒီကရီကိုအယူခံဝင်ရာတွင် အမှုအဆုံးအဖြတ်ကို ထိခိုက်သောအမိန့် တစ်ရပ်ရပ်ပါ မှားယွင်းချက်၊ ချို့ယွင်းချက် သို့မဟုတ် နည်းလမ်းမကျချက်တစ်ရပ်ရပ်ကို အယူခံလွှာ၌ ကန့်ကွက်ချက်အဖြစ်ဖော်ပြနိုင်သည်ဟု ပြဋ္ဌာန်းချက်အရ အယူခံမှုတွင် ကန့်ကွက်ချက်အဖြစ်ဖော်ပြနိုင်သူမှာ အောက်ရုံးများတွင် အမှုရှုံးသူ အယူခံတရားလိုဖြစ်ခြင်း။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၅(၁)အရ စည်းကမ်းသတ်ကာလကျော်လွန်ကြောင်းကို ဤအယူခံမှုတွင် လျှောက်ထားသူမှာ အောက်ရုံးများတွင် အမှုနိုင်သူအယူခံတရားပြိုင်ဖြစ်ခြင်း။ အောက်ရုံးများတွင် အမှုနိုင်သူအယူခံတရားပြိုင်က တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၅(၁)အရ တင်ပြလျှောက်ထားခြင်းကို လက်ခံစဉ်းစားနိုင်ခြင်းရှိ၊ မရှိ။

---

* ၂၀၀၆ ခုနှစ်၊ တရားမ ဒုတိယအယူခံမှု အမှတ် ၄၅

\+ ၂၀၀၆ ခုနှစ်၊ တရားမပထမအယူခံမှု အမှတ် ၆၇ တွင် ချမှတ်သော ၁၄-၇-၂၀၀၆ ရက်စွဲပါ မန္တလေးတိုင်း တရားရုံး၏ ဒီကရီကိုအယူခံမှု

၂၀၀၆
ဒေါ်ဥမ္မာ
နှင့်
ဦးတင့်လွင်
ပါ ၅

ဆုံးဖြတ်ချက်။ ။ ဒေါ်တင်ကြည်နှင့် ဦးစန်းမြင့်ပါ -၂ အမှု[၁] တွင်ကြားဖြတ်အမိန့်တစ်ရပ်ချမှတ်ပြီးနောက် အမှုကိုအပြီးသတ်ဆုံးဖြတ်လိုက်လျှင် ယေဘုယျအားဖြင့် အပြီးသတ်ဆုံးဖြတ်ချက်ကိုသာ အယူခံဝင်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့အယူခံဝင်ရာတွင် ကြားဖြတ်အမိန့်နှင့်စပ်လျဉ်း၍ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၅(၁) တွင် ခွင့်ပြုထားသည့်အတိုင်း အကြောင်းပြချက်တစ်ရပ်အဖြစ် တင်ပြလျှောက်ထားခွင့်ရှိကြောင်း ညွှန်ပြထားသည်။

တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၅(၁) ပြဋ္ဌာန်းချက်အရ အကြောင်းပြချက်တစ်ရပ်အဖြစ် တင်ပြနိုင်သူမှာ အယူခံတရားလိုဖြစ်ပြီး အယူခံတရားပြိုင်က တင်ပြလျှောက်ထားခြင်းသည် အကျုံးမဝင်ပေ။ အယူခံတရားပြိုင်က စည်းကမ်းသတ်ကာလကျော်လွန်ကြောင်း တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၅(၁) အရ တင်ပြလျှောက်ထားခြင်းကို လက်ခံစဉ်းစားရန်အကြောင်းမရှိပေ။

အယူခံတရားလိုအတွက် - ဦးမောင်မောင်တင်
(တရားရုံးချုပ်ရှေ့နေ)

အယူခံတရားပြိုင်များအတွက် - (၁၊ ၂) ဦးမြလှိုင်
(တရားရုံးချုပ်ရှေ့နေ)
(၃၊ ၄၊ ၅) ကိုယ်တိုင် (မလာ)

မိတ္ထီလာခရိုင်တရားရုံး၊ ၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ်၄၆ တွင် တရားလိုဒေါ်ဥမ္မာက တရားပြိုင်ဦးတင့်လွင်ပါ ၅ ဦးတို့အပေါ် မိတ္ထီလာမြို့၊ မြို့မ(၄)နယ်မြေ၊ ဖောင်တော်ဦးဘုရားအရှေ့ဘက်ရှိ မြို့မ (၄)ရပ်ကွက်၊ အကွက်အမှတ်(၂-မင်းရပ်)၊ ဦးပိုင်အမှတ်(၂၀/ခ) မြေကွက်အမှတ် ၁၇၊ ဧရိယာ ၀. ၀၁၈ ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်တို့ကို အရောင်းမှတ်ပုံတင်စာချုပ် ပြုလုပ်လက်မှတ် ရေးထိုး

(၁) ၁၉၉၀ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၃၄(၃၉)

၂၀၀၆
ဒေါ်ဥမ္မာ
နှင့်
ဦးတင့်လွင်
ပါ ၅

ကာ အိမ်နှင့်မြေတို့ကို ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု စွဲဆိုခဲ့သည်။

ခရိုင်တရားရုံးက တရားလိုဒေါ်ဥမ္မာ စွဲဆိုသောအမှုကို ပလပ်ခဲ့သဖြင့် ဒေါ်ဥမ္မာက မန္တလေးတိုင်းတရားရုံး၊ ၂၀၀၆ ခုနှစ် တရားမအယူခံမှုအမှတ် ၆၇ ကိုတင်သွင်းသော်လည်း မူလခရိုင်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အတည်ပြုပြီး ဒေါ်ဥမ္မာတင်သွင်းသောအယူခံမှုအား ပလပ်ခဲ့သည်။ ထို့ကြောင့် မူလခရိုင် တရားရုံး၊ တရားလိုဒေါ်ဥမ္မာက မကျေနပ်သဖြင့် တရားရုံးချုပ်(မန္တလေးရုံးထိုင်)သို့ ဤတရားမ ဒုတိယအယူခံမှုကို တင်သွင်းလာခြင်းဖြစ်သည်။

တရားလိုဒေါ်ဥမ္မာက ၎င်း၏အဆိုလွှာတွင် အချင်းဖြစ်မိတ္ထီလာမြို့ရှိမြေနှင့်အိမ်တို့မှာ တရားပြိုင်များအမွေရရှိသည့် အိမ်နှင့်မြေဖြစ်ကြောင်း၊ အဆိုပါအိမ်နှင့်မြေကို အမှတ် ၁၊ ၂၊ ၃ တရားပြိုင်များနှင့် အမှတ် ၄၊ ၅ တရားပြိုင်များ၏ခင်ပွန်းတို့က တရားလိုအား ၁၂-၈-၁၉၉၉ ရက်စွဲပါ ကတိစာချုပ်ဖြင့် ရောင်းချခဲ့ကြောင်း၊ ထိုစာချုပ်တွင် တရားလိုနှင့် အမှတ်(၁) တရားပြိုင်ဦးတင့်လွင်တို့သာ ရောင်းသူ ဝယ်သူအဖြစ် လက်မှတ်ရေးထိုးပြီး ကျန်တရားပြိုင်များက အသိသက်သေအဖြစ် လက်မှတ်ရေးထိုးကြကြောင်း၊ အဆိုပါအိမ်ဝိုင်းမြေကို ဝယ်ယူရာတွင် အမှတ်(၁)တရားပြိုင်အား ငွေ ၃ သိန်းကျပ်၊ အမှတ်(၂) တရားပြိုင်အား ငွေ ၆,၅၀,၀၀၀ ကျပ်နှင့် အမှတ်(၃၊ ၄၊ ၅) တရားပြိုင်တို့အား ၁၂ သိန်းကျပ်၊ စုစုပေါင်းတန်ဘိုးငွေ ၂၁,၅၀,၀၀၀ ကျပ်ဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ဝယ်ယူခဲ့သော်လည်း တရားပြိုင်များသည် အချင်းဖြစ်မြေနှင့်အိမ်တို့အပေါ် အရောင်းမှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုပေးခြင်းမရှိကြောင်း၊ တရားလိုသည် အကျိုးဆောင်မှတစ်ဆင့် တရားပြိုင်များထံ ၂၇-၈-၂၀၀၄ ရက်စွဲပါ နို့တစ်စာဖြင့် မိတ္ထီလာမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အရောင်းစာချုပ်ကို လက်မှတ်ရေးထိုးပေးရန် တောင်းဆို

၂၀၀၆
ဒေါ်ဥမ္မာ
နှင့်
ဦးတင့်လွင်
ပါ ၅

သော်လည်း တရားပြိုင်က လိုက်နာခြင်းမရှိကြောင်း၊ အဆိုပါ အိမ်နှင့်မြေအရောင်း မှတ်ပုံတင်စာချုပ်ပြုလုပ်လက်မှတ်ရေးထိုးကာ အိမ်နှင့်မြေတို့ကို တရားလိုအား လက်ရောက်လွှဲအပ်စေသည့် စီရင်ချက်နှင့်ဒီကရီချမှတ်ပေးစေလိုကြောင်း အဆိုပြုစွဲဆိုသည်။

အမှတ် (၁)(၂) တရားပြိုင်တို့က ၎င်းတို့၏ချေလွှာတွင် တရားပြိုင်များက တရားလိုအား ၁၂-၈-၁၉၉၉ ရက်စွဲပါ နေအိမ်ဝိုင်းမြေကတိစာချုပ်ဖြင့် ရောင်းချခဲ့သည်ဆိုခြင်းမှာ မှန်ကန်မှုမရှိကြောင်း၊ အဆိုပါစာချုပ်မှာ တရားလိုက ၎င်း၏အမည်ဂရန်ပေါက်လျှင် အမွေဆိုင်အိမ်နှင့်မြေကို ငွေအမ်း၍ အမွေခွဲဝေပေးမည်ဟု ပြောဆိုသည်ကို ယုံကြည်သဖြင့် တရားလိုက ဂရန်လျှောက်ထားရာတွင် လွယ်ကူစေရန် အရောင်းအဝယ်စာချုပ်ပြုလုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဂရန်ရပြီးနောက် တရားလိုသည် မူလကတိအတိုင်း ငွေအမ်းခဲ့ခြင်းမရှိကြောင်း၊ အမှတ်(၁) (၂) တရားပြိုင်များအနေဖြင့် တရားလိုထံမှ ငွေတစ်ပြားတစ်ချပ်မျှ မရခဲ့ကြောင်း၊ အမှတ် (၃) (၄) (၅)တရားပြိုင်များ ငွေရရှိခြင်းရှိမရှိ မသိကြောင်း၊ အချင်းဖြစ်ဝိုင်းမြေကို ဦးတင့်လွင်တစ်ဦးတည်းမပိုင်သဖြင့် အရောင်းအဝယ် အထမမြောက်ကြောင်း၊ တရားလိုသည် တရားပြိုင်အမှတ်(၁) (၂)တို့အပေါ် ၁၂-၈-၁၉၉၉ ရက်စွဲပါ အချင်းဖြစ်မြေနှင့်အိမ် အရောင်းအဝယ်ကတိစာချုပ်နှင့် အချင်းဖြစ်မြေကွက်တွင် တရားလို၏အမည်ဖြင့် ဂရန်ရရှိခဲ့ခြင်းတို့အပေါ်အခြေပြု၍ အချင်းဖြစ်မြေနှင့်အိမ်ကို လက်ရောက်ရလိုမှု စွဲဆိုခဲ့ပြီးဖြစ်ကြောင်း၊ ထိုအမှုတွင် တရားစွဲဆိုရန်အကြောင်းသည် ၃၁-၈-၂၀၀၁ ရက်နေ့တွင် ပေါ်ပေါက်သည်ဟု ဖော်ပြထားခဲ့ကြောင်း၊ အဆိုပါအမှုသည် တရားရုံးချုပ်(မန္တလေးရုံးထိုင်) ၂၀၀၄ ခုနှစ် တရားမအထွေထွေလျှောက်လွှာ(အထူး)အမှတ် ၂၃ အထိ တက်ရောက်ခဲ့ပြီး ယခုအမှုမှ တရားလိုသည် အမှုရှုံးနိမ့်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ယခုစွဲဆိုလာသောအမှုသည် ကာလ စည်းကမ်းသတ်ကျော်လွန်ပြီး

ဖြစ်ကြောင်း၊ ထို့အတူ တရားရုံးချုပ်(မန္တလေးရုံးထိုင်) ၂၀၀၃ ခုနှစ်၊ တရားမ ဒုတိယအယူခံအမှတ် ၁၅ နှင့် ၂၀၀၄ ခုနှစ် တရားမ အထွေထွေလျှောက်လွှာ(အထူး)အမှတ် ၂၃ တို့ပါ ဆုံးဖြတ်ချက်များအရ ယခုအမှုတွင် တရားလိုတောင်းဆိုသည့် သက်သာခွင့်နှင့် စပ်လျဉ်း၍ တရားပြိုင်များဘက်သို့အသာပေး ဆုံးဖြတ်ခဲ့ပြီးဖြစ်ကြောင်း၊ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၁ အရ မီးသေပြီးအမှုဖြစ်၍ တရားလို၏အဆိုလွှာကို စရိတ်နှင့်တကွ ပလပ်သင့်ကြောင်း လျှောက်ထားသည်။

၂၀၀၆
ဒေါ်ဥမ္မာ
နှင့်
ဦးတင့်လွင်
ပါ ၅

အမှတ်(၃) တရားပြိုင် မဝင်းမေ၊ အမှတ်(၄)တရားပြိုင် မချိုပြုံး၊ အမှတ်(၅)တရားပြိုင် မအေးသန်းတို့က တရားလို၏အဆိုလွှာအတိုင်း သဘောတူကြောင်းဖြောင့်လွှာတင်သွင်းခဲ့သည်။

မိတ္ထီလာခရိုင်တရားရုံးသည် အဆိုအချေတို့အရ ငြင်းချက် ၄ ရပ် ထုတ်နုတ်ခဲ့ရာ "စည်းကမ်းသတ်ကာလ ကျော်လွန်မှတရားစွဲဆိုသည်ဆိုခြင်းမှာမှန်သလား"ဟူသောငြင်းချက်နှင့် "စွဲဆိုမှုသည် မီးသေဆုံးဖြတ်ချက်ဖြစ်သည်ဆိုခြင်းမှာ မှန်သလား"ဟူသော ငြင်းချက်နှစ်ရပ်ကို ဥပဒေဆိုင်ရာငြင်းချက်အဖြစ် သတ်မှတ်ကြားနာပြီးနောက် တရားလိုဘက်သို့အသာပေး ဖြေဆိုခဲ့သည်။ ထိုဖြေဆိုချက်ကို မန္တလေးတိုင်းတရားရုံး ၂၀၀၅ ခုနှစ် တရားမပြင်ဆင်မှုအမှတ် ၂၆ တွင် အတည်ပြုခဲ့သည်။ ထို့နောက် ကျန်ငြင်းချက်နှစ်ရပ်နှင့် စပ်လျဉ်း၍ နှစ်ဖက်စစ်ဆေးကာ ကြားနာပြီးနောက် တရားလိုဒေါ်ဥမ္မာနှင့် အမှတ်(၁)(၂)(၃)တရားပြိုင်တို့သည် မောင်နှမအရင်းများဖြစ်ကြပြီး အမှတ်(၄)နှင့်(၅)တရားပြိုင်တို့မှာ တရားလို၏မောင်အရင်း ကွယ်လွန်သူ ဦးစိုးလွင်နှင့်ကွယ်လွန်သူ ဦးမြင့်စိုးတို့၏ ဇနီးများဖြစ်ကြောင်း၊ တရားလို တရားပြိုင်တို့၏မိဘ ဦးသန်းရွှေ ဒေါ်တင်မြင့်တို့ ကွယ်လွန်သောအခါ အမွေပစ္စည်းအဖြစ် အိမ်ဝိုင်းမြေနှစ်ကွက်ကျန်ခဲ့ကြောင်း၊ မိဘများကွယ်လွန်ပြီးနောက် မိသားစုစီမံမှုဖြင့်

၂၀၀၆
ဒေါ်ဥမ္မာ
နှင့်
ဦးတင့်လွင်
ပါ ၅

အမွေခွဲဝေသတ်မှတ်ခဲ့ကြရာ အချင်းဖြစ်မြေနှင့်အိမ်ကို အမှတ်(၁)(၂)(၃) တရားပြိုင်နှင့် အမှတ်(၄)(၅) တရားပြိုင်တို့၏ ခင်ပွန်းတို့က အမွေအဖြစ်ပူးတွဲရရှိကြကြောင်း၊ ကျန်အိမ်မြေကို တရားလိုဒေါ်ဥမ္မာ၊ ကိုသန်းမြင့်ဦး၊ မောင်စိုးနန္ဒ၊ မောင်ခင်ထွန်း တို့က အမွေအဖြစ် ပူးတွဲရရှိကြကြောင်း၊ သက်သေခံ(က)စာချုပ်တွင် ငွေ ၃ သိန်းကျပ်လက်ခံရရှိကြောင်းဖော်ပြထားပြီး အမှတ်(၁)တရားပြိုင်ဦးတင့်လွင်က လက်မှတ်ရေးထိုးထားသဖြင့် ၄င်းသည် ငွေကြေးတစ်စုံတစ်ရာလက်ခံရရှိခဲ့ခြင်းမရှိဟူသောအချက်ကို လက်ခံရန်ခက်ခဲကြောင်း၊ တရားလိုက အမှတ်(၂)တရားပြိုင် ဒေါ်မြမြစန်းအားဝေစု ၆,၅၀,၀၀၀ ကျပ်ပေးချေကြောင်းကို စာတမ်းအမှတ်အသားတစ်စုံတစ်ရာတင်မပြနိုင်သဖြင့် တရားလိုသည် အမှတ်(၂) တရားပြိုင်အားအမွေဝေစုပေးပြီးဖြစ်သည်ဆိုခြင်းမှာ လက်မခံထိုက်ကြောင်း၊ တရားပြိုင် ၅ ဦးအတွက် အမွေဝေစုဖြစ်သော အချင်းဖြစ်မြေနှင့်အိမ်ကို တရားလိုသည် အမွေဝေစုဝင် အမှတ်(၁) တရားပြိုင် ဦးတင့်လွင်တစ်ဦးတည်းကို ရောင်းချသူအဖြစ်ဖော်ပြပြီး တန်ဘိုး ၃ သိန်းကျပ်ဖြင့် ၁၂-၈-၁၉၉၉ ရက်စွဲပါ သက်သေခံ(က)နေအိမ်ဝိုင်းမြေအရောင်းအဝယ် ကတိစာချုပ်ချုပ်ဆိုကာမျှဖြင့် အချင်းဖြစ်အိမ်မြေကို သက်သေခံ(က)စာချုပ်ဖြင့် ငွေ ၂၁,၅၀,၀၀၀ ကျပ်ပေးပြီး ဝယ်ယူခဲ့သည်ဆိုခြင်းမှာ မှန်ကန်ခြင်းမရှိကြောင်း သုံးသပ်ပြီး တရားလိုစွဲဆိုသောအမှုကို ပလပ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။

ပထမအယူခံရုံးဖြစ်သော မန္တလေးတိုင်းတရားရုံးက သက်သေခံ(က)အရောင်းအဝယ်စာချုပ်တွင် အပိုင်ရောင်းချသူဦးတင့်လွင်၊ အပိုင်ဝယ်ယူသူ ဒေါ်ဥမ္မာဟု ဖော်ပြပြီး တန်ဘိုးငွေ ၃ သိန်းကျပ်ဖြင့် ရောင်းသူမှ ဝယ်သူသို့အချင်းဖြစ်မြေနှင့် အိမ်ကိုလက်ရောက်ပေးအပ်ကာ ဝယ်သူမှ ငွေ ၃ သိန်းကျပ်လက်ခံရရှိသည်ဟု ဖော်ပြထားကြောင်း၊ သက်သေခံ(က)စာချုပ်စာမျက်နှာ(၁)၌ အချင်းဖြစ်ဝိုင်း

၂၀၀၆
ဒေါ်ဥမ္မာ
နှင့်
ဦးတင့်လွင်
ပါ ၅

မြေအား ဝယ်ယူသူ ဒေါ်ဥမ္မာကလက်ရောက်ရရှိပြီးဖြစ်သည်ဟု ဝန်ခံထားကြောင်း၊ တရားရုံးချုပ်(မန္တလေးရုံးထိုင်) ၂၀၀၃ ခုနှစ် တရားမဒုတိယအယူခံမှုအမှတ် ၁၅ တွင် "ရောင်းဝယ်မှုများ တရားဝင်အထမမြောက်သဖြင့် အချင်းဖြစ်မြေတွင် ဦးတင့်လွင်တို့ရရှိထားသောပိုင်ရေးပိုင်ခွင့်မှာ ဥပဒေနှင့်အညီချုပ်ငြိမ်းခြင်းမရှိသေးကြောင်း၊ မူလခရိုင်တရားရုံးက တရားလိုတောင်းဆိုသော သက်သာခွင့်အားစရိတ်နှင့်တကွ ပလပ်ခဲ့ခြင်းသည် မှားယွင်းမှုမရှိကြောင်း" သုံးသပ်ပြီး မူလခရိုင်တရားရုံး၏စီရင်ချက်နှင့် ဒီကရီကို အတည်ပြုခဲ့သည်။

အယူခံတရားလိုဒေါ်ဥမ္မာ၏ တရားရုံးချုပ်ရှေ့နေက သက်သေခံ(က)အရောင်းအဝယ် ကတိစာချုပ်နှင့် သက်သေခံ(ခ) ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအရအချင်းဖြစ်မြေဂရန်ကို အယူခံတရားလိုအမည်ဖြင့် ထုတ်ပေးခဲ့ကြောင်း၊ ယင်းကျမ်းကျိန်လွှာအရ တရားရုံး၌ပြုလုပ်ခဲ့ပြီး အယူခံတရားပြိုင်(၁)(၂)တို့က မှန်ကန်ပါသည်ဟု လက်မှတ်ရေးထိုးခဲ့ပါလျက် ကျမ်းကျိန်လွှာအပေါ် ထည့်သွင်းစဉ်းစားရန်ပျက်ကွက်ခဲ့သော မိတ္ထီလာခရိုင်နှင့် မန္တလေးတိုင်း တရားရုံးအမိန့်သည် မှားယွင်းကြောင်း၊ ပဋိညာဉ်ပြုလုပ်ရာတွင် နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ ပြုလုပ်နိုင်ကြောင်း ပြဋ္ဌာန်းထားပါလျက် တရားလိုကအမှတ်(၂) တရားပြိုင်ဒေါ်မြမြစိန်း၏ အမွေဝေစုအတွက် ၆,၅၀,၀၀၀ ကျပ် ပေးချေသည့် စာတမ်းအမှတ်အသားတင်ပြနိုင်ခြင်းမရှိ၍ တရားလိုသည် အမှတ်(၂) တရားပြိုင်အားအမွေဝေစုတန်ဘိုးပေးချေခဲ့ပြီး ဖြစ်သည်ဆိုသောအချက်ကို လက်ခံရန်အကြောင်းမပေါ်ပေါက်ဟု ကောက်ယူဆုံးဖြတ်ခဲ့ခြင်းသည် မှားယွင်းကြောင်း၊ မန္တလေးတိုင်း တရားရုံး၏စီရင်ချက်၊ စာမျက်နှာ(၅)ပဉ္စမအပိုဒ်တွင် တရားရုံးချုပ်(မန္တလေးရုံးထိုင်) ၂၀၀၃ ခုနှစ် တရားမဒုတိယအယူခံမှုအမှတ် ၁၅ ၌ "ရောင်းဝယ်မှုများ တရားဝင်အထမမြောက်သဖြင့်

၂၀၀၆
ဒေါ်ဥမ္မာ
နှင့်
ဦးတင့်လွင်
ပါ ၅

ဦးတင့်လွင်တို့ ရရှိထားသောပိုင်ရေးပိုင်ခွင့်မှာ ဥပဒေနှင့်အညီ ချုပ်ငြိမ်းခြင်း မရှိသေးကြောင်း" ဆုံးဖြတ်ခဲ့ခြင်းမှာ ယခင်မိတ္ထီလာခရိုင်တရားရုံး၊ ၂၀၀၂ ခုနှစ် တရားမကြီးအမှုအမှတ် ၁၂ မှ ပေါ်ပေါက်လာပြီး အဆိုပါအမှုမှာ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၈ အရ စွဲဆိုသောအမှု၏ ဆုံးဖြတ်ချက်သာဖြစ်ကြောင်း၊ ယခုအမှုမှာ ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုဖြစ်၍ ယင်းဆုံးဖြတ်ချက်ကို ဦးစားပေးဆုံးဖြတ်ခဲ့ခြင်းမှာ ဥပဒေအရလွန်စွာမှားယွင်းနေပါ၍ တရားရုံးချုပ်မှ ပယ်ဖျက်ပြင်ဆင်ပေးသင့်ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်ဦးတင့်လွင်၊ ဒေါ်မြမြစန်းတို့နှစ်ဦး၏ တရားရုံးချုပ်ရှေ့နေက ပဏာမငြင်းချက်အမှတ်(၂)အရ "စည်းကမ်းသတ် ကာလကျော်လွန်မှတရားစွဲဆိုသည် ဆိုခြင်းမှာ မမှန်ကြောင်း" ဖြေကြားခဲ့သည့် မူလခရိုင်တရားရုံး၏ အမိန့်ကိုမန္တလေးတိုင်းတရားရုံး၊ ၂၀၀၅ ခုနှစ် တရားမပြင်ဆင်မှုအမှတ် ၂၆ တွင် ဦးတင့်လွင်၊ ဒေါ်မြမြစန်းတို့က ပြင်ဆင်မှုလျှောက်ထားခဲ့ရာ ပလပ်ခြင်းခံခဲ့ရကြောင်း၊ ထိုသို့ပလပ်သည့်အမိန့်ကို ထပ်မံ၍ပြင်ဆင်မှုတက်ရောက်ရန် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေး ဥပဒေအရအခွင့်အရေးမရှိသဖြင့် မတက်ခဲ့ရသောကြောင့် ဤတရားမ ဒုတိယအယူခံမှုတွင် အဆိုပါ စည်းကမ်းသတ်ကာလနှင့်ပတ်သက်၍ ထည့်သွင်းလျှောက်ထားရခြင်းဖြစ်ကြောင်း၊ မိတ္ထီလာခရိုင်တရားရုံး၊ ၂၀၀၂ ခုနှစ် တရားမကြီးမှုအမှတ် ၁၂ တွင် တရားလိုဒေါ်ဥမ္မာတွင်သွင်းသည့် အဆိုလွှာအပိုဒ် ၉၊ ၁၀ ၌ တရားပြိုင်တို့သည် နို့တစ်စာကိုမလိုက်နာသည့်အတွက် နို့တစ်စာပါ ၃၁-၈-၂၀၀၁ ရက်နေ့ ကုန်ဆုံးသည့်အချိန်မှစ၍ တရားစွဲဆိုရန်အချင်းဖြစ်အကြောင်းအရာ ပေါ်ပေါက်ကြောင်းဖော်ပြ ထားခြင်းနှင့်အညီ ယခု ၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ် ၄၆ တွင်လည်း ကာလစည်းကမ်းသတ်ကို ၃၁-၈-၂၀၀၁ ရက်နေ့မှ စတင်ရေတွက်လျှင် ကာလစည်းကမ်းသတ်ဥပဒေ၊ ပထမ ဇယားအမှတ်စဉ် ၁၁၃ အရ ၃

၂၀၀၆
ဒေါ်ဥမ္မာ
နှင့်
ဦးတင့်လွင်
ပါ ၅

နှစ်အတွင်း စွဲဆိုရမည်ဖြစ်သော်လည်း ကာလစည်းကမ်းသတ် ကျော်လွန်နေပြီဖြစ်ကြောင်း၊ သက်သေခံ(က)စာချုပ်အရ ပဋိညာဉ် အတိုင်း ဆောင်ရွက်ပေးစေရန်တင်ပြသော်လည်း ယင်းသက်သေခံ (က)စာချုပ်၌ အချင်းဖြစ်မြေနှင့်အိမ်ကိုတရားလိုက လက်ရောက်ရရှိပြီး ဖြစ်သည်ဟု ဝန်ခံထားကြောင်း၊ အမှု၌တင်ပြထားသည့် ၁၂. ၈. ၁၉၉၉ ရက်စွဲပါ နေအိမ်ဝိုင်း မြေအရောင်းအဝယ် ကတိစာချုပ်မှာ မမှန်မကန်ဖော်ပြချုပ်ဆိုထားသည့် စာချုပ်ဖြစ်ကြောင်း ကို မူလခရိုင် တရားရုံးနှင့်အယူခံရုံးဖြစ်သည့် မန္တလေးတိုင်းတရားရုံးတို့က ကောက်ယူဆုံးဖြတ်ခဲ့ခြင်းသည် တစ်စုံတစ်ရာ မှားယွင်းမှုမရှိကြောင်း၊ အချင်းဖြစ်မြေနှင့်အိမ်မှာမူလရုံး တရားပြိုင် များက ပူးတွဲပိုင်ဆိုင်သည့် အမွေဆိုင်ပစ္စည်းဖြစ်၍ ဦးတင့်လွင် တစ်ဦးတည်းကပိုင်ဆိုင်ခြင်း မရှိသဖြင့် ဦးတင့်လွင်တစ်ဦးတည်းက ရောင်းချပိုင်ခွင့်မရှိကြောင်း၊ ထို့ကြောင့် ၂၀၀၆ ခုနှစ် တရားမဒုတိယ အယူခံမှုအမှတ် ၄၅ အား ပလပ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

မူလမိတ္ထီလာခရိုင်တရားရုံး၊ ၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ် ၄၆ ကို လေ့လာသောအခါ တရားလိုဒေါ်ဥမ္မာနှင့်အမှတ်(၁)(၂)(၃) တရားပြိုင်တို့သည် ညီအစ်ကိုမောင်နှမများဖြစ်ပြီး အမှတ်(၄)(၅) တရားပြိုင်တို့မှာ တရားလို၏ မောင်အရင်းကွယ်လွန်ကြသူ ဦးစိုးလွင်၊ ဦးမြင့်စိုးတို့၏ ဇနီးများဖြစ်သည်။ အမှတ်(၃)(၄)(၅)တရားပြိုင်များက ဝန်ခံလွှာတင်သွင်း ကြပြီးအချင်းဖြစ် ပစ္စည်းဖြစ်သော မိတ္ထီလာမြို့၊ မြို့မ(၄)နယ်မြေ၊ ဖောင်တော်ဦးဘုရား အရှေ့ဘက်ရှိမြို့မ(၄)ရပ်ကွက်၊ ဦးပိုင် အမှတ်(၂၀/ခ)၊ မြေကွက်အမှတ်၁၇၊ ဧရိယာ ၀. ၀၁၈ ဧကရှိ မြေနှင့်အိမ်သည်အမှတ်(၁)(၂) တရားပြိုင်တို့၏ လက်ဝယ်တွင်ရှိသည်။

မိတ္ထီလာခရိုင်တရားရုံး၊ ၂၀၀၄ ခုနှစ် တရားမကြီးမှု အမှတ် ၄၆ သည် ဒေါ်ဥမ္မာက ဦးတင့်လွင်ပါ ၅ ဦး အပေါ် အချင်းဖြစ်မြေနှင့် ထိုမြေပေါ်ရှိ အိမ်ကိုအရောင်းမှတ်ပုံတင်စာချုပ် ပြုလုပ်လက်မှတ်

ရေးထိုးကာ တရားလိုအားလက်ရောက်ပေးအပ်ရန် ပဋိညာဉ်အတိုင်း ဆောင်ရွက် ပေးစေလိုမှုစွဲဆိုခြင်းဖြစ်သည်။ ဤအမှုမတိုင်မီတွင် ဒေါ်ဉမ္မာက ဦးတင့်လွင်ပါ ၂ ဦးအပေါ် မိတ္ထီလာခရိုင်တရားရုံး၊ ၂၀၀၂ ခုနှစ် တရားမကြီးအမှုအမှတ် ၁၂ ၌ အိမ်ဝိုင်းမြေလက်ရောက်ရလိုမှု စွဲဆိုခဲ့ရာ စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်သည့်အပေါ် မန္တလေး တိုင်းတရားရုံး၊ ၂၀၀၃ ခုနှစ် တရားမပထမအယူခံမှုအမှတ် ၄၀ တွင် အတည်ပြုခဲ့သည်။ သို့သော် တရားရုံးချုပ်(မန္တလေးရုံးထိုင်) တရားမ ဒုတိယအယူခံမှု အမှတ် ၁၅ တွင် ခရိုင်တရားရုံးနှင့်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်ပြီး ဒေါ်ဉမ္မာစွဲဆိုသောအမှုကို ပလပ်ခဲ့ ရာ ထိုပလပ်သောအမိန့်ကို ၂၀၀၄ ခုနှစ် တရားမအထွေထွေ လျှောက်လွှာ(အထူး) အမှတ် ၂၃ တွင် အတည်ပြုခဲ့သည်။

ယခင်စွဲဆိုသော ၂၀၀၂ ခုနှစ် တရားမကြီးမှု အမှတ် ၁၂ နှင့် ယခုစွဲဆိုသော ၂၀၀၄ ခုနှစ် တရားမကြီးမှု အမှတ် ၄၆ နှစ်မှုလုံးသည် ၁၂-၈-၁၉၉၉ ရက်စွဲပါ နေအိမ်ဝိုင်းမြေ့အရောင်းအဝယ်ကတိစာချုပ် (သက်သေခံ-က)အပေါ် အခြေပြုစွဲဆိုခဲ့ခြင်းဖြစ်သည်။ ယခင်စွဲဆို သော အမှုနှင့်ပတ်သက်၍ တရားရုံးချုပ်(မန္တလေးရုံးထိုင်) ၂၀၀၃ ခုနှစ် တရားမ ဒုတိယအယူခံမှုအမှတ် ၁၅(စာမျက်နှာ-၆)(သက်သေခံ -၅) တွင် အောက်ပါအတိုင်းသုံးသပ်ခဲ့သည် -

"ဦးတင့်လွင်နှင့်ဒေါ်မြမြစန်းတို့က ရောင်းချသည်ဆိုသော သက်သေခံ (ဃ)မှတ်ပုံတင်မထားသည့်အရောင်းအဝယ် စာချုပ်ကို အဓိကအကြောင်းပြု၍ ဒေါ်ဉမ္မာအမည်ဖြင့် ဂရန် ရရှိခဲ့သည်ဆိုခြင်းမှာ အငြင်းမပွားသောအချက်ဖြစ်သည်။ ရောင်းဝယ်မှုမှာ အထမမြောက်သဖြင့် အချင်းဖြစ်မြေတွင် ဦးတင့်လွင်တို့ ရရှိထားသည့်ပိုင်ရေးပိုင်ခွင့်မှာ ဥပဒေနှင့်အညီ ချုပ်ငြိမ်းခြင်းမရှိသေးကြောင်းမြင်သာသည်။ ဤသို့ဆိုလျှင် ဒေါ်ဉမ္မာသည် ဂရန်ရရှိရုံသက်သက်ဖြင့် ဦးတင့်လွင်တို့အား

၂၀၀၆
ဒေါ်ဥမ္မာ
နှင့်
ဦးတင့်လွင်
ပါ ၅

အချင်းဖြစ်မြေမှ ဖယ်ရှားပြီး မြေကိုလက်ရောက်ရထိုက်ခွင့် ရှိမည်မဟုတ်ချေ။"

ယခုစွဲဆိုသောမိတ္ထီလာခရိုင်တရားရုံး၊ ၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ် ၄၆ သည် ယခင်စွဲဆိုသောတရားမကြီးမှုအပေါ် အဆင့်ဆင့် အယူခံတက်ခဲ့ရာ တရားရုံးချုပ်(မန္တလေးရုံးထိုင်) ၂၀၀၄ ခုနှစ် တရားမ အထွေထွေလျှောက်လွှာ(အထူး)အမှတ် ၂၃ ကို ၂၈-၆-၂၀၀၄ ရက်နေ့တွင် အမိန့်ချမှတ်သဖြင့် ဒေါ်ဥမ္မာတို့ ရှုံးနိမ့်ပြီးနောက် ၅ လခန့်အကြာ ၅-၁၁-၂၀၀၄ ရက်နေ့တွင် ထပ်မံ၍ စွဲဆိုလာခြင်းဖြစ်ကြောင်းတွေ့ရသည်။

"စည်းကမ်းသတ်ကာလကျော်လွန်မှ တရားစွဲဆိုသည်ဆိုခြင်းမှာ မှန်သလား"ဟူသော ငြင်းချက်ကို ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းမရှိ၍ စွဲဆိုနိုင်ခွင့်ရှိကြောင်း၊ မူလခရိုင်တရားရုံး၏ ဆုံးဖြတ်ချက်အပေါ် မန္တလေးတိုင်းတရားရုံးက ၂၀၀၅ ခုနှစ် တရားမပြင်ဆင်မှု အမှတ် ၂၆ တွင် အတည်ပြုခဲ့သည်။ အယူခံတရားပြိုင်ဦးတင့်လွင်တို့နှစ်ဦး၏ ရှေ့နေက စည်းကမ်းသတ်ကျော်လွန်ခြင်း မရှိဟူသော မန္တလေးတိုင်းတရားရုံး၏ ဆုံးဖြတ်ချက်ကို ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေအရ အဆင့်မြင့်ရုံးသို့ ပြင်ဆင်မှု ထပ်မံတက်ရန် အခွင့်အရေး မရှိသဖြင့် တရားမဒုတိယအယူခံမှုတွင် အကြောင်းပြချက်တစ်ရပ်အဖြစ် တင်ပြလျှောက်ထားရခြင်း ဖြစ်ကြောင်း လျှောက်လဲတင်ပြထားသည်။

ယင်းအမိန့်သည် ၂၀၀၀ ပြည့်နှစ် တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၈(ခ)နှင့် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ ခြွင်းချက်အရ ထပ်မံ၍ပြင်ဆင်မှု တင်သွင်းခွင့်မရှိချေ။ သို့သော်လည်း ဒီကရီကို အယူခံဝင်ရာတွင် အမှု၏အဆုံးအဖြတ်ကို ထိခိုက် သော အမိန့်တစ်ရပ်ရပ်ပါမှားယွင်းချက်၊ ချို့ယွင်းချက် သို့မဟုတ် နည်းလမ်း မကျချက်တစ်ရပ်ရပ်ကို အယူခံလွှာ၌ကန့်ကွက်ချက်အဖြစ် ဖော်ပြနိုင်

၂၀၀၆
ဒေါ်ဥမ္မာ
နှင့်
ဦးတင့်လွင်
ပါ ၅

သည်ဟု တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၅(၁)တွင် ပြဋ္ဌာန်းထားသည်။

**ဒေါ်တင်ကြည် နှင့် ဦးစန်းမြင့်ပါ ၂ အမှု**[၁] တွင်ကြားဖြတ်အမိန့် တစ်ရပ်ချမှတ်ပြီးနောက် အမှုကိုအပြီးသတ်ဆုံးဖြတ်လိုက်လျှင် ယေဘုယျအားဖြင့်အပြီးသတ်ဆုံးဖြတ်ချက်ကိုသာ အယူခံဝင်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့အယူခံဝင်ရာတွင် ကြားဖြတ်အမိန့်နှင့်စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၅(၁) တွင် ခွင့်ပြုထားသည့်အတိုင်း အကြောင်းပြချက်တစ်ရပ်အဖြစ် တင်ပြလျှောက်ထားခွင့်ရှိကြောင်း ညွှန်ပြထားသည်။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၅(၁) တွင် ဒီကရီကို အယူခံဝင်ရာတွင် အမှုအဆုံးအဖြတ်ကို ထိခိုက်သောအမိန့် တစ်ရပ်ရပ်ပါမှားယွင်းချက်၊ ချို့ယွင်းချက်သို့မဟုတ် နည်းလမ်းမကျချက်တစ်ရပ်ရပ်ကို အယူခံလွှာ၌ ကန့်ကွက်ချက်အဖြစ်ဖော်ပြနိုင်သည်ဟု ပြဋ္ဌာန်းချက်အရအယူခံမှုတွင် ကန့်ကွက်ချက်အဖြစ် ဖော်ပြနိုင်သူမှာ အောက်ရုံးများတွင် အမှုရှုံးသူ အယူခံတရားလိုဖြစ်သည်။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၅(၁) အရ စည်းကမ်းသတ်ကာလကျော်လွန်ကြောင်းကို ဤအယူခံမှုတွင် တင်ပြလျှောက်ထားသူမှာ အောက်ရုံးများတွင် အမှုနိုင်သူအယူခံတရားပြိုင်များဖြစ်သည်။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၅(၁) ပြဋ္ဌာန်းချက်အရ အကြောင်းပြချက်တစ်ရပ်အဖြစ် တင်ပြနိုင်သူမှာ အယူခံတရားလိုဖြစ်ပြီး အယူခံတရားပြိုင်ကတင်ပြလျှောက်ထားခြင်းသည် အကျုံးမဝင်ပေ။ ထို့ကြောင့် အယူခံတရားပြိုင်ဘက်မှတရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၅(၁)အရ တင်ပြလျှောက်ထားခြင်းကိုလက်ခံစဉ်းစားရန် အကြောင်းမရှိပေ။

အယူခံတရားလို ဒေါ်ဥမ္မာဘက်မှ သက်သေခံ(က)အရောင်းအဝယ်ကတိစာချုပ်နှင့်သက်သေခံ(ခ) ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအရအချင်းဖြစ်ဂရန်မြေကို အယူခံတရားလို၏ အမည်ထုတ်ပေးခဲ့ကြောင်း၊ ယင်းကျမ်းကျိန်လွှာကို တရားရုံးတွင်ပြုလုပ်ခဲ့ပြီး အမှတ်(၁)(၂)

---

(၁) ၁၉၉၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၃၄(၃၉)

အယူခံတရားပြိုင်တို့က မှန်ကန်ပါသည်ဟု လက်မှတ်ရေးထိုးခဲ့ပါလျက် ကျမ်းကျိန်လွှာအပေါ် ထည့်သွင်း စဉ်းစားရန်ပျက်ကွက်ခြင်းမှာ မှားယွင်းကြောင်း လျှောက်လဲတင်ပြထားသည်။ကျမ်းကျိန်လွှာဆိုသည်မှာ တရားရုံးရှေ့တွင် လက်မှတ်ရေးထိုးထားသည့် ကတိသစ္စာပြုလွှာပင်ဖြစ်သည်။

ကတိသစ္စာပြုလွှာသည် သက်သေခံ အက်ဥပဒေပုဒ်မ ၃ ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ သက်သေခံချက်မမည်ပေ။ ထို့အပြင် သက်သေခံအက်ဥပဒေပုဒ်မ ၃၁ အရ ယင်းအမှုနှင့် ပတ်သက်၍ မငြင်းနိုင်သော အပြီးသတ် သက်သေခံချက်လည်း မဟုတ်ပေ။ **မသောင်းတင် နှင့် မောင်စိန်ရွှင်အမှု**[၂] တွင်ကတိသစ္စာပြုလွှာသည် တရားဥပဒေနှင့် ညီညွတ်သည့် သက်သေခံချက်မဟုတ်ကြောင်း အောက်ပါအတိုင်း လမ်းညွှန်ထုံးဖွဲ့ထားသည်-

"ကတိသစ္စာပြုလွှာ၌ မသောင်းတင်နှင့်မောင်စိန်ရွှင်တို့သည် တိတ်တိတ်ပုန်း ကျူးကျူးလွန်လွန်ဖြစ်ခဲ့ကြကြောင်း၊ သို့ရာတွင် ၎င်းတို့၏ အမှားကိုသတိရ၍ထိန်းသိမ်းပြီးနေကြရန်၊ မသောင်းတင်က မောင်စိန်ရွှင်အပေါ် ၎င်းအတွက်ဖြစ်စေ၊ ကလေးအတွက်ဖြစ်စေ တရားရုံးတွင် အရေးမယူရန်နှင့်မသောင်းတင်၏ သဘောတူညီချက်အရကလေးအတွက် မောင်စိန်ရွှင်တွင် တာဝန်မရှိကြောင်း၊ မသောင်းတင်ကို မောင်စိန်ရွှင်က နှမအရင်းကဲ့သို့ သဘောထားရန် စသည့်အချက်များပါဝင်ရာ" အဆိုပါကတိသစ္စာပြုလွှာသည် တရားဥပဒေနှင့်ညီညွတ်သော သက်သေခံချက်မဟုတ်ကြောင်း သုံးသပ်ကာ မသောင်းတင်က မောင်စိန်ရွှင် အပေါ် ကလေးစရိတ်ရလိုကြောင်း စွဲဆိုသောအမှုကို ပလပ်ခဲ့သည်။

ထို့ကြောင့် အယူခံတရားလို ဒေါ်ဥမ္မာဘက်မှ ကျမ်းကျိန်လွှာ အပေါ် ထည့်သွင်း စဉ်းစားရန်ပျက်ကွက်ခြင်းသည် မှားယွင်းကြောင်း

(၂) ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၉(ရုံးချုပ်)

၂၀၀၆
ဒေါ်ဥမ္မာ
နှင့်
ဦးတင့်လွင်
ပါ ၅

ဖြင့်တင်ပြချက်ကို လက်ခံစဉ်းစားပေးနိုင်မည်မဟုတ်ပေ။

အယူခံတရားလို၊ အယူခံတရားပြိုင်တို့၏ မိဘဦးသန်းရွှေ၊ ဒေါ်တင်မြင့်တို့ ကွယ်လွန်သောအခါ အမွေပုံအဖြစ်အိမ်နှင့် ဝိုင်းမြေ နှစ်ကွက် ကျန်ခဲ့ရာအခြားအိမ်ဝိုင်း မြေတစ်ကွက်ကို အယူခံ တရားလိုတို့က ပူးတွဲအမွေရပြီး အချင်းဖြစ်အိမ်ဝိုင်းမြေကို အမှတ်(၁)(၂)(၃) အယူခံတရားပြိုင်နှင့် အမှတ်(၄)(၅) အယူခံ တရားပြိုင်တို့၏ ခင်ပွန်းတို့က အမွေအဖြစ်ပူးတွဲရရှိခဲ့ကြသည်။ အယူခံတရားပြိုင် ၅ ဦးအတွက် အမွေဝေစုဖြစ်သော အချင်းဖြစ်မြေနှင့် အိမ်ကိုအယူခံတရားလိုသည် အမွေဝေစုဝင်အမှတ်(၁) အယူခံ တရားပြိုင်တစ်ဦးတည်းကို ရောင်းချသူအဖြစ်ဖော်ပြပြီး တန်ဘိုး ၃ သိန်းကျပ်ဖြင့် ၁၂-၈-၁၉၉၉ ရက်စွဲပါ သက်သေခံ(က) နေအိမ်ဝိုင်း မြေအရောင်းအဝယ်စာချုပ်ချုပ်ဆိုကာမျှဖြင့် အယူခံတရားလို ဒေါ်ဥမ္မာအဆိုပြုသကဲ့သို့ ၂၁,၅၀,၀၀၀/-(နှစ်ဆယ့်တစ်သိန်း ငါးသောင်းကျပ်)ဖြင့် ဝယ်ယူခဲ့သည်ဆိုခြင်းမှာ မမှန်ကြောင်းကို မူလခရိုင်တရားရုံးနှင့် မန္တလေးတိုင်းတရားရုံးတို့က သုံးသပ်ခဲ့သည်။

မူလခရိုင်တရားရုံးနှင့်ပထမအယူခံရုံးဖြစ်သော မန္တလေးတိုင်း တရားရုံးတို့သည် မူလရုံးအမှုတွဲတွင်ပေါ်ပေါက်သော သက်သေခံ ချက်များနှင့် အညီတစ်သဘောတည်းသုံးသပ်ခဲ့ခြင်းသည် မှားယွင်းမှု မရှိပေ။

**ဦးမောင်လှနှင့် ဒေါ်ကြူမမလေး အမှု**[၃]တွင်အောက်ရုံး နှစ်ရုံးလုံးက အကြောင်းချင်းရာအပေါ်တွင် တစ်သဘောတည်းချ မှတ်ထားသောအမိန့်ကို ဒုတိယအယူခံရုံးအနေဖြင့်ဝင်ရောက်စွက်ဖက် ရန်အကြောင်း မရှိကြောင်း၊ ထိုကဲ့သို့ တစ်သဘောတည်းချမှတ်ခဲ့ သောအမိန့်မှာ အလွန့်အလွန်မှားယွင်းပြီး တရားမျှတမှု လွန်စွာကင်းမဲ့ နေမှသာလျှင် ဝင်ရောက်စွက်ဖက်နိုင်ကြောင်း ညွှန်ပြထားသည်။

(၃) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၄၆၀

၂၀၀၆
ဒေါ်ဥမ္မာ
နှင့်
ဦးတင့်လွင်
ပါ ၅

သို့ဖြစ်၍ အယူခံတရားလို ဒေါ်ဥမ္မာတင်သွင်းသော ဤအမှုကို လက်ခံစဉ်းစားရန်အကြောင်းမရှိပေ။

ထို့ကြောင့် မူလမိတ္ထီလာခရိုင်တရားရုံးနှင့် ပထမအယူခံရုံးဖြစ်သော မန္တလေးတိုင်းတရားရုံးတို့က တစ်သဘောတည်းဆုံးဖြတ်ခဲ့သော စီရင်ချက်နှင့် ဒီကရီကို အတည်ပြုပြီး မူလရုံးတရားလို ဒေါ်ဥမ္မာတင်သွင်းသော ဤတရားမဒုတိယအယူခံမှုအား တရားရုံး အဆင့်ဆင့်စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၅၀၀/-သတ်မှတ်သည်။